7Day Daily သတင်းစာ ဝိုင်းတော်သားများက တင်ဆက်ထားသော အထူးအချပ်ပို ၁၂မျက်နှာကို မေတ္တာလက်ဆောင် ထည့်သွင်းပေးထားပါသည်

ဂု ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
http://www.7daynewsjournal.com

TRI
LIVES BRILLIANTLY

အတွဲ(၁၂)၊ အမှတ်(၂၁) | ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် | ၁၃၇၄ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်၊ ဗုဒ္ဓဟူး ၊ (ဇူလိုင် ၃၁ ၊ ၂၀၁၂)



မန္တလေးမြို့ ကျုံးတစ်ဖက်မှမြင်တွေ့ရသည့် မြို့တွင်းအဆောက်အအုံများ

ဓာတ်ပုံ-ညီညီဇော်

# တတိယမြို့တော်သားတို့အတွက် ကျောတစ်ခင်းစာ

မောင်တာ

**မန္တလေးမြို့တွင် အိမ်ခြံမြေ ဈေးနှုန်းများနှင့် အိမ်ငှားခများ ယခုနှစ်ပိုင်းအတွင်း သိသာစွာ မြင့်တက်လာနေကြောင်း မြို့ခံ အိမ်ခြံမြေလုပ်ငန်း လုပ်ကိုင်သူများကပြောကြသည်။ တရုတ်စီးပွားရေးလုပ်ငန်းရှင်များက မန္တလေးအိမ်ခြံမြေဈေးကွက်၏ ၃၀ရာခိုင်နှုန်းခန့်ကို ပိုင်ဆိုင်ထားသည်ဟု ဆိုကြသည်။**

ဆောင်းပါးအပြည့်အစုံ-စာ(၁၂)သို့

## လက်ပံတောင်းတောင်ပြဿနာ နိဂုံးချုပ်ပြီလား

အောင်ခိုင်

လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ကန့်ကွက်ဆန္ဒပြသည်အထိဖြစ်ပွားခဲ့သော လက်ပံတောင်းတောင်ကြေးနီစီမံကိန်းကား လာမည့်စက်တင်ဘာလတွင် ပြန်လည်စတင်တော့မည်ဖြစ်သည်။

လက်ပံတောင်းတောင်ကြေးနီစီမံကိန်း စုံစမ်းစစ်ဆေးရေးကော်မရှင် အစီရင်ခံစာထွက်ရှိပြီး လေးလကျော်အကြာတွင် လုပ်ငန်းသဘောတူစာချုပ်အသစ်ကို ပြင်ဆင်ချုပ်ဆိုလိုက်ပြီးဖြစ်သည်။


စာ(၂)သို့

## “ ရဲခဏ ထောင်ခြောက်လ

**တော်ဝင်ခရေ လိုင်လုပ်သားကွန်ရက် အတွင်းရေးမှူးနှင့်တွေ့ဆုံခြင်း**

နိုင်ငံအဝန်းရှိ လိုင်လုပ်သားများမှာ နည်းမျိုးစုံဖြင့် ဖမ်းဆီးခံနေရပြီး ကွန်ဒုံးပင် မဆောင်ရဲဖြစ်နေကြရသည်. . .

စာ(၂၀)သို့




စာရေးဆရာ မင်းဒင်၏
'မင်းဒင်ရဲ့သက်ခိုင်' စာအုပ်
ဒုတိယပိုင်းဖြစ်သော
'မင်းဒင်ရဲ့ သက်ခိုင်(၂)' ကို
ယခုအပတ်မှစ၍
7Day News ဂျာနယ်တွင်
အပတ်စဉ်
အခန်းဆက်ဖော်ပြသွားပါမည်

## မီဒီယာလွတ်လပ်ခွင့် တိုက်ပွဲ ဒီရေမြင့်

အေးသူစံ

ကမ္ဘာ့သတင်းမီဒီယာလွတ်လပ်ခွင့်ညွှန်းကိန်းတွင် တစ်နှစ်အတွင်း အဆင့် ၂၃ ဆင့်သို့ တက်ခဲ့သော မြန်မာနိုင်ငံတွင် သတင်းလွတ်လပ်ခွင့်အတွက်ပင် အစိုးရနှင့် ပုဂ္ဂလိကမီဒီယာအင်အားစုတို့ကြား အားပြိုင်မှုမှာ ယနေ့ဒီရေအမြင့်ဆုံး အခြေအနေသို့ ရောက်ရှိလာသည်။

သတင်းလွတ်လပ်ခွင့်ကို ဆက်လက်ချုပ်ကိုင်လိုသည်ဟု စွပ်စွဲခံနေရသော ပြန်ကြားရေးဝန်ကြီးဌာနနှင့် သမ္မတအမိန့်ဖြင့် ဖွဲ့စည်းထားသော စာနယ်ဇင်းကောင်စီတို့ ထိပ်တိုက်တွေ့ဆုံမှုမှာ မီဒီယာအခြေပြု ဥပဒေကြမ်း သုံးခုထွက်ပေါ်ရာက အစပြုခဲ့ခြင်းဖြစ်သည်။

စာ(၈)သို့

## နာယကသစ်နှင့် လပေါင်း ၃၀

အိဖြူလွင်

နေပြည်တော်လွှတ်တော်နှင့် အစိုးရအဖွဲ့အကြား မကြာမီကာလအတွင်း အားပြိုင်မှုများပိုမိုအားကောင်းလာနိုင်သကဲ့သို့ ဥပဒေပြုရေးအပါအဝင် နိုင်ငံအတွက် အရေးတကြီးဆုံးဖြတ်ရမည့်ကိစ္စများနှောင့်နှေးလာနိုင်သည်။

ဩဂုတ်လ ၁ ရက်တွင် ပြည်ထောင်စုလွှတ်တော်၏နာယကတာဝန်ကို တပ်မတော်အစိုးရလက်ထက်က နံပါတ်သုံးခေါင်းဆောင်ဖြစ်ခဲ့ပြီး ယခုပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဖြစ်သည့် သူရဦးရွှေမန်းက လက်ရှိပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးခင်အောင်မြင့်ထံမှ အလှည့်ကျတာဝန်လွှဲပြောင်းယူတော့မည်ဖြစ်သည်။

စာ(၃)သို့

Future Auto "မြန်မာနိုင်ငံ၏ ပထမဆုံး Used Car Warranty Service"
၁၅.၇.၂၀၁၃မှ ၃၁.၁၀.၂၀၁၃ အထိ ဝယ်ယူအားပေးသည့် Customer များအတွက်


★ ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူထားသော အိမ်သုံးလူစီးကားများအား ဝယ်ယူသည့်နေ့မှစ၍ (၆)လအတွင်း ပစ္စည်းဖိုး၊ လက်ခ မယူဘဲ (အခမဲ့)ပြုပြင်ပေးပါမည်။
★ ရန်ကုန်မြို့အတွင်းကားပျက်ပါက ချက်ချင်းလာရောက်ပြုပြင်ပေးပါမည်။
★ ကားပြင်ဆင်နေချိန်တွင် ယာယီကား အစားထိုးဝန်ဆောင်မှုပေးသွားမည်ဖြစ်ပါသည်။
အမှတ်(၀၄၀)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ကုတ္တိုင်းမီးပွိုင့်အနီး၊ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ Ph : 01-400785, 09-5147128, 09-73231587

၇ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.12, No.21 • JULY 31 , 2013


NYEIN CHAN NAING/EPA

# လက်ပံတောင်းတောင်ပြဿနာ နိဂုံးချုပ်ပြီလား

## စက်တင်ဘာတွင် ကြေးနီစီမံကိန်းပြန်လည်စတင်မည်

**အောင်နိုင်**

လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ကန့်ကွက်ဆန္ဒပြသည်အထိဖြစ်ပွားခဲ့သော လက်ပံတောင်းတောင်ကြေးနီစီမံကိန်းကား လာမည့်စက်တင်ဘာတွင်ပြန်လည်စတင်တော့မည်ဖြစ်သည်။

လက်ပံတောင်းတောင်ကြေးနီစီမံကိန်း စုံစမ်းစစ်ဆေးရေးကော်မရှင် အစီရင်ခံစာ ထွက်ရှိပြီး လေးလကျော်အကြာတွင် လုပ်ငန်းသဘောတူစာချုပ်အသစ်ကို ပြင်ဆင်ချုပ်ဆိုခဲ့သည်။

လျော်ကြေးငွေများကို ၄၀ ရာခိုင်နှုန်းကျော် ပေးအပ်နိုင်ခဲ့ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း ကွင်းဆင်းဆောင်ရွက်နေကြောင်း စုံစမ်းစစ်ဆေးရေး အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကော်မတီက ဆိုသည်။

သို့ရာတွင် ဒေသခံအချို့ကမူ ကြေးနီစီမံကိန်း လုံးဝဖျက်သိမ်းရေးကို တောင်းဆိုနေကြဆဲ။ စီမံကိန်းဖျက်သိမ်းရေး ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခဲ့ကြသည့် သံဃာတော်များကို ဒဏ်ရာရရှိစေသည့်အထိ အင်အားသုံးဖြိုခွဲခဲ့မှုကို ဖော်ထုတ်အရေးယူပေးရန် တောင်းဆိုနေကြဆဲ ဖြစ်သည်။

နိုင်ငံတော်အကျိုးစီးပွား၊ ဒေသခံပြည်သူများ၏ လူမှုဘဝ အာမခံချက်များ ရရှိစေရန် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းကို ဝင်ရောက်လာမည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအတွက် စံပြအဖြစ် ဆောင်ရွက်သွားမည်ဟုလည်း အကောင်အထည်ဖော်ရေးကော်မတီက ဆိုသည်။

“နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကိုလည်း ပြင်ဆင်ပြီးပြီ၊ နောင်ဆိုရင် လူ့အခွင့်အရေး၊ အလုပ်သမားအခွင့်အရေး(Labour Right)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ အဂတိလိုက်စားမှု ကင်းဖို့ ဒီအပိုင်းလေးပိုင်းကို အခြေခံသွားမှာပါ။ မျက်စိပိတ်လက်ခံလို့ မရတော့ဘူး” ဟု နိုင်ငံတော်သမ္မတ၏ စီးပွားရေးနှင့် လူမှုရေးအကြံပေးကောင်စီဝင် ပါမောက္ခဒေါက်တာအောင်ထွန်းသက်က နောင်လာမည့် ရင်းနှီးမြှုပ်နှံမှုများနှင့် ပတ်သက်၍ သုံးသပ်ပြောကြားသည်။

ဇူလိုင် ၂၄ ရက်တွင် အသစ် ပြင်ဆင်ချုပ်ဆိုခဲ့သည့် စာချုပ်သစ် အရ ကြေးနီစီမံကိန်း အကျိုးအမြတ်များကို သတ္တုတွင်းဝန်ကြီးဌာနက အခွန်အပါအဝင် ၅၁ ရာခိုင်နှုန်း၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်က ၁၉ ရာခိုင်နှုန်းနှင့် မြန်မာဝမ်ပေါင်ကုမ္ပဏီက ၃၀ ရာခိုင်နှုန်း ခွဲဝေရရှိမည် ဖြစ်သည်။ ထို့အပြင် အမေရိကန်ဒေါ်လာ ၅ သန်းကိုလည်း စာချုပ်ချုပ်ဆိုနိုင်မှု ဆုကြေးအဖြစ် မြန်မာဝမ်ပေါင်ကုမ္ပဏီထံမှ သတ္တုတွင်းဝန်ကြီးဌာနက ထပ်မံရရှိမည်ဖြစ်သည်။

ထုတ်လုပ်မှု မစတင်မီနှင့် တည်ဆောက်ရေးကာလအတွင်း ဒေါ်လာနှစ်သန်းကို လူမှုရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဝမ်ပေါင်ကုမ္ပဏီက နှစ်စဉ်သုံးစွဲသွားမည်ဖြစ်သည်။ ထုတ်လုပ်မှု စတင်ချိန်တွင်လည်း အဖွဲ့ဝင်ကုမ္ပဏီများမှ အချိုးကျထည့်ဝင်၍ အကျိုးအမြတ်၏ ၂ ရာခိုင်နှုန်းကို လူမှုဖွံ့ဖြိုးရေးလုပ်ငန်း(CSR)များ ဆောင်ရွက်ရန် နှစ်စဉ်သုံးစွဲသွားမည်ဖြစ်သည်။

စာချုပ်သစ် ပြန်လည်ပြင်ဆင်ချုပ်ဆိုရာတွင် သတ္တုတွင်းဝန်ကြီးဌာနက အဖွဲ့ဝင်အဖြစ်ပါဝင်ခဲ့၍ ဝင်ရောက်ပြောရေးဆိုခွင့် ရရှိသွားပြီဟုလည်း ကော်မတီက ဆိုသည်။

သို့ရာတွင် စုံစမ်းစစ်ဆေးရေးကော်မရှင် အဖွဲ့ဝင်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါ်ခင်စန်းလှိုင်ကမူ စာချုပ်အသစ်ကို ဒေသခံများ နားလည်အောင် ကြိုတင်ရှင်းပြပြီး လက်ခံမှသာ ပြင်ဆင်ချုပ်ဆိုသင့်သည်ဟု ပြောကြားထားသည်။ စုံစမ်းစစ်ဆေးရေး ကော်မရှင်ကိုယ်တိုင် စာချုပ်အသစ်ချုပ်ဆိုပြီးမှသာ သိရှိရသည်ဟုလည်း ဒေါ်ခင်စန်းလှိုင်က ဆိုသည်။

စာချုပ်အသစ်နှင့် အကောင်အထည်ဖော်ရေး ကော်မတီ ဆောင်ရွက်မှုများကို “အဲဒီစာချုပ်ကို ဘယ်သူကမှ လာမရှင်းပြဘူး။ လျော်ကြေးပေးတာကလည်း ပွင့်လင်းမြင်သာမှု မရှိဘူး။ သဘောမတူပါဘူး” ဟု ကြေးနီစီမံကိန်း ရပ်သိမ်းရေးကိုတောင်းဆိုနေသော ဒေသခံအမျိုးသမီးတစ်ဦးက ဝေဖန်ပြောဆိုသည်။

လက်ပံတောင်းတောင်ကြေးနီစီမံကိန်း ဆောင်ရွက်ရန် မူလက မြေဧကပေါင်း ၇,၀၀၀ ကျော် သိမ်းယူခဲ့သည်။ နောက်ပိုင်း ကွင်းဆင်းတိုင်းတာချက်များအရ စီမံကိန်းဆောင်ရွက်ရန် ဧက ၆,၉၀၀ ကျော်သာ လိုအပ်မည် ဖြစ်သည်။

မလိုအပ်သော မြေဧက ၉၀၀ ကျော်တွင် ဧက ၂၈၀ ကို ဒေသခံများသို့ ပြန်ပေးအပ်ရမည်ဖြစ်ပြီး ဇူလိုင်လ နောက်ဆုံးပတ်အထိ ဧက ၂၃၀ နီးပါးကို ပြန်ပေးအပ်ခဲ့ပြီးဖြစ်သည်ဟု အကောင်အထည်ဖော်ရေးကော်မတီက ပြောကြားသည်။

ထို့အပြင် မြေဧကပေါင်း ၂၈၀၀ ကျော်အတွက် ကျပ်သိန်းပေါင်း ၂၉,၀၀၀ ကျော်ကို လျော်ကြေးငွေအဖြစ် ပေးအပ်ခဲ့ပြီး ဆက်လက်ပေးလျော်နေဆဲဟု အကောင်အထည်ဖော်ရေးကော်မတီမှ သိမ်းဆည်းမြေယာစိစစ်ရေး အဖွဲ့ခေါင်းဆောင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ပြောကြားသည်။

လျော်ကြေးငွေများကို မြေအမျိုးအစားအပေါ် မူတည်၍ တစ်ဧကလျှင် ကျပ်ဆယ်သိန်းမှ ကျပ် ၁၅ သိန်းအထိ ပေးလျော်ခဲ့သည်။ သို့ရာတွင် လျော်ကြေးငွေများကို ရယူရန် ငြင်းဆိုနေသော ဒေသခံများ ကျန်ရှိနေဆဲ ဖြစ်သည်။

“လျော်ကြေးလဲ မလိုဘူး။ ကျွန်မတို့ တစ်သက်လုံးလုပ်ကိုင်စားလို့ရတဲ့ မြေတွေပါ။ ဒီစီမံကိန်း လုံးဝဖျက်သိမ်းဖို့ကို တောင်းဆိုမှာပါ” ဟု တုံရွာဒေသခံတစ်ဦးက ပြောသည်။

လက်ပံတောင်းတောင်ကြေးနီစီမံကိန်းဒေသ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်လည်း ဩစတြေးလျနိုင်ငံ အခြေစိုက် Knight Pie'sold (K.P) ကုမ္ပဏီနှင့် ပူးပေါင်း၍ သဘာဝပတ်ဝန်းကျင်၊ လူမှုပတ်ဝန်းကျင်၊ ကျန်းမာရေးဆိုင်ရာ အစီရင်ခံစာများကို ညှိနှိုင်းရေးဆွဲပြီးဖြစ်သည်ဟု ကော်မတီက ဆိုသည်။

ဒေသခံများ စိုးရိမ်ပူပန်နေကြသော စီမံကိန်းဒေသအတွင်းရှိ သာသနိကအဆောက်အအုံ သုံးလုံးကိုလည်း ရွှေ့ပြောင်းတည်ဆောက်နိုင်ရန် ဆရာတော်ကြီးများထံမှ ဩဝါဒခံယူသွားမည်ဖြစ်သည်။

ကန့်ကွက်ဆန္ဒပြမှုများကြောင့် ရပ်နားထားခဲ့သော လက်ပံတောင်းတောင်ကြေးနီစီမံကိန်းကို စက်တင်ဘာလတွင် ပြန်လည်စတင်နိုင်ရန် စီစဉ်ထားသည်။ စမ်းသပ်ကာလ၌ တန်ချိန် လေးသောင်းမှ တစ်သိန်းအထိ ထုတ်လုပ်နိုင်မည်ဟု ခန့်မှန်းထားသည်။

“ကြေးနီစီမံကိန်းပြန်လည်စတင်တော့မည်ဖြစ်၍ ဒေသခံများ အကျိုးရှိမည်ဟု မျှော်လင့်ယုံကြည်ထားသည်ဟု မြန်မာဝမ်ပေါင်ကြေးနီကုမ္ပဏီ မန်နေဂျင်းဒါရိုက်မစ္စတာဂန်းရီက ဆိုသည်။

သို့သော် ယခုထိ လျော်ကြေးလည်း မယူ၊ ရွာသစ်များသို့လည်း မရွှေ့ပြောင်းသော ဆည်တည်းကျေးရွာကဲ့သို့ ဒေသခံများ ကျန်ရှိနေဆဲ။ ကန့်ကွက်ဆန္ဒပြမှုများ ဆက်တိုက်ပြုလုပ်နေကြဆဲ ဖြစ်သည်။ အစီရင်ခံစာထွက်ရှိသည့် မတ်လမှ ယနေ့အထိ ဆန္ဒထုတ်ဖော်မှု ၆၉ ကြိမ် ဖြစ်ပွားခဲ့သည်။ တရားဝင်ခွင့်ပြုချက်ဖြင့် ၂၀ ကြိမ် ခွင့်ပြုချက်မရှိဘဲ ၄၉ ကြိမ်ဖြစ်ပွားခဲ့ပြီး ယင်းအနက် ၁၈ မှုကို အမှုဖွင့်အရေးယူထားသည်။

ယင်းကန့်ကွက်မှုများနှင့် ပတ်သက်၍ အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီး ဦးလှထွန်းက ဒေသအသီးသီးမှ နိုင်ငံရေးအရောင်ဆိုးသူများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် ဆောင်ရွက်ရသည့် လုပ်ငန်းများကို ပွင့်လင်းမြင်သာမှုရှိအောင် မလုပ်နိုင်ကြောင်း ဇူလိုင် ၂၆ ရက် ရှင်းလင်းပွဲတွင် ပြောကြားထားသည်။

မတ်လ ၁၁ ရက်က နိုင်ငံတော်သမ္မတထံ တင်သွင်းခဲ့သော စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အပြီးသတ် အစီရင်ခံစာတွင် အဘက်ဘက်မှ အားနည်းချက်များကို ပြုပြင်စေကာ စာချုပ်အသစ် ပြန်လည်ချုပ်ဆို၍ စီမံကိန်း ဆက်လက် အကောင်အထည် ဖော်ဆောင်ရွက်သင့်ကြောင်း အကြံပြုထားသည်။

ပြဿနာပေါင်းနှင့် ခိုင်းနှိုင်းခံရသော လက်ပံတောင်းတောင် ကြေးနီစီမံကိန်းသည် ပြဿနာများကြားမှ မကြာမီပြန်လည် စတင်တော့မည်။

လက်ပံတောင်း အရေးဦးဆောင်ခဲ့သော ရှင်မတောင်ဆရာတော် ဦးကဝိန္ဒောဘာသကမူ “အရင်ကတည်းက ပြောခဲ့ပါတယ်။ စာချုပ်ကို ဒေသခံတွေနဲ့ သက်ဆိုင်ရာညှိနှိုင်းပြီးပြန်ဆွဲသင့်တယ်လို့။ ပြည်သူတွေရဲ့ ကိစ္စကို သူတို့ဆန္ဒ မပါဘဲလုပ်တာ မသင့်တော်ဘူး။ တရားမဝင်ပါဘူး” ဟု မိန့်ကြားသည်။

အားနည်းချက်များကို ပြင်ဆင်၍ ကြေးနီစီမံကိန်း ပြန်လည်ဆောင်ရွက်ရန် အကြံပြုခြင်းနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးရေး ကော်မရှင်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က စီမံကိန်းရပ်ဆိုင်းလိုက်ပါက ဖြစ်ပေါ်လာနိုင်မည့် အကျိုးဆက်ကို ပြောခဲ့ဖူးသည်။ စီမံကိန်း ရပ်ဆိုင်းလိုက်ပါကလည်း ပျက်စီးသည့် မြေသည် ပျက်စီးသည့်အတိုင်း လယ်ယာမြေမရှိသူသည် မရှိသည့်အတိုင်းသာ ကျန်ရစ်မည်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် စီးပွားရေးအရနိုင်ငံတကာ၏ယုံကြည်မှု ကျဆင်းသွားမည်ဖြစ်၍ တိုင်းပြည်အကျိုးမရှိနိုင်ကြောင်း မတ်လမုံရွာ လက်ပံတောင်းတောင် ခရီးစဉ်အတွင်း၌ ပြောကြားခဲ့သည်။

မျက်နှာဖုံးမှ

# နာယကသစ်နှင့်လပေါင်း၃၀

လွှတ်တော်သက်တမ်းတစ်ခုစတင်သည့်နေ့မှ လပေါင်း ၃၀ ပြည့်မြောက်သည့်နေ့ရက်အထိ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့သည်ပြည်ထောင်စုလွှတ်တော်နာယကနှင့် ဒုတိယနာယကတာဝန်ကိုပါထမ်းဆောင်ရမည်ဖြစ်ပြီး ကျန်သက်တမ်းကာလအတွက်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့သည် ပြည်ထောင်စုလွှတ်တော်နာယကနှင့် ဒုတိယနာယကတာဝန်ကိုပါ ထမ်းဆောင်ရမည်ဟူ၍ အခြေခံဥပဒေက ပြဋ္ဌာန်းထားချက်အရ သူရဦးရွှေမန်းက တာဝန်လွှဲပြောင်းယူခြင်းဖြစ်သည်။

နယကအသစ်သူရဦးရွှေမန်းကိုမူ လွှတ်တော်အတွင်း ဆွေးနွေးမှုများကို အကြိတ်အနယ်ဆွေးနွေးခွင့်ရရှိလာအောင် လမ်းဖွင့်ပေးမည်ယူဆသဖြင့် လွှတ်တော်တွင်းပို၍မြိုင်ဆိုင်လာမည်ဟု ထင်မြင်ကြောင်းလည်း လွှတ်တော်ကိုယ်စားလှယ်များက သုံးသပ်ကြသည်။

ဥပဒေပြုမဏ္ဍိုင်ဖြစ်သည့် လွှတ်တော်နှင့်အုပ်ချုပ်ရေးမဏ္ဍိုင် အစိုးရတို့အကြား အကြိတ်အနယ်ဖြစ်မှုများသည် သူရဦးရွှေမန်း ဥက္ကဋ္ဌအဖြစ် ဦးဆောင်သည့်ပြည်သူ့လွှတ်တော်တွင် ပိုမိုများပြားသဖြင့် သူရဦးရွှေမန်းသာ ပြည်ထောင်စုလွှတ်တော် နာယကအဖြစ် တာဝန်ယူရပါက အစိုးရနှင့် လွှတ်တော်ကြား တင်းမာမှုပိုလာနိုင်မည်ဟု လွှတ်တော်ကိုယ်စားလှယ်များနှင့် နိုင်ငံရေးလေ့လာသူများက သုံးသပ်နေကြခြင်းဖြစ်သည်။

ဥပမာအနေဖြင့် ဆက်သွယ်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်ကို ဆက်သွယ်ရေးဥပဒေထွက်လာပြီးမှသာခွင့်ပြုရန် ဆက်သွယ်ရေးတင်ဒါအောင်မြင်သည့်ကုမ္ပဏီများကို ကြေညာရန် တစ်ရက်အလိုမှပြည်သူ့လွှတ်တော်က အတည်ပြုဆုံးဖြတ်ပြီး အစိုးရအဖွဲ့သို့ သဝဏ်လွှာပို့ခဲ့သဖြင့် ဆက်သွယ်ရေးလောကတွင် လှုပ်ခတ်သွားခဲ့ရသည်။ နောက်ဆက်တွဲအဖြစ် အစိုးရက လွှတ်တော်သို့ လာရောက်ရှင်းလင်းရခြင်းများရှိခဲ့သည်။

မြန်မာ့နိုင်ငံရေးအခင်းအကျင်းသည် ယခင်တပ်မတော်အစိုးရက ချမှတ်ပေးထားသည့် အစီအစဉ်အတိုင်းသာ နေရာများရှိနေခြင်းက တပ်မတော်အစိုးရလက်ထက်တွင် နံပါတ် ၃ခေါင်းဆောင်ဖြစ်ခဲ့သော သူရဦးရွှေမန်းနှင့် နံပါတ် ၄ ခေါင်းဆောင်ဖြစ်သည့် နိုင်ငံတော်သမ္မတဦးသိန်းစိန်တို့ကြားတွင် လက်ရှိအနေအထားပေါ် အာဏာပြိုင်ဆိုင်မှုများရှိနေခြင်းဟု နိုင်ငံရေးစောင့်ကြည့်သူများကဆိုသည်။

"သူရဦးရွှေမန်းဥက္ကဋ္ဌဖြစ်လာရင် အစိုးရအဖွဲ့ကိုလွှတ်တော်ကနေဦးဆောင်သွားမလားဆိုတာတော့ မဖြစ်နိုင်ပါဘူး။ အခြေခံဥပဒေအရတော့ သမ္မတသည် အမြင့်ဆုံးပဲ။ လွှတ်တော်က သဝဏ်လွှာပို့တာပဲရမယ်။ တကယ်တမ်းတော့ မြန်မာနိုင်ငံကို ဦးဆောင်နေတာ သမ္မတပဲ"ဟု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေကပြောသည်။

ထို့နောက် မြန်မာနိုင်ငံ၏ အခြေခံဥပဒေကပင် လွှတ်တော်နှင့် အစိုးရအဖွဲ့ကြား ပြဿနာတက်နိုင်သည့်ပုံစံဖြစ်နေသည်ဟုလည်း ဦးလှဆွေကဆိုသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အတိုက်အခံအင်အားစုများနှင့် နွေးနွေးထွေးထွေးဆက်ဆံသည်ကို နိုင်ငံသားတစ်ယောက်အနေဖြင့် ဝမ်းသာသော်လည်း အုပ်ချုပ်ရေးအစိုးရအဖွဲ့နှင့်လည်း အပြုသဘောဆောင်သော စောင့်ကြည့်ထိန်းညှိခြင်းသာဖြစ်စေချင်သည်ဟု မြန်မာ့နိုင်ငံရေးကို လေ့လာသူတစ်ဦးဖြစ်သည့် စီးပွားရေးလုပ်ငန်းရှင် ဦးကျော်စွာမြင့်က ပြောကြားသည်။

ဒီမိုကရေစီစနစ်အရ အစိုးရအဖွဲ့နှင့် လွှတ်တော်တို့သည် အပြန်အလှန်ထိန်းကျောင်းရမည်ဖြစ်သော်လည်း အချို့ကိစ္စများတွင်ပြည်သူ့လွှတ်တော်က အစိုးရအဖွဲ့မှတင်ပြသည့် အကြောင်းအရာအတော်များများကို ကန့်ကွက်ခဲ့ခြင်းမျိုးတွေ့နေရသဖြင့် လွှတ်တော်နှင့်အစိုးရကြား တင်းမာနေလျှင် နိုင်ငံတိုးတက်မှုနှောင့်နှေးနိုင်သည်ဟု စိတ်ပူမိကြောင်း ဦးကျော်စွာမြင့်က ၎င်း၏ယူဆချက်ကို ပြောကြားခဲ့သည်။

သူရဦးရွှေမန်းအနေဖြင့် အစိုးရအဖွဲ့နှင့် လွှတ်တော်ကြားတွင် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ထိန်းကျောင်းရမည်ဖြစ်သော်လည်း အပြုသဘောမဆောင်သည့် ပြစ်တင်ဝေဖန်မှုမျိုးဖြစ်လာပါက နိုင်ငံ၏ဥပဒေပြုရေးကိစ္စများ၊ အရေးတကြီးဆုံးဖြတ်ရမည့်ကိစ္စများ နှောင့်နှေးနိုင်သည်ဟု လွှတ်တော်ပြင်ပရှိ စီးပွားရေးလုပ်ငန်းရှင်အချို့က စိုးရိမ်နေကြသည်။

"ဒီနေ့လုပ်နေတာတွေက အစိုးရနဲ့လွှတ်တော်ပဋိပက္ခ အသွင်ဆောင်တာတော့မဟုတ်ဘူး။ သဘောထားချင်းတော့ တူချင်မှတူမယ်။ ဒါသဘာဝပဲ။ အစိုးရနဲ့ လွှတ်တော်နဲ့သဘောထားတစ်ထပ်တည်းတော့မဖြစ်နိုင်ဘူး"ဟု အကြိတ်အနယ်ဖြစ်မှုများပေါ် သူရဦးရွှေမန်းက မီဒီယာများကိုပြောကြားခဲ့သည်။

လွှတ်တော်က အစိုးရကို ထိန်းညှိရသည်ဆိုသည်မှာ မှန်သော်လည်း ဥပဒေပြုသည့်သူများ၏ သုံးသပ်ဆုံးဖြတ်ချက်များသည် မှန်သည်ဟုပဲမပြောနိုင်၍ ငါဥပဒေပြုသူပဲဆို၍ ဆုံးဖြတ်ပါက လွှတ်တော်ဘက်က မာလာနိုင်သည်ဟု အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကဆိုသည်။

"သူရဦးရွှေမန်းနာယကဖြစ်လာရင် အပြောင်းအလဲက ဘာတွေဖြစ်လာမလဲဆိုတာကို မသိနိုင်ဘူး။ အခုဦးရွှေမန်းလက်ထက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေ့လာသုံးသပ်မယ့်ကော်မတီရှိတယ်။ ဒါက ဥပဒေပြင်ဆင်ရေးကို ဘယ်လောက်ထိလုပ်နိုင်မလဲဆိုတာတော့ကြည့်ရမယ်။ ကျန်တာကတော့ ဒီကျန်တဲ့ ၂နှစ်ခွဲမှာ အေးချမ်းတဲ့၊ ပြည့်ဝတဲ့အပြောင်းအလဲတွေကိုပဲ လိုလားပါတယ်" ဟုလည်း မြန်မာနိုင်ငံ၏ စီးပွားလုပ်ငန်းအုပ်စုကြီးများတွင် တစ်ခုအပါအဝင်ဖြစ်သည့် ဒေင်အုပ်စုဥက္ကဋ္ဌဦးချစ်ခိုင်ကလည်း ပြောကြားသည်။

သူရဦးရွှေမန်းက နာယကတာဝန် အလှည့်ကျယူခြင်းက သဘောထားကွဲလွဲမှုအချို့ရှိသည်ဟု ယူဆနေကြသည့် နိုင်ငံတော်သမ္မတနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌတို့၏ အားပြိုင်မှုကြားတွင် ဥပဒေပြုဖြစ်စဉ်များနှင့် နိုင်ငံအတွက် အရေးကြီးသောလွှတ်တော်၏ အတည်ပြုချက်လိုအပ်သည့် လုပ်ငန်းစဉ်များ နှောင့်နှေးကြန့်ကြာမည်ကို လွှတ်တော်ပြင်ပ အသိုက်အဝန်းများက စိုးရိမ်နေကြခြင်းဖြစ်သည်။




CRIME မှုခင်း သတင်း CORNER

## ကားသုံးစီး ဆိုင်တိုက်ကာ ခရီးသည်တင်ဒိုင်နာယာဉ် တိမ်းမှောက်

**ရန်ကုန်၊ဇူလိုင်-၂၇**

၁၀၅ယာဉ်လိုင်းမှ ဒိုင်နာယာဉ်တစ်စီး လမ်းပြောင်းပြန်မောင်းနှင်ရာမှ မျက်နှာချင်းဆိုင်မှလာသည့် ယာဉ်နှစ်စီးနှင့်တိုက်မိကာ ယာဉ်ပေါ်ပါ ခရီးသည်များ ဒဏ်ရာရရှိခဲ့ကြောင်း သတင်းရရှိသည်။

ယင်းဒိုင်နာယာဉ်သည် ဇူလိုင် ၂၇ရက် နံနက် ၁၀ နာရီခန့်က တာမွေမြို့နယ်၊ တာမွေကြီး (ခ)ရပ်ကွက်၊ ဦးချစ်မောင်လမ်းတွင် တစ်ဖက်ယာဉ်ကြောအတွင်းသို့ လမ်းပြောင်းပြန်ဝင်ရောက်၍ မောင်းနှင်စဉ် တောင်မြင်းပြိုင်ကွင်းလမ်းထိပ်သို့ အရောက်တွင် သတ်မှတ်ယာဉ်ကြောအတိုင်း ကိုသော်ဇင်မြင့်မောင်းနှင်လာသည့် ဆူဇူကီးဆွစ်ယာဉ်နှင့် ကိုကျော်ကျော်မောင်းနှင်လာသည့် ကင်တာဘောက်ယာဉ်တို့ကို တိုက်မိကာ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်သွားခဲ့ခြင်း ဖြစ်သည်။

ဒိုင်နာယာဉ်မောင်းမှာ ယာဉ်တိမ်းမှောက်မှုဖြစ်ပွားပြီးနောက် ထွက်ပြေးတိမ်းရှောင်သွားသဖြင့် စုံစမ်းဆဲဖြစ်ပြီး ယာဉ်နောက်လိုက် ကိုမျိုးအောင်မှာ ရန်ကုန်ဆေးရုံကြီးတွင် အတွင်းလူနာအဖြစ်ကုသမှုခံယူနေရကြောင်း သတင်း ရရှိသည်။

## ၁၁ ထပ် အပျော်စီးသင်္ဘော Star Cruis မြန်မာခရီးသွားများပါ လိုက်ပါစီးနင်းနိုင်

**အောင်သူရ**

**ရန်ကုန်၊ ဇူလိုင်-၂၇**

ကမ္ဘာလှည့်ခရီးသည် ၁၅၀၀ ကျော် လိုက်ပါစီးနင်းနိုင်မည့် ၁၁ ထပ်ပါ Star Cruise အပျော်စီး သင်္ဘောသည် လာမည့် ဩဂုတ် ၁၄ တွင် မြန်မာနိုင်ငံသီလဝါ ဆိပ်ကမ်းသို့ ဆိုက်ကပ်မည်ဖြစ်ပြီး အဆိုပါ သင်္ဘော၏ ကျန်ခရီးစဉ်များတွင် မြန်မာနိုင်ငံသားများ ဆက်လက် လိုက်ပါနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။



Star Cruise အပျော်စီးသင်္ဘော

ဓာတ်ပုံ-Star Cruise

အဆိုပါသင်္ဘောသည် မလေးရှားနိုင်ငံ ပီနန်းမှ စတင်ထွက်ခွာလာမည်ဖြစ်ပြီး ထိုင်းနိုင်ငံမှ တစ်ဆင့် မြန်မာနိုင်ငံသီလဝါဆိပ်ကမ်းသို့ ရောက်ရှိမည်ဖြစ်ကာ ထိုနေ့တွင်ပင် သီလဝါဆိပ်ကမ်းမှ ပြန်လည်ထွက်ခွာပြီး ထိုင်းနိုင်ငံဖူးခက်ကမ်းခြေသို့ ဝင်ရောက်မည်ဖြစ်သည်။

ထို့နောက်ပီနန်းတွင် သုံးရက်နေပြီးနောက် ခရီးစဉ်ပြီးဆုံးမည်ဖြစ်သည်။ ယင်းသင်္ဘောဖြင့် ကမ္ဘာလှည့်ခရီးသည်တစ်ထောင်ကျော်လိုက်ပါလာမည် ဖြစ်ကြောင်းခရီးစဉ်စီစဉ်သည့်Myanmar Voyages ခရီးသွား ကုမ္ပဏီမှ ဦးသက်လွင်တိုးက ပြောသည်။

မြန်မာနိုင်ငံသို့လာရောက်လည်ပတ်လိုသူများရှိနေသဖြင့် အဆိုပါသင်္ဘောသည် နောက်ပိုင်းတွင် လစဉ်ပြေးဆွဲရန် စီစဉ်နေပြီဖြစ်ကြောင်း သိရသည်။

## အခြေခံပညာကျောင်းသား ကျောင်းသူရှစ်ထောင်အား ကင်းထောက်သင်တန်းပို့ချမည်

**နေလင်းထွန်း**

**ရန်ကုန်၊ ဇူလိုင်-၂၆**

၂၀၁၃-၁၄ ပညာသင်နှစ်တွင် တစ်နိုင်ငံလုံးရှိ အခြေခံပညာ ကျောင်း ၈၀ မှ ကျောင်းသား၊ ကျောင်းသူ ၈,၀၀၀ အား ကင်းထောက်သင်တန်း တိုးချဲ့ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာန မှ သတင်းရရှိသည်။

ယခင်ပညာသင်နှစ်က ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ အခြေခံပညာကျောင်း ၂၀ မှ ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၂,၀၀၀ အားကင်းထောက်လူငယ်များအနေဖြင့် သင်ကြားလေ့ကျင့်ပေးခဲ့သည်။

"ဒီနှစ်က အခြေခံပညာကျောင်း ၈၀ က ကျောင်းသား၊ ကျောင်းသူ၈,၀၀၀ကိုကင်းထောက်သင်တန်းပို့ချဖို့ ရှိတယ်။ လာမယ့် ဒီဇင်ဘာလအတွင်းမှာ တစ်ပတ်ကြာ သင်တန်းပို့ချသွားမှာပါ" ဟု ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြီးခဲ့သည့် ပညာသင်နှစ်၌ အခြေခံပညာကျောင်း ၂၀ တွင် မိမိတို့၏ ဆန္ဒအလျောက် မိဘများ၏ သဘောတူညီမှုဖြင့် ကင်းထောက်အဖွဲ့ဝင်လိုကြသည့် ဆဋ္ဌမတန်းကျောင်းသား၊ ကျောင်းသူများအား ကင်းထောက်သင်တန်းများ ပို့ချခဲ့သည်။ **စာ(၈)သို့**



Life
7 DAY NEWS JOURNAL
Vol.12, No.21 • JULY 31 , 2013

# ချစ်တာတစ်ခုတည်းနဲ့ဖြင့် မပြီးနိုင်တော့တဲ့ ခေတ်

**သင်းရီ**


ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

မြန်မာနိုင်ငံလူဦးရေ၏အသက်(၁၅)နှစ်မှ(၄၉)နှစ် အတွင်းရှိသူ အသက်အပိုင်းအခြား အတွင်းမှ ထက်ဝက်ခန့်သည် အိမ်ထောင်မပြုကြဘဲ နေထိုင်လျက်ရှိနေကြသည်ဆိုသည့်သတင်းထုတ်ပြန်ချက်တစ်ခုကို ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပသည့်အခမ်းအနားဆီမှကြားလိုက်ရသည်။ ကျား၊ မ ရာခိုင်နှုန်း အချိုးအဆအနေနှင့်မူ အဆိုပါအသက်အပိုင်းအခြားရှိ လူဦးရေထဲမှ ထက်ဝက်ခန့်၏ အမျိုးသမီး ၄၄ ရာခိုင်နှုန်းနှင့် အမျိုးသား ၄၇ ရာခိုင်နှုန်းတို့သည် အိမ်ထောင် မပြုဘဲနေထိုင်ကြသည်ဟုဆိုလေ၏။

သို့ဆိုသော်လည်း ထိုသို့အိမ်ထောင်မပြုကြသူတွေမှာ အမျိုးသမီးနှင့်အမျိုးသားတို့၏ သဘာဝဓမ္မတာအရကျား၊မချစ်ကျွမ်းဝင်မှုများမရှိကြဟု ဆိုခြင်းမဟုတ်ကြောင်း။ ထိုထုတ်ပြန်ချက်ကထပ်မံဖွင့်ဆိုထားပြန်သည်။ ထိုသတင်းကို အသေအချာစဉ်းစား မိသည့်အခါ ကောင်းသတင်းမဟုတ်။ အနုတ်လက္ခဏာဆောင်သော သတင်းသာဖြစ်လေဟုထင်သည်။ စင်စစ်လူသားတစ်ယောက် ဖြစ်လာသည်နှင့် အချိန်တန် အရွယ်ရောက်လာသည့် အခါ၌ အိမ်ထောင်ပြုကြသည်ဆိုခြင်းမှာ သဘာဝလည်းဖြစ်၊ ဓမ္မတာလည်းဖြစ်လေသည်။ ထိုသဘာဝဓမ္မတာသည်သဘာဝဓမ္မတာအတိုင်းဖြစ်မလာဘဲနှင့်ဖောက်လှဲဖောက်ပြန်ဖြစ်လာပြီဆိုသည့်အခါ တစ်ခုခုအမှားအယွင်းတော့ဖြင့် ရှိနေပြီဖြစ်ကြောင်း သေချာလေသည်။

လွန်ခဲ့သည့် ခုနစ်နှစ်၊ ရှစ်နှစ်ခန့်တုန်းက သားသမီးအရင်းလိုခင်မင်နေသည့် ကလေးမလေးတစ်ယောက်ကမေးဖူးသည်။

"ဆရာ အိမ်ထောင်ရေးတစ်ခုမှာ အချစ်နဲ့ဓနငွေကြေး ဘယ်ဟာပိုအရေးကြီးသလဲ"တဲ့။

သည်ကလေးမလေးက ကလေးမလေး ဆိုရသော်လည်း တစ်ဆယ်ကျော်ငါးနှစ်ပတ်လည် . . . တင့်တင့်တို့အရွယ်ဆိုသည့် သီချင်းလို မြီးကောင်ပေါက်စ အရွယ်မဟုတ်တော့။ မြန်မာစာနှင့် မဟာဘွဲ့ယူထားပြီးသည့် အသက်၃၀နားကပ်နေသည့်အရွယ်။ ပြောရလျှင် သည်အရွယ်မှ အမြီးမပေါက် ဘာမျောက်တဲ့လဲကွဲ့ ဆိုသည့်အရွယ်။ သည်တော့ သူ့အိမ်ထောင်ရေးလမ်းခရီးအတွက် ဆုံးဖြတ်ချက်တစ်ခုတော့ဖြင့် ချီတုံချတုံဖြစ်နေကြောင်း သဘောပေါက်လိုက်မိသည်။

အမေးရှိပြီဆိုတော့ ဖြေမှတော့ဖြစ်မည်။ သို့သော် ဖြေရမည်ကလည်းခက်ခက်။ ကိုယ့်ရှိရင်းစွဲအတွေးအရတော့ဖြင့် အချစ်မပါသည့်အိမ်ထောင်ရေးဆိုသည်ကို အနှစ်အသားမပါသည့် ဥခွံတစ်လုံးလို့သာ ထင်ထားမိသည်။ အချစ်မပါဘဲနှင့်တော့ဖြင့်လည်း အိမ်ထောင်တစ်ခု မတည်သင့်ဟု ကိုယ့်ဘာသာအယူအဆခိုင်မာထားခဲ့သည်။ သို့သော် ခုခေတ်ကသည်လိုမဟုတ်နိုင်တော့တာလားထင်သည်။ 'တူနှစ်ကိုယ်တဲအိုပျက်မှာနေရချစ်တာပဓာန'သီချင်းက ဒိတ်ကုန်သွားခဲ့ပြီပဲထင်သည်။ သည်တော့ ချင့်ချင့်ချိန်ချိန်နှင့်ပင် ဖြေရသည်။

ကိုယ့်ဘဝထဲက တစ်သက်လုံးစာအရေးအကြီးဆုံးဆေးမင်ရည်စုတ်ထိုးရတဲ့ အိမ်ထောင်ရေးဆိုတာမှာလည်း အချစ်ကပဲ နံပါတ်တစ်ဖြစ်လာခဲ့တယ်ထင်ပါရဲ့။ ဒါကလည်းကာလသတ်မှတ်ချက်တော့ရှိနေသလားပဲ။ ဆရာတို့ခေတ်အခါတုန်းကနဲ့တော့ ဒီခေတ်က မတူနိုင်တော့ဘူးထင်ပါရဲ့။ လွန်ခဲ့တဲ့ နှစ်သုံးလေးငါးဆယ်ဆရာတို့ခေတ်တုန်းကတော့ လစာနည်း ဝန်ထမ်းအဆင့်ဖြစ်တဲ့လစာတစ်ရာနှစ်ဆယ့်ခြောက်ကျပ်ပဲရတဲ့ မူလတန်းပြဆရာတစ်ယောက်က သူ့မိသားစုလေးငါးယောက်ကို ထမင်းဝအောင်ကျွေးနိုင်ရုံမက ကျန်းမာရေး၊ ပညာရေးပါ လူတမ်းစေ့အောင်ထားနိုင်ခဲ့တာကိုးသမီးရယ်။

**စာမျက်နှာ(၆)သို့**



7 DAY NEWS JOURNAL
Vol.12, No.21 • JULY 31 , 2013

စာမျက်နှာ(၅)မှ

## ချစ်တာတစ်ခုတည်းနဲ့ဖြင့် မပြီးနိုင်တော့တဲ့ ခေတ်

ဘဝတူမူလတန်းပြဆရာနဲ့ဆရာမ မေတ္တာမျှလို့ အိမ်ထောင်ပြုကြမယ်ဆို လစဉ် ရွှေငါးမူးသားလောက်ဝယ်စုနိုင်တယ်ဆိုတဲ့ခေတ်လေကွာ။ ဒီတော့လည်း ဘဝကခွင့်ပြုချက်အရကိုအချစ်ကနံပါတ်တစ်ဖြစ်နိုင်ခဲ့တယ်လို့လည်း ဆိုနိုင်ပါတယ်။ အခု သမီးတို့ ခေတ်ရောက်တော့ သမီးခုနက မေးတဲ့မေးခွန်းမျိုးကို မေးရတော့မယ့်ခေတ်ကိုရောက်သွားခဲ့ပြီလို့ ဆရာနားလည်ပါတယ်။ တစ်ခု အကြံပေးချင်တာကတော့ အချစ်ဆိုတာနဲ့ ဥစ္စာဓနဆိုတာရဲ့ နှစ်ဖက်လုံးအစွန်းကိုမရောက်အောင် သတိနဲ့ဆုံးဖြတ်ဖို့ပါပဲ”

ကျွန်တော့်အဖြေကြောင့် ကလေးမလေးက မချိပြုံးပြုံးသည်။

လွန်ခဲ့သည့်နွေနှောင်းတုန်းကတော့ မထင်မမှတ်နှင့်ပင် သည်ကလေးမလေးထံမှ မင်္ဂလာပွဲဖိတ်သည့် တယ်လီဖုန်းရသည်။ “ဆရာက ကိုယ့်မိဘလိုပဲမို့ ဆက်ဆက်လာခဲ့ပါနော်”တဲ့။ တစ်ဆက်တည်း ပြောသည်က “သူက သမီးထက် ရှစ်နှစ်တောင်ကြီး တယ်ဆရာရဲ့” တဲ့။

သူ့အသက်ပင်(၄၀)ဆိုသည့်အခါ သူတို့ဇနီးမောင်နှံအတွက် မျိုးဆက်ကို သူတို့ဘယ်လိုစဉ်းစားထားကြသည်လဲ။ တကယ်က မိမိ၏မျိုးဆက်ဆိုသည်က မိမိတို့၏ ပုဂ္ဂလိကအိမ်ထောင်တစ်ခုအတွက်သာမက လူ့ဘောင်တစ်ခုလုံးအတွက်လည်း လူသားမျိုးဆက်၏ အခန်းကဏ္ဍမှာ အလွန်အရေးကြီးလှ၏။ လူသားမျိုးဆက်တည်တံ့ပြန့်ပွားရေးဆိုသည်က လူသားတိုင်း၏တာဝန်ဖြစ်သည်ဟု ထင်သည်။ သို့ပါလျက် အိမ်ထောင်ပြုသူဦးရေနည်းပါးလာခြင်း(သို့မဟုတ်) အချိန်နှင့်အခါနှင့် အိမ်ထောင်မပြုဖြစ်ကြခြင်းဆိုသည်မှာ ဘယ်လိုပဲတွေးတွေး အပေါင်းလက္ခဏာတော့ဖြင့်မဖြစ်နိုင်ဟုတွေးမိ၏။

ယခုတော့ မြန်မာနိုင်ငံ အတွင်းမှအသက်(၁၅)နှစ်မှ(၄၉)နှစ်အတွင်းရှိသူ ကျား၊ မပေါင်း လူဦးရေ၏ထက်ဝက်ခန့်သည်သမုဒယတွေ၊ အချစ်စိတ်တွေ၊ မေတ္တာတရားတွေ ကုန်ခန်းသွားကြ၍လည်း မဟုတ်ပါဘဲ အပြဟ္မစရိယာပုဒ်ကို စောင့်ထိန်းကာ အာသဝေါတွေ ကုန်ခန်းကြသဖြင့် နိဗ္ဗာန်ကူးလုဆဲဆဲ တစ်မဂ်တစ်ဖိုလ်ဆိုက်ကြမည့် အရိယာပုဂ္ဂိုလ်တွေလည်း မဟုတ်ကြပါဘဲလျက် အိမ်ထောင်မပြုကြဟုဆိုလေသည်။

သည်တော့ ဘာတွေဖြစ်လာသနည်း။ ရှင်းသည်။ ၂၄ နာရီအတွင်းစားရသည့်တားဆေးတွေ ရောင်းကောင်းသည်ဟု လမ်းဘေးဆေးဆိုင်တွေကဆိုကြသည်။ တစ်လခံ၊ သုံးလခံဆေးတွေလည်းဆေးခန်းများတွင် အတော်ထိုးပေးရသည်။ နာရီပိုင်းနှင့်ငှားသည့် တည်းခိုခန်းတွေပေါလာသည်။ LT ဟုအတိုကောက် ခေါ်နေကြသော တစ်ဦးအပေါ် တစ်ဦးအပြန်အလှန်တာဝန်ယူမှုမရှိသည့် တာဝန်ယူစရာလည်းမလိုသည့် Living Together ခေါ် လွတ်လပ်စွာဖိုမဆက်ဆံရေးမျိုးတွေ ခေတ်စားလာသည်။ လက်ထပ်ပွဲမင်္ဂလာဦးညအထိ အမွန်တမြတ်ထိန်းသိမ်းစောင့်ရှောက်ထားလေ့ရှိကြသည့် ကျွန်ုပ်တို့ မြန်မာအမျိုးသမီးငယ်လေးတွေ၏ အပျိုဂုဏ်ဆိုတာတွေလည်း ခုတော့ဖြင့် ဟင်းရွက်ကန်စွန်းထက် ဈေးပေါသွားကြပြီလားထင်သည်။ ဟိုတစ်လောကဖေ့စ်ဘွတ်ခ်စာမျက်နှာမှာ အမျိုးသမီးလေးတစ်ယောက်က ရင်နင့်နင့်နှင့်ရေးထားသည့် သဘောထားစာစုလေး တစ်ပုဒ်ဖတ်လိုက်ရသည်။ တက္ကသိုလ်ကျောင်းအမျိုးသမီးအိမ်သာတွေနားမှာ၊ ပုဂ္ဂလိက အမျိုးသမီးဆောင်တွေက ရေအိမ် အမှိုက်ခြင်းတွေထဲမှာ ကိုယ်ဝန် ရှိ၊ မရှိ ဆီးစစ်သည့် ပစ္စည်းလေးတွေ တွေ့, တွေ့နေရတတ်သတဲ့။ ဗဟိုအမျိုးသမီးဆေးရုံကြီးတွင် တက်ရောက်ကုသရင်း အသက်ပျက်စီးဆုံးရှုံးရသည့် ဦးရေထဲတွင် ကိုယ်ဝန်ဖျက်ချမှုကြောင့်သေဆုံးရသည့်ဦးရေစာရင်းက ပိုများနေသည်တဲ့။

တွေးကြည့်သည့်အခါ သည်ကိစ္စတွေအားလုံးသည် အနုတ်လက္ခဏာတွေချည်းဖြစ်နေသည်။ သည်အနုတ်လက္ခဏာများ၏ လက်သည်တရားခံကို ရှာတော့ ဝေးဝေးလံလံမှာမဟုတ်။ ကျွန်ုပ်တို့နေ့စဉ်နှင့်အမျှရင်ဆိုင်နေကြရသော ဝင်ငွေ၊ ထွက်ငွေမညီမျှမှု စီးပွားရေးပြဿနာကြီးသာဖြစ်နေလေတော့၏။

အိမ်ထောင်တစ်ခုကို လူနှင့်တူတူ သူနှင့်တန်တန် တင့်တောင့်တင့်တယ်ရှိအောင်လုပ်ဖို့ဆိုသည်က သည်ခေတ်ထဲမှာ လူငယ်လေးတွေအတွက် ခါးတောင်နှင့်မီးပင်လယ်ကိုဖြတ်ရဖို့ထက် ခက်ခဲသည့်ကိစ္စဖြစ်လာသည်။ သို့နှင့်ပင် တည်တည်တံ့တံ့ဖြင့် ခိုင်မာအောင် တည်ဆောက်ရမည့် အိမ်ထောင်တစ်ခုထက် ပါးလွှာသည့် အထိမခံ ထိလွယ်ရှလွယ်ဖိုမကိစ္စ ဘက်သို့သာ ပေါက်ထွက်သည့်အခါ အထက်တွင် ဖော်ပြခဲ့သည့် တလွဲလမ်းကြောင်းများဆီသို့သာ ရေဦးလည်တော့၏။

ဒါကစဉ်းစားတတ်၊ တွေးခေါ်တတ်သည့် ပညာတတ်လူလတ်တန်းစား အောက်လွှာမှ လူငယ်လေးများ အများစု၏ လက်ရှိ ဖြစ်ပေါ်နေသော ရေစီးကြောင်း ဖြစ်လေသည်။ သို့သော် သူတို့ ကဲ့သို့ မစဉ်းစားနိုင်ကြသူ၊ မစဉ်းစားတတ်ကြသူ ပညာမဲ့ အောက်ခြေလူတန်းစားအလွှာမှ လူငယ်တွေကမူ ရိုးသားစွာဖြင့်ပင် သူတို့ဘဝကိုသူတို့ ရှင်းရှင်းပြတ်ပြတ် ဆောင်ရွက်တတ်ကြလေသည်။ အနာဂတ်အတွက် ဘာအတွက်၊ သားသမီးရှေ့ရေး၊ ပညာရေး၊ ကျန်းမာရေး ဘာမျှ မစဉ်းစား။ စဉ်းစားနှိုင်းယှဉ်စရာလည်း သူ့ပတ်ဝန်းကျင်မှာ အတူတူနှင့် အနူနူချည်းမို့ ချစ်တဲ့သူတွေ့လျှင် ဆိုဝမ်းတူးသရီးနှင့် ပြိုင်တူစိန်ခေါ် ရသည် ပင်ကြာသလားလို့ ထင်ကြသေးသည်။ ပျော်ပျော်ပါးပါးနှင့်ပင် ဘဝထဲ ပုဆိုးတန်းတင်လင်မယား အဖြစ် ခပ်မြန်မြန်နှင့်ခပ်ရဲရဲလက်တွဲပစ်လိုက်ကြသည်။ မွေးလာသည့်ကလေးတွေကျတော့လည်း ပညာတတ်ဖို့၊ မတတ်ဖို့ထက် မိရိုးဖလာ ကောက်စိုက်၊ ပျိုးနုတ်၊ လယ်သူရင်းငှား ဘဝဖြင့်အရိုးထုတ်ကြပေရော့ဆိုသည့် ဘဝတွေ ဖြစ်နေသည်။

အားလုံးကို ခြုံကြည့်လိုက်သောအခါ ထိုသို့သောလူတန်းစား မတူညီကြသည့် လူလတ်တန်းစား၊ လူလတ်တန်းစားအောက်လွှာနှင့် အခြေခံလူတန်းစားထဲမှ လူငယ်များ၏ အိမ်ထောင်ရေးအခြေအနေများက အနာဂတ်အရုဏ်ဦးအပေါ် တိမ်မည်းတိမ်ပုပ်တို့ လွှမ်းမိုးနေသလားဟု ခံစားမိသည်။

မြန်မာ့လူဦးရေနှင့်ပတ်သက်၍ ထုတ်ပြန်ထားသော စာရင်းဇယားတစ်ခုတွင် သေဆုံးနှုန်းထက် မွေးဖွားနှုန်းက အဆမတန်နိမ့်ကျနေသဖြင့် ၂၀၁၅ တွင် အလုပ်မလုပ်နိုင်တော့သော သက်ကြီးရွယ်အိုတွေက အလုပ်လုပ်နိုင်သူ ဦးရေထက် များပြားလာမည်ဟုဆိုနေသည်။ ယခုနှုန်းထားအတိုင်းရှိနေမည်ဆိုလျှင် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည့်နောင်ဆယ်စုနှစ်များတွင် အမှန်တကယ်စွမ်းဆောင်နိုင်အားရှိသော လုပ်သားစွမ်းရည်များ လိုအပ်မှုကိုပြည့်မီအောင်ဖြည့်ဆည်းပေးနိုင်လိမ့်မည်မဟုတ်ဟု ဟောကိန်းတွေထုတ်နေကြသည်။

တွေးမိတော့ပညာအကြောင်းသိကြသည့် ပညာတတ် လူလတ်တန်းစားအလွှာကလည်း အိမ်ထောင်သားမွေးကိစ္စအတွက်လက်တွန့်ကာ တာဝန်မဲ့ ဖိုမရေစီးထဲသို့သာ မျှောချနေကြ။ ပညာ အကြောင်း အလေးအနက် မထားတတ်သည့် အောက်ခြေအလွှာကလည်း ကျန်းမာရေးနှင့် ပညာရေးတွင် ချို့တဲ့နုံနဲ့သော ကလေးတွေကိုဖောဖောသီသီမွေးထုတ်နေကြဟုဆိုခဲ့လျှင် ကျွန်ုပ်တို့ နိုင်ငံတော်၏ အနာဂတ်မျိုးဆက်လှုပ်ရှင်သန်ရေးကို မည်သို့မည်ပုံ တွေးတောပူပန်ပိုင်းဝန်း၍ ကျွန်ုပ်တို့အားလုံးဆောင်ရွက်နိုင်ကြပါမည်နည်းဟု စဉ်းစားရင်းဖြင့်. . .



ဝိုက်ဒီ

## မျှစ်ပင်စိမ်း

မျှစ်ကို ကြော်စား၊ သုပ်စားပြီးလို့ ဒီတစ်ပတ်ဝိုက်ဖီက ခပ်စပ်စပ်လေး ချက်ထားပါတယ်။

ဈေးထဲကနေ မျှစ်ချိုနုလေးတွေနဲ့ ပင်စိမ်းနည်းနည်းပဲ ဝယ်ဖို့လိုပါတယ်။ အိမ်မှာအာလူးနဲ့ ငရုတ်သီးခွဲကြမ်း အဆင်သင့်ရှိရင်ပေါ့။

ဝယ်လာတဲ့မျှစ်လေးတွေကို ဆယ်မိနစ်လောက်ပြန်ပြုတ်ပါမယ်။ ပြီးရင်အတုံးငယ်လေးတွေ တုံးပါ။ အာလူးကိုလည်း အခွံခွာပြီးရင် မျှစ်နဲ့အရွယ်တူလေးတွေ တုံးပါမယ်။

ပြီးရင် ကြက်သွန်ဖြူနီကို ငရုတ်သီးခွဲကြမ်းနဲ့ဆီသတ်ပါ။ အာလူးအရင်ထည့်ပါမယ်။ ရေနည်းနည်း ထည့်ပါမယ်။ သုံးမိနစ်လောက် ရေဆူပြီဆိုရင် လှီးထားတဲ့မျှစ်လေးတွေကို ထည့်လိုက်ပါ။ ပင်စိမ်းကို ရေမခန်းခင်ထည့်ပါ။ နောက်ဆုံး အာလူးနူးပြီး ရေလည်းခန်းပြီဆိုရင်ချလို့ရပါပြီ။

ဝါတွင်းကာလ သက်သတ်လွတ်စားလိုသူတွေအတွက် ပင်စိမ်းနံ့မွှေးနေတဲ့ မျှစ်အာလူးသက်သတ်လွတ်ဆီပြန်ဟင်းတစ်ခွက်ရပြီပေါ့။



# မြန်မာမှာ အစား

ကနေဒီယန်စာရေးဆရာမ နာအိုမီဒူဂစ်သည် မြန်မာ့ရိုးရာအစားအစာများအကြောင်းစာရေးသားရန်အတွက် ၂၀၀၈ မှ ၂၀၁၁ ခုနှစ်အတွင်း မြန်မာနိုင်ငံကို မကြာခဏသွားရောက်ခဲ့သူဖြစ်သည်။

ထိုသို့ သွားရောက်တိုင်း မြန်မာအစားအစာများကို စားရလေလေ၊ ပိုသိလာရလေလေ သူ့အတွက် သင်ယူမဆုံးလေ့လာလို့မဆုံးနိုင်အောင်ဖြစ်ရပါသည်ဟု ဆိုပါသည်။

"ကျွန်မကတော့ သွားတဲ့ အခေါက်တိုင်းဒါနောက်ဆုံးအခေါက်ပါပဲလို့ထင်ထားခဲ့တာ"ဟုဒူဂစ်က ဆိုသည်။

ထိုအချိန်က စစ်အစိုးရလက်ထက်ဖြစ်ပြီး သာမန်နိုင်ငံသားများနှင့် နိုင်ငံခြားသားများ အဆက်အသွယ်ရှိလျှင် အန္တရာယ်ရှိသောအချိန်ဖြစ်ပါသည်။ အပြင်ဈေးတွေမှာ လမ်းဘေး အစားအစာများ၊ အိမ်ချက်ဟင်းများကို လေ့လာဓာတ်ပုံရိုက်နေသော ဒူဂစ်ကို မြန်မာအစိုးရက ထိုအချိန်ကသာ ဖမ်းမိခဲ့ပါက မြန်မာ့ရိုးရာအစားအသောက်များအကြောင်းစာရေးသည့် ပုဒ်မဖြင့် အခြားသတင်းစာဆရာများကဲ့သို့တံဆိပ်နှိပ်ပြီး ပြည်နှင်ဒဏ်ပေးခံရဖွယ်ရှိပါသည်။

သို့သော်လည်း အခြားနိုင်ငံများက အစားအသောက်များကို သူမှတ်တမ်းတင်ရေးသားနိုင်ခဲ့သလို မြန်မာအစားအစာများ အကြောင်းကိုလည်း ဘာပဲဖြစ်ဖြစ် ပြည့်ပြည့်စုံစုံမှတ်တမ်းတင်ရေးသားမည်ဟု ဒူဂစ်က ဆုံးဖြတ်ခဲ့ပါသည်။ မြန်မာနိုင်ငံကို ဒူဂစ် ပထမဆုံးစတင်ရောက်ဖူးသည့်အချိန်မှာ ၁၉၈၀ ပြည့်နှစ် ဖြစ်ပါသည်။

"အဲဒီတုန်းက မြန်မာနိုင်ငံကြည့်ရတာ စကြဝဠာကြီးထဲမှာ အထီးကျန်ပြတ်တောက်နေတဲ့ နေရာမျိုးလိုပဲ။ ဒါပေမဲ့ အဲဒီထဲမှာ ပိတ်မိသူတွေအတွက် အစားအသောက်ကပဲ ဇိမ်လုပ်စရာရှိတယ်"

မြန်မာအစားအစာများ အကြောင်း သူရေးသားထားသော



*မြန်မာ့ရိုးရာ ဟင်းလျာများ ပြင်ဆင်ချက်ပြုတ်ထားစဉ်*

ဓာတ်ပုံ-ဝိုက်ဖီ

မြန်မာ (သို့မဟုတ်) အရသာမြစ်ကြီးများ စာအုပ်အဖြစ် ထွက်လာသည့် အချိန်မျိုးတွင် မြန်မာနိုင်ငံတွင် ဒီမိုကရေစီရွေးကောက်ပွဲလည်းလုပ်ပြီး အတိုက်အခံခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ကလည်း နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်ကာ လွှတ်တော်ထဲရောက်နေလိမ့်မည့် အဖြစ်မျိုးကို ဒူဂစ်က စိတ်ကူးတောင်မယဉ်ရဲခဲ့ သူဖြစ်သည်။ ဒူဂစ်အံ့အားသင့်မိသည်က သူ၏မြန်မာ့ဟင်းချက်နည်းစာအုပ်မှာ ကမ္ဘာတွင် လူသိမများ မမြည်းစမ်းကြည့်ရသေးသော မြန်မာ့အစားအစာများကို မိတ်ဆက်လမ်းညွှန်ပေးဖို့အချိန်ကိုက်ပြီးထွက်ရှိလာသည့် အတိုင်းပင်။ ထိုင်းနှင့် ဗီယက်နမ်ကဲ့သို့ အရှေ့တောင်အာရှအစားအစာများကိုကြိုက်နှစ်သက်သူများအတွက် မြန်မာအစားအစာများက လက်တည့်စမ်းမြည်းကြည့်ရန်ကောင်းသည့် ခပ်ဆန်းဆန်း အစားအစာများဖြစ်ပါမည်။

အစပ်၊ အချဉ်၊အငန်များက တစ်ပုံစံတည်းပင်။ သို့သော်လည်း ကြက်သွန်ဖြူနှင့် ကြက်သွန်နီကြော်၊ အိန္ဒိယဟင်းခတ်ပစ္စည်းများ၊ ငရုတ်သီးမှုန့်နှင့် ပဲငံပြာရည်အနောက်စသည့်တို့ကထည့်သွင်းချက်ပြုတ်ပုံမတူကွဲပြားပါသည်။

"ကျွန်တော်တို့အစားအစာတွေက ထိုင်းနဲ့ အိန္ဒိယလောက်တော့ ကမ္ဘာမှာနာမည်မကြီးပါဘူး။ ဒါပေမဲ့ကျွန်တော့်အဒေါ်တွေကတော့ ဟင်းချက်ကောင်းတဲ့ စားဖိုမှူးတွေပါ"

အရှေ့တောင်အာရှအစားအသောက်များကို နှစ်သက်သူအများစုရှိရာ နယူးယောက်မြို့၊ကွင်းအရပ်၌ကျင်းပသည့်မြန်မာအစားအစာပွဲတော်စီစဉ်သူကိုသာဘန်းကပြောကြားခြင်းဖြစ် သည်။

**စာမျက်နှာ(၃၂)သို့**



မျက်နှာဖုံးမှ

# မီဒီယာလွတ်လပ်ခွင့် တိုက်ပွဲဒီရေမြင့်

ပြန်ကြားရေးဝန်ကြီးဌာနက ပုံနှိပ်ထုတ်ဝေရေးဥပဒေကြမ်းနှင့် အများပြည်သူဝန်ဆောင်မှု မီဒီယာ ဥပဒေကြမ်းဟူသော ဥပဒေကြမ်းနှစ်ခု ရေးဆွဲထားသည်။ မကြာသေးမီက ပြည်သူ့လွှတ်တော်က အတည်ပြုလိုက်သော ပုံနှိပ်ထုတ်ဝေရေး ဥပဒေကြမ်းက မီဒီယာကို ထိန်းချုပ်ရန် သက်သေပြနေကြောင်း မီဒီယာသမားအများစုက မှတ်ယူနေကြသည်။ ပုံနှိပ်ထုတ်ဝေရေးဥပဒေကြမ်းမှအချက်ငါးချက်ကိုသတင်းထောက်အများစုနှင့် စာနယ်ဇင်းကောင်စီက သဘောမတူခဲ့ပေ။ ထို့အပြင် စာနယ်ဇင်းကောင်စီက ဖြည့်စွက်စေလိုသည်ကိုမဖြည့်ဘဲ လွှတ်တော်တင်ခဲ့ခြင်းဖြစ်သည်။

စာနယ်ဇင်းကောင်စီ(ယာယီ)က ရေးဆွဲနေသော မီဒီယာဥပဒေကြမ်းသည်လည်း မီဒီယာလွတ်လပ်ခွင့်ကို ရှေ့တန်းတင်လျက် အခြားနိုင်ငံတကာမီဒီယာဥပဒေများတွင်ပင် မပါရှိသည့် သတင်းအချက်အလက်ရယူမှုများတွင် လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ တစ်ကိုယ်ရေလွတ်လပ်ခွင့်ကိုပင် ထိပါးနိုင်ဖွယ်ရှိသည့်အချက်များ ပါဝင်နေသည်ကိုပြန်ကြားရေးဝန်ကြီးဌာနက လက်မခံနိုင်ကြောင်း သတင်းထုတ်ပြန်ထားပြန်သည်။

ပြီးခဲ့သည့်နှစ်အတွင်း ပြန်ကြားရေးဝန်ကြီးအဖြစ် ဦးအောင်ကြည်ကို ခန့်အပ်ခဲ့ပြီးနောက် ၂၀၁၂ဩဂုတ် ၂၀ရက်တွင်စာပေစိစစ်ရေးကို ဖျက်သိမ်းခဲ့ရာ မြန်မာ့မီဒီယာလောကအတွက် အားကိုးရမည့် ဝန်ကြီးအဖြစ် မီဒီယာအများစုက ယုံကြည်မျှော်လင့်ခဲ့ကြသည်။ ထို့အပြင် သမ္မတအမိန့်ဖြင့် ဖွဲ့စည်းထားသော စာနယ်ဇင်းကောင်စီ(ယာယီ)နှင့် တွေ့ဆုံ၍ သတင်းသမားများအတွက် မီဒီယာဥပဒေတစ်ခုကို စိတ်တိုင်းကျရေးဆွဲပါရန် ဝန်ကြီးက ပြောကြားခဲ့သည်။

စာနယ်ဇင်းကောင်စီမှ ဥပဒေရေးဆွဲနေစဉ်တွင် ပြန်ကြားရေးဝန်ကြီးဌာနက ၂၀၁၃ဖေဖော်ဝါရီလဆန်းတွင် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်းကို စာနယ်ဇင်းကောင်စီ(ယာယီ)နှင့် တိုင်ပင်ညှိနှိုင်း အသိပေးခြင်းမပြုဘဲ ထုတ်ပြန်ခဲ့သည်။ ယင်းဥပဒေသည် ပုံနှိပ်သူနှင့် ထုတ်ဝေသူအတွက်သာ ရည်ရွယ်ရေးဆွဲကြောင်း ပြန်ကြားရေးက ဆိုသော်လည်း ထုတ်ဝေနှင့် ပုံနှိပ်သူတို့ကို ဝန်ကြီးဌာနတွင် မှတ်ပုံတင်စေသည့်နည်းဖြင့် သတင်းမီဒီယာမဏ္ဍိုင်ကို ဝန်ကြီးဌာနအောက်သို့ ပြန်လည်သွတ်သွင်းသည့် ဥပဒေအဖြစ်စာနယ်ဇင်းကောင်စီယာယီက ကန့်ကွက်ခဲ့ကြသည်။

မီဒီယာသမားများ၏ ကန့်ကွက်မှုကြောင့် ပြန်ကြားရေးဝန်ကြီးဦးအောင်ကြည်ကစာနယ်ဇင်းကောင်စီ(ယာယီ)ကို ယခုနှစ်မတ်လ ၂၃ ရက်တွင် ခေါ်ယူတွေ့ဆုံ၍ ပြင်ဆင်လိုသည့်အချက်များကို ပြင်ဆင်ပေးမည်ဖြစ်ပြီး စာနယ်ဇင်းကောင်စီက ရေးဆွဲနေသော သတင်းမီဒီယာဥပဒေနှင့်အတူညီနောင်ဥပဒေအဖြစ် လွှတ်တော်သို့ ပြိုင်တူတင်မည်ဖြစ်ကြောင်း နှစ်ဖက်သဘောတူညီချက်ဖြင့် ဆက်လုပ်ခဲ့သည်။ သို့သော် ယခု ဇူလိုင်လဆန်းတွင် စာနယ်ဇင်းကောင်စီ၏ ပြင်ဆင်ချက်များ မပါဝင်သော မူရင်းဥပဒေကြမ်းကို နှစ်ဖက်သဘောတူညီချက် ချိုးဖောက်၍ လွှတ်တော်သို့တင်ခဲ့သည်။ ဥပဒေနှစ်ခုပြိုင်တူတင်သွင်းပြီး လွှတ်တော်တွင်းတွင် မီဒီယာဥပဒေတစ်ခုတည်းဖြစ်သွားမည့် လမ်းကြောင်းကို ပြန်ကြားရေးနှင့် စာနယ်ဇင်းကောင်စီတို့ သဘောတူထားခဲ့သော်လည်း ပြန်ကြားရေးက လက်ဦးမှုရယူပြီး တင်သွင်းလိုက်သည့် ပုံနှိပ်ထုတ်ဝေရေးဥပဒေကြမ်းအတွက် နှစ်ဖက်တင်းမာမှု အရှိန်မြင့်လာခဲ့ခြင်းဖြစ်သည်။

“ကျွန်တော်တို့ ၅၁ ချက်လည်းသဘောတူပြီးပြီ။ သူတို့ဖြုတ်ခိုင်းတဲ့ Chapter တစ်ခုလုံးလည်း ဖြုတ်ပြီးပြီ။ ဒါကိုမှ ၁၇ ချက် ထပ်ပြင်ဦးဆိုတော့ ကျွန်တော်တို့ဘက်က လျှော့စရာမရှိတော့ပါဘူး”ဟု PC မှ အဖွဲ့ဝင် ဦးသီဟစောက ပြောကြားသည်။

“ဥပဒေတစ်ခုဆိုတာ အရေးတကြီးဆွဲဖို့ လိုတာမဟုတ်ဘူး။ ရေရှည်လိုက်နာသွားဖို့လိုအပ်တဲ့အတွက် ဥပဒေကျွမ်းကျင်တဲ့လူတွေ၊ တကယ်အလုပ်လုပ်နေတဲ့သူတွေနဲ့ အချိန်ယူညှိနှိုင်းဆွေးနွေးငြင်းခုံပြီးမှ လုပ်တာကောင်းပါတယ်။ စစ်သားအမြင်နဲ့ စစ်တိုက်သလိုတောင်ကုန်းတစ်ကုန်းမြင်တာနဲ့ သိမ်းမယ်ဆိုတာ အဆင်ပြေမှာ မဟုတ်ဘူး”ဟု သတင်းစာဆရာ ဦးရဲနိုင်မိုးကပြောသည်။

ထို့အပြင် စာနယ်ဇင်းကောင်စီ(ယာယီ)၏ သတင်းမီဒီယာဥပဒေမှာ ပြန်ကြားရေးဝန်ကြီးဌာနမှ ပြင်ဆင်ခိုင်းသော အချက် ၁၇ ချက် မပါဝင်သည့်အတွက် လွှတ်တော်သို့ မတင်ပေးနိုင်တော့ကြောင်း ဇူလိုင် ၂၄ ရက်တွင် ပြန်ကြားရေးဝန်ကြီးဌာနက ပြောကြားခဲ့သည့်အတွက် စာနယ်ဇင်းကောင်စီမှာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို ရွေးချယ်၍ ဥပဒေကြမ်းကို အဆိုတင်သွင်းသည့်နည်းလမ်းဖြင့် သတင်းမီဒီယာဥပဒေကြမ်းကို လွှတ်တော်တွင်းရောက်ရန် ကြိုးစားရတော့မည်ဖြစ်သည်။

“ကျွန်တော်တို့မီဒီယာသမားတွေအတွက် ဘာကြောင့် ဥပဒေနှစ်ခု သီးခြားစီလိုအပ်မှာလဲ ဆိုတာ စဉ်းစားလို့မရဘူး။ ပုံနှိပ်သူတွေနဲ့ သက်ဆိုင်တာမှတ်ပုံတင်တာတွေဟာ တကယ်တော့ သတင်းမီဒီယာဥပဒေထဲမှာ အခန်းတစ်ခန်းအနေနဲ့ ပါသင့်တယ်”ဟု သတင်းစာဆရာ ဦးရဲနိုင်မိုးက ဆက်လက်ပြောကြားသည်။

“ပြန်ကြားရေးဝန်ကြီးနဲ့ စဆွေးနွေးကတည်းက ဥပဒေတစ်ခုတည်းပဲ ရှိသင့်တယ်။ ပုံနှိပ်သက်သက်၊ မီဒီယာသက်သက် ခွဲထွက်တာကို အရင်ကတည်းက သဘောမတူခဲ့ဘူး။ အခုတောင် သတင်းသမားတွေ ပုဒ်မ-၅၀၀ (အသရေဖျက်မှု)နဲ့ တရားစွဲခံနေရတာ ဘယ်လောက်ရှိနေပြီလဲ။ အခုဒီပုံနှိပ်ထုတ်ဝေသော လုံးဝအတည်ပြုလိုက်ရင် အချိန်မရွေးအမြင်ကတ်ပုဒ်မနဲ့ တရားစွဲခံနေရတော့မယ်။ ဖြစ်နိုင်ရင် ကျွန်တော်တို့က ဥပဒေနှစ်ခုကို ပေါင်းချင်တာပါ”ဟု စာနယ်ဇင်းကောင်စီ ယာယီအတွင်းရေးမှူး ဦးကျော်မင်းဆွေက ပြောသည်။

လွှတ်တော်သို့ ရောက်ရှိပြီး ပြည်သူ့လွှတ်တော်က အတည်ပြုထားသော ပုံနှိပ်ထုတ်ဝေရေးဥပဒေကြမ်းမှာ နိုင်ငံတကာသတင်းထောက်အဖွဲ့များအပါအဝင်ပြည်တွင်းသတင်းထောက်အားလုံးက ယခင်တင်းကျပ်သည့်၁၉၆၂ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများမှတ်ပုံတင်ဥပဒေကိုကျောထောက်နောက်ခံပြုထားသော ဥပဒေဟု ရှုမြင်ကန့်ကွက်ကြသည်။

အများပြည်သူဝန်ဆောင်မှု မီဒီယာဥပဒေကြမ်းမှာလည်းနိုင်ငံပိုင်သတင်းစာနှင့် ရုပ်သံများကို အသက်ဆက်နိုင်စေရန် အသက်သွင်းသည့် ဥပဒေဖြစ်ပြီး အစိုးရဘတ်ဂျက်နှင့် အခြားဝင်ငွေများ ခံစားခွင့်ရှိနေသော အခွင့်ထူးခံဥပဒေအဖြစ် မီဒီယာသမားတို့က ထောက်ပြခဲ့သည်။

အထူးသဖြင့်ပုဂ္ဂလိကနေ့စဉ်ထုတ် သတင်းစာများ ရပ်တည်နိုင်ရန် အပြင်းအထန်ကြိုးစားနေရချိန်တွင် သမ္မတမိန့်ခွန်း၊ သမ္မတခရီးစဉ်များ၊ သမ္မတတွေ့ဆုံမှုများ၊ အရေးကြီးပုဂ္ဂိုလ်တို့၏ တွေ့ဆုံမှုများတွင် အများပြည်သူဝန်ဆောင်မှုအဖြစ် ပြောင်းလဲတော့မည့် နိုင်ငံပိုင်မီဒီယာတို့သာ လက်ဦးမှုရယူသတင်းဖော်ပြနေကြသည်။

အချို့သတင်းရယူမှုတွင်မူ ပုဂ္ဂလိကရုပ်သံမီဒီယာကြီးတစ်ခုက အခွင့်ထူးခံအဖြစ် လိုက်ပါသတင်းရယူနိုင်သည်ကို တွေ့ရသည့်အခါ အခြားသတင်းသမားများ ပြန်ကြားရေးအပေါ် မကျေနပ်မှုများ ပိုများလာသည်။

ပြန်ကြားရေးဝန်ကြီးဌာနမှ အချို့သောပုဂ္ဂိုလ်များသည် လက်ရှိပုဂ္ဂလိကသတင်းမီဒီယာအချို့မှာ သတင်းရေးသားတင်ဆက်မှုတွင် ကျင့်ဝတ်နှင့်မညီသော ရေးသားမှုများ၊ အထူးသဖြင့် ဘာသာရေး၊ လူမျိုးရေးပဋိပက္ခများကိုကြီးထွားစေသော ရေးသားမှုများ ပြုလုပ်နိုင်ကြောင်း အစိုးရအဖွဲ့တွင်း ဝါဒဖြန့်ထားပြီး ယင်းအချက်ကို ထောက်၍ သတင်းသမားများကို အကြွင်းမဲ့လွတ်လပ်ခွင့်မပေးသင့်ကြောင်း အစီရင်ခံစာများ ရှိနေသည်။ ထို့ကြောင့် သတင်းသမားများ ကိုယ့်တာကိုယ် လုံဖို့လိုကြောင်းစာနယ်ဇင်းကောင်စီ(ယာယီ)အတွင်းရေးမှူး ဦးကျော်မင်းဆွေက ပြောကြားသည်။

“စစ်အာဏာရှင်လက်အောက်မှာ နှစ်ပေါင်းများစွာ နေလာခဲ့ရတဲ့ အကျိုးဆက်ဟာ မီဒီယာလောကထဲမှာသာ မဟုတ်ဘူး။ ပညာရေး၊ ကျန်းမာရေး စတဲ့ဝန်ထမ်းတွေအားလုံးမှာ ကျင့်ဝတ်နဲ့ မညီတာတွေ ဖြစ်နေတာပဲ။ လူငယ်သတင်းသမားတွေလည်း ကျင့်ဝတ်တွေ စောင့်ထိန်းသင့်တာ မှန်ပါတယ်။ ဒါပေမဲ့ မြန်မာနိုင်ငံမှာ မလိုလားအပ်တဲ့ ပဋိပက္ခတွေ မဖြစ်အောင်၊ သွေးထွက်သံယိုတွေ မဖြစ်အောင် သတင်းမီဒီယာကို ထိန်းချုပ်မှုရမယ်ဆိုရင်တော့ အဲဒါ ဆန့်ကျင်ဘက်မှားယွင်းနေပြီပဲ။ သတင်းမီဒီယာကို ထိန်းချုပ်တဲ့ နည်းနဲ့ လူအဖွဲ့အစည်းအတွင်းမှာ ပြဿနာမဖြစ်အောင် ထိန်းချုပ်လို့ မရဘူး။ မှန်မှန်ကန်ကန်လွတ်လပ်ဖွံ့ဖြိုးစေတဲ့နည်းလမ်းနဲ့သာ ပြဿနာတွေကို ထိန်းချုပ်ရမှာ။ မီဒီယာကို ထိန်းချုပ်ရင် ပိုပြီးဆိုးမှာပဲ”ဟု ဦးရဲနိုင်မိုးက ပြောကြားသည်။

ဒီမိုကရေစီခေတ်တွင် တစ်ဦးတည်းသဘောဆန္ဒဖြင့် ဘာမှလုပ်၍မရကြောင်း၊ အတည်ပြုလိုက်သော ဥပဒေကြမ်းမှာလည်း လွှတ်တော်ရေးရာကော်မတီ၊ စာနယ်ဇင်းကောင်စီနှင့် အများပြည်သူ အကြံပြုချက်များကို ထည့်သွင်းစဉ်းစားပြီးမှ လွှတ်တော်အဆုံးအဖြတ်ယူ အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲထွဋ်က စွပ်စွဲမှုများနှင့် ပတ်သက်၍ တုံ့ပြန်ပြောကြားသည်။

“ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ မြန်မာ့မီဒီယာပတ်ဝန်းကျင်ကို ဥရောပသမဂ္ဂနိုင်ငံအများစုမှာ ကျင့်သုံးနေတဲ့ လူမှုတာဝန်သိသော မီဒီယာ (Social Responsible Media)အဖြစ် တည်ဆောက်ဖို့ ဆောင်ရွက်နေတယ်။ ဒီမီဒီယာမှာရှိရမယ့် နိုင်ငံတကာစံများနဲ့ မကိုက်ညီတာရှိရင် တိတိကျကျ ထောက်ပြနိုင်ပါတယ်။ ပြင်ဆင်ဖို့အသင့်ပါပဲ။ ဒါပေမဲ့ ခင်ဗျားတို့လုပ်တာ မယုံဘူးဆိုတဲ့ ဝေဖန်မှုမျိုးအတွက်တော့ ကျွန်တော်တို့လည်း မတတ်နိုင်ပါဘူး”ဟု ဦးရဲထွဋ်ကဆိုသည်။

သတင်းမီဒီယာဥပဒေကြမ်းတွင် အချက် ၁၇ ချက်ကိုပြန်လည်ပြင်ဆင်စေခြင်းမှာ နိုင်ငံတကာစံနှုန်းနှင့် မညီသည့် အချက်များဖြစ်ပြီး အများပြည်သူအကျိုးစီးပွား၊ ပြည်သူတို့၏ လုံခြုံရေးကို ထိပါးစေသော အချက်များအတွက် ပြန်ကြားရေးဝန်ကြီးဌာနက လွှတ်တော်ထဲတွင် ကန့်ကွက်သွားဦးမည်သာဖြစ်ကြောင်း ဦးရဲထွဋ်က ပြောကြားသည်။

“နိုင်ငံတော်အဆင့်မဟုတ်တဲ့လုံခြုံရေးမှတ်တမ်းတွေတောင်း ယူကြည့်နိုင်တယ်ဆိုတာက သူများရဲ့ ကိုယ်ရေးကိုယ်တာ ဆေးမှတ်တမ်းတွေ ကျန်းမာရေးမှတ်တမ်းတွေ ဒါတွေကို ယူကြည့်မယ်ဆိုရင် ဘယ်လိုလုပ်မလဲ။ ဒါမျိုးက နိုင်ငံတကာမှာတောင် မရှိပါဘူးဗျာ”ဟု ဦးရဲထွဋ်ကပြောသည်။

မည်သို့ပင်ဖြစ်စေ လက်ရှိအချိန်တွင် သတင်းလွတ်လပ်ခွင့် ညွှန်းကိန်းအဆင့်များစွာတက်လာသော မြန်မာနိုင်ငံတွင် ပုဂ္ဂလိကမီဒီယာများမှာမူ သတင်းရယူခွင့်အတွက် ကန့်သတ်ခံရမှုများ ရှိနေဆဲဖြစ်သည်။

ပြန်ကြားရေးနှင့် မီဒီယာသမားတို့ အငြင်းပွားနေချိန်တွင် သမ္မတကလည်း မီဒီယာဥပဒေများနှင့် ပတ်သက်သည့် သူ့သဘောထားကို ဗြိတိန်သို့ ရောက်ရှိစဉ် တရားဝင်ပြောကြားခဲ့ပြန်သည်။

“လွတ်လပ်မှုနဲ့အတူ တာဝန်ယူမှု၊ တာဝန်သိမှုတွေ ကြွယ်ဝနေမှသာ မီဒီယာလွတ်လပ်ခွင့်ကို အပြည့်အဝပေးမှာဖြစ်ပါတယ်။ ကျွန်တော်တို့ဆီမှာ ထုတ်ပြန်ထားတဲ့ မီဒီယာဥပဒေတွေမှာ နိုင်ငံရဲ့ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနဲ့ ပတ်သက်ပြီး ထိန်းချုပ်ထားတာ ကောင်းပါလိမ့်မယ်”။

လက်ရှိထွက်သမျှမီဒီယာဥပဒေအတိုင်း အငြင်းပွားပြဿနာတက်နေသည့် ကိစ္စအတွက် စာနယ်ဇင်းကောင်စီ (ယာယီ)၏ အတွင်းရေးမှူး ဦးကျော်မင်းဆွေက ဖြေရှင်းရနိုင်သော နည်းလမ်းကို အောက်ပါအတိုင်းပြောသည်။

“လွှတ်တော်အဆင့်ဆင့်မှာ ဥပဒေကြမ်းကော်မတီအပါအဝင် သက်ဆိုင်တဲ့ ကော်မတီတွေရှေ့မှာကောင်စီဘက်ကရောဝန်ကြီးဌာနဘက်ကပါမျက်နှာချင်းဆိုင်တွေ့ပြီး ဘာကြောင့်ပြင်တယ်၊ ဥပဒေက ဘယ်သူ့အတွက်ဆွဲတယ်။ အဓိကရည်မှန်းချက်၊ ရည်ရွယ်ချက်က ဘာဆိုတာ ပွင့်ပွင့်လင်းလင်းဆွေးနွေးလိုက်ရင် ပြီးသွားနိုင်တယ်”။

“တစ်ခုတော့ရှိတယ်။ သက်ဆိုင်ရာ နယ်ပယ်အလိုက် ပါဝင်ပတ်သက်သူအဖွဲ့အစည်း၊ အသင်းအပင်းတွေ၊ လက်တွေ့လုပ်ငန်းဆောင်ရွက်နေသူတွေနဲ့ တိုင်ပင်ညှိနှိုင်းမှုမရှိဘဲ အုပ်ချုပ်သူနေရာကဘဲကြည့်ပြီး လုံခြုံရေးရှုထောင့်သက်သက်၊ ကိုယ်ကျိုးစီးပွား၊ လုပ်ပိုင်ခွင့်ကာကွယ်ဖို့သက်သက် စဉ်းစားပြဋ္ဌာန်းထားတဲ့ ဘယ်ဥပဒေမဆို ပြဿနာတက်နေဦးမှာပဲ”

ပုံနှိပ်ထုတ်ဝေရေးဥပဒေကြမ်းကို မီဒီယာများကန့်ကွက်နေသည့်ကြား၊ စာနယ်ဇင်းကောင်စီ (ယာယီ)၏ ပြင်ဆင်လိုသည့် အချက်များမပါဝင်ဘဲ လွှတ်တော်တွင် တင်ပြလာခြင်းကို မသိရှိခဲ့ပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်ဆန်းစုကြည်တို့က ပြောကြားလာခဲ့ခြင်းကြောင်း ဖြစ်ပါသည်။

“ခေါင်းဆောင်နှစ်ယောက်ဒီလိုပြောတဲ့အပေါ် ကျွန်တော်တော်တော်အံ့ဩတယ်။ ဥပဒေကြမ်းတွေ ဥပဒေတွေနဲ့ပတ်သက်နေတဲ့အတွက် လွှတ်တော်ဥက္ကဋ္ဌ၊ ဒေါ်အောင်ဆန်းစုကြည်မှာပါ စောစောစီးစီး သတင်းအချက်အလက်တွေကို နားစွင့်စုံစမ်းထားသင့်ပါတယ်။ သတင်းမီဒီယာလွတ်လပ်ခွင့်ကို ထိပါးရင် လွှတ်တော်ထဲက ကိုယ်စားလှယ်တွေရဲ့ အခွင့်အရေးတွေသာမက အတိုက်အခံတွေရဲ့ အခွင့်အရေးတွေသာမက ပြည်သူအားလုံးရဲ့ အခွင့်အရေးတွေကို ထိပါးရာရောက်ပါတယ်”ဟု ဦးရဲနိုင်မိုးကပြောကြားသည်။

ဇူလိုင်လကုန်ပိုင်းက ပုံနှိပ်ထုတ်ဝေရေးဥပဒေကြမ်း၊သတင်းမီဒီယာဥပဒေကြမ်းနှစ်ခုလုံးအတွက် သုံးပွင့်ဆိုင်ဆွေးနွေးပွဲများ ပြုလုပ်ခဲ့သော်လည်း ပြေလည်မှုမရှိခဲ့ကြသည့်အတွက် မီဒီယာဥပဒေနှစ်ခု၏ ခရီးရှည်က လွှတ်တော်တွင်းအားပြိုင်မှုများစွာဖြင့် ဆက်လက်ချီတက်ရန်ရှိပါသည်။ နိုင်ငံတကာစံနှုန်းကို အမြဲလက်ကိုင်ထားသုံးစွဲနေသော ပြန်ကြားရေးဝန်ကြီးဌာနမှာ ကမ္ဘာတွင်မရှိသည့်ပြန်ကြားရေးဝန်ကြီးဌာနနှင့် မှတ်ပုံတင်အရာရှိကို ဖန်တီးနေသည့်အတွက် အဆုံးထိ ဆက်လက်တိုက်ပွဲဝင်သွားမည်ဟု စာနယ်ဇင်းကောင်စီ(ယာယီ) မှ ဦးသီဟစောက ယခုကဲ့သို့ ပြောကြားသည်။

“ဝန်ကြီးဌာနတစ်ခုအောက်ကရုန်းလို့မရတဲ့ မီဒီယာဟာ ဘယ်တော့မှ စတုတ္ထမဏ္ဍိုင်ဖြစ်လာမှာ မဟုတ်ဘူး”။

စာ(၄)မှ

# အခြေခံပညာကျောင်းသားကျောင်းသူရှစ်ထောင်အား ကင်းထောက်သင်တန်းပို့ချမည်

ကင်းထောက်လူငယ်အစီအစဉ်ကိုပြန်လည်အသက်သွင်းပြီး တစ်နှစ်အကြာတွင် ကင်းထောက် လူငယ်ဦးရေ တိုးမြှင့်ဖွဲ့စည်းသွားရန် ဆောင်ရွက်နေခြင်းဖြစ်ပြီး နိုင်ငံတကာမှ ကင်းထောက်အဖွဲ့အစည်းများက သင်တန်းများ လာရောက်ပို့ချခြင်း၊ မြန်မာကင်းထောက်လူငယ်များ၊ ပြည်ပကင်းထောက်အဖွဲ့အစည်းများသို့ သွားရောက်လေ့လာခြင်းစသည့် အစီအစဉ်များ ဆောင်ရွက်လျက်ရှိသည်။

ကင်းထောက်သင်တန်းများတွင် ကျောင်းသားလူငယ်များအတွက် ကင်းထောက်လူငယ်များသိထားအပ်သောနောက်ခံသမိုင်း၊ကင်းထောက်လုပ်ငန်းနှင့် အဆင့်အတန်း၊ ကင်းထောက်ကတိနှင့် ကျင့်ဝတ်များ၊ ကင်းစိတ်စနစ်ဖြင့်ကင်းထောက်ပညာ၊ကင်းထောက်ကြိုးချည်နည်း၊အားကစားနှင့် ကာယပညာ၊ မြန်မာ့ယဉ်ကျေးမှု ထုံးဓလေ့၊ တီထွင်လုပ်ကိုင်တတ်မှု၊ ခြေလျင်ခရီးထွက်ခြင်းနှင့် တောစခန်းအခြေချခရီးထွက်ခြင်း၊ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးနှင့် လူ့အခွင့်အရေး၊ ကြက်ခြေနီနှင့် ရှေးဦးသူနာပြုစုနည်း၊ သဘာဝဘေးအန္တရာယ်လျှော့ချရေး၊ သဘာဝတောတောင်ရေမြေ စူးစမ်းလေ့လာခြင်း စသည့်ပညာရပ်များကို သင်ကြားပို့ချပေးကြောင်း သိရသည်။

# Health

7DAY NEWS JOURNAL
Vol.12, No.21 • JULY 31 , 2013

# အစားအစာအတွက် အဆိပ်ငွေ့ ဦးစွာရှူနေရသည့် ကျေးလက်ဘဝများ

**ဝတ်ရည်အောင်**

လယ်ကွင်းအတွင်းရှိ တဲအိမ်လေးက ထွက်လာသည့် မီးခိုးငွေ့များကို ခပ်လှမ်းလှမ်းမှပင် အလွယ်တကူ မြင်တွေ့နိုင်သည်။

ကျေးရွာများ၌ နေထိုင်သူများအဖို့မိုးရာသီတွင် အစားအစာ ချက်ပြုတ်ရန် နေအိမ်ထဲ၌ တစ်ပါတည်းပြုလုပ်ထားသည့် မီးဖိုခန်းတွင်သာ အသုံးပြုကြသည့် အခါ ထိုမီးဖိုမှ ထွက်လာသည့် အငွေ့များဖြင့် အိမ်တစ်အိမ်လုံး မီးခိုးဖုံးနေသည်မှာ ထမင်း၊ ဟင်းချက်ချိန်တိုင်း ဖြစ်နေသည့် အခြေအနေတစ်ခု ဖြစ်သည်။

"ဒီမှာကတော့ အကုန်လုံး ထင်းတို့ နောက်ချေးတို့ပဲ သုံးရတာပဲ။ မိုးတွင်းအတွက်သုံးဖို့ နွေကတည်းက လောင်စာကတော့ စုထားကြတယ်။ မီးခိုးငွေ့ဆိုတာကတော့ ထင်းရေစိုနေရင် ပိုတောင် ထွက်သေးတယ်"ဟု ကျောက်တန်းမြို့နယ်အတွင်းရှိ ကျေးရွာတစ်ရွာမှ မစန္ဒာက သူ နေ့စဉ် ချက်ပြုတ်မှုတွင်ကြုံတွေ့နေရသည့်ပုံကိုပြောပြသည်။

နေအိမ်အတွင်း မီးခိုးငွေ့များဖြင့်ဖုံးလွှမ်းနေသည့်မြင်ကွင်းသည် ထိုတစ်အိမ်တည်းတွင် မဟုတ်။ လျှပ်စစ်မီးမရှိသည့် သူတို့တစ်ရွာလုံး၊ သူတို့မြို့နယ်အတွင်း ရွာပေါင်း (၆၄) ရွာအပြင် မြန်မာနိုင်ငံရှိ ကျေးလက်ဒေသများတွင် နေထိုင်နေကြပြီး လျှပ်စစ်မီးမရှိသော လူအားလုံးကြုံတွေ့နေရသည့်သမားရိုးကျဖြစ်စဉ်တစ်ခုပင်ဖြစ်သည်။

ထိုနေ့စဉ်အခြေအနေသည် ထူးခြားမှုမရှိဟု ထင်မှတ်နိုင်သော်လည်း အမေရိကန်နိုင်ငံ ဝါရှင်တန်ရှိ ကျန်းမာရေးသက်ရောက်မှု အသက်မွေးဝမ်းကျောင်းမှ ပြုလုပ်ထားသည့် သုတေသနအရ မြန်မာနိုင်ငံရှိ အသက်အရွယ်မရွေး အမျိုးသမီးများ သေဆုံးမှုတွင် ထိုနေအိမ်အတွင်း လေထုမသန့်ရှင်းမှုကြောင့် ဒုတိယအများဆုံးသေဆုံးနေကြောင်း ဖော်ပြထားသည်။

တစ်နည်းအားဖြင့်မြန်မာနိုင်ငံမှ အမျိုးသမီးများသည် ရောဂါဖြစ်ပွားစေသည့် အပြုအမူများ ဆောင်ရွက်ခြင်းမရှိဘဲ အိမ်အလုပ်လုပ် ချက်ပြုတ်ရင်းဖြင့် ထိုမှထွက်လာသည့် အဆိပ်ငွေ့များ ရှူရှိုက်မိရာမှ အများဆုံးသေဆုံးနေကြခြင်းဖြစ်သည်။

သေဆုံးမှု နံပါတ်တစ် အကြောင်းအရင်းမှာ လေဖြတ်ခြင်းကြောင့်ဖြစ်ပြီး နှလုံးရောဂါ၊ ဆီးချို ရောဂါနှင့် အခြားဖြစ်ပွားမှုများပြားသည့် ရောဂါများမှ ထိုလေထုမသန့်ရှင်းခြင်းကြောင့် သေဆုံးမှု၏ နောက်နားတွင် ရှိနေသည်။

ထို့အပြင် ထိုအခိုးအငွေ့များနှင့်လည်း ဆက်စပ်ဖြစ်သည့် ပန်းနာရင်ကျပ်ရောဂါဖြင့် သေဆုံးမှုသည်လည်း နံပါတ်ရှစ်နေရာတွင် ရှိနေသည်။ "ပြောရရင် အဲဒီအငွေ့တွေကလည်း အဆိပ်ငွေ့တွေပါပဲ။ နေ့စဉ်ရှူရတာများလာတဲ့အခါ အသက်ရှူလမ်းကြောင်းနဲ့ အဆုတ်ကို ဆိုးဆိုးရွားရွား ဒုက္ခပေးလာနိုင်တယ်"ဟု လုပ်ငန်းခွင်ကျန်းမာရေးမှ ညွှန်ကြားရေးမှူး ဒေါက်တာမြင့်သိန်းက ပြောသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ ခန့်မှန်းချက်အရ လေထုညစ်ညမ်းမှုကြောင့် ကမ္ဘာပေါ်တွင် နှစ်စဉ်လူပေါင်း ၂ ဒသမ ၄ သန်းခန့် သေဆုံးလျက်ရှိပြီး ထိုသူများအနက် ထက်ဝက်သည် အမိုးအကာအတွင်းရှိလေထုညစ်ညမ်းမှုကြောင့်ဖြစ်ကြောင်း ဖော်ပြထားသည်။

မြန်မာနိုင်ငံတွင် လူဦးရေ၆၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး ထိုဒေသများမှာ ယခုအချိန်အထိ

**စာမျက်နှာ(၁၀)သို့**



*ကချင်ဒုက္ခသည်စခန်းတစ်ခုမှ ကလေးငယ်တစ်ဦး ထင်းမီးဖိုဖြင့် ထမင်းချက်နေပုံ*

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

## Mers ဗိုင်းရပ်စ်မှာ Sars ဗိုင်းရပ်စ်နှင့် ပုံစံမတူ

**ရိုးယာ့ဒ်၊ ဇူလိုင်-၂၇**

ရောဂါကူးစက်ခံရသူ ထက်ဝက်ခန့်ကို သေဆုံးစေသော Mers ဗိုင်းရပ်စ်သစ်သည် Sarsဗိုင်း ရပ်စ်ကဲ့သို့ လူအများအပြားသေဆုံးမှုဖြစ်နိုင်ခြေ မရှိကြောင်း ဆော်ဒီအာရေးဗီယားဝန်ကြီးများက ပြောကြားသည်။

လက်ရှိတွင် လူပေါင်း ၉၀ အထိကူးစက်ခဲ့သော Mers ရောဂါဖြစ်ပွားမှုအများစုမှာ ဆော်ဒီအာရေးဗီးယားနိုင်ငံတွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

Mers ဗိုင်းရပ်စ်သည် လူပေါင်း ၇၇၄ ဦးအထိ သေဆုံးမှုဖြစ်ခဲ့သော Sars ဗိုင်းရပ်စ်နှင့် မျိုးနွယ်အုပ်စု အတူတူ ဖြစ်သော်လည်း ဆော်ဒီအာရေးဗီးယား၌ Mars ရောဂါကူးစက်မှုများကို အသေးစိတ် လေ့လာမှုများအရ ယင်းဗိုင်းရပ်စ်နှစ်မျိုးကို နားလည်မှုတွင် ကြီးမားသော ကွာဟမှုများရှိနေသည်ဟု ဗြိတိန်အင်းဆက်ဆေးပညာ ဂျာနယ်က သတိပေး ရေးသားထားသည်။

အရှေ့အလယ်ပိုင်းအသက်ရှူလမ်းကြောင်း ဆိုင်ရာ ရောဂါစု (Mers)သည် ၂၀၁၂ ခုနှစ်အတွင်း စတင်ပေါ်ထွက်ခဲ့ကာ ကမ္ဘာတစ်ဝန်းလူပေါင်း၉၀ အားကူးစက်ခဲ့ပြီး ယင်းတို့အနက် ၄၅ ဦးသေဆုံးခဲ့သည်။

ကမ္ဘာနိုင်ငံအများအပြားကမှ Mers ဗိုင်းရပ်စ်ကို ကမ္ဘာတစ်ဝန်းလူပေါင်းများစွာ အသက်ဆုံးရှုံးခဲ့သော Sars ဗိုင်းရပ်စ်ကဲ့သို့ ပျံ့နှံ့မည်ကို စိုးရိမ်ကြသည်။

ဆော်ဒီအာရေးဗီးယားနိုင်ငံမှ သုတေသီများက ၎င်းတို့နိုင်ငံတွင်ဖြစ်ပွားခဲ့သော Mers ရောဂါကူးစက်မှု၄၇ ခုအကြောင်းအသေးစိတ်အချက်အလက်များကို ထုတ်ပြန်ခဲ့ပြီး သက်ကြီးအမျိုးသား အများစုနှင့် အခြားရောဂါဝေဒနာကူးစက်ခံရသူများ၊ ဆီးချိုရောဂါရှိသူများတွင်အများဆုံးကူးစက် ခံရကြောင်း တွေ့ရှိခဲ့သည်။

—Ref: BBC






7 DAY NEWS JOURNAL
Vol.12, No.21 ▪ JULY 31 , 2013

# ကားကြောင့်လေထုညစ်ညမ်းမှုတိုင်းတာသော စက်ကိရိယာမရှိသေး



*ရန်ကုန်မြို့တွင်း သွားလာနေသည့် မော်တော်ယာဉ်များကိုတွေ့ရစဉ်*

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဇူလိုင်-၂၇**

မြို့အတွင်းကားအစီးရေသိသိသာသာများပြားလာသော်လည်း ထိုကားများကြောင့် ဖြစ်ပေါ်လာနိုင်သည့် လေထုညစ်ညမ်းမှုကို တိုင်းတာနိုင်သော စက်ပစ္စည်းကိရိယာများပြည်တွင်းတွင်မရှိသေးကြောင်း သတင်းရရှိသည်။

အစိုးရသစ်လက်ထက် ကားတင်သွင်းခွင့်ဆိုင်ရာ မူဝါဒများ လျှော့ချလိုက်ခြင်းကြောင့် ရန်ကုန်မြို့တွင် မှတ်ပုံတင်ထားသည့် ကားစီးရေးလေးသိန်းကျော်ရှိလာပြီး တစ်နိုင်ငံလုံးတွင် ကားစီးရေ သုံးသန်းကျော်သွားပြီဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာန၏ထုတ်ပြန်ချက်အရသိရသည်။

“ကားတွေများလာတာမှန်ပေမယ့် ကားတွေကနေထွက်တဲ့ အငွေ့တွေကိုတိုင်းတာနိုင်တဲ့စက်ပစ္စည်းတွေ မရှိသေးတဲ့အတွက် ဘယ်လိုမျိုးသက်ရောက်မှုတွေရှိနေနိုင်လဲဆိုတာ မပြောနိုင်သေးပါဘူး”ဟုလုပ်ငန်းခွင်ကျန်းမာရေး ညွှန်ကြားရေးမှူးဒေါက်တာမြင့်သိန်းကပြောသည်။

ကားစီးရေများပြားလာသော်လည်းတစ်ဖက်တွင်ယခုတင်သွင်းလာသည့်ကားများမှာမော်ဒယ်မြင့်ကားများဖြစ်သည့်အတွက် ယခင်ကားဟောင်းများကဲ့သို့ မီးခိုးထွက်သည့် ပမာဏနည်းပါးမှုကြောင့် လေထုအား ဆိုးရွားစွာထိခိုက်မှုမရှိနိုင်ကြောင်း လုပ်ငန်းခွင်ကျန်းမာရေးအငြိမ်းစားညွှန်ကြားရေးမှူးတစ်ဦးကလည်းပြောသည်။

ပြည်တွင်းတွင် မော်တော်ယာဉ်များ၏ အိတ်ဇောပိုက်များမှ ထွက်ရှိသော ကာဗွန်မိုနောဆိုက်ဓာတ်ငွေ့အားတိုင်းတာသည့်စက်ပစ္စည်းရှိခဲ့သော်လည်း ယခုအချိန်မှာထိုစက်ပစ္စည်းများ ကောင်းစွာ အလုပ်မလုပ်နိုင်တော့သည့်အတွက် တိကျသည့် အချက်အလက်မထုတ်ပေးနိုင်ကြောင်းသိရသည်။

ပြည်တွင်းရှိ ဌာနဆိုင်ရာအဖွဲ့အစည်းအချို့နှင့် နိုင်ငံတကာမှ ပညာရှင်များပူးပေါင်း၍ ရန်ကုန်မြို့၏ လေထုအရည်အသွေးအား လာမည့်လအတွင်း သုတေသနပြုလုပ်ရန် စီစဉ်နေကြောင်း သတင်းရရှိသည်။

ရန်ကုန်မြို့ရှိကားအစီးရေမှာလည်း နှစ်ပိုင်းအတွင်းသိသိသာသာတိုးလာပြီး ယခုအခါအစီးရေလေးသိန်းကျော်ရှိနေပြီဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သုတေသနစာရင်းများအရ ၂၀၁၀ ပြည့်နှစ်က ကမ္ဘာတစ်ဝန်းလုံးတွင် လေထုညစ်ညမ်းမှုကြောင့် သေဆုံးခဲ့သူပေါင်း ၃ဒသမ ၂သန်းရှိခဲ့ကြောင်းသိရသည်။

# ဆယ်ကျော်သက်အရွယ်တွင် ဆေးခြောက်သုံးစွဲလျှင် ဦးနှောက်ရေရှည်ထိခိုက်နိုင်

**ဘော်တီမိုးလ်၊ ဇူလိုင်-၂၆**

ကြီးကောင်ဝင်ချိန်၊ ဆယ်ကျော်သက်အရွယ်တွင်ဆေးခြောက်သုံးစွဲလျှင် ဦးနှောက်စွမ်းဆောင်ရည်များကို ထာဝရအန္တရာယ်ဖြစ်စေသည်ဟု အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။ ကြီးကောင်ဝင်ချိန်၌ဆေးခြောက်သုံးစွဲခြင်းကြောင့် စိတ်ကစဉ့်ကလျားဖြစ်ခြင်း၊ ပြင်းပြင်းထန်ထန်စိတ်ဖောက်ပြန်ခြင်းစသည့် စိတ်ပိုင်းဆိုင်ရာ အန္တရာယ်ဆိုးများလည်း တိုးပွားလာနိုင်သည်ဟု သုတေသနပညာရှင် အက်စ်ဆက်ဖ်ကယ်လာက ပြောကြားသည်။

“လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်ကတည်းက ဆယ်ကျော်သက်တွေ ဆေးခြောက်စွဲသုံးလို့ ဖြစ်လာတဲ့ အကျိုးဆက်တွေကို သက်သေသာဓကတွေနဲ့ဆွေးနွေးခဲ့ပါတယ်။ အသက် ၁၆ နှစ်မပြည့်ခင်ကတည်းက ဆေးခြောက်သုံးတတ်နေတဲ့ကလေးတွေဦးနှောက်အတွေးအခေါ်တွေနဲ့ ထိန်းချုပ်နိုင်မှုတွေ၊ ဦးနှောက်စွမ်းရည်တွေကျဆင်းလာတယ်။ စိတ်ဖောက်ပြန်တာတွေ ပိုဖြစ်လာတယ်ဆိုတာ အရင်သုတေသနတွေနဲ့ အခုသုတေသနတွေကပါ ပြသနေပါတယ်”ဟုအက်စ်ဆက်ဖ်ကယ်လာက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် ကြွက်များကို ဆေးခြောက် များကျွေး၍ ဦးနှောက်စွမ်းရည်စစ်ဆေးခဲ့ကြရာ ကြွက်ကြီးများတွင် ထူးခြားသည့် ပြောင်းလဲမှုမျိုးမရှိသော်လည်း ကြွက်ငယ်များ၏ မှတ်ဉာဏ်မှာ ပုံမှန်နှင့်မတူဘဲ ကစဉ့်ကလျားဖြစ်နေသည်ကို ရှာဖွေတွေ့ရှိခဲ့သည်။ ဦးနှောက်အရှေ့ပိုင်းနှင့် အနောက်ပိုင်းတွင် ဦးနှောက်အရှေ့ပိုင်းသည် ဆေးခြောက်ကြောင့် ပိုမိုထိခိုက်ပျက်စီးလွယ်ပြီး ဦးနှောက်စွမ်းရည်ကို လျော့ကျစေကြောင်းနှင့် စိတ်ဖောက်ပြန်ရခြင်းမှာ ဦးနှောက်အရှေ့ပိုင်း ထိခိုက်မှုများခြင်းကြောင့်ဖြစ်ကြောင်း အမေရိကန်သုတေသန ပညာရှင်များက ပြောကြားသည်။

—Ref: UPI

ဝိဗဝတီ HOSPITAL โรงพยาบาลวิภาวดี
www.vibhavadimyanmar.com

JCI အသိအမှတ်ပြု နိုင်ငံတကာအဆင့်မီ ဝိဗဝတီဆေးရုံကြီး (ထိုင်းနိုင်ငံ ၊ ဘန်ကောက်မြို့)
အရိုးအဆစ်နှင့် ကျောရိုးမကြီးဆိုင်ရာ ခွဲစိတ်ကုသမှုဌာန (Bone & Spine Department ) မှ
နောက်ဆုံးပေါ် အရိုးအတွင်းကြည့် မှန်ပြောင်းမှတဆင့် လေဆာဖြင့် အဏုစိတ်ခွဲစိတ်ကုသမှုကြောင့် နာကျင်မှု နည်းပါးခြင်း ၊ ခွဲစိတ်ချိန် နှင့် အနာကျက်ချိန်မြန်ဆန်ခြင်း စသောအကျိုးကျေးဇူးများဖြင့် . .

- ကျောရိုးမကြီးဆိုင်ရာ အဏုစိတ် ခွဲစိတ်မှုများ
- ခြေထောက်၊ ခြေကျင်းဝတ် ၊ ပခုံး ၊ လက်ဆိုင်ရာ အဏုစိတ် ခွဲစိတ်မှုများ
- အရိုးအဆစ် လဲလှယ်ခြင်း (ဒူးခေါင်း၊ တင်ပဆုံ ရိုး)
- အရိုးကျိုးခြင်းဆိုင်ရာ ပုံမှန် ပြန်ဖြစ်ရန်ခက်ခဲသော ကုသမှုများအတွက် အဏုစိတ်ခွဲစိတ်မှုများ
- ခေတ်မီနည်းပညာသုံး ပြန်လည်ထူထောင်ခြင်းဆိုင်ရာ ကုသမှုများကို အောင်မြင်စွာ ဆောင်ရွက်ပေးလျက်ရှိပါသည်။

မြန်မာပြည် ရုံးချုပ် ။ ။ အမှတ် (၂၁၄- ပထပ်-ညာ) ၊ ဝေဇယန္တာလမ်းမကြီး ၊ သင်္ဃန်းကျွန်းမြို့နယ် ၊ ရန်ကုန်မြို့။ Ph/ Fax: ၀၉-၇၃၁-၃၈၀၅၃ ၊
Hot line: ၀၉-၂၀၁၁-၇၇၂၊ ၀၉-၇၃၁-၆၅၀၄၅ vibhavadimyanmar@gmail.com မြစ်ကြီးနား ကိုယ်စားလှယ် - မနီလာကျော် - Ph: ၀၉-၂၄၀-၂၁၄၃

စာမျက်နှာ (၉) မှ

## အစားအစာအတွက် အဆိပ်ငွေ့ဦးစွာရှူနေရသည့် ကျေးလက်ဘဝများ

ရှေးအဆက်ဆက်က သုံးခဲ့ကြသော ထင်း၊ မီးသွေး၊ တိရစ္ဆာန်အညစ်အကြေးများအား အခြောက်လှမ်းပြုလုပ်ထားသည့် လောင်စာများဖြင့်သာ ချက်ပြုတ်နေရဆဲဖြစ်သည်။

ယခုကဲ့သို့ မိုးရာသီတွင် စိုစွတ်နေသော ထင်းလောင်စာများ အပြည့်အဝ မီးမလောင်သည့်အခါ ကာဗွန်မိုနော့ဆိုက်ဓာတ်ငွေ့များ ထွက်ပေါ်လာပြီး အခန်းတွင်းရှိနေသည့် အောက်ဆီဂျင်နေရာတွင် ထိုဓာတ်ငွေ့က အစားထိုးနေရာယူခြင်းဖြစ်သည်။

ထိုအငွေ့များ ရှူမိသည့်အခါ ကာဗွန်မိုနော့ဆိုဒ်က သွေးအတွင်း ရောက်ရှိသွားပြီး ဟီမိုကလိုဘင်နှင့် ပူးပေါင်းမိသွားခြင်းဖြစ်သည်။ ထိုအခါ ယခင်ကဲ့သို့ အောက်ဆီဂျင်ကို အပြည့်အဝမသယ်နိုင်တော့သည့်အတွက် အောက်ဆီဂျင်ဆုံးရှုံးပြီး ခန္ဓာကိုယ်အတွင်းမှ ဆဲလ်များ၊ တစ်ရှူးများ သေဆုံးပြီးရောဂါများဖြစ်ပွားလာခြင်းဖြစ်ကြောင်း သိရသည်။

“အိမ်အတွင်း အငွေ့တွေကြောင့် အဓိကဖြစ်တာကတော့ အဆုတ်ရောင်တာနဲ့ ချောင်းဆိုးရင်ကျပ်ရောဂါတွေပါ။ အချို့ဆိုမျိုးရိုးလည်းမရှိ။ ဘာကြောင့်မှန်းမသိဘဲ အိမ်တစ်အိမ်မှာ လူနှစ်ယောက်၊သုံးယောက်လောက်ပန်းနာရင်ကျပ်ဖြစ်နေတာမျိုးတွေ တွေ့ဖူးတယ်”ဟု လမ်းမတော်မြို့နယ်အတွင်း ဆေးခန်းဖွင့်လှစ်ထားသည့် အထွေထွေရောဂါကုဆရာဝန်တစ်ဦးက ပြောသည်။

ထို့အပြင် အသက်ရှူကျပ်ခြင်း၊ မောပန်းနွမ်းနယ်ခြင်း၊ ဖျားနာခြင်း၊ ခန္ဓာကိုယ်ကိုက်ခဲခြင်း၊ ချွဲသလိပ်ပါသည့် ချောင်းဆိုးခြင်းအပြင် အစာစားချင်စိတ် လျော့နည်းလာသည့်ပြဿနာများလည်းဖြစ်ပေါ်လေ့ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အိမ်တွင်းမီးခိုးငွေ့များနှင့်ပတ်သက်၍ သတိပေးထားသည်။

“ကျွန်တော့်အဒေါ် အိမ်ကပေါင်မုန့်ဖုတ်လုပ်ငန်းလုပ်တယ်။ ထင်းနဲ့ပဲ လုပ်ရတာပေါ့။ သူတို့အိမ်မှာ ကလေးနှစ်ယောက်ကလွဲပြီး ကျန်တဲ့လေးယောက်လုံး ရင်ကျပ်ရောဂါဖြစ်နေတာ”ဟုတောင်ကြီးမြို့တွင် နေထိုင်သူတစ်ဦးက ပြောသည်။

တောင်ကြီးမြို့ပေါ်တွင်လျှပ်စစ်မီးရရှိသော်လည်းလုပ်ငန်းလုပ်ကိုင်သူများအတွက် ဈေးနှုန်းသက်သာသည့်ထင်းမီးသာ အသုံးပြုကြရပြီး တောင်ပေါ်နှင့် လျှပ်စစ်မီးမရသည့်ရွာဘက်များတွင်လည်း ချက်ပြုတ်ရေးအတွက် ထင်းကိုသာ အသုံးပြုမှုများပြားကြောင်း တောင်ကြီးမြို့နယ်မှ ဦးထွန်းထွန်းဦးက ပြောသည်။

“အဲဒီအငွေ့တွေကြောင့် ရေရှည်မှာ ရောဂါတွေဖြစ်နိုင်မှန်းလည်း သိပ်မသိကြပါဘူး။ သိလည်း မရှိတဲ့သူတွေအတွက်ကတော့ ဒီထင်းနဲ့ပဲ ချက်နေရတာပါပဲ”ဟု ဦးထွန်းထွန်းဦးက ဆက်လက်ပြောသည်။

ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းခွင်ကျန်းမာရေးဦးစီးဌာနမှ နေအိမ်အတွင်း အခိုးအငွေ့များပါဝင်နေမှုနှင့် ပတ်သက်၍ လေ့လာမှုတစ်ခုကို လွန်ခဲ့သည့် ၁၅ နှစ်ခန့်က ပြုလုပ်ခဲ့ဖူးကြောင်း ထိုဌာန၏လက်ရှိညွှန်ကြားရေးမှူးကပြောသည်။

ကြည့်မြင်တိုင်တစ်ဖက်ကမ်းရှိ ရွာအချို့တွင် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး နေအိမ်အတွင်း လေထုညစ်ညမ်းမှုအား တိုင်းတာခြင်းထက် နိုင်ငံတကာတွင်လည်းပြုလုပ်နေသည့် နေအိမ်ပြင်ပလေထုညစ်ညမ်းမှုအား စစ်ဆေးခြင်းကို ထိုအချိန်ကတည်းက ပြောင်းလဲလုပ်ကိုင်ခဲ့ကြောင်းသိရသည်။

“အဲဒီအချိန်တုန်းကလေ့လာမှုကတော့ သိပ်အတိအကျတော့ မဟုတ်ဘူး။ ရွာကလည်း နည်းပြီး ခဏပဲလုပ်ခဲ့တာပါ”ဟု ညွှန်ကြားရေးမှူး ဒေါက်တာမြင့်သိန်းက ပြောသည်။

မြန်မာနိုင်ငံတွင် ငါးနှစ်အောက်ကလေးသေဆုံးမှုအဓိကအကြောင်းရင်းထဲတွင် နေအိမ်အတွင်း အခိုးအငွေ့များကြောင့် လေထုမသန့်ရှင်းပြီး နောက်ဆက်တွဲ အသက်ရှူလမ်းကြောင်းရောဂါများဖြင့် သေဆုံးနေသည့် အတွက် ထိုကလေးများအတွက် လိုက်နာရန် Guideline ချထားသော်လည်း အရွယ်ရောက်ပြီး သူများအတွက် အိမ်တွင်းအခိုးအငွေ့များမှ ကာကွယ်ရန် လိုက်နာရမည့် နည်းလမ်းများတော့ မရှိသေးချေ။

နိုင်ငံတကာ ကျန်းမာရေးပညာရှင်များရေးသားထား သည့် အိမ်တွင်း အခိုးအငွေ့များအန္တရာယ်မှ ရှောင်လွှဲနိုင်သော နည်းလမ်းအချို့တွင်မူ အငွေ့ထွက်သည့် လောင်စာအသုံးပြုပါကလူနေခန်းအတွင်းသို့မဝင်စေရန် တံခါးပေါက်များ ပိတ်ထားရန် ညွှန်ကြားထားသည်။

နေ့စဉ်ကြုံတွေ့နေရသော အခိုးအငွေ့များကြောင့် လတ်တလောရောဂါများအပြင် နာတာရှည်ခံစားရမည့် ရောဂါများနှင့် အသက်ဆုံးရှုံးမှုများအား နေအိမ်အတွင်း မိသားစု၏ အလုပ်များဆောင်ရွက်နေသည့် မြန်မာအိမ်ရှင်မများ သတိထားသင့်ကြောင်း ကျန်းမာရေးဆိုင်ရာ ပညာရှင် အချို့က အသိပေးပြောကြားသည်။

Regional
7 DAY NEWS JOURNAL
Vol.12, No.21 • JULY 31 , 2013

# တရုတ်နိုင်ငံသို့ တင်ပို့မည့် ခွေးကောင်ရေ ၁၇၀ ကျော်နှင့် လိုင်စင်မဲ့ကားများ ဖမ်းမိ

**စိုင်းသာအောင်**

**မန္တလေး၊ ဇူလိုင်-၂၇**

စဉ့်ကိုင်မြို့နယ်၊ ပလိပ်ကျေးရွာ၊ မြောင်းဘောင်ရပ်ကွက်ရှိ နေအိမ်တစ်အိမ်သို့ ဝင်ရောက် စစ်ဆေးရာခြံဝင်းအတွင်းရှိ တစ်ထပ်ခွေးသိုလှောင်ရုံအတွင်းမှ တစ်ဖက်နိုင်ငံသို့တင်ပို့မည့် ခွေး ၁၇၂ ကောင်နှင့်အတူ လိုင်စင်မဲ့ကားများပါတွေ့ရှိခဲ့ကြောင်း သတင်းရရှိသည်။

ပူးပေါင်းအဖွဲ့မှ ခြံဝင်းအတွင်း စစ်ဆေးရှာဖွေရာ လိုင်စင်မဲ့ဆိုင်ကယ်မျိုးစုံ ခုနစ်စီး၊ လိုင်စင်မဲ့ယာဉ်နှစ်စီးတို့ကို ဖမ်းဆီးရမိခဲ့သည်။

လွန်ခဲ့သည့် ၁၅ နှစ်ခန့်မှ စတင်ပြီးအဆိုပါခြံဝင်းကိုဝယ်ယူပြီး ခွေးများအား တရုတ်နိုင်ငံသို့ ပို့ဆောင်ခြင်းလုပ်ငန်း လုပ်ကိုင်ခဲ့ကြောင်း၊ ခွေးများကို သက်ဆိုင်ရာဌာန၊ စည်ပင်သာယာတို့မှ ခွေးလေခွေးလွင့်များ ဖမ်းဆီးပေးရန် ခွင့်ပြုချက်ဖြင့် မန္တလေး၊ စစ်ကိုင်း၊ ကျောက်ဆည်၊ စဉ့်ကိုင်၊ တံတားဦး၊ မြစ်သားနယ်များမှ ဖမ်းဆီးစုဆောင်းခြင်းဖြစ်သည်ဟု သိရသည်။ ပို့ဆောင်သူများထံမှ တစ်ကောင်လျှင်ကျပ် ၂,၀၀၀/ ၂,၅၀၀ နှုန်းများဖြင့် ဝယ်ယူပြီး အကောင်နှစ်ရာခန့် စုဆောင်းရရှိပါက မူဆယ်သို့ကိုယ်ပိုင်လိုက်ထရပ်ယာဉ်ဖြင့် သယ်ဆောင်ကြောင်း၊ မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဂိတ်ရှိ အကောက်ခွန်ဌာန၌တစ်ကောင်လျှင် ကျပ်လေးထောင်နှင့်ညီမျှသော အခွန်ပေးဆောင်ပြီး တစ်ဖက်နိုင်ငံကြယ်ဂေါင်သို့တင်ပို့ရောင်းချကြောင်းသိရသည်။

ရောင်းချရာ၌ ခွေးတစ်ကောင်လျှင် ယွမ်ငါးဆယ်မှ ရှစ်ဆယ် (၇,၀၀၀ မှ ၁၀,၀၀၀ ကျပ်) ရရှိပြီး သယ်ဆောင်ရာတွင် တရားဝင်သယ်ဆောင်ခြင်းဖြစ်ကြောင်း သက်ဆိုင်ရာ ခွေးလေခွေးလွင့်ဖမ်းဆီးပေးရန် ဌာနမှ ထုတ်ပေးထားသော ထောက်ခံစာများပြသ၍ဖြတ်သန်းခဲ့ကြောင်း သိရသည်။

လိုင်စင်မဲ့ဆိုင်ကယ် ခုနစ်စီးလက်ဝယ်ထားရှိသူ ထွန်းလင်းကို နယ်မြေရဲစခန်း(ပလိပ်) တွင် ပို့ကုန်သွင်းကုန်ပုဒ်မ ၈ အရလည်းကောင်း၊ လိုင်စင်မဲ့ယာဉ်လက်ဝယ်တွေ့ရှိရမှုဖြင့် ထွန်းလင်းနှင့် မမိုးနန္ဒာတို့ကို ပို့ကုန်သွင်းကုန်ပုဒ်မ ၈ အရလည်းကောင်းအမှုဖွင့်စစ်ဆေးအရေးယူထားသည်။

သိုလှောင်ထားသော ခွေး ၁၇၂ ကောင်နှင့် ပတ်သက်သည့် ပူးပေါင်းစစ်ဆေးဆောင်ရွက်ချိန်အတွင်း ရောင်းချခြင်း၊ ပို့ဆောင်ခြင်းမပြုရန်သက်သေများရှေ့တွင် ဝန်ခံကတိလက်မှတ်ရေးထိုးထားရှိခဲ့ကြောင်း သိရသည်။

# သဘာဝဓာတ်ငွေ့ပိုက်လိုင်း တစ်လျှောက်ရှိ ကျေးရွာများ နစ်နာဆုံးရှုံးမှုများကို သက်ဆိုင်ရာသို့ တင်ပြတောင်းဆိုမည်

**မောင်ကံ**

**မောင်တော၊ ဇူလိုင်-၂၇**

မြန်မာ-တရုတ်သဘာဝဓာတ်ငွေ့ပိုက်လိုင်းဖြတ်သန်းရာ ကျောက်ဖြူမြို့နယ်၊ ကျေးရွာအသီးသီးမှ တောင်သူများက ၎င်းတို့၏ နစ်နာဆုံးရှုံးမှုများကိုသက်ဆိုင်ရာအစိုးရအဆင့်ဆင့်သို့တင်ပြတောင်းဆိုသွားရန် စီစဉ်နေကြောင်း သတင်းရရှိသည်။

ပိုက်လိုင်းတစ်လျှောက်ရှိ ကျေးရွာပေါင်း နှစ်ဆယ်ကျော်မှ ရွာသူ/ရွာသားများ၏ နစ်နာဆုံးရှုံးမှုများကို တင်ပြတောင်းဆိုနိုင်ရန်အတွက် ဇူလိုင် ၂၂ရက်က ကျောက်ဖြူမြို့နယ်၊ ကြက်တိန်ကျေးရွာတွင် အစည်းအဝေးတစ်ခုကျင်းပပြုလုပ်ခဲ့ကြောင်း ရွှေသဘာဝဓာတ်ငွေ့ စောင့်ကြည့်လေ့လာရေး အဖွဲ့ဝင် တစ်ဦးဖြစ်သူ ကျောက်ဖြူဒေသခံ ကိုထွန်းလွင်ကပြောကြားသည်။

"ပိုက်လိုင်းတစ်လျှောက်မှာ ထိခိုက်ပျက်စီးသွားတဲ့အရာတွေကို ဆောင်ရွက်ပေးဖို့၊ စာသင်ကျောင်း၊ ဆေးပေးခန်းနဲ့ သောက်သုံးရေရရှိရေးကိစ္စတွေကို ဆောင်ရွက်ပေးဖို့၊ ရွာလမ်းတွေမှာ မီးရရှိဖို့စတဲ့ တောင်းဆိုချက်တွေကို ဆွေးနွေးဖြစ်ခဲ့ပါတယ်။ တောင်းဆိုချက်တွေအားလုံးစာစီပြီးပါပြီ။ ဇူလိုင် ၂၉ ရက် တနင်္လာနေ့မှာ တောင်းဆိုစာတွေကို သက်ဆိုင်ရာအစိုးရအသီးသီးနဲ့ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းကုမ္ပဏီတွေကို တင်ပြတောင်းဆိုသွားမှာ ဖြစ်ပါတယ်" ဟု ကိုထွန်းလွင်က ဆက်လက်ပြောကြားသည်။

လက်ရှိ ပိုက်လိုင်းတစ်လျှောက်ရှိ ကျေးရွာများမှာ ပိုက်လိုင်းမြှုပ်ထားသည့် နေရာမှမြေများမိုးရေနှင့်အတူစီးကျလာသည့်အတွက် လယ်ကွင်းများသို့တောင်မြေများဖုံးလွှမ်းသည့်အန္တရာယ်ကို အများဆုံးကြုံတွေ့နေရသည်ဟု ဆိုသည်။

# မိုးသည်းထန်၍ ငါးဖမ်းလှေများ အထွက်နည်းနေ

**မောင်ကံ**

**မောင်တော၊ ဇူလိုင်-၂၇**

ဇူလိုင် ၂၄ရက်မှ စတင်ကာမောင်တော နယ်စပ်ဒေသတွင် မိုးအဆက်မပြတ်သည်းထန်စွာရွာသွန်းနေမှုကြောင့် ငါးဖမ်းလှေများ မြစ်အတွင်းသို့အထွက်နည်းနေ၍ ငါးဈေးကွက်တွင် ငါးရောက်ရှိမှုနည်းပါးနေကြောင်း သတင်းရရှိသည်။



*နတ်မြစ်အတွင်းရှိ ငါးဖမ်းလှေများ*

ဓာတ်ပုံ - မောင်ကံ

မောင်တောနယ်စပ်ဒေသမှ ငါးဖမ်းလှေများမှာ ဘင်္ဂလားပင်လယ်အော်နှင့်နတ်မြစ်အတွင်းသို့ ထွက်ကာ ငါးဖမ်းလေ့ရှိကြသော်လည်း ဘင်္ဂလား ပင်လယ်ပြင်အတွင်း မကြာခဏ ဖြစ်ပေါ်တတ်သည့် မိုးသက်လေပြင်းများကြောင့်ငါးဖမ်းလှေများမှာမိုးတွင်းတွင် ပင်လယ်ပြင်နှင့် နတ်မြစ်အတွင်းသို့ ငါးဖမ်းထွက်မှု နည်းပါးတက်ကြောင်းငါးဖမ်းလှေသမားတစ်ဦးက ပြောသည်။

ပင်လယ်ပြင်နှင့် မြစ်အတွင်းသို့ ငါးဖမ်းလှေများအထွက်နည်းနေသည့်အတွက်မောင်တောနယ်စပ်သားငါးဈေးသို့ ငါးအဝင် မရှိသလောက်နည်းပါးနေပြီး စစ်တွေမှလာသည့် ငါးအချို့ကိုသာ ဝယ်ယူစားသုံးနေရကြောင်း မြို့ခံတစ်ဦးကပြောသည်။

"လပြည့်၊လကွယ်ဒီနေရေထရက်တွေမှာ ငါးအထိအမိကောင်းတဲ့ အချိန်တွေဖြစ်ပေမယ့် မိုးကကြီးပြီး လေပြင်းလည်း တိုက်နေတော့ မြစ်ထဲကို မထွက်ရဲဖြစ်နေကြတာပေါ့။ ဒီရက်ပိုင်းအတွင်းငါးဖမ်းမထွက်ဖြစ်တာ လေးရက်လောက်ရှိပါပြီ"ဟု မောင်နီရွာမှ ငါးဖမ်းပိုက်ချသူတစ်ဦးက ပြောကြားသည်။



7DAY NEWS JOURNAL
Vol.12, No.21 • JULY 31 , 2013

# တတိယမြို့တော်သားတို့အတွက် ကျောတစ်ခင်းစာ

မောင်တာ

“တစ်နေ့တော့. . . ဒို့နှစ်ယောက် စလုံးအတွက်. . . လုံခြုံတဲ့အိမ်လိုချင်တယ်. . . ။ မနက်ဖြန် ဒီအခန်းကနေခဲ့တာ စာချုပ်ပြည့်တော့ မယ်. . . လက်ထဲမှာ ဘယ်မလဲ ငွေ. . . ထပ်ငှားဖို့စဉ်းစားတော့ လဲ. . . စိတ်ညစ်လဲ ဘာထူးမှာလဲ. . ။ အသက်တွေကသာ ကြီးခဲ့တယ်။ ဒို့နှစ်ယောက်အတွက် အိမ်ဘယ်မှာလဲ. . .

ဝါးထရံလေးသာခြားထားသည့် ကပ်လျက်အခန်းက ပျံ့လွင့်လာသော သီချင်းသံဖြစ်သည်။ လက်ရှိနေထိုင်သောအခန်းငယ်လေးကို ထပ်ငှားရန်လက်ထဲတွင် ငွေမရှိသော်လည်း မြက်ခင်းစိမ်းစိမ်းနှင့် လုံးချင်းအိမ်ကလေးပိုင်ဆိုင်ရသည်ဟု အိပ်မက်မက်ခဲ့ကြောင်း ရေးသားထားသည့် သီချင်းစာသား။ တည်ငြိမ်အေးချမ်းသည့် မိသားစုဘဝလေးတည်ဆောက်ရန် လုံခြုံနွေးထွေးသည့် အိမ်ငယ်လေးပိုင်ဆိုင်ခွင့်ရရန် ကြိုးစားရင်းအသက်ကြီးလာပြီး မျှော်လင့်ချက်တွေဝေဝါးကာ ဘဝနိဂုံးချုပ်ရတော့မလားဟု နေအိမ်အတွက်တမ်းတရေးဖွဲ့ထားပြီး အဆိုတော်အငဲက သီဆိုထားသည်။ သီချင်းသံမှာ သူ လက်ရှိခံစားနေရသော အခက်အခဲကို လာကြည့်ပြီး ရေးထားသလို ထပ်တူကျနေသည့်အတွက်ကိုသန်းနိုင်စိုးတစ်ယောက် သီချင်းကို အာရုံစိုက်၍ နားထောင်နေမိသည်။

သူတို့ မိသားစုလေးယောက် ငှားရမ်းနေထိုင်သည့် ဆယ်ပေ ပတ်လည်သီးသန့်အိမ်ခန်းလေးက လာမည့်လပိုင်းအတွင်းပြောင်းပေးရတော့ မည်ဖြစ် သည်။ မန္တလေးမြို့၏ အစွန်အဖျားရပ်ကွက်တွင်ရှိပြီး ဝါးထရံကာထားသည့် အိမ်ခန်းလေးတွင် နေထိုင်ခွင့်ရရန် ကုမ္ပဏီဝန်ထမ်းတစ်ယောက်ဖြစ်သည့် ကိုသန်းနိုင်စိုးအတွက် တစ်လ ကျပ်ငါးသောင်းဆိုသည့် ထိုအိမ်ခန်းငှားရမ်းခက မသုံးမဖြစ်။ သည်အိမ်ခန်းလေးက ၎င်းတို့ မိသားစု၏ အသိုက်အမြုံ။ ကလေးကျောင်းစရိတ်နှင့် မိသားစုစားဝတ်နေရေးအတွက် ကုမ္ပဏီအလုပ်တစ်ခုတည်းနှင့်မလုံလောက်တော့၍ ညပိုင်းအချိန်များတွင် အလွတ်စာသင်ဝိုင်းများ၌ အချိန်ပိုင်းစာပြသည့်အလုပ်ကို လုပ်သည်ဟု ကိုသန်းနိုင်စိုးကပြောသည်။

မန္တလေးမြို့၏ အိမ်၊ ခြံ၊ မြေ ဈေးနှုန်းများနှင့် အိမ်ငှားခဈေးနှုန်းများယခုနှစ်ပိုင်းအတွင်း သိသာစွာမြင့်တက်လာနေကြောင်း မြို့ခံ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းလုပ်ကိုင်သူများကပြောသည်။ ပြီးခဲ့သည့် ဆယ်နှစ်အတွင်း အိမ်ငှားခများအဆပေါင်းဆယ်ချီမြင့်တက်သွားပြီး ယခင်တစ်လငှားရမ်းခကျပ်သောင်းဂဏန်းသာရှိသော မြို့လယ်တိုက်ခန်းများမှာ ယခုတစ်လကျပ်သိန်းဆယ်ဂဏန်းအထိဈေးရှိကြောင်း၊ မြေကွက်ဈေးနှုန်းများမှာလည်း မြင့်တက်ခဲ့ပြီး မန္တလေးမြို့သစ်များတိုး ချဲ့ခဲ့သည့် ၁၉၉၀ ပြည့်နှစ်ဝန်းကျင်က ကျပ်တစ်သိန်းတန်မြေကွက်မှာ ယခုအနည်းဆုံးကျပ်သိန်းတစ်ထောင့်ငါးရာခန့်မှ အမြင့်ဆုံး ကျပ်သိန်းသောင်းဂဏန်းအထိ ဈေးပေါက်နေကြောင်း အိမ်ခြံမြေ အကျိုးဆောင်များကပြောသည်။

အိမ်ခန်းငှားခ အပါအဝင် အိမ်ခြံမြေဈေးများ မြင့်တက်လာခြင်းမှာ အိမ်ခြံမြေ အသုံးချမှုကြောင့် မဟုတ်ဘဲ အိမ်ခြံမြေကိုစီးပွားရေးဈေးကွက်တစ်ခုနေဖြင့်ဝင်ရောက်လုပ်ကိုင်ဈေးကစားခြင်းကြောင့် ဖြစ်ကြောင်း အိမ်ခြံမြေစီးပွားရေးသမားများကပြောသည်။

အလုပ်နှစ်ခုတွဲလုပ်ရ၍ မိသားစုအတွက် အချိန်ပေးနိုင်မှုလျော့သွားသည်။သို့သော် မန္တလေးမှာ မိသားစုလေးယောက်နေထိုင်ရန်အတွက် ရေ၊ မီးအပါအဝင် အိမ်ရှင်၊ အိမ်ငှားဆက်ဆံရေးမှအစ အတန်အသင့်အဆင်ပြေစွာနေထိုင်နိုင်ရန်အတွက် အနည်းဆုံး တစ်လ ငါးသောင်း မသုံးလျှင်မဖြစ်နိုင်ဟု ကိုသန်းနိုင်စိုးက ပြောသည်။

ထိုအိမ်ခန်းလေးကိုဆက်ငှားကာ နေလိုသော်လည်း အိမ်ရှင်ကိုယ်တိုင်က အိမ်ရောင်းမည်ဖြစ်သောကြောင့် နောက်ထပ်အိမ်တစ်လုံးမဖြစ်မနေ ရှာဖွေရတော့မည်ဖြစ်သည်။

“မန္တလေးမှာ ကျောခင်းစရာနေရာအိမ်တစ်လုံးရဖို့တော်တော်ခက်ခဲတယ်။ အိမ်ငှားခဈေးတွေကလည်း ဒီဘက်နှစ်ပိုင်း တော်တော်မြင့်တက်သွားတယ်”ဟု ကိုသန်းနိုင်စိုးက ညည်းညူသည်။ နှစ်စဉ်အိမ်ငှားခဈေးနှုန်းမြင့်တက်နေပြီး အိမ်ငှားခများ ဈေးတိုးတောင်းခြင်းနှင့် အိမ်ရှင်အချို့ အိမ်ရောင်းသွားခြင်းကြောင့် သူအိမ်ထောင်ခွဲနေသည့် လေးနှစ်တာကာလအတွင်း နေရာလေးနေရာ ပြောင်းရွှေ့နေထိုင်ပြီးပြီဟု ကိုသန်းနိုင်စိုးကပြောသည်။

၁၉၉၇ ခုနှစ်ဝန်းကျင်မှစတင်ကာ မန္တလေးအိမ်ခြံမြေဈေးများ စတင်မြင့်တက်မှုရှိခဲ့ပြီး ၂၀၀၈ခုနှစ်နောက်ပိုင်းတွင် ထိန်းမရအောင်ဖြစ်ခဲ့သည်ဟု မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း အမှုဆောင်နှင့် မန်းမြေရာဇာ တိုက်အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းမှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်ဝင်းကပြောသည်။ ထိုသို့ဈေးမြင့်တက်ခြင်းမှာ ၂၀၀၇ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ အိမ်ခြံမြေအရောင်းအဝယ်လုပ်ရာတွင် အခွန်သက်သာခွင့်အနေဖြင့် ရောင်းဝယ်သည့် အိမ်ခြံမြေကာလတန်ဖိုး၏ ၁၅ ရာခိုင်နှုန်းသာအခွန် ကောက်ခံခြင်းနှင့်နိုင်ငံတွင်း အခြားစီးပွားရေးလုပ်ငန်းများကျဆင်းချိန်တွင် အိမ်ခြံမြေဈေးကွက်တွင်းသို့ ငွေကြေးအများအပြားစီးဝင်လာပြီး အိမ်ခြံမြေလုပ်ငန်းကိုစီးပွားရေး လုပ်ငန်းကြီးတစ်ခုအနေဖြင့်ဝင်ရောက်လုပ်ကိုင်ကြခြင်းကြောင့် ဖြစ်ကြောင်း ဦးကျော်ဝင်းကပြောသည်။

“ငွေရှင်၊ လုပ်ငန်းရှင်တွေက တခြားစီးပွားရေးလုပ်ငန်းလုပ်လို့ အဆင်မပြေတော့ အိမ်ခြံမြေဈေးကွက်ထဲဝင်လာပြီး အရောင်းအဝယ်လုပ်ဈေးကစားတယ်။ တခြားကျောက်မျက်သမား၊ ရွှေသမား၊ ကားသမား၊ ပဲ၊နှမ်းကုန်သည်တွေကလည်း ဒီလုပ်ငန်းထဲဝင်လာကြတယ်။ အဲဒီတော့ အိမ်ခြံမြေက တကယ်နေဖို့၊ မနေဖို့ထက် ဈေးကွက်ကြီးတစ်ခု ဖြစ်လာပြီး ဈေးတွေဆက်တိုက်မြင့်တက်လာတယ်” ဟု ဦး ကျော်ဝင်းကပြောသည်။

မြန်မာကျပ်ငွေမှာ ခိုင်မာမှုမရှိဘဲ ပြည်တွင်းတွင် အိမ်ခြံမြေကို အဓိကပိုင်ဆိုင်မှုပစ္စည်းတစ်ခုနှင့် အခိုင်မာဆုံးရင်းနှီးမြှုပ်နှံမှုဟု ယူဆမှုများကလည်း အိမ်ခြံမြေဈေးမြင့်တက်စေသည့်အကြောင်းအရာများထဲမှ တစ်ခုဖြစ်ကြောင်း မန္တလေးမြို့၊ ထွန်းသစ္စာအိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းမှ ဝါရင့်အိမ်ခြံမြေအကျိုးဆောင်ဦးတင်မောင်က ပြောသည်။

၂၀၀၇ခုနှစ်ဩဂုတ် ၁၂ရက်တွင်မြန်မာနိုင်ငံဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှမြန်မာ့အိမ်ခြံမြေဈေးကွက်အပေါ်ကြီးမားစွာ အကျိုးသက်ရောက်မှုရှိစေခဲ့သည့်ကြေညာချက်တစ်ခုကိုအမိန့်ကြော်ငြာစာအမှတ် ၁၃၅/၂၀၀၇ဖြင့်ထုတ်ပြန်ခဲ့သည်။ ယင်းကြေညာချက်မှာ ပုဂ္ဂလိကမှ အိမ်ခြံမြေတိုက်တာအဆောက်အအုံများကို ဝင်ငွေရလမ်းဖော်ပြနိုင်ခြင်းမရှိသော ငွေကြေးများဖြင့် ဝယ်ယူတည်ဆောက်ခြင်းများပြုလုပ်လျှင်ပင် သတ်မှတ်အခွန်ဥပဒေများနှင့်အညီ ရာဖြတ်တန်ဖိုး၏ ၁၅ ရာခိုင်နှုန်းသာကောက်ခံမည်ဖြစ်သည်။

ယင်းကြေညာချက်ကြောင့် ဘိန်းဘုရင်၊ သစ်မှောင်ခိုသမား၊ မူးယစ်ဆေးဝါးရောင်းဝယ်သူ စသည့်တရားမဝင်နည်းလမ်းများဖြင့် ငွေကြေးရှာဖွေထားကြသူများသည်၎င်းတို့ရရှိထားသောငွေမည်းများကို အခွန် ၁၅ရာခိုင်နှုန်းပေးဆောင်ကာ အိမ်ခြံမြေများဝယ်ယူပြီးတရားဝင်ပိုင်ဆိုင်မှုများအဖြစ်ပြောင်းလဲကာ ငွေကြေးခဝါချခဲ့ကြသည်။ယင်းကြေညာချက်သည် မြန်မာ့အိမ်ခြံမြေဈေးထင်မှတ်မထားသည့် ဈေးနှုန်းများအထိ မြင့် တက်စေခြင်း၏ အဓိကအကြောင်းအရာတစ်ခုဖြစ်ကြောင်း စီးပွားရေး ပညာရှင်များက ဆိုသည်။ ယင်းအမိန့်ကြော်ငြာစာကြောင့် အိမ်ခြံမြေဈေးကွက်သည် ငွေကြေးခဝါချသည့် အဓိကနေရာတစ်ခုဖြစ်ခဲ့ပြီး တရားမဝင်ငွေကြေးများ အိမ်ခြံမြေဈေးကွက်သို့ အလုံးအရင်းဖြင့် စီးဝင်လာခဲ့သည်ဟု စီးပွားရေးပညာရှင်များကဝေဖန်ခဲ့သည်။

တရုတ်၊ အိန္ဒိယနယ်စပ်လမ်းကြောင်းများနှင့် ထိစပ်မှုရှိနေပြီး မြန်မာနိုင်ငံတွင် လမ်းပန်းဆက်သွယ်ရေးအရ အဓိကအချက်အချာကျသည့်နေရာတွင်တည်ရှိသည့် မန္တလေးမြို့ အိမ်ခြံမြေဈေးကွက်သည် ငွေကြေးခဝါချမှုများ အတွက် အဓိကဈေးကွက်တစ်ခုဖြစ်ခဲ့ကြောင်း မန္တလေးမြို့ခံများက ပြောသည်။ ထို့အပြင် ဘဏ်အတိုးနှုန်းကွာခြားခြင်း၊ မြန်မာကျပ်ငွေဖောင်းပွခြင်းနှင့် တရုတ်ယွမ်ငွေနှင့် မြန်မာကျပ်ငွေလဲလှယ်နှုန်းကွာခြားခြင်းတို့ကြောင့် အကျိုးအမြတ်ရှိခဲ့သည့် မန္တလေးအိမ်ခြံမြေဈေးကွက်သို့တရုတ်စီးပွားရေးလုပ်ငန်းရှင်များဝင်ရောက်လာမှုကလည်း အိမ်ခြံမြေဈေးမြင့်တက်ခြင်း၏ အကြောင်းအရာတစ်ရပ်ဖြစ်ကြောင်း မြို့ခံများကဆိုသည်။

တရုတ်စီးပွားရေးလုပ်ငန်းရှင်များမှာ မန္တလေးမြို့ အိမ်ခြံမြေဈေးကွက်တွင် များပြားစွာရင်းနှီးမြှုပ်နှံထားကြပြီး မန္တလေးမြို့တွင်းပိုင်း အိမ်ခြံမြေ၏ သုံးဆယ်ရာခိုင်နှုန်းခန့်ကို ပိုင်ဆိုင်ထားသည်ဟု မြို့ခံအိမ်ခြံမြေအကျိုးဆောင်များက ပြောသည်။ လက်ရှိမန္တလေးမြို့တွင်း အိမ်ခြံမြေအရောင်းအဝယ်လုပ်ရာတွင်လည်း တရုတ်လုပ်ငန်းရှင်အများစုက လက်ကြီးလုပ်ကိုင်နေကြောင်း မြို့ခံများက ပြောသည်။


“အများအားဖြင့်တော့တရုတ်လုပ်ငန်းရှင်တွေ အရောင်းအဝယ်လုပ်ရင် မန္တလေးအိမ်ခြံမြေ ဈေးကွက် အရောင်းအဝယ် ကောင်းတာပဲ။ သူတို့ငွေနဲ့ကစားသွားတာပေ့ါ။ တရုတ်နှစ်သစ်ကူးချိန်တွေလို သူတို့အိမ်ပြန်ချိန်ဆိုရင်တော့ မန္တလေး အိမ်ခြံမြေဈေးကွက် အရောင်းအဝယ်အေးတတ်တယ်” ဟု မန္တလေးမြို့မှ ဝါရင့်အိမ်ခြံမြေအကျိုးဆောင်တစ်ဦးကပြောသည်။

အိမ်ခြံမြေပိုင်ဆိုင်မှုအတွက် ဧည့်နိုင်ငံသားမှတ်ပုံတင်ရှိလျှင်ပင် ဂရန်ထုတ်ပေးနိုင်ပြီး တရားဝင်စာချုပ်အမည်ပေါက်ဝယ်ယူခွင့်ရှိကြောင်း မန္တလေးစည်ပင်မှတာဝန်ရှိသူတစ်ဦးကပြောသည်။ လတ်တလောမန္တလေးမြို့တွင်းပိုင်း အိမ်ခြံမြေအရောင်းအဝယ်ပြုလုပ်ခြင်း၊ အမည်ပြောင်းလွှောက်ထားခြင်းများတွင် တရုတ်နှင့်တိုင်းရင်းသားနာမည်များဖြင့် ပြောင်းလဲဝယ်ယူမှုမှာ အများဆုံးပါဝင်နေကြောင်း အထက်ပါမန္တလေးစည်ပင်တာဝန်ရှိသူကဆိုသည်။ မန္တလေးမြို့၏ အကျယ်အဝန်းနှင့် လက်ရှိနေထိုင်သောလူဦးရေအရ မန္တလေးအိမ်ခြံမြေဈေးနှုန်းများ လက်ရှိနှုန်းထားအထိ မြင့်တက်နေခြင်းမှာ အိမ်ခြံမြေအသုံးပြုမှုကြောင့် မဟုတ်ကြောင်း၎င်းက ပြောသည်။

မန္တလေးမြို့၏ လူဦးရေသိပ်သည်းမှုမှာ တစ်ကေလျှင်၁၆ဦးခန့်သာ နေထိုင်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ ပြုစုထားသောစာရင်းများတွင် ဖော်ပြထားသည်။ မန္တလေးမြို့၏ ၂၀၁၁ခုနှစ်လူဦးရေသည် ၁၂၅,၁၆၇ ဦးရှိပြီး မြို့၏ အကျယ်အဝန်းမှာ ၁၂၁ဒသမ၇၈ စတုရန်းမိုင်ရှိသည်။ ကေအားဖြင့် ၇၇၃၉ ကေကျယ်ဝန်းကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ နယ်နိမိတ်အတွင်း မြို့နယ်ခြောက်မြို့နယ်ရှိပြီး လူဦးရေသိပ်သည်းမှုအများဆုံးမြို့နယ်များမှာ အောင်မြေသာစံနှင့် ချမ်းအေးသာစံမြို့နယ်များဖြစ်ပြီး တစ်ကေလျှင် ပျမ်းမျှလူဦးရေ ၄၆ဦးခန့် နေထိုင်ကြောင်း မန်းစည်ပင်သာယာရေးကော်မတီမှပြုစုထားသည့် စာရင်းတွင်ဖော်ပြထားသည်။

လက်ရှိလူဦးရေတိုးနှုန်းအရ လာမည့်နှစ်သုံးဆယ်အတွင်း မန္တလေးမြို့၏လူဦးရေ၁ဒသမ၇သန်းခန့်အထိ ရှိလာနိုင်ကြောင်း၊ မကြာမီကာလအတွင်း မန္တလေးမြို့အနီးပုသိမ်ကြီးမြို့နယ်အား မန္တလေးစည်ပင်နယ်နိမိတ်အတွင်း ထည့်သွင်းရန် စီစဉ်နေကြောင်းမန္တလေးစည်ပင်တာဝန်ရှိသူကပြောသည်။

မန္တလေးအိမ်ခြံမြေသည် သာမန်လုပ်သားပြည်သူများနှင့် တစ်နေ့ထက်တစ်နေ့ပိုမိုဝေးကွာလာနေကြောင်းမြို့ခံများကပြောသည်။ သာမန်ဝန်ထမ်းတစ်ယောက် အတွက် မန္တလေးမြို့တွင် ကိုယ်ပိုင်အိမ်ဖြင့်နေထိုင်နိုင်ရေးအိပ်မက်မက်ရန်မှာ အလွန်ခက်ခဲနေပြီဖြစ်ကြောင်း ကိုသန်းနိုင်စိုးက ပြောသည်။ ထို့ကြောင့်မိသားစုကျောခင်းနိုင်ရန် ငွေနည်းနည်းနှင့် လုံခြုံမည့်တစ်နေရာရှာရပါဦးမည်။ ။



ဓာတ်ပုံ-မောင်တာ

7DAY NEWS JOURNAL
Vol.12, No.21 • JULY 31 , 2013



# ရာသီဥတုပြောင်းလဲမှုကြောင့် မုံရွာမြို့နယ်အတွင်း နှမ်းနှင့် ပဲစင်းငုံစိုက်ခင်းအချို့ပျက်စီး

**မျိုးမင်းဦး**

**မုံရွာ၊ ဇူလိုင်-၂၉**



*မိုးခေါင်သဖြင့် ပျက်စီးဆုံးရှုံးသွားသော ပဲစင်းငုံခင်းတစ်ခုမှ အပင်ငယ်များ*

ဓာတ်ပုံ- ဂျေမောင်မောင် (အမရပူရ)

မုံရွာခရိုင်အတွင်း စိုက်ပျိုးထားသော နှမ်းနှင့်ပဲစင်းငုံစိုက်ခင်းအချို့မိုးခေါင်သဖြင့် ပျက်စီးဆုံးရှုံးခဲ့ရကြောင်းမုံရွာခရိုင်ဒေသခံတောင်သူများက ပြောကြားသည်။

“ပဲစင်းငုံဆိုတဲ့အပင်က ရာသီဥတုဒဏ်ကို ခံနိုင်တယ်ဆိုပေမယ့် ဒီနှစ်မိုးကလည်းနည်း အပူရှိန်ကလည်းမြင့်တော့ သေတဲ့အပင်တွေသေကုန်ပြီ”ဟု မုံရွာမြို့နယ်မှန်ရိုးတောကျေးရွာဒေသခံတောင်သူတစ်ဦးက ပြောသည်။

ယခုနှစ် မိုးရာသီတွင် မိုးရွာသွန်းမှုနည်းပါးခြင်းသာမက အပူရှိန်မြင့်တက်ခြင်းကြောင့် မိုးဦးနှမ်းစိုက်ခင်းများ လုံးဝပျက်စီးခဲ့သည်အထိ ကြုံတွေ့ခဲ့ရသည်ဟု ချင်းတွင်းမြစ်ရေဝင်ဒေသတောင်သူများက ပြောကြားသည်။ ကုန်းမြင့်ပိုင်းဒေသများတွင် အများဆုံးစိုက်ပျိုးသော ပဲစင်းငုံစိုက်ခင်းများပင်လျှင် အပူဒဏ်ကြောင့် အပင်များညိုးခြောက်သေဆုံးခဲ့သည်ဟု ပဲစင်းငုံစိုက်တောင်သူများက ဆိုသည်။

နှစ်စဉ်မိုးရာသီတွင် သစ်ပင်စိုက်ပွဲများ ကျင်းပလေ့ရှိသည့် မုံ ရွာမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာန၌လည်း ယခုနှစ်မိုးရွာသွန်းမှုနည်းပါးသဖြင့် ဗောဓိတစ်ထောင်တောင်တန်းတွင် စိုက်ပျိုးထားသောသစ်ပင်များကိုရေပေးဝေရေးစနစ်များဖြင့်ရေလောင်းစိုက်ပျိုးခဲ့ရသည်။

ရာသီပြောင်းလဲမှုများကြောင့် မိရိုးဖလာကောက်ပဲ သီးနှံစိုက်ခင်းများအထွက်လျော့ခြင်း၊ ပျက်စီးခြင်းများကြုံတွေ့ခဲ့ရသည့်နောက်ပိုင်း နှစ်ရှည်သီးပင်စားပင်များစိုက်ပျိုးခြင်းဖြင့် တောင်သူများပုံမှန်ဝင်ငွေ ရရှိနိုင်မည်ဟု မုံရွာဒေသခံစိုက်ပျိုးရေး ပညာရှင်များက တောင်သူများကို အကြံပြုမှုလည်းရှိခဲ့သည်။

မိုးစပါးနှင့် မိုးသီးနှံစိုက်ပျိုးရေး သတ်မှတ်စိုက်ကွက်ပြည့်မီရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် စိုက်ပျိုးရေးဌာနတာဝန်ရှိသူများ၊ ဆည်မြောင်းဦးစီးဌာနတာဝန်ရှိသူများကဇူလိုင် ၂၆ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဆွေးနွေးခဲ့ကြသည်။ မိုးစပါးစိုက် ပျိုးရေးလုပ်ငန်းများတွင် မုံရွာမြို့နယ်အတွင်း ချင်းတွင်းမြစ်ရေဝင် ဒေသမိုးစပါးပျိုးထောင်သူ သုံးပုံနှစ်ပုံခန့် လျော့နည်းခဲ့သည်။ ချင်းတွင်းမြစ်ရေမြင့်တက်မည်ဆိုပါက ရေထွန်ကြဲစနစ်ဖြင့် မိုးစပါးစိုက်ပျိုးမည့်သူများလည်းရှိသည်ဟုဆိုသည်။ မိုးစပါးသီးနှံရရှိရေးအတွက် မြေအောက်ရေဖြင့် ရေသွင်းစိုက်ပျိုးရန် ကြိုးပမ်းနေသော တောင်သူများပင်ရှိခဲ့သည်။

သို့သော် ရေသွင်းစိုက်ပျိုးသော စနစ်သည် စက်သုံးဆီကုန်ကျစရိတ်၊ သွင်းအားစုကုန်ကျစရိတ်၊ လယ်ယာလုပ်သားကုန်ကျစရိတ်များကြောင့် မိုးစပါးရေသွင်းစိုက်ပျိုးသူများအရှုံးဖြင့် ရင်ဆိုင်ရဖွယ်ရှိသည်ဟု မိုးစပါးစိုက်တောင်သူများက ပြောကြားသည်။ ချင်းတွင်းမြစ်ရေဖြင့် စိုက်ပျိုးရေမရှိခဲ့ပါက မိုးစပါးအစား၊ အစေ့ထုတ်ပြောင်း၊ ပဲတီစိမ်း၊ နှမ်းနှင့် နေကြာများစိုက်ပျိုးရန် စီစဉ်လျက်ရှိကြောင်း သိရှိရသည်။

အလားတူ ဘုတလင်မြို့နယ်အတွင်း ရေပေးဝေလုပ်ငန်းများဆောင်ရွက်နေသည့် ကင်းတပ်ဆည်ရေ ပေးဝေရေမြောင်း၏ မြောင်းဖျားပိုင်းတွင် သက်နုစပါးမျိုးများ တိုက်ရိုက်အစေ့ချစနစ်ဖြင့် စတင်စိုက်ပျိုးခဲ့သည်။ စိုက်ပျိုးရေသေချာသည့် မြောင်းရင်းပိုင်းတွင် မိုးစပါးစိုက်ပျိုးရန် ပျိုးထောင်မှုပိုများခဲ့သည်ဟု ဒေသခံများကဆိုသည်။ စိုက်ပျိုးရေမသေချာသည့် မြောက်ဖျားပိုင်းတွင် သက်နုမိုးစပါးအပြင် ပဲတီစိမ်း၊ ပြောင်း၊ နှမ်း၊ နေကြာများ အစားထိုးစိုက်ပျိုးရန် စီစဉ်သူများလည်းရှိသည်။

ချောင်းဦးမြို့နယ် အတွင်း အမြင့်စံပြကျေးရွာ မြစ်ရေတင်စီမံကိန်းမှ မြစ်ရေဖြင့် မိုးစပါး စိုက်ပျိုးမှုများစတင်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ ကုန်းမြင့်ပိုင်းဒေသများတွင် သဘာဝမိုးရေဖြင့် ဩဂုတ်မြေပဲစိုက်ခင်းများ ကြိုတင်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။ နှမ်းစိုက်ခင်းအများစုပျက်စီးခဲ့ပြီး ပဲစင်းငုံစိုက်ခင်းအချို့ပျက်စီးခဲ့၍ မိုးရွာသွန်းပါက ပဲနှင့် အခြားသီးနှံများစိုက်ပျိုးရန် စီစဉ်လျက်ရှိသော်လည်း ပဲစင်းငုံစိုက်ခင်းများပြန်လည်စိုက်ပျိုးနိုင်ခြင်းမရှိတော့ကြောင်း ချောင်းဦးမြို့ ဒေသခံများကဆိုသည်။ မိုးလယ်နှင့် မိုးနှောင်းကာလများတွင် စိုက်ပျိုးရေလုံ လောက်စွာရရှိရန် ချင်းတွင်းမြစ်ရေနှင့် သဘာဝမိုးရေကို တောင်သူအားလုံးက မျှော်လင့်လျက်ရှိ သည်။

အရာတော်မြို့နယ်အတွင်း တောင်ကုန်းများတွင် ပဲစင်းငုံစိုက်ခင်းအချို့ပျက်စီးဆုံးရှုံးခဲ့ သည်။ မိုးနှောင်းကာလတွင် မိုးရွာသွန်းမှုနည်းပါးခဲ့ပါက အရာတော်မြို့နယ်ကုန်းမြင့်ပိုင်းတွင် စိုက်ပျိုးရေးလုပ်ငန်းအချို့ ရပ်နားရဖွယ်ရှိသည်ဟု အရာတော်မြို့နယ်ဒေသခံတောင်သူများက ပြောသည်။

ကနီမြို့နယ်အတွင်းမိုးရာသီစိုက်ပျိုးရေးလုပ်ငန်းများတွင် မဟာစင်မှန်တိုင်းနှင့်အတူ ရွာသွန်းသော မိုးဖြင့် စိုက်ပျိုးခဲ့သော်လည်း နောက်ပိုင်း၌ မိုးရွာသွန်းခြင်း မရှိသောကြောင့် တောင်သူများ အခက်ကြုံတွေ့ခဲ့ရကြောင်း သိရှိရသည်။

ရာသီဥတုပြောင်းလဲခြင်းကြောင့် မိုးရာသီစိုက်ပျိုးသီးနှံများအထွက်လျော့ခြင်း၊ ပျက်စီးခြင်းများကို အခြေခံ၍ လယ်ယာလုပ်သားများ၊ စက်ရုံအလုပ်ရုံလုပ်သားများ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍများပါ အကျိုးသက်ရောက်မှုများရှိလာနိုင်သဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ချရေးအတွက် လယ်ယာကဏ္ဍသည် အရေးပါသည်ဟု စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ အဖွဲ့ဝန်ကြီးချုပ်က စိုက်ပျိုးရေး ဝန်ထမ်းများနှင့်ဆည်မြောင်းဝန်ထမ်းများအား ဇူလိုင် ၂၆ ရက်တွင် ပြောကြားသည်။

BASIC COMPUTER NETWORKING



ကွန်ပျူတာမှ

မျိုးသူရ

ကွန်ပျူတာမှ ကွန်ယက်ဆီသို့

BASIC COMPUTER NETWORKING

သိထားသင့်သော Network တို့၏ အခြေခံသဘောတရားများ၊ Wire Network, Wireless Network တစ်ခုကိုကိုယ်တိုင်ချိတ်ဆက် တည်ဆောက်ခြင်းနှင့် Troubleshooting များ၊ Network တစ်ခုကို ကိုယ်တိုင်စီမံခန့်ခွဲနိုင်စေရန် သိထားသင့်သည့် User account ဆောက်ခြင်း၊ Group ဖွဲ့ခြင်းများ၊ File များ၊ Folder များ၊ Printer များကို Share ပေးခြင်း၊ အင်တာနက် ဆက်ကြောင်းတစ်ခုတည်းကို ကွန်ပျူတာများစွာတို့မှ မျှဝေသုံးစွဲနိုင်အောင် လုပ်နည်းအဆင့်ဆင့် ADSL ဖြင့် အင်တာနက်ချိတ်ဆက်အသုံးပြုပုံနှင့် Troubleshooting များ

Android Application လက်တွေ့အသုံးပြုနည်းပညာ



Smart Phone စတင်အသုံးပြုသူများအတွက်

ဉာဏ်ကြွယ်

Android Application

လက်တွေ့အသုံးပြုနည်းပညာ

ဖုန်းပျောက်ခဲ့ရင် ပြန်ရှာတဲ့ software အကြောင်း။ လက်ဗွေစနစ်နဲ့ lock လုပ်မယ်။ Mp3 သီချင်းတွေကို Ringtone ပြောင်းနည်း။ ကိုယ်ပိုင်ဂီတသံစဉ် ဖန်တီးကြမယ်။ Format ပြောင်းလို့ရတဲ့ Player တွေထည့်သွင်းနည်း။ မြန်မာလို ရေးလို့ဖတ်လို့ရအောင်လုပ်မယ်။ Diary Plan နေ့စဉ်လုပ်ငန်း မှတ်တမ်းလုပ်ခြင်း။ သတင်းဌာနများမှ Breakingnews ပေးပို့ခြင်း၊ ရေဒီယိုသတင်း နေ့စဉ်နားထောင်ခြင်း အဘိဓါန်နှင့် ဘာသာပြန်ဆိုခြင်း software။ ဖုန်း camera ဖြင့် ရိုက်ကူးတည်းဖြတ်ပြီး ဓါတ်ပုံအလှပြုပြင်ကြမယ်။

facebook အသုံးပြုနည်း



facebook မှာ မြန်မာလိုရေးနိုင်ဘို့ ZawGyiFont ရယူနည်း၊ account တစ်ခု registar လုပ်ပုံနှင့် Profile ရေးသားပုံ၊ Account Setting မှာနာမည်နှင့် Password ပြောင်းနည်း၊ Friend ရှာဖွေဖိတ်ခေါ်နည်း၊ Notes ရေးတင်ခြင်း၊ Comment ရေးခြင်း၊ Like လုပ်ခြင်း၊ Share ပေးခြင်း၊

facebook အသုံးပြုနည်း

Text massage ပေးပို့ခြင်းနှင့် Chat အသုံးပြုခြင်း၊ facebook မသုံးသူများထံ e-mail massage ပေးပို့ခြင်း၊ Privacy Setting တွင်မိမိ၏ Profile wall တွင် မလိုလားသူများလာရောက် post ရေးသားခြင်း မပြုနိုင်ရန်ကာကွယ်နည်း၊ လက်ရှိ Friend ထဲက တစ်ဦးဦးကို block လုပ်ထားနည်း၊ Profile picture ပြောင်းခြင်း၊ togging လုပ်ခြင်းနှင့် Odit လုပ်နည်း၊ group အုပ်စုဖွဲ့ခြင်းနှင့် Group Chat ပြောပုံများ၊ တစ်ခြားသူ၏ page များအားရှာဖွေခြင်းနှင့် post များမိမိထံရောက်အောင် Subscribe လုပ်ခြင်း၊ facebook page ကို Website တစ်ခုကဲ့သို့ဖန်တီးနည်း၊ Mobile phone ဖြင့် facebook အသုံးပြုနည်း။

မျက်ပွင့်စာပေ — ဖုန်း–၀၉–၇၃၀၀ ၂၉၆၅၊ ၀၉ ၇၃၀၀ ၅၈၈၂ E-mail : myatpwint.books@gmail.com ထွက်ပြီ

7 DAY NEWS JOURNAL
Vol.12, No.21 • JULY 31 , 2013

# မီးရှို့ခံကျေးရွာများမှ အစိုးရစာသင်ကျောင်းများ အသစ်ပြန်လည်တည်ဆောက်

**မောင်ကံ**

**မောင်တော၊ ဇူလိုင်- ၂၉**

၂၀၁၂ ခုနှစ်အတွင်းက ပဋိပက္ခများကြောင့် မီးရှို့ခံခဲ့ရသည့် ကျေးရွာများမှ အစိုးရစာသင်ကျောင်းများကိုပြန်လည်တည်ဆောက်နေပြီဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါစာသင်ကျောင်းများမှာ မူလတန်းကျောင်းများဖြစ်ပြီး ကျောင်းတစ်ကျောင်း၏ အတိုင်းအတာမှာ ပေ ၆၀၊ ပေ ၃၀ ရှိကြောင်း သိရသည်။ မီးရှို့ခံကျေးရွာနှစ်ရွာဖြစ်သည့် ဗောဓိကုန်းနှင့် ကန်သာယာအလယ်ကျေးရွာမှ မူလတန်းကျောင်းများကို ကိန်းသာဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူတည်ဆောက်နေခြင်းဖြစ်ပြီး ကင်းချောင်းကျေးရွာနှင့် မောရဝတီကျေးရွာမှ မူလတန်းကျောင်းများကို မြို့နယ်ပုဂ္ဂလိကဆောက်လုပ်ရေးကုမ္ပဏီတစ်ခုက တာဝန်ယူတည်ဆောက်နေသည်။



*ဗောဓိကုန်းကျေးရွာတွင် တည်ဆောက်နေသော မူလတန်းကျောင်း* ဓာတ်ပုံ- မောင်ကံ

ကျောင်းတည်ဆောက်ရေးလုပ်ငန်းများ စတင်နေပြီဖြစ်သော်လည်း ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းနေသည့်အတွက် လုပ်ငန်းတွင်ကျယ်မှုမရှိဖြစ်နေသည်ဟုကိန်းသာဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ကျောင်းတည်ဆောက်ခြင်းအတွက် ငါးနှစ်အာမခံပေးရပါတယ်။ သဘာဝဘေးအန္တရာယ်၊ မုန်တိုင်းနဲ့ ဆေးကလွဲရင် ငါးနှစ်အတွင်းမှာ တစ်ခုခုဖြစ်လို့ရှိရင် ကုမ္ပဏီက ပြန်ပြီးပြုပြင်ပေးရမှာဖြစ်ပါတယ်" ဟု ဆက်လက်ပြောပြသည်။

လက်ရှိ ဗောဓိကုန်းကျေးရွာတွင် ကျောင်းသား/သူများ ပညာသင်ကြားနိုင်ရန်အတွက် ယာယီစာသင်ကျောင်းတစ်ခုကို ဆောက်လုပ်ပေးထားသော်လည်း လယ်ကွင်းထဲတွင်ဖြစ်သည့်အတွက် ရေများပြည့်လျှံကာ စာသင်မရဖြစ်နေကြောင်း ကျောင်းဆရာတစ်ဦးက ပြောကြားသည်။ ယင်းသို့ ယာယီစာသင်ကျောင်းတွင် ပညာသင်ရန် အခက်အခဲကြုံနေသည့်အတွက် ကျောင်းသား/သူများကို ဘုန်းတော်ကြီးကျောင်းဆောင်အောက်နှင့် ဆွမ်းချက်ဆောင်များတွင် သင်ကြားပေးနေသည်။

# ထားဝယ်တွင် သီတဂူအခမဲ့ဆေးခန်းဖွင့်လှစ်မည်

**စိုးမိုးအောင်**

**ထားဝယ်၊ ဇူလိုင်- ၂၉**

ထားဝယ်ဒေသရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုအပြည့်အဝပေးနိုင်သော အခမဲ့ဆေးခန်းဖွင့်လှစ်နိုင်ရန် စီစဉ်နေကြောင်း သီတဂူအာရောဂျဒါနဆေးရုံတော်ကြီးမှ သတင်းရရှိသည်။

ထားဝယ်မြို့၊ ဘုမ္မော်ရပ်၊ ကျန်းမာရေးလမ်းရှိ သီတဂူအာရောဂျဒါနဆေးရုံတော်ကြီးတွင် ပြင်ပလူနာများအား အခမဲ့ ကုသပေးမည့် ဆေးခန်းဖွင့်လှစ်နိုင်ရန် ညှိနှိုင်းဆွေးနွေးပွဲကို ဇူလိုင် ၂၈ ရက်က ပြုလုပ်ခဲ့သည်။ အဆိုပါ


*သီတဂူအာရောဂျဒါန ဆေးရုံတော်ကြီးကို တွေ့ရစဉ်။* ဓာတ်ပုံ- စိုးမိုးအောင်

ဆွေးနွေးပွဲကို သီတဂူအာရောဂျဒါနဆေးရုံတော်ကြီး အထောက်အကူအဖွဲ့ ဥက္ကဋ္ဌဦးသန်းဖေ၊ ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်မြင့်ခိုင်၊ လူမှုရေးအဖွဲ့အစည်းများ၊ ဆေးပဒေသာအလှူရှင်များနှင့် ဒေသခံပြည်သူ ၁၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

"စနေ၊ တနင်္ဂနွေနေ့တွေမှာ ဝန်ထမ်းဆရာဝန်တွေနဲ့ သူနာပြုတွေလာပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးသွားမယ်။ ကျန်တဲ့နေ့တွေမှာ ပြင်ပကဆရာဝန်တွေနဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးသွားမယ်"ဟု ဒေါက်တာမြင့်မြင့်ခိုင်က ပြောသည်။

လူမျိုးဘာသာမရွေး၊ ဆင်းရဲချမ်းသာမရွေးပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ထားဝယ်မြို့ဆေးပဒေသာပင်အလှူရှင်အဖွဲ့မှ တစ်လလျှင် ကျပ်သိန်း ၁၀၀ လစဉ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့အဖွဲ့ထဲမှာ တစ်လ ၁၀ သိန်းစီ လှူဒါန်းဖို့စီစဉ်ထားတယ်။ သိန်း ၁၀၀ ထက်ကျော်သွားချင်လည်း ကျော်သွားလိမ့်မယ်"ဟု ဦးဇော်လင်းကပြောကြားသည်။

သီတဂူအာရောဂျဒါနဆေးရုံတော်ကြီးကို ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလက စတင်ဖွင့်လှစ်ကာ မျက်စိရောဂါများ၊ နှာခေါင်းနှင့် လည်ချောင်းရောဂါများကို အခမဲ့ကုသပေးလျက်ရှိသည်။

# တရုတ်နိုင်ငံရဲတပ်ဖွဲ့ အကူအညီဖြင့် မန္တလေးမြို့ စည်ကားရာနေရာများတွင် လုံခြုံရေးကင်မရာများတပ်မည်

**ညီညီဇော်**

**မန္တလေး၊ ဇူလိုင်- ၂၉**

မန္တလေးမြို့ လူစည်ကားရာနေရာများတွင် တရုတ်နိုင်ငံရဲတပ်ဖွဲ့၏ ပံ့ပိုးမှုဖြင့် စီစီတီဗီလုံခြုံရေးကင်မရာများတပ်ဆင်ရန် အစီအစဉ်ရှိကြောင်း သတင်းရရှိသည်။

"ယာဉ်တိုက်မှုနဲ့ ရာဇဝတ်မှုတွေ ထိန်းသိမ်းနိုင်ဖို့ စီစီတီဗီတွေ တပ်ဖို့ရှိပါတယ်။ ဘယ်တော့တပ်မယ်ဆိုတာတော့ မပြောနိုင်သေးပါဘူး"ဟု မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယင်းအစီအစဉ်အတွက် Control Center အဆောက်အအုံကို တိုင်းရဲတပ်ဖွဲ့မှူးရုံးတွင် တည်ဆောက်ပြီးဖြစ်သည်ဟုဆိုသည်။ မန္တလေးမြို့တွင် စီစီတီဗီတပ်ဆင်ပေးသည့်ဝန်ဆောင်မှုလုပ်ငန်းတစ်ခုမှ တာဝန်ရှိသူ တစ်ဦးက "စီစီတီဗီကင်မရာ ခုနောက်ပိုင်းမှာ တော်တော်များများတပ်လာကြတယ်။ စတိုးဆိုင်တွေ၊ အလှပြုပြင်ရေးမြှုတ်ဆလွန်းတွေ၊ နောက်ပြီး ဆောက်လုပ်ရေးလုပ်ငန်းခွင်တွေမှာပါ တပ်လာကြတယ်"ဟု ပြောသည်။

ယခုလက်ရှိ မန္တလေးမြို့ မီးပွိုင့်များတွင် ယာဉ်စည်းကမ်းလမ်းစည်းကမ်းမလိုက်နာမှုများအား မှတ်တမ်းတင်နိုင်ရန် စီစီတီဗီလုံခြုံရေးကင်မရာများတပ်ဆင်ထားပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီးယာဉ်ထိန်းဒုတပ်ဖွဲ့ခွဲမှူးရုံးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

CHECK
ယနေ့မော်ဒယ်မြင့် ကားများအတွက်
ကွန်ပျူတာထိန်းချုပ်စနစ် OBD II သင်တန်း
(Modern Automotive Technology, Software များနှင့် OBD II စက်များအသုံးပြုပုံ)
လုပ်ငန်းခွင်လက်တွေ့ Practical Center တစ်ခုကိုတိုးချဲ့ဖွင့်လှစ်ထားပါသည်။
အမှတ်စဉ် (၂၄) (၂၅) (၂၆) ပုံမှန်တန်းခွဲသစ်များကို ဩဂုတ်လ ၂ ရက်နေ့တွင် စတင်ဖွင့်လှစ်ပါမည်
➤ အကြိုမိတ်ဆက် (အခမဲ့) သင်တန်းကို အပတ်စဉ် စနေနေ့တိုင်း ဖွင့်လှစ်ပါသည်။
မော်ဒယ်မြင့်ကားများကို ပြစ်ချက်ရှာဖွေစစ်ဆေးသော OBDII , OBDI စက်အမျိုးမျိုးရရှိနိုင်ပါပြီ။
Engine Doctor Engineering
No, 102, GFloor, 52nd st, Middle, Yangon, Tel : 09 4211 444 95, 96, 97



# Education

7 Day News Journal

Vol.12, No.21 • JULY 31 , 2013



ပန်ဆောင်မြို့နယ်ခွဲ အထက်တန်းကျောင်းမှ ကျောင်းသား/ကျောင်းသူလေးများကို တွေ့ရစဉ်

## နာဂဒေသကျောင်းများအတွက် ဆရာများစွာလိုအပ်နေ

**နန်းအောင်**

**ရန်ကုန်၊ဇူလိုင်-၂၇**

နာဂဒေသ လဟယ်၊ လေရှီး၊ နန်းယွန်းမြို့ကြီးသုံးမြို့အပါအဝင် မြို့နယ်ခွဲ ငါးမြို့နယ်တွင် ပညာရေးဝန်ထမ်း အင်အား ၃၀၀ ကျော်လိုအပ်နေကြောင်း နာဂဒေသဦးစီးအဖွဲ့စာရင်းများအရ သိရသည်။

လက်ရှိဒေသဦးစီးအဖွဲ့စာရင်းများအရ နာဂဒေသမြို့နယ်များတွင် စာသင်ကျောင်း ၂၅၀ ကျော်ရှိပြီး ယင်းစာသင်ကျောင်းများတွင် တာဝန်ထမ်းဆောင်ရန် ပညာရေးဝန်ထမ်းများစွာ လိုအပ်မှုရှိနေသေးသည်ဟုဆိုသည်။

စစ်ကိုင်းတိုင်းဒေသကြီးတိုင်းပညာရေးဝန်ကြီးဌာနက နာဂဒေသမြို့နယ်များအတွက် ပညာရေးဝန်ထမ်းပေါင်း ၈၆၀ဦးကျော်ခွဲဝေချထားပေးသော်လည်း လက်ရှိတွင် ဝန်ထမ်းအင်အား ၅၆၀ ကျော်သာခန့်ထားနိုင်ကြောင်း သတင်းရရှိသည်။

လက်ရှိတွင် လိုအပ်မှုရှိနေသည့်စာရင်းများအရ မူလတန်းပြဆရာလိုအပ်ချက်အများဆုံးဖြစ်ပြီး ၁၇၅ ဦးလိုအပ်လျက်ရှိသည်။ မူလတန်းကျောင်းအုပ် ၇၂ ဦး၊ အလယ်တန်းပြဆရာ ၁၇ ဦး၊ အထက်တန်းပြဆရာ၄၁ဦး၊အလယ်တန်းကျောင်းအုပ်နှစ်ဦး စုစုပေါင်း ၃၀၇ ဦးလိုအပ်မှုရှိနေကြောင်းသိရသည်။

"ဆရာမကျောင်းမှာကျောင်းသားပေါင်း ခြောက်ဆယ်ကျော်တယ်။ ကလေးတွေကများတယ်။ ဆရာက နှစ်ယောက်ထဲဆိုတော့ အရမ်းပင်ပန်းတယ်။ တချို့ရွာဆိုရင် ပိုဆိုးတယ်။ ကျောင်းသားကတစ်ရာလောက်ရှိပြီးတော့ ဆရာတစ်ယောက်ထဲရှိတယ်"ဟု နန်းယွန်းမြို့နယ်တောင်ပေါ်ကျေးရွာမှ မူလတန်းဆရာမ ဒေါ်နွေးနွေးကပြောသည်။

နာဂဒေသတောင်ပေါ်ကျေးရွာများရှိ မူလတန်းကျောင်းများတွင်ဆရာ၊ဆရာမများလုံလောက်မှုမရှိသည့်အတွက် ကလေးများတွင် အခြေခံနိမ့်ကျမှုများရှိလာသည်ဟုဆိုသည်။

"အခုနောက်ပိုင်းဆိုရင် နယ်ကနေ ရောက်လာတဲ့ကလေးတွေ အခြေခံအရမ်းအားနည်းတယ်။ နယ်ကနေမြို့ပေါ်ကျောင်းရောက်လာတဲ့ ကလေးတွေကို ဆရာမတို့က အခြေခံအပေါင်း၊အနုတ်ကစပြန်သင်ပေးနေရတယ်"ဟု နန်းယွန်းမြို့မှ ဒေသခံမူလတန်းပြဆရာမတစ်ဦးကပြောသည်။

နာဂဒေသတွင် လက်ရှိ ဖွင့်လှစ်သင်ကြားပေးနေသော အထက်တန်းကျောင်း ရှစ်ကျောင်းရှိပြီး အထက်တန်းကျောင်းတစ်ကျောင်းလျှင် အထက်တန်းပြဆရာငါးယောက်သာ သင်ကြားပေးနေရသည်။

"အမှန်ကတော့ အထက်တန်းကျောင်းတစ်ကျောင်းမှာ ဆိုရင် အထက်တန်းပြဆရာ ၁၀ ဦး ရှိရမှာ။ လက်ရှိကတော့ အထက်တန်းပြဆရာ ငါးယောက်နဲ့ပဲ သင်ပေးနေတယ်"ဟု ပန်ဆောင်မြို့နယ်ခွဲဒေသခံကျောင်းအုပ်ဆရာကပြောသည်။

မြို့နယ်ကြီးသုံးမြို့အပါအဝင် မြို့နယ်ခွဲငါးမြို့နယ်တွင် ဖွင့်လှစ်ထားသည့် စာသင်ကျောင်းအရေအတွက်နှင့် လက်ရှိခန့်ထားသည့် ဆရာအရေအတွက် ပျမ်းမျှအချိုးချလျှင် စာသင်ကျောင်းတစ်ကျောင်း၌ ဆရာနှစ်ဦးနှုန်းသာရှိသည်ဟုဆိုသည်။

"ဆရာအင်အားနည်းတယ်။ ဘာသာရပ်အလိုက် သင်ပေးမယ့်ဆရာမရှိတော့ ဆရာတစ်ယောက်ကပဲ လေး၊ ငါး ဘာသာပေါင်းပြီးသင်နေရတော့ သင်ပေးတဲ့ ဆရာလည်း လက်ပန်းကျတာပေါ့"ဟု လေရှီးမြို့ဒေသခံတစ်ဦးက လေရှီးမြို့ပညာသင်ကြားရေးအခြေအနေကိုပြောသည်။

ထို့အပြင်နာဂဒေသအထက်တန်းကျောင်းများတွင် သိပ္ပံတွဲဘာသာရပ်ဖြစ်သည့် ဘိုင်အိုဘာသာရပ် သင်ကြားပေးမည့်ဆရာများနှင့် မာလ်တီမီဒီယာ ပညာ ရပ်များ၊ကွန်ပျူတာဆိုင်ရာဘာသာရပ်များသင်ကြားပေးမည့်ဆရာများလည်း အထူးလိုအပ်မှုရှိနေကြောင်း ဒေသခံကျောင်းဆရာများကပြောကြားသည်။

သိပ္ပံတွဲဘာသာရပ် သင်ယူလိုသော ကျောင်းသား၊ကျောင်းသူများရှိသော်လည်း ဘိုင်အိုတွဲဘာသာရပ်တွင်သင်ကြားပေးမည့်ဆရာများအခက်အခဲရှိနေသည့်အတွက် သိပ္ပံတွဲယူထားရသည့် ၉တန်း၊ ၁၀တန်းကျောင်းသားများမှာ ဝိပ္ပံတွဲနှင့် ဝိဇ္ဇာတွဲများပြောင်းလဲသင်ယူနေရသည်ဟုသိရသည်။

နာဂဒေသတွင် ပညာရေးဝန်ထမ်းများ လုံလောက်မှုမရှိသည့် အခြေအနေများနှင့် ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီး၊ တိုင်းပညာရေးမှူးရုံးသို့ ဆက်သွယ်မေးမြန်းခဲ့ရာ "အထက်တန်း၊ အလယ်တန်းပြဘာသာရပ်ဆိုင်ရာလိုအပ်ချက်များနှင့် ကျောင်းသား၊ ဆရာအင်အားလိုအပ်ချက်တွေကိုလည်း တင်ပြထားပြီးပါပြီ။ အော်ဒါကျရင်တော့ လွှတ်ပေးဖို့ အစီအစဉ်ရှိပါတယ်"ဟု စစ်ကိုင်းတိုင်းပညာရေးညွှန်ကြားရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေး မှူး ဦးသန်းအောင်က ပြောကြားသည်။

မူလတန်းပြဆရာများ လိုအပ်မှုရှိနေသည့် ကျောင်းများအတွက် မူလတန်းပြဆရာများ ခန့်ထားနိုင်ရန် နန်းယွန်မြို့နယ်တွင် ၈၀ ဦး၊ လဟယ်မြို့နယ်တွင် ၆၅ ဦး၊ လေရှီးမြို့နယ်တွင် ၇၀ ဦး ရွေးချယ်ထားပြီးဖြစ်ကြောင်း၊ တစ်ပတ်အတွင်း ခွင့်ပြုမိန့်ကျနိုင်မည်ဖြစ်ကြောင်း ဦးသန်းအောင်ကဆိုသည်။

ဒေသခံပညာရေးဝန်ထမ်းအင်အားနည်းပါးခြင်း၊ ဒေသဝေးလံခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး သွားလာရေးခရီးစရိတ်ကြီးမြင့်ခြင်းများကြောင့် မြေပြန့်ဒေသမှ ပညာရေးဝန်ထမ်းများ လာရောက်ထမ်းဆောင်နိုင်မှုနည်းပါးသည့်အတွက် နာဂဒေသတွင် ပညာရေးဝန်ထမ်းခက်ခဲမှုပြဿနာကို နှစ်စဉ်ကြုံတွေ့နေရသည်ဟုဆိုသည်။

ယင်းကဲ့သို့ကျောင်းဆရာ၊ ဆရာမရှားပါးသည့် ပြဿနာမှာ နာဂဒေသတွင် သာမဟုတ်ဘဲ နိုင်ငံအနှံ့ရှိ ဝေးလံခေါင်ဖျားဒေသများအားလုံးလိုလိုတွင် ရင်ဆိုင်ကြုံတွေ့နေရသောပြဿနာကြီးဖြစ်သည်။

## စီးပွားရေး တက္ကသိုလ်ဝင်ခွင့် သတ်မှတ်ပုံစံ ထပ်မံပြောင်းလဲ

**နေလင်းထွန်း**

**ရန်ကုန်၊ ဇူလိုင်-၂၆**

လာမည့်စာသင်နှစ်အတွက်တက္ကသိုလ်ဝင်ခွင့်စာမေးပွဲတွင် မည်သည့်ဘာသာတွဲဖြင့်မဆို အောင်မြင်၍ ဘာသာရပ်အသီးသီးတွင် ရမှတ် ၅၀ နှင့်အထက်ရရှိပြီး စုစုပေါင်းရမှတ် ၃၅၀ နှင့် အထက် ရရှိသူများကို စီးပွားရေးတက္ကသိုလ်များတွင် လျှောက်ထားခွင့်ပြုလိုက်ကြောင်း ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်အရ သိရသည်။

ယခင်နှစ်က စီးပွားရေးတက္ကသိုလ်များ၏ ကျောင်းဝင်ခွင့်လက်ခံမှုစနစ်သည် အထက်တန်းတွင် ဘောဂဗေဒဘာသာတွဲဖြင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့သော ကျောင်းသားများအတွက် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်ခဲ့ပြီးနောက် ယခုနှစ်တွင် ဝင်ခွင့်လက်ခံမှုစနစ်ကို ပြောင်းလဲလိုက်ခြင်းဖြစ်သည်။

ထို့ပြင် ရန်ကုန်စီးပွားရေးတက္ကသိုလ်သည် ယခုနှစ်တွင် ကျောင်းသားဦးရေ ၁၂၀၀ ဝင်ခွင့်လက်ခံရန် သတ်မှတ်လိုက်ခြင်းကြောင့် ယခင်နှစ်က ကျောင်းသား ၂၀၀၀ ဦး လက်ခံနေရာမှ ၈၀၀ ဦးထိ လျှော့ချလိုက်ခြင်းဖြစ်သည်။

ယခင်နှစ်က ရန်ကုန်စီးပွားရေးတက္ကသိုလ်ဝင်ခွင့်အတွက် စုစုပေါင်း ရမှတ် ၃၈၃ မှတ်ရရှိခဲ့သူများ ဝင်ခွင့်ရရှိခဲ့ပြီး မုံရွာစီးပွားရေးတက္ကသိုလ်နှင့် မိတ္ထီလာ စီးပွားရေးတက္ကသိုလ်တို့တွင် သတ်မှတ်အခြေခံရမှတ် ရရှိထားသူများဝင်ခွင့်ရရှိခဲ့ကြသည်။

ရန်ကုန်၊ မုံရွာနှင့် မိတ္ထီလာမြို့တို့ရှိ စီးပွားရေးတက္ကသိုလ်များ၏ ကျောင်းဝင်ခွင့်လက်ခံမှုပုံစံကို ယခင်နှစ်က ပြောင်းလဲခဲ့သလို ကျောင်းသားဦးရေကိုလည်း ထက်ဝက်ခန့်ထိ လျှော့ချလက်ခံခဲ့ပြီး ယခုနှစ်တွင် ကျောင်းဝင်ခွင့် လက်ခံမှုပုံစံနှင့် ကျောင်းသားဦးရေလက်ခံမှုကို ထပ်မံပြောင်းလဲလိုက်ခြင်းဖြစ်သည်။

7 DAY NEWS JOURNAL
Vol.12, No.21 • JULY 31 , 2013

## အားကစားပညာဘာသာရပ်အတွက် ကျောင်းသား၊ ကျောင်းသူ ၁၀၀ ဦး လက်ခံမည်

**နေလင်းထွန်း**

**ရန်ကုန်၊ ဇူလိုင် ၂၇**

ရန်ကုန်မြို့ရှိ ဒဂုံတက္ကသိုလ်နှင့် မန္တလေးမြို့ရှိရတနာပုံတက္ကသိုလ်တို့တွင် ကျောင်းသား၊ ကျောင်းသူ ၅၀ ဦးစီကို အမျိုးသားဦးရေနှင့် အမျိုးသမီးဦးရေ၆၀ အချိုး၄၀ဖြင့် လက်ခံသင်ကြားပို့ချသွားမည်ဖြစ်သည်။

တက္ကသိုလ်ဝင်စာမေးပွဲတွင် မည်သည့်ဘာသာတွဲဖြင့် မဆို အောင်မြင်ထားသူများအနေဖြင့် အားကစားပညာဘာသာရပ်ကို လျှောက်ထားနိုင်မည်ဖြစ်ပြီး အားကစားနည်းတစ်ခုခုတွင် ခရိုင်၊ မြို့နယ်အဆင့် ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ် ရရှိဖူးသူကို ဦးစားပေးမည်ဖြစ်ကြောင်း ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်တွင်ဖော်ပြထားသည်။

အဆိုပါဘာသာရပ်အတွက် အပ်နှင်းမည့်ဘွဲ့မှာ သိပ္ပံဘွဲ့(အားကစား)နှင့် ဝိဇ္ဇာဘွဲ့(အားကစား) ဖြစ်ပြီး သင်ကြားချိန် လေးနှစ်နှင့် လက်တွေ့ကွင်းဆင်း ခြောက်လ၊ စုစုပေါင်း လေးနှင့် ခြောက်လကြာမြင့်မည် ဖြစ်သည်။

ကျန်းမာရေး(က)အဆင့်ရှိ၍ ခြေလက်အင်္ဂါပြည့်စုံ သန်စွမ်းသူဖြစ်ပြီး ဆွံ့အသူ မဖြစ်စေရန်နှင့် သက်ဆိုင်ရာမြို့နယ်ဆရာဝန်ကြီးနှင့် ဌာနဆိုင်ရာ ဆေးထောက်ခံချက်နှင့်အတူ ကြံ့ခိုင်စွမ်းရည်စစ်ဆေးခြင်း ခံယူရမည် ဖြစ်သည်။

ထို့ပြင် အားကစားနည်းတစ်ခုခုတွင် အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲများ၌ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်(သို့မဟုတ်) မြို့နယ်အဆင့် လက်ရွေးစင် ဖြစ်ရမည်ဖြစ်ပြီး သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ် ပညာရေးညွှန်ကြားရေးမှူးနှင့် အားကစားနှင့်ကာယပညာ ဦးစီးဌာန ထောက်ခံချက်ပါရရှိရမည်ဖြစ်ကြောင်း တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်တွင် ဖော်ပြထားသည်။ အားကစားဘာသာရပ် လျှောက်ထားလိုသူသည် အိမ်ထောင်မရှိသူ (လူပျို/အပျို)ဖြစ်၍ ကျောင်းအိပ်၊ ကျောင်းစား နေထိုင်နိုင်ရမည်ဖြစ်ပြီး ယခုနှစ် ဒီဇင်ဘာလကုန်၌ အသက် ၁၈ နှစ်ထက်မကြီးသူဖြစ်ရန် သတ်မှတ်ထားသည်။

## တက္ကသိုလ်ဝင်တန်းရမှတ် ၄၈၀ နှင့်အထက်ရသူများ မြန်မာသတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်သို့ လျှောက်ထားနိုင်



*တက္ကသိုလ်ဝင်တန်းအောင်စာရင်းကြည့်ရှုနေသည့် ကျောင်းသား/ကျောင်းသူများ*

ဓာတ်ပုံ-ဂျေမောင်မောင် (အမရပူရ)

**နေလင်းထွန်း**

**ရန်ကုန်၊ ဇူလိုင် ၂၇**

အိန္ဒိယနိုင်ငံအကူအညီဖြင့် အသစ်ဖွင့်လှစ်သွားမည့် မြန်မာ သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်(MIIT)ဝင်ခွင့်အတွက် တက္ကသိုလ်ဝင်တန်းစာမေးပွဲ တွင် စုစုပေါင်းရမှတ် ၄၈၀နှင့်အထက် ရရှိသူများ လျှောက်ထားနိုင်မည်ဖြစ်ကြောင်း ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်တွင် ဖော်ပြသည်။ မန္တလေးမြို့တွင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်၌ ပထမ နှစ်ဘွဲ့ကြိုသင်တန်းများ စတင်ဖွင့်လှစ်မည့် တက္ကသိုလ်ဝင်ခွင့်အတွက် လျှောက်လွှာထုတ်ယူရမည့်ရက်ကို မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများတွင် ကြေညာမည်ဖြစ်ပြီး အထက်ပါ တက္ကသိုလ်သို့ တိုက်ရိုက်လျှောက်ထားရမည်ဖြစ်သည်။

တက္ကသိုလ်ဝင်ခွင့်အတွက် ဝင်ခွင့်စာမေးပွဲစစ်ဆေးမည်ဖြစ်ကာ အောင်မြင်သူများကိုသာဝင်ခွင့် လက်ခံသွားမည်ဖြစ်သည်။ တက္ကသိုလ်တွင် Software Engineering, Electronics Communication, Visual Computing နှင့် Information System ဘာသာရပ်များကို သင်ကြားပို့ချမည်ဖြစ်ပြီး သင်တန်းကာလမှာ ငါးနှစ်ဖြစ်သည်။

မြန်မာသတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်တွင် Bachelor of Technology (B.Tech) သို့မဟုတ် Bachelor of Engineering ဘွဲ့များကို အပ်နှင်းသွားမည်ဖြစ်ကြောင်း တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်တွင် ဖော်ပြထားသည်။

ယင်းတက္ကသိုလ်လျှောက်ထားသူများအနေဖြင့် တက်ရောက်ရန် ရွေးချယ်မခံရပါက နစ်နာမှုမရှိစေရန် အခြားတက္ကသိုလ်များသို့ အချိန်မီ တက်ရောက်နိုင်ရေးအခြားတက္ကသိုလ်များကိုလည်း လျှောက်ထားမှုပြုလုပ်ရန် လိုအပ်ကြောင်း အကြံပြုထားသည်။

မြန်မာသတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်သည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်တစ်ခုဖြစ်လာမည်ဖြစ်ပြီး အိန္ဒိယနည်းပညာများဖြင့် သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



# မြန်မာ – ကိုရီးယားအိုင်တီစင်တာက ကန်ဒေါ်လာတစ်ရာကျော်ရမည့် အလုပ်သင်ဝန်ထမ်း ခေါ်ယူမည်

ဟေမာနွင်း

ရန်ကုန်၊ ဇူလိုင်-၂၇

အရည်အချင်း၊ ကျွမ်းကျင်မှုပေါ်မူတည်၍ တစ်လျှင် အမေရိကန်ဒေါ်လာ ၁၀၀ မှ ၁၅၀ အထိ ရနိုင်မည့် ပြည်တွင်းကုမ္ပဏီများတွင် အလုပ်သင်ဝန်ထမ်းအဖြစ် လက်တွေ့ဆောင်ရွက်လိုသူများ မြန်မာ-ကိုရီးယားအိုင်တီသင်ကြားရေးစင်တာက ခေါ်ယူသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါအလုပ်သင်ဝန်ထမ်း လက်တွေ့လေ့ကျင့်ပေးခြင်း အစီအစဉ် (Internship Program) ကို ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (KOICA) ၏ အထောက်အပံ့ဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် (MCF)နှင့် ကိုရီးယားလေကြောင်းအာကာသတက္ကသိုလ် (KAU)တို့ ပူးပေါင်းဖွင့်လှစ်ထားသော မြန်မာ-ကိုရီးယားအိုင်တီသင်ကြားရေးစင်တာ (Myanmar -Korea IT Training Center)က ဆောင်ရွက်ခြင်းဖြစ်ကြောင်းသိရှိရသည်။




*မြန်မာ-ကိုရီးယားအိုင်တီသင်ကြားရေးစင်တာအတွင်း မြင်တွေ့ရစဉ်*  ဓာတ်ပုံ-အိုင်တီစင်တာဖေ့စ်ဘွတ်ခ်

"ကွန်ပျူတာပညာအိုင်တီနဲ့ပတ်သက်ပြီး ကျောင်းပြီးထားတဲ့သူတွေ၊ ဒီပလိုမာရထားတဲ့သူတွေ၊ Catificate ရထားတဲ့သူတွေ၊ အသက်မွေးဝမ်းကျောင်းပြုချင်တဲ့သူတွေ လျှောက်လို့ရပါတယ်။ ပူးပေါင်းလုပ်မယ့် ကုမ္ပဏီတွေကလည်း သူတို့ဘယ်လိုအရည်အချင်း လိုချင်တယ်ဆိုတာ ပြောထားတယ်"ဟု ယင်းစင်တာမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယင်းအစီအစဉ်အတွက် အလုပ်သင်ဝန်ထမ်း အယောက် ၂၀ ခန့် ခေါ်ယူသွားမည်ဖြစ်ပြီး အလုပ်သင် အနည်းဆုံး သုံးလကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။

"ရန်ကုန်စင်တာက ၁၅ ယောက်၊ မန္တလေးစင်တာက ၅ ယောက်ကို ခေါ်ယူသွားမှာပါ"ဟု ၎င်းက ပြောသည်။

ယင်းအစီအစဉ်ကို လုပ်ငန်းအတွေ့အကြုံမရှိသော လူငယ်များအနေဖြင့် မိမိတို့တတ်မြောက်ထားသော ပညာရပ်များကို လက်တွေ့နယ်ပယ်တွင်ပြန်လည်အသုံးချနိုင်ရန် လုပ်ငန်းခွင် အတွေ့အကြုံရရှိစေရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ကြောင်း သိရှိရသည်။

"အလုပ်လိုချင်တဲ့ လူငယ်တွေနဲ့ ဝန်ထမ်းလိုနေတဲ့ ကုမ္ပဏီတွေကိုကြားထဲကနေ ချိတ်ပေးတဲ့သဘောပဲ။ ဒီသုံးလပြီးသွားရင် ကုမ္ပဏီက ကြိုက်ရင် ဆက်ခေါ်ချင်မယ်။ ဝန်ထမ်းက ဒီကုမ္ပဏီကို ကြိုက်ရင် အလုပ်ပြန်လျှောက် ချင်လျှောက်နိုင်တယ်" ဟု ၎င်းက ပြောသည်။

အဆိုပါ အစီအစဉ်အတွက် ပူးပေါင်းဆောင်ရွက်ရန် ကုမ္ပဏီ ၁၅ ခုက ကမ်းလှမ်းထားကြောင်း သိရှိရသည်။

ယင်းအစီအစဉ်အရ အလုပ်သင်ဝန်ထမ်းအဖြစ် လက်တွေ့ဆောင်ရွက်လိုသူများအနေဖြင့် ဇူလိုင်လ ၃၁ ရက် နောက်ဆုံးထားကာ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ အဆောင်(၁)၊ MICT Park ၊ လှိုင်တက္ကသိုလ်နယ်မြေသို့ လာရောက်လျှောက်ထားနိုင်ပြီး ဖုန်း-၀၁ ၆၅၂၃၀၇၊ ၀၉-၇၃၂ ၅၇၃၇၇ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

အဆိုပါအလုပ်သင်ဝန်ထမ်းအဖြစ် လက်တွေ့ဆောင်ရွက်လိုသူများသည် အသက်(၁၈)နှစ်နှင့် (၃၉) နှစ်ကြား ရှိရမည်ဖြစ်ပြီး တက္ကသိုလ်တစ်ခုခုသို့ တက်ရောက်နေသူများ၊ အလုပ်သင်ဝန်ထမ်းလက်တွေ့လေ့ကျင့်ပေးခြင်း အစီအစဉ်တွင် ပူးပေါင်းပါဝင်မည့် ကုမ္ပဏီများနှင့် ဆွေမျိုးတော်စပ်သူများ မဖြစ်ရဟု သိရသည်။

## Free Classified | ဝန်ထမ်းအလိုရှိသည် | အခမဲ့ကြော်ငြာကဏ္ဍ

**Naing Linn Air Con Service**
ကျွမ်းကျင်ဝန်ထမ်း (၂)ဦး
အလုပ်သင်ဝန်ထမ်း (၂)ဦး
အမှတ်-၁၇၈၊ ဗဟိုလမ်း၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်။
ဖုန်း-၀၉-၅၀၉၅၉၁၆

----------------------------

**Study Abroad Information Centre**
Education Counsellor, Graphic Designer, Admin Assistant, Marketing Executive/Assistant, Public Relations Executive, Secretary.
တိုက်အမှတ်(အေ)၊ ၁၁-လွှာ၊ အခန်း (၁၁၀၃)၊ ဒိုင်းမွန်းကွန်ဒို၊ (မေတ္တာဦးဆေးခန်းအနီး)၊ ပြည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၅၂၃၉၃၁-၃၄
(Ext:2113)

----------------------------

**Area 51 Group Travels & Tours Company Limited**
International Ticketing F (3) Posts
No.128\130(Ground Floor), 52nd Street (Middle Block) Pazuntaung Township,Yangon.

----------------------------

**ဝန်ထမ်းအလိုရှိသည်**
အင်တာနက်ကျွမ်းကျင်၍ စာရင်းဇယား အတန်သင့်နားလည်သူမ(၁)ဦး
Blg 3, Room 4, Myo Pya Aim Yar (North Side), 8Mile Mayangone.
PH: 01-660163

၁။ Receptionist M/F (10) Posts
Corner of Bo Myat Tun Road & Maharbandoola Road, Bo Myat Tun Tower, Botahtaung Town-Ship.
PH: 01-298184

----------------------------

**အလိုရှိသည်**
ခုနစ်ထွေမင်းသမီးတေးသီချင်း VCD ကို ဩဂုတ်လဆန်းတွင် ရိုက်ကူးမည်ဖြစ်ပါ၍ ပါဝင်သရုပ်ဆောင်လိုသော အနုပညာဝါသနာရှင် (ကျား/မ)အမြန်အလိုရှိသည်။ တေးသီချင်းတစ်ပုဒ်လျှင် ခြောက်သောင်းကျပ်။
ဖုန်း-၀၉-၃၁၀၅၅၇၉၃

----------------------------

**Zeyar Phyo Co.,Ltd**
Electronic Engineer (AGTI,B Tech, BE) (F/M-10 Posts), Network Engineer (M-10 Posts), Admin Manager, On Job Training (OJT) သင်တန်း သား (M-15 Posts)
PH: 01-8603822

----------------------------

Vinyl ရိုက်၊ လက်ကမ်းစာစောင်ဝေရန် (အချိန်ပိုင်း)ဝန်ထမ်းအလိုရှိသည်။
ဖုန်း-၀၉-၄၃၁၉၂၆၈၄

----------------------------

A+ Hardware, Network သင်ကြားနိုင်သူ (ကျား/မ-၂ ဦး)၊ LCCI I, II သင်ကြားနိုင်သူ(ကျား/မ- ၂ဦး)၊MY-OB သင်ကြားနိုင်သူ(ကျား/မ-၂ဦး)။ အမှတ်(၃၅၆)၊ မဟာဗန္ဓုလလမ်း၊ ဆိပ်ကမ်းသာလမ်းထိပ်။
ဖုန်း-၂၅၃၂၉၃

----------------------------

1. Post For Admin F (1) Post
No.132A,5B, Bargayar Road, Sanchaung Tsp, Yangon, Myanmar.
PH: 09-440002276

----------------------------

Car Rental လုပ်ငန်းအတွက် Marketing ကျွမ်းကျင်သူ (ကျား -၁ ဦး)
ဖုန်း-၀၁-၅၇၇၁၅၀

----------------------------

**United Can Factory Co.,Ltd**
Factory Manager ကျား (၁) ဦး
အမှတ်-(၂၁၆၊ ၂၂၂)၊ D-2, ဗိုလ်မြတ်ထွန်းအိမ်ရာ၊ ၄၉ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

----------------------------

**Logistics Media Services Co.,Ltd**
1. Marketing Executive M/F (5)
2. Marketing Assistant M/F (10)
3. Web Desingner M/F (10)
4. Web Developer M/F (2)
5. Driver M (1)
No.2,Room (9/d-E),Zagawar Condominium,Moe Kaung Rd, Yankin Township,Yangon.

----------------------------

**Channel**
Digital Inkjet Printing & Advertising Admin Executive (1)F
အမှတ်-(၅၈၃)၊ သံသုမာလမ်း (ကမ္ဘောဇဘဏ်အနီး)၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

----------------------------

1. Post For Admin F (1) Post
No.132A,5B, Bargayar Road, Sanchaung Tsp, Yangon, Myanmar.
PH: 09-440002276

----------------------------

**ဝန်ထမ်းအလိုရှိသည်**
၁။ လျှော်+ညှပ်ကျွမ်းကျင် (မ-၂ဦး)
၂။မျက်နှာသစ်+ ခေါင်းလျှော်ကျွမ်းကျင် (မ-၂ဦး)
အမှတ်-၁၂၀၊ အခန်း(၉)၊ ပထမထပ်၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ သုခမှတ်တိုင်အနီး၊ လှိုင်မြို့နယ်။
ဖုန်း-၀၉-၇၃၀၁၇၁၈၂

----------------------------

**ရွှေနှင်းဆီ**
**အထည်ချုပ်စက်ရုံ**
၁။ မော်တာစက်နှင်းကျွမ်းကျင်(စင်ကား၊ ဒါး၊ ကင်း) ကျား/မ (၁၅) ဦး။
၁၀ မိုင်ကုန်းဈေးလမ်း၊ အင်းစိန်။
ဖုန်း- ၀၁-၆၄၆၅၃၈

----------------------------

**အလိုရှိသည်**
Model, Dancer, အဆိုနှင့် သရုပ်ဆောင်မျက်နှာသစ်လူငယ်များအလိုရှိပါသည်။
ဖုန်း- ၀၉ ၂၂၂၈၃၈၀

----------------------------

**ဝန်ထမ်းအလိုရှိသည်**
အထွေထွေဝန်ထမ်း (ကျား-၁၀)ဦး၊ အသက်(၂၀-၃၅)နှစ်၊ အခြေခံပညာအထက်တန်းအဆင့်ရှိရမည်။ ယာဉ်မောင်း(ကျား-၂)ဦး၊ အသက် (၂၅-၄၀) နှစ်၊ အခြေခံပညာအထက်တန်းအ ဆင့်ရှိရမည်။
အမှတ်(၄၅)၊ သမ္မာဒိဋ္ဌိလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၀၂၇၇၃၃

----------------------------

**ဟိုတယ်ဝန်ထမ်းအလိုရှိသည်**
1. Supervisor M (2)
2. Accountant F (2)
3. Receptionist M (2) F(2)
4. Kitchen Helper M (2)
အမှတ် (၁၄)၊ ဘုန်းကြီးလမ်းနှင့် ကမ်းနားလမ်းထောင့်၊ လမ်းမတော်မြို့နယ်။

----------------------------

၁။ Receptionist M/F (10) Posts
Corner of Bo Myat Tun Road & Maharbandoola Road, Bo Myat Tun Tower, Botahtaung TownShip.
PH: 01-298184

----------------------------

**ဝန်ထမ်းအလိုရှိသည်**
AUTRON နားကြားကိရိယာမှ အရောင်းဝန်ထမ်း(မ-၁၀ ဦး) အလိုရှိသည်။ ဘွဲ့ရ ရုပ်ရည်အသင့်အတင့် ရှိရမည်။ သွက်လက်ထက်မြက်ရမည်။ လိုအပ်သော စာရွက်စာတမ်းများနှင့်အတူ (၇)ရက်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။ အမှတ်(၃၇၇)၊ ရွှေဘုံသာအထက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၄၃၆၄၄၊ ၃၈၅၂၄၅

----------------------------

မော်ကွန်းမဂ္ဂဇင်းတွင် တာဝန်ထမ်းဆောင်ရန် အသက်(၃၀)အောက် စာရင်းကိုင် (မ-၂ ဦး) အလိုရှိသည်။ ဇူလိုင် ၂၆ ရက်မတိုင်မီ လာရောက်လျှောက်ထားနိုင်ပါသည်။
အမှတ်(၉၃)၊ ပထမထပ်(အေ)၊ ၄၉ လမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်။
ဖုန်း-၀၉-၄၄၈၀၄၇၃၂၀

----------------------------

**အလိုရှိသည်**
၁။ အယ်ဒီတာ (၁)ဦး
၂။ အထွေထွေဝန်ထမ်း (၁)ဦး
၃။ Marketing (၁)ဦး
ဖုန်း-၀၉-၄၂၀၃၁၆၄၆

----------------------------

ကမ်းရိုးတန်းပင်လယ်ပြင်လုပ်သက်ရ ယူလိုသော အလုပ်သင်သင်္ဘောသားများ(ဝန်ဆောင်ခမဲ့) အလိုရှိပါသဖြင့် အောက်ပါဖုန်းနံပါတ်များအား ဆက်သွယ်ပေးပါရန်။
ဖုန်း-၀၉-၅၁၀၃၁၇၂

----------------------------

**ကမ္ဘာဦးဆေးဝါးလုပ်ငန်း**
အရောင်းမြှင့်တင်နိုင်သော (ဆေး) အ ရောင်းဝန်ထမ်းအလိုရှိပါသည်။
ဖုန်း-၀၁-၅၃၈၀၂၀

----------------------------

**အလိုရှိသည်**
မင်းသား၊မင်းသမီးတေးသီချင်း ဗီစီဒီကို ဩဂုတ်လဆန်းတွင် ရိုက်ကူးမည်ဖြစ်ပါ၍ အနုပညာရှင်များ(ကျား/မ) အမြန်အလိုရှိသည်။ တေးသီချင်းတစ်ပုဒ်-ခြောက်သောင်းကျပ်
ဖုန်း- ၀၉ ၃၁၀၅၅၇၉၃

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

7 DAY NEWS JOURNAL
Vol.12, No.21 • JULY 31 , 2013

# တရုတ်ဗဟိုစစ်ကော်မရှင် ဒုဥက္ကဋ္ဌ ခရီးစဉ်ကို အဓိပ္ပာယ်ဖွင့်ဆိုခြင်း

ထားထားမြင့်



တရုတ်ဗဟိုစစ်ကော်မရှင် ဒုဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးဖန်ချန်လုံမြန်မာနိုင်ငံသို့ ယခုရက်ပိုင်းအတွင်း လာရောက်သည်မှာ သူ၏ထိုင်း၊ ကာဂျစ္စတန်၊ မြန်မာသုံးနိုင်ငံ ခရီးစဉ်ထဲက ခရီးစဉ်တစ်ခုအဖြစ် မြန်မာနိုင်ငံဆိုင်ရာတရုတ်ပြည်သူ့သမ္မတသံရုံးက ပြောပါသည်။ ထို့အပြင် ချန်သည်မြန်မာ နိုင်ငံအတွက် လူစိမ်းသက်သက်မဟုတ်ကြောင်း ၂၀၁၀ပြည့်နှစ်ကလည်း ဒုဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်တွေ့ရန် မြန်မာကိုလာရောက်ဖူးခဲ့သည်ဟုတရုတ်သံရုံးက ဆိုသည်။

တရုတ်သံရုံးပြောသကဲ့သို့ ချန်က မြန်မာကိုလာခဲ့ဖူးသည်မှန်သော်လည်း သူရောက်ခဲ့ဖူးသည့် မြန်မာ၏အခြေအနေမှာ ယခင်ကဲ့သို့ မဟုတ်တော့။ ၂၀၁၀ ပြည့်နှစ်တုန်းကလို နိုင်ငံတကာ၏ အပယ်ခံ အထီးကျန်ဘဝရောက်နေပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ တရုတ်နိုင်ငံ၏ မဲခွဲဆုံးဖြတ်ထောက်ခံမှုကို မျှော်လင့်အားကိုးနေရသည့်အခြေအနေမျိုး မဟုတ်တော့ပါ။

လက်ရှိလုပ်ဆောင်နေသော ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးများကြောင့် ကမ္ဘာပေါ်က စစ်အင်အားကြီးနိုင်ငံများဖြစ်သည့် ဗြိတိန်နှင့် အမေရိကန်နိုင်ငံများကပင် စစ်ရေးပူးပေါင်းဆောင်ရွက်ရန် စိတ်ဝင်တစားကမ်းလှမ်းနေရသည့် အခြေအနေပင်ဖြစ်သည်။ ယခုနှစ် ဇွန်လမှာပင် ဗြိတိသျှစစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးဆာဒေးဗစ်ရစ်ချတ် မြန်မာနိုင်ငံသို့ လာရောက်ခဲ့ပြီး အမြဲတမ်းစစ်ကောင်စစ်ဝန် ထားရှိရေးမှသည် နှစ်နိုင်ငံ စစ်ရေးကိစ္စများ အပြန်အလှန်ဆောင်ရွက်ဖို့အထိ ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ ဗိုလ်ချုပ်ကြီး ဆာဒေးဗစ်ရစ်ချတ်ကသူ၏မြန်မာနိုင်ငံခရီးစဉ်ကိုအလွန်အောင်မြင်သော ခရီးစဉ်ဟု ပြောကြားခဲ့သည်။

ထို့အတူ အမေရိကန်သမ္မတ အိုဘားမား၏ ၂၀၁၂ခုနှစ်မြန်မာနိုင်ငံ ခရီးစဉ်အပြီး အမေရိကန်က မြန်မာနှင့်စစ်ရေးပူးပေါင်းဆောင်ရွက်လိုမှု အရိပ်အယောင်များပြခဲ့ကာ စစ်ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံကို လာရောက်လေ့လာခဲ့ပြီး မြန်မာစစ်ဗိုလ်ချုပ်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

"အမေရိကန်အတွက်မြန်မာက ဘာလို့ အရေးကြီးလည်းဆိုတော့ နေရာပေါ့။ မြန်မာက နည်းဗျူဟာအရ တရုတ်ရဲ့အောက်ပိုင်းအနေအထားမှာ ရှိတယ်။ ပြီးတော့ အာရှက နိုင်ငံကြီးနှစ်နိုင်ငံဖြစ်တဲ့ အိန္ဒိယနဲ့ တရုတ်အကြားမှာ။ တကယ်လို့များ မြန်မာက တရုတ်ဘက်ကို လုံးလုံးပါသွားရင် ဒေသရဲ့ စစ်ရေးမဟာဗျူဟာအနေအထား ပြောင်းသွားနိုင်တယ်"ဟု ဝါရှင်တန်ဒီစီမြို့တော်က မြန်မာအရေးဆိုင်ရာ ကြားနာပွဲတစ်ခုတွင် ဂျွန်ဟော့ကင်းတက္ကသိုလ် ပါမောက္ခ ကားလ်ဒီဂျက်ဆင်က ပြောကြားခဲ့သည်။

ထို့အပြင် တရုတ်နိုင်ငံအတွက်လည်း ပြိုင်ဘက်အိန္ဒိယနိုင်ငံကိုစစ်ရေးအရ အသာစီးယူထားနိုင်ရန်၊ အာရှမှာ ရေပိုင်နက်ပြဿနာကြောင့် သူနှင့်တစ်နေ့တခြားရန်သူဖြစ်လာသည့် ဂျပန်နိုင်ငံကို အရှေ့တောင်အာရှတွင် စစ်ရေးအရ အသာစီးယူထားရန်အတွက် မြန်မာနိုင်ငံက အရေးပါသည်။ ထို့အပြင် မြန်မာနိုင်ငံကို ဖြတ်သန်းဖောက်ထားသည့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများကလည်း တရုတ်နိုင်ငံ ယူနန်ပြည်နယ်၏ စွမ်းအင်အသက်သွေးကြောဖြစ်လာနေသည်။ ထို့ကြောင့် မြန်မာနှင့် စစ်ရေးအရ ပိုမိုပူးပေါင်းဆောင်ရွက်ရန် တရုတ်နိုင်ငံက အားသွန်ခွန်စိုက် ဆောင်ရွက်နေခြင်းဖြစ်သည်။

လန်ဒန်စီးပွားရေးနှင့် နိုင်ငံရေးသိပ္ပံ အာရှသုတေသနဌာနမှ ဒေါက်တာဂျာဂန်ဟက်ကီက "တရုတ်က ဘင်္ဂလားပင်လယ်အော်ထွက်ပေါက်အတွက်မြန်မာကို အသုံးချချင်နေတယ်။ သူ့ရည်ရွယ်ချက်က အိန္ဒိယသမုဒ္ဒရာထဲမှာ သူ့ရေတပ်ကို ထားရှိဖို့ပဲ"ဟု ရေးသားခဲ့သည်။

နေပြည်တော်၌ တရုတ်ဗဟိုစစ်ကော်မရှင် ဒုဥက္ကဋ္ဌ ဖန်ချန်လုံတွေ့ဆုံခဲ့သည့်သမ္မတဦးသိန်းစိန်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့က ယခင်အတိုင်းပင် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးစကားများ ပြောကြားခဲ့ပြီး တရုတ်နှင့် ရင်းနှီးစွာယခင်ကဲ့သို့ ပူးပေါင်းဆောင်ရွက်မည့်အကြောင်း ပြောကြားခဲ့ကြသည်။

သို့သော်မြန်မာပြည်သူလူထုအတွင်းမှာတော့ ခေတ်အဆက်ဆက် စစ်အစိုးရအုပ်ချုပ်သူ လူတန်းစားများနှင့်သာ ပူးပေါင်းပြီး အများပြည်သူအကျိုးကို မငဲ့ကွက်ခဲ့သော တရုတ်အစိုးရကိုစိတ်ပျက်မှုများက ပျံ့နှံ့နေလေပြီ။ တရုတ်အစိုးရနှင့် မြန်မာစစ်ဗိုလ်ချုပ်များအကျိုးတူပူးပေါင်းခဲ့သော ရောဝတီမြစ်ဆုံ စီမံကိန်းကို လူထုသဘောထားဖြင့် ရပ်ဆိုင်းခဲ့သည်က ထင်ရှားသော သာဓကတစ်ခုဖြစ်သည်။ ထို့အတူ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့် ရခိုင်ပြည်နယ်မှ သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဖောက်လုပ်မှုတို့တွင် အတင်းအဓမ္မ မြေယာသိမ်းယူမှုများကြောင့်ဆန္ဒပြမှုများကလည်းပြည်သူများက တရုတ်အစိုးရ ရင်းနှီးမြှုပ်နှံမှုများကို မလိုလားသည့် သဘောထားများကိုပြသခြင်းပင်ဖြစ်ပါသည်။

ပြည်သူများက တရုတ်ကို စိတ်ပျက်နေကြသော်လည်း သမ္မတဦးသိန်းစိန် အစိုးရအတွက်မူ ကာလများစွာ ပူးပေါင်းဆောင်ရွက်ခဲ့သည့် တရုတ်အစိုးရကို ချက်ချင်းကြီး မျက်နှာလွှဲခဲပစ်လုပ်ရန် မဖြစ်နိုင်ပါ။

လက်ရှိတွင် တရုတ်နိုင်ငံက မြန်မာနိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံ ဖြစ်နေသည်သာမက ရင်းနှီးမြှုပ်နှံမှု အများဆုံးဖြစ်သည်။ နှစ်နိုင်ငံ အပြန်အလှန် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံ ကျော်လွန်သည်။ မြန်မာနိုင်ငံ၏ စုစုပေါင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၏ ၂၉ ရာခိုင်နှုန်းကို တရုတ်နိုင်ငံက ပိုင်ဆိုင်ထားဆဲဖြစ်သည်။ ယခင်စစ်အစိုးရလက်ထက်က တရုတ်အစိုးရထံမှ ငွေကြေးရယူပြီး သဘောတူချုပ်ဆိုခဲ့သော စီမံကိန်းများကိုလည်းလက်တွေ့အကောင်အထည်ဖော်ရဦးမည်။ ပြည်တွင်း ကချင်လက်နက်ကိုင်အဖွဲ့နှင့် ငြိမ်းချမ်းရေးဆွေးနွေးရာတွင် တရုတ်အစိုးရက မပါမဖြစ်။ တရုတ်နိုင်ငံကို ကြောက်ရပါသည်ဟုပြည်ထောင်စုဝန်ကြီးတစ်ဦးဖြစ်သော ဦးအောင်မင်းက အတိအလင်းဝန်ခံပြောကြားခဲ့သည်။

သို့သော်လည်း ယခင်ကလို တရုတ်နိုင်ငံ တစ်နိုင်ငံတည်းကိုသာ မဖြစ်မနေပေါင်းရမည့် အခြေအနေမျိုးလည်း မဟုတ်ပါ။ တရုတ်နှင့် ပြိုင်ဘက်အိန္ဒိယကလည်း မြန်မာနိုင်ငံနှင့် စစ်ရေးပူးပေါင်းဆောင်ရွက်ရန် စိတ်ဝင်စားနေပါသည်။ နိုင်ငံရေး ပြောင်းလဲမှုများ ဆက်လက်ဖော်ဆောင်ပါက အမေရိကနှင့် အနောက်နိုင်ငံများကလည်း ပိုမိုပူးပေါင်းဆောင်ရွက်မည့်သဘောမှာ ရှိနေသည်။

လက်ရှိ အနေအထားအရ အမေရိကန်၊ ဗြိတိန်ကဲ့သို့သော လူ့အခွင့်အရေး အလေးထားသော နိုင်ငံစစ်တပ်များထံမှ သင်တန်းများပေးသည့် အခြေအနေမျိုး စစ်ရေးပူးပေါင်းဆောင်ရွက်ခွင့်ရလျှင်တောင် မြန်မာနိုင်ငံအတွက် အကျိုးရှိလာမည့် အနေအထားရှိပါသည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ အာရှရေးရာ ကျွမ်းကျင်သူကင်ရာက "မြန်မာစစ်တပ်ဆိုရင် အခမဲ့ လုပ်အားပေးစေခိုင်းတာ၊ ကလေးစစ်သားသုံးတာတွေ၊ လူ့အခွင့်အရေး ချိုးဖောက်တာတွေအတွက် နာမည်ပျက်နေတယ်။ အဲဒါဘာလို့လဲဆိုတော့ သူ့လိုပဲ ထူးမခြားနားတဲ့ တရုတ်စစ်တပ်နဲ့သာ စစ်ရေးပူးပေါင်းမှု ရှိခဲ့တာကိုး လူ့အခွင့်အရေး အလေးထားတဲ့ နိုင်ငံတွေက စစ်တပ်နဲ့ ပူးပေါင်းပြီး လေ့လာရတဲ့အခါ ဒါတွေက မလုပ်ရတဲ့ အရာတွေပါလားဆိုတာ သိလာမယ်။ အဲဒီအတွက် ပြည်သူတွေအတွက်လည်း အကျိုးရှိလာလိမ့်မယ်"ဟု ပြောသည်။

သို့သော်လည်း မြန်မာနှင့် အမေရိကန်အပါအဝင် အနောက်နိုင်ငံများ၏ ဆက်ဆံရေးဘယ်လောက်ပဲ တိုးတက်လာသည်ဖြစ်စေ တရုတ်နိုင်ငံက မြန်မာတွင် အဘက်ဘက်က အခိုင်အမာခြေကုပ်ရထားသည်ကတော့ အထင်အရှားပင် ဖြစ်သည်။

ပထဝီ အနေအထားအရ တရုတ်နိုင်ငံနှင့် ဆက်ဆံရေး ကောင်းမွန်အောင် ထိန်းသိမ်းထားရမည့် အနေအထားမျိုးဖြစ်နေသည့်အတွက် စစ်ရေးပူးပေါင်းဆောင်ရွက်မှုမှာလည်း တရုတ်နှင့် ပတ်သက်နေရဦးမည်သာ ဖြစ်သည်။ မြန်မာနိုင်ငံမှာက တရုတ်ကို မလှန်နိုင်စွမ်းသည့် မစွမ်းရင်း အခြေအနေများကလည်း ရှိနေသည်မဟုတ်ပါလား။

ideal technology
Complete ICT Solutions
ideal education centre
Hot Line : 01 524141, 09 421098633
အကောင်းဆုံးသော ဝန်ဆောင်မှု ၊ အရည်အသွေး တို့နှင့်အတူ ပြီးပြည့်စုံသော WEBSITE တစ်ခု ပိုင်ဆိုင်နိုင်ရန် ကျွန်ုပ်တို့နှင့် အမြန်ဆက်သွယ်လိုက်ပါ..
www.idealmyanmar.com
- Web Design & Development
- Web Hosting
- Domain Registration
- Search Engine Optimization
ကွန်ပျူတာအခြေခံရှိပြီးသူများ မည်သူမဆိုတက်ရောက်နိုင်ပါသည်။ အခြေခံကျသော လက်တွေ့သင်ကြားမှုများနှင့် လုပ်ငန်းခွင်ဝင်နိုင်သည်အထိ စနစ်တကျ သင်ကြားပေးသောသင်တန်းများဖြစ်ပါသည်။
- Microsoft Office 2010
- AutoCAD (2D/3D)
- Professional Digital Graphic Design
- MYOB (Computerized Accounting)
20 % Discount
August 2 to 4 နေ့အထိ တပ်မတော်ခန်းမတွင် ကျင်းပမည့် Yangon ICT Fair (Computer & Mobile) (August 2013) ပြပွဲကာလအတွင်း Ideal Technology ပြခန်း (ပြခန်းအမှတ် H-10) တွင် Website နှင့်သင်တန်း လာရောက်အပ်နှံသူများကို (20 % off) Discount ပေးသွားမှာ ဖြစ်ပါတယ်။
အခန်း ( ၉၀၁ )၊ တိုက် ( J )၊ အနော်ရထာအိမ်ယာ၊ ပြည်လမ်း(လှည်းတန်း)၊ ကမာရွတ်။ Tel : 01 524141 , 09 421098633

နီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
"ဖွားရာ ပွင့်ရာ စက်လှည့်ရာ စံရာဤလေးမည်၊ သံဝေဇနီယ လေးဌာန ဖူးကြအလီလီ၊ အပွါယ်လေးဝမလားရ လားရာလှနတ်ပြည်"ဟူသော ဆောင်ပုဒ်နှင့်အညီ နီလာဘုရားဖူးအဖွဲ့မှဗုဒ္ဓဘာသာဝင်တိုင်း ဗုဒ္ဓဂယာသို့ရောက်ရှိရန် ရည်ရွယ်ချက်ဖြင့် ပို့ဆောင်ခြင်းဖြစ်ပါသည်။
(၆) ညအိပ် (၇) ရက်ခရီး — သိရိလင်္ကာ (စွယ်တော်ဖွင့်ပွဲ) + ဘန်ကောက် (ပြဘုရား)
စရိတ်ငြိမ်း (၁၂.၅) သိန်း ( ထွက်ခွာမည့်နေ့ — ၁၅.၈.၂၀၁၃ )
(၇)ရက်ခရီး - သံဝေဇနီယလေးဌာန (ဖွား၊ပွင့်၊ဟော၊စံ)(အိန္ဒိယ - နီပေါ) → ၈.၅ သိန်း(စရိတ်ငြိမ်း)၊ (၁၂)ရက်ခရီး - ၉ သိန်း(စရိတ်ငြိမ်း)
(၁၅)ရက်ခရီး - သံဝေဇနီယလေးဌာန + အဝိဇဟိတလေးဌာန + နယူးဒေလီ (မဟာသတိပဋ္ဌာန်)၊တပ်ချ်မဟာ၊ ကိုလ်ကတ္တား (Shopping နှင့် ဗဟုသုတရစရာ နေရာများ) → ၁၀ သိန်း (စရိတ်ငြိမ်း)
၂၀၁၃-၁၄ခုနှစ်ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များကို (၂၇.၉.၁၃)မှ စတင်ထွက်ခွာမည်ဖြစ်၍စရံငွေ(၁)သိန်းဖြင့်ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။
နီလာဘုရားဖူးကုမ္ပဏီ၏ ဝါတွင်းကာလ ကုသိုလ်ယူ အထူးအစီအစဉ်
(၁.၇.၁၃)မှ(၃၁.၇.၁၃)အတွင်း စရံငွေ(၁)သိန်း ပေးသွင်းပါက ဗုဒ္ဓဂယာခရီးစဉ်တွင် တစ်ဦးချင်း လိုက်ပါလျှင် (၅)သောင်းကျပ် လျှော့ပေးမည်ဖြစ်ပြီး၊ (၈)ဦးစုစည်းပြီးလိုက်ပါလျှင်(၁)ဦးအခမဲ့ပို့ဆောင်ပေးမည်ဖြစ်ကြောင်း ဝမ္မမိတ်ဆွေ မိတ်ဟောင်း မိတ်သစ် သူတော်စင်အပေါင်းတို့အား သတင်းကောင်းပါးအပ်ပါသည်။
အထူးအစီအစဉ်အနေဖြင့် နယ်မှဘုရားဖူးခရီးသည်များအတွက် ထွက်ခွာမည့်ခရီးစဉ်မတိုင်မီ (၁၀) ရက်အတွင်း လိုက်ပါနိုင်ကြောင်းနှင့်ရန်ကုန်နှင့်မန္တလေးမြို့များတွင် တည်းခိုနိုင်ရန် ကုမ္ပဏီမှ အခမဲ့ဝန်ဆောင်မှုပေးပါမည်။
တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ၊ စနေ အပတ်စဉ် ခရီးစဉ်များ ထွက်ရှိပါသည်။
ရန်ကုန်ရုံးချုပ် အမှတ်-၂၇၆/၂၇၈(မြေညီထပ်)၊ ပန်းဆိုးတန်းလမ်း(ခုံးတံတားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
မန္တလေးရုံးခွဲ - အမှတ် (၁၁၃)၊ လမ်း ၃၀၊ ၆၅x၆၆လမ်းကြား၊မင်းကွန်းတိုက်တန်း၊ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊မန္တလေးမြို့
☎ ၀၁-၃၇၆၆၁၀၊ ၃၇၂၁၃၅၊ ၃၈၄၃၆၆၊ ၃၈၄၀၆၆၊ ၃၈၅၃၈၄၊ ၀၉-၅၁၂၀၅၂၉၊ မန္တလေးရုံးခွဲ -၀၉-၄၇၂၂၂၀၈၅၊ ၀၉-၄၇၂၂၂၀၈၆၊ ၀၉-၄၀၁၇၄၄၄၀၄၊ ၀၉-၄၂၈၂၁၇၂၅၁

7 DAY NEWS JOURNAL
Vol.12, No.21 • JULY 31 , 2013



# ကိုရီးယားဘာသာစကား ကျွမ်းကျင်မှု စာမေးပွဲ အောက်တိုဘာတွင်ကျင်းပမည်

**နေလင်းထွန်း**

**ရန်ကုန်၊ ဇူလိုင်-၂၇**

(၃၂)ကြိမ်မြောက် ကိုရီးယား ဘာသာ ကျွမ်းကျင်မှု စာမေးပွဲကို အောက်တိုဘာ ၂၀ရက်တွင် ရန်ကုန်နှင့် မန္တလေးမြို့များ၌ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်းကိုရီးယားသံရုံးက သတင်းထုတ်ပြန်သည်။

ရန်ကုန်မြို့တွင်မြန်မာအင်ဖိုတက်ခ်နှင့် မန္တလေးမြို့တွင် မန္တလေး SWANဟိုတယ်တို့၌စာမေးပွဲစစ်ဆေးမည်ဖြစ်ပြီး ဩဂုတ် ၁ ရက်မှ ၁၄ရက်အတွင်း စာမေးပွဲဖြေဆိုရန်စာရင်း ပေးသွင်းရမည်ဖြစ်သည်။

ကိုရီးယားဘာသာကျွမ်းကျင်မှုအနေဖြင့် အခြေခံ၊ အလယ်အလတ်နှင့် အဆင့်မြင့်ဟူ၍ သုံးမျိုးခွဲခြားစစ်ဆေးမည်ဖြစ်ပြီး စာမေးပွဲကြေးကျပ်သုံးသောင်းပေးသွင်းဖြေဆိုရမည်ဖြစ်သည်။

အထက်ပါစာမေးပွဲဖြေဆိုလိုသူများသည် ကိုရီးယားသံရုံးသို့ ဆက်သွယ်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး စာမေးပွဲဆိုင်ရာသတင်းအချက်အလက်များကို http://topik.or.kr တွင်ဝင်ရောက်ကြည့်ရှုလေ့လာနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကိုရီးယားဘာသာစကားသည် အင်္ဂလိပ်နှင့် တရုတ်ဘာသာစကားတို့နောက်တွင် လူငယ်များ အများဆုံးစိတ်ဝင်စား လေ့လာနေကြပြီး ကိုရီးယား ဇာတ်လမ်းတွဲများ၏ ဆွဲဆောင်မှုက အဓိကကျနေသည်။

ကိုရီးယားအစိုးရကလည်း မြန်မာလူငယ်များအတွက် ဘွဲ့ကြိုဘွဲ့လွန်ပညာသင်ဆုအစီအစဉ်များနှစ်စဉ်ပေးအပ်နေသလို ကိုရီးယားဘာသာစကားပြောပြိုင်ပွဲများကျင်းပနေခြင်းက ကိုရီးယားဘာသာစကားစိတ်ဝင်စားသူဦးရေမြင့်တက်လာစေသည်။

# အင်္ဂလိပ်စာ ဆရာ၊ ဆရာမများ နှီးနှောဖလှယ်ပွဲ ကျင်းပမည်

**နေလင်းထွန်း**

**ရန်ကုန်၊ ဇူလိုင်-၂၆**

ဗြိတိသျှကောင်စီ (မြန်မာ)မှ နှစ်စဉ်ဦးစီးဆောင်ရွက်နေသော အင်္ဂလိပ်စာ ဆရာ၊ ဆရာမများ နှီးနှောဖလှယ်ပွဲကို ဩဂုတ် ၂၄ နှင့် ၂၅ ရက်တွင် ရန်ကုန်မြို့၊ ဆီဒိုးနားဟိုတယ်၌ နှစ်ရက်ကြာ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ယခုနှစ်နှီးနှောဖလှယ်ပွဲ၏ အဓိကအကြောင်းအရာမှာ“From Inspiration to Implementation : Emerging Oppourtunities in the ELT Classroom ” ဖြစ်ပြီး လူဦးရေ ၃၀၀ လက်ခံသွားမည်ဖြစ်ကာ ဩဂုတ်လ ၁ ရက်မှ ၆ ရက်အထိ ရုံးချိန်တွင် ဗြိတိသျှကောင်စီ (မြန်မာ) ၌ စာရင်းပေးသွင်းရမည်ဖြစ်သည်။

အင်္ဂလိပ်စာ ဆရာ၊ ဆရာမများနှီးနှောဖလှယ်ပွဲတက်ရောက်လိုသူများသည်ကျပ်ခြောက်သောင်းပေးသွင်း၍ တက်ရောက်နိုင်မည်ဖြစ်ပြီး http://www.myanmar-network.net တွင်အသေးစိတ်အချက်အလက်များ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်မည်ဖြစ်သည်။

ဗြိတိသျှကောင်စီ (မြန်မာ) နှင့် ELTeCS (မြန်မာ) တို့ ကြီးမှူးကျင်းပသော အင်္ဂလိပ်စာ ဆရာ၊ ဆရာမများ နှစ်ပတ်လည် နှီးနှောဖလှယ်ပွဲကို (၁၄) ကြိမ်မြောက်ဆောင်ရွက်ခြင်းဖြစ်ပြီး ပြည်တွင်းရှိ အင်္ဂလိပ်စာ သင်ကြားပို့ချနေသော ဆရာ၊ ဆရာမများ အတွေ့အကြုံ၊ ဗဟုသုတဝေမျှနိုင်ရန်နှင့် သင်ကြားရေးနည်းစနစ်များ ဖြန့်ဝေနိုင်ရန်ဖွဲ့စည်းဆောင်ရွက်ထားခြင်းဖြစ်ကြောင်း သိရသည်။

ယခင်နှစ် နှီးနှောဖလှယ်ပွဲတွင် “အပြောင်းအလဲသဘောကို လက်ခံကျင့်သုံးခြင်း၊ အခက်အခဲကို အခွင့်အလမ်းအဖြစ်သို့ပြောင်းလဲယူခြင်း” ခေါင်းစဉ်ဖြင့် ဆောင်ရွက်ခဲ့ပြီး အလုပ်ရုံဆွေးနွေးပွဲ ၄၈ ခုပါဝင်ခဲ့ကာ မြန်မာနိုင်ငံရှိ သင်ကြားရေး နယ်ပယ်မှ လက်တွေ့သင်ကြားနေသော ဆရာ၊ ဆရာမများ၊ ဆရာဖြစ်သင်တန်းကျောင်းများတွင် သင်တန်းပို့ချနေသူများနှင့် ကျွမ်းကျင်ပုဂ္ဂိုလ်များ၊ နိုင်ငံခြားမှ ပညာရှင်များ ပါဝင်ဆွေးနွေးခဲ့ကြသည်။

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y | 93,000 |
| Galaxy GIO | 120,000 |
| Galaxy Ace | 138,000 |
| Galaxy Ace Plus | 175,000 |
| Galaxy Ace 2 | 185,000 |
| Galaxy S Advance | 235,000 |
| Galaxy S2 | 320,000 |
| Galaxy S3 | 435,000 |
| Galaxy Note II | 500,000 |
| Galaxy Tab 7.1 | 285,000 |

YANGON MOBILE ဆိုင်မှ ဈေးနှုန်းများဖြစ်သည်။

### HTC

| Model | Price |
|---|---|
| One X | 400,000 |
| Sensation XL | 362,000 |
| Desire VC | 240,000 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (64 GB) | 850,000 |
| iPhone 5 (32 GB) | 710,000 |
| iPhone 4s (64 GB) | 525,000 |
| iPhone 4s (32 GB) | 505,000 |
| iPhone 4s (16 GB) | 480,000 |

### Huawei

| Model | Price |
|---|---|
| C 8800 | 87,000 |
| C 8812 | 105,000 |
| C 8810 | 97,000 |
| T 8830 | 109,000 |
| U 8818 D | 110,000 |
| U 8951 | 125,000 |
| Y 300 C | 109,000 |
| C 8950 D | 170,000 |
| U 8950 D | 165,000 |
| Ascend P1 | 225,000 |

ဇူလိုင်(၂၇)ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Samsung (Smart LED) | S5500AR | 590,000 |
| Panasonic(LCD) | 32SC4S | 275,000 |
| Sony (LCD) | 35BX | 300,000 |
| Sony (LED) | 32EX33 | 340,000 |
| **DVD** | | |
| Samsung | BD-E 5500(Blu-ray 3D) | 120,000 |
| EVD (GE) | HDMI | 35,000 |
| EVD (AEK) | HDMI | 33,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RT25FGJA | 350,000 |
| Samsung | 19PTIX | 190,000 |
| Hitachi | 190W | 257,000 |
| Panasonic | NR.BT224 | 250,000 |
| **Washing** | | |
| Samsung | $WA95V_3$ | 180,000 |
| Samsung | WT10J | 175,000 |
| **Aircon** | | |
| Hitachi | 1.0HP(RAS-E1067) | 295,000 |
| Mitsubishi | 1.0HP(Heavy) | 250,000 |
| Samsung | (1.0HP)AS09TUQN | 245,000 |

အထက်ပါဈေးနှုန်းများမှာ ဇူလိုင်(၂၇) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၈၅၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၆၅၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၉၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၅,၅၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၅ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၇၈ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၉၀ |
| နေပြည်တော် စက်အုတ် (၁၀ ပေါက်) | တစ်လုံး | ၇၀-၈၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၁,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၀၀၀ |
| ကျောက် | တစ်ကျင်း | ၅၅,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၅၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၆၂၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၈၃၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၈၈၀ |
| Posco ကြယ်စိမ်း | ၁ ပေနှုန်း | ၄၄၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ် ၉။၁၀ ပေ) | ၁ ပေ | ၃၀၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ် ၁၁။၁၂ ပေ) | ၁ ပေနှုန်း | ၃၁၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |

အထက်ပါဈေးနှုန်းများမှာဇူလိုင်(၂၇)ရက်တွင်ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၅၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၆၀၀-၈၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၅၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၆၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၁၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၆၅၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၄၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၅၀၀ |
| အာလူး | တစ်ပိဿာ | ၈၀၀ |
| နို့ဆီ | တစ်ဘူး | ၅၀၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၇၅၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၂၀-၁၃၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၂၅၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၇,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၈,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၇,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၇,၀၀၀ |
| ခရမ်းချဉ်သီး (အင်းသီး) | ၁ သေတ္တာ | ၁၂,၀၀၀ ဝန်းကျင် |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၇၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၄,၅၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၂,၂၀၀-၂,၅၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၃၀၀-၂,၆၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၃၀၀-၃,၆၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၃၀၀-၂,၇၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၃,၀၀၀-၄,၂၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၆,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၆၀၀-၂,၀၀၀ |

ဇူလိုင်(၂၇)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane 1 Litre | Premier 1 Litre |
|---|---|---|---|---|
| Jul(21) | 814 | 890 | 900 | 920 |
| Jul(22) | 814 | 890 | 900 | 920 |
| Jul(23) | 814 | 890 | 900 | 920 |
| Jul(24) | 814 | 890 | 900 | 920 |
| Jul(25) | 814 | 890 | 900 | 920 |
| Jul(26) | 814 | 890 | 900 | 920 |
| Jul(27) | 814 | 890 | 900 | 920 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ် ရှိနိုင်သည်။

## Note Book

| | |
|---|---|
| **HP** | |
| Intel Core i5 1.7 GHz, 6GB DDR3, 500GB HDD, HD, 14" | 672,000 |
| Intel Core i5 2.5 GHz, 8GB DDR3, 540GB HDD, HD, 15.6" | 702,000 |
| Intel Core i5 2.5 GHz, 6GB DDR3, 500GB HDD, HD, 15.6" | 741,000 |
| Intel Core i7 2.4 GHz, 6GB DDR3, 750GB HDD, 15.6" | 1,023,000 |
| **MSI** | |
| Intel Core i3 2.3 GHz, 2GB DDR3, 500GB HDD, HD, 14" | 457,000 |
| Intel Core i5 2.5 GHz, 2GB DDR3, 500GB HDD,1GB VGA,14" | 619,000 |
| Intel Core i5 2.6 GHz, 4GB DDR3, 500GB HDD, 15.6" | 667,000 |
| Intel Core i7 2.4 GHz, 8GB DDR3, 750GB, 15.6" | 1,043,000 |
| **Dell** | |
| Intel Core i3 1.8 GHz, 6GB DDR3, 500GB HDD, HD, 13" | 485,000 |
| Intel Core i5 1.8 GHz, 4GB DDR3, 1TB HDD, 14" | 714,000 |
| Intel Core i5 1.7GHz,8GB DDR3,500GB HDD+8GB SSD,HD,14" | 841,000 |
| Intel Core i7 2.2 GHz, 8GB DDR3, 750GB HDD, HD, 15.6" | 975,000 |

7 DAY NEWS JOURNAL
Vol.12, No.21 • JULY 31 , 2013

# ‘ရဲခဏ ထောင်ခြောက်လ’

## တော်ဝင်ခရေ လိင်လုပ်သားကွန်ရက် (Sex Workers Network)အတွင်းရေးမှူးနှင့် တွေ့ဆုံခြင်း

**အောင်သူရ**

“ရဲခဏ၊ ထောင်ခြောက်လ”ဆိုသည့် စကားသည် ပြည့်တန်ဆာလုပ်ငန်း လုပ်နေသူများကြား ခေတ်စားလာသည် ။ ထို့ကြောင့်ပင် မြန်မာနိုင်ငံတစ်ဝန်း ပြည့်တန်ဆာလုပ်ငန်း လုပ်ကိုင်နေသူများကြားအပြန်အလှန် ကူညီရန် ကွန်ရက်တစ်ခုထူထောင်ခဲ့သည်။ ထိုမြန်မာ Sex Workers များ ကွန်ရက်ဒုတိယအကြိမ်နှစ်ပတ်လည်အစည်းအဝေးကို ဇူလိုင်လ ၂၉ ရက်တွင် ရန်ကုန်မြို့၊ Excel ဟိုတယ်၌ ကျင်းပခဲ့သည်။ ထိုအစည်းအဝေးကိုဦးဆောင်ကျင်းပခဲ့သော မြန်မာ Sex Worker များကွန်ရက်အတွင်းရေးမှူးအား တွေ့ဆုံမေးမြန်းခဲ့သည်များမှ ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**ပြည့်တန်ဆာလုပ်ငန်းလုပ်ကိုင်နေတဲ့ လူတွေမှာကြုံတွေ့နေရတဲ့အဓိကအခက်အခဲတွေက ဘာတွေလဲ။**

အများဆုံးတွေ့ကြုံရတာကတော့ ဥပဒေနဲ့ ပတ်သက်ပြီးလုပ်ငန်းခွင်ထဲမှာ အခက်အခဲတွေတွေ့နေရတယ်။ အဓိကတွေ့နေရတာကတော့ ဖမ်းဆီးနေတဲ့ အပိုင်းနဲ့ ပတ်သက်ပြီးတော့ အခက်အခဲအများဆုံးပေ့ါ။ နောက် စားဝတ်နေရေးအခက်အခဲပေ့ါ။ လူတွေက ထင်နေကြတာက ဒီမိန်းကလေးတွေကလွယ်လွယ်ရလို့လုပ်နေကြတာလို့ ထင်နေကြတာ။ လွယ်လွယ်နဲ့ပိုက်ဆံရနေတာကတကယ်ကို လူနည်းစုပဲဖြစ်တယ်။ အများအားဖြင့် ဒီလူတွေမှာ HIV ပိုးကူးစက်ခံနေရတယ်။ ငွေကြေးနည်းနည်းနဲ့ အန္တရာယ်တွေ အများကြီး ကြားထဲကနေ အလုပ်လုပ်နေတာပါ။ ဘယ်သူကမှတစ်သက်လုံးလုပ် မယ်ဆိုပြီးတော့လည်း မရည်ရွယ်ပါဘူး။

**ဖမ်းဆီးခံနေရတာ အဓိကပြဿနာဖြစ်နေတယ်ဆိုတော့ ဘယ်လိုပုံစံနဲ့ ဖမ်းနေကြတာလဲ။**

ဘယ်လိုပုံစံနဲ့ဖမ်းလဲဆိုတော့ပြည့်တန်ဆာနှိပ်ကွပ်ရေးဥပဒေရှိတယ်လေ။ ၃(က) ၃(ခ)နဲ့ဖမ်းနေတာတွေရှိတယ်။ စီမံချက်တွေချပြီးဖမ်းနေတာတွေရှိတယ်။ ကျော်စောနဲ့ဖမ်းနေတာတွေရှိတယ်။ ဖမ်းနေတဲ့ပုံစံတွေက တစ်မျိုးဖြစ်နေတယ်။ နိုင်ငံတော်က ထုတ်ထားတဲ့ ဥပဒေတွေ စည်းမျဉ်းစည်းကမ်းတွေကိုလိုက်နာလို့ရတယ်။ မဖမ်းနဲ့မဟုတ်ဘူး။ ဖမ်းရမယ်။ စည်းနဲ့ကမ်းနဲ့ရှိမှ အဆင်ပြေမှာ။ ဘယ်အလုပ်မှာပဲဖြစ်ဖြစ် ခြံစည်းရိုးဆိုတာရှိရမယ်။ တရားဝင် လိုင်စင်နဲ့ဆိုတာလည်း နိုင်ငံရဲ့ယဉ်ကျေးမှုဓလေ့စရိုက်အရ မဖြစ်နိုင်သေးဘူး။ ဖြစ်လည်းမဖြစ်သင့်ဘူး။ လက်ရှိမှာမဖြစ်သင့်ဘူး။ ဒါပေမဲ့ လက်ရှိဖြစ်နေတာက ထုတ်ထားတဲ့ဥပဒေနဲ့ လုပ်နေတာတွေက တစ်မျိုးစီဖြစ်နေတယ်။

**အခုလိုပြည့်တန်ဆာပပျောက်ရေးဆိုပြီး ဖမ်းဆီးနေတာတွေရဲ့နောက်ဆက်တွဲ ဘာတွေဖြစ်နေလဲ။**

ဖမ်းတယ်ဆိုပေမယ့် မပျောက်ဘူး။ ပြည့်တန်ဆာဆိုတာခုမှရှိတာမဟုတ်ဘူး။ ဟိုးအရင်းကတည်းက ရှိတာ။ နောက်တစ်ခုက HIV/AIDS ရောဂါသည်တွေအများကြီးဖြစ်လာနိုင်တယ်။ ဖမ်းနေတာက ကျွန်မတို့အတွက် အဖြေမဟုတ်ဘူး။ နောက်ဆက်တွဲဆိုးကျိုးက HIV/AIDS တွေကူးစက်မှုက အများကြီး ဖြစ်လာနိုင်တယ်။ ဖမ်းနေတဲ့အတွက် ကောင်မလေးတွေက ကွန်ဒုံးမဆောင်ရဲဘူးဖြစ်နေတယ်။

**အခုလိုဖမ်းဆီးနေတဲ့ကြားက ပြည့်တန်ဆာအမျိုးသမီးတွေ များလာတာတွေ့လာရတယ်။ ဘာကြောင့် အခုလိုဖြစ်လာတာလို့ ထင်လဲ။**

အဓိက မိန်းကလေးအများစုက ပညာအရည်အချင်းနည်းပါးတယ်။ အတန်းပညာမသင်ခဲ့ရတာများတယ်။ စားဝတ်နေရေးအရဆိုရင် အလုပ်အကိုင်အခွင့်အလမ်းနည်းပါတယ်။ ပထမဦးဆုံးသူတို့ကိုယ်တိုင် အလုပ်ပေါင်းစုံ လုပ်ကြည့်ကြတာပဲ။ လုပ်ရင်းလုပ်ရင်းနဲ့ နယ်က လူတွေကိုယ်တိုင်က မြို့ရွာတွေမှာ မိသားစုတွေကျန်ခဲ့တယ်။ မိသားစုကိုပိုက်ဆံထောက်ပံ့ချင်တယ်။ ရနေတဲ့စက်ရုံအလုပ်ရုံက လစာက သုံးသောင်း၊ လေးသောင်း၊ ငါးသောင်းအပြင်ပိုမရဘူး။ သူတို့မှာ အဆောင်လခရှိတယ်။ သူ့တစ်ယောက်စာ စားစရိတ်ရှိတယ်။ တခြားစရိတ်တွေရှိတယ်။ အဲဒီစရိတ်တွေအပြင် မိသားစုကိုထောက်ပံ့ဖို့ဆိုတော့ ဒီလိုမျိုးနဲ့ပဲဖြစ်တာကြတာများတယ်။ အဓိက ပြောရမယ်ဆိုရင် စားဝတ်နေရေးအဆင်မပြေဘူး။ အလုပ်အကိုင်အခွင့်အလမ်းတွေ ရှားပါးတယ်။

**အဖမ်းခံရတဲ့လူတွေက ရဲစခန်းတွေမှာ၊ တရားရုံးတွေမှာ ဘယ်လိုရင် ဆိုင်ကြရလဲ။**

အဖမ်းခံရတဲ့အခါမှာ သူတို့တွေမှာ ဘယ်လိုပုဒ်မနဲ့ ဖမ်းသွားတယ်ဆိုတာကို မသိဘူး။သိခွင့်လည်းမရဘူး။ ပြီးရင် သက်သေအထောက်အထား ခိုင်ခိုင်လုံလုံနဲ့စီရင်ချက်ချခဲ့တယ်ဆိုတာ မရှိခဲ့ဘူး။ ဒါကြောင့် နောက်ပိုင်းမှာ ကွန်ဒုံးမကိုင်ရဲဘူး။ တချို့အိမ်တွေမှာ ကွန်ဒုံးလုံးဝမထားရဲဘူး။

**အခုလိုတစ်နိုင်ငံလုံးကွန်ရက်ကြီးဖွဲ့ပြီး စုပေါင်းလုပ်ရတဲ့ ရည်ရွယ်ချက်ကိုလဲရှင်းပြပေးပါအုံး။**

ဒီကွန်ရက်စဖွဲ့စည်းရတဲ့ရည်ရွယ်ချက်က HIV,AIDS ပိုးစသိတဲ့လူတွေကနေ HIV,AIDS ကူးစက်မှုလျော့ကျဖို့ရယ် နောက်ပြီး တော့ လုံးဝ HIV ပိုးကင်းစင်အောင် ကာကွယ်ရေးလုပ်ငန်းတွေမှာ AIDS ကူးစက်ခံစားနေရတဲ့ လူတွေရဲ့ လူမှုရေးဒုက္ခ၊ စီးပွားရေးဒုက္ခ၊ ကျန်းမာရေးဒုက္ခတွေကို ကျွန်မတို့ ဝိုင်းပြီး ကိုယ့်ဘဝတူအချင်းချင်းစောင့်ရှောက်သွားမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဖွဲ့ခဲ့တာပါ။

**မကြာသေးခင်ရက်ပိုင်းက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနဲ့ နောက်ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ခဲ့တဲ့အခါမှာဘာတွေတင်ပြခဲ့လဲ။**

အဓိကတော့ Sex Workers အမျိုးသမီးတွေကို နှိပ်ကွပ်ရေးဥပဒေအစား အမျိုးသမီးတွေကိုကာကွယ်တဲ့ ဥပဒေတွေလည်းလိုအပ်ပါတယ်လို့တင်ပြဆွေးနွေးခဲ့တယ်။HIV,AIDS ရောဂါကျဆင်းရေးအတွက် လုပ်နေတဲ့ နေရာမှာ အဟန့်အတားဖြစ်နေတဲ့ အဖမ်းအဆီးတွေ ရှိတယ်။ပညာပေးသွားတဲ့အခါမှာ ကောင်းမလေးတွေက စိတ်မဝင်စားတော့ဘူး။ကွန်ဒုံးလုံးဝပေးလို့ မရတော့ဘူး။ အဲဒီအခါကျတော့ နောက်ဆက်တွဲဆိုးကျိုးတွေက ဘာကိုစိတ်ပူလဲဆိုတော့ HIV,AIDSကူးစက်နှုန်းက အခုချိန်မှာ လျော့နေပေမယ့် ကူးစက်နှုန်းများလာမှာကို စိုးရိမ်ရတယ်။ အဲဒီအတွက် HIV, AIDS ကာကွယ်ရေးလုပ်ငန်းတွေမှာ အဟန့်အတားဖြစ်နေတဲ့ ပုဒ်မတွေကို တင်ပြခဲ့တယ်။

**အခုလိုဖြေကြားပေးတဲ့ အတွက် ကျေးဇူးတင်ပါတယ်။**



### ၂၀၁၃ ဇူလိုင် ၃၁ မှ ဩဂုတ် ၆ ရက်အထိ
### မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်မှာ အများအားဖြင့် မုတ်သုံလေအားကောင်းနိုင်ပါတယ်။ ကျွန်ကပ္ပလီပင်လယ်ပြင်မှာ အားအသင့်အတင့်ရှိနိုင်ပါတယ်။ ဘင်္ဂလားပင်လယ်အော်အနောက် မြောက်ပိုင်းတွင်လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ပေါ်လာနိုင်သော်လည်း မုန်တိုင်းဖြစ်လာနိုင်ရန် အခြေအနေမရှိပါ။ တောင်တရုတ်ပင်လယ်ပြင်မှာ လေထုမငြိမ်သက်မှုဖြစ်နိုင်ပြီး၊ မုန်တိုင်းတစ်ကြိမ်ဖြစ်လာနိုင်ပါတယ်။ အဆိုပါမုန်တိုင်းဟာ အနောက်မြောက်ဘက်ကို ဦးတည်ရွေ့လျားမှုကြောင့် အောက်မြန်မာနိုင်ငံတွင်ဖြစ်ပေါ်နေသော ရေကြီးမှုကိုပိုမိုတိုးလာစေနိုင်ပါတယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြန်မာ့ကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်မှာ မကြာခဏ မိုးသက်လေပြင်းများ ကျရောက်နိုင်ပြီး လှိုင်းကြီးနိုင်ကာ လှိုင်းအမြင့် (၈) ပေမှ (၁၀) ပေခန့်ရှိနိုင်ပါတယ်။ မိုးသက်လေပြင်းကျစဉ် မြေပြင်ရေပြင်လေဟာ တစ်နာရီ (၃၅-၄၀)မိုင်အထိ တိုက်ခတ်နိုင်ပါတယ်။

**နေ့အပူချိန်များအခြေအနေ**

မန္တလေးတိုင်းဒေသကြီးနဲ့စစ်ကိုင်း တိုင်းဒေသကြီးမှာနေ့အပူချိန်များဟာ 33 C-36 C နဲ့ကျန်ပြည်နယ်နဲ့တိုင်း ဒေသကြီးတွေမှာ 23C-31C ရှိနိုင်ပါတယ်။

**ခရမ်းလွန်ရောင်ခြည်အခြေအနေ**

စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် uv index တန်ဖိုး ၇ ခန့်နဲ့ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းတို့တွင် uv index တန်ဖိုး ၅ ခန့်၊ ကျန်မြန်မာနိုင်ငံတစ်ဝန်း လုံးတွင် uv index တန်ဖိုး ၆ ခန့်ရှိနိုင်ပါတယ်။

**မိုးတိမ်တောင်အခြေအနေ**

မြန်မာနိုင်ငံမြောက်ပိုင်းနဲ့ အလယ်ပိုင်း ဒေသများတွင် လေးရက်မှငါးရက်ခန့် မိုးတိမ်တောင်များဖြစ်ရန် အခြေအနေများရှိနေပြီး မိုးတိမ်တောင်များဖြစ်ရန် သေချာမှု ၃၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းအထိရှိနိုင်ပါတယ်။

**မိုးရွာသွန်းမှုအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးနဲ့ မန္တလေး တိုင်းဒေသကြီးတို့မှာ နေရာကွက်ကျား၊ ကျန်တစ်ပြည်လုံးတွင် နေရာကျဲ ကျဲမှ နေရာစိပ်စိပ် ငါးရက်မှ ခုနစ်ရက်ခန့် မိုးရွာသွန်းနိုင်ပါတယ်။ ရွာရန် ရာနှုန်း ၈၀ ရာခိုင်နှုန်း ၁၀၀ ရာခိုင်နှုန်းအထိရှိပါတယ်။ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်အရှေ့ပိုင်းနဲ့ ရခိုင်ပြည်နယ်တို့တွင် နှစ်ရက်မှ သုံးရက်ခန့် နေရာကွက်ပြီး မိုးကြီးနိုင်ပါတယ်။

ASIA CALCIUM CO.,LTD

PVC ပလတ်စတစ်လုပ်ငန်း ၊ သဘော်ဆေး ၊ သွားတိုက်ဆေး စက်ရုံများအတွက်



Calcium Carbonate
300 mesh 800 mesh
400 mesh 1000 mesh
600 mesh 1250 mesh
စသည့် mesh အမျိုးမျိုးရရှိနိုင်ပါသည်။

ဆက်သွယ်ရန် ➡ အမှတ် ၀၀-၈ / (၂၇.၄၁.၄၂) ၊ ၆၁ × ၆၂ လမ်းကြား၊ အနော်ရထာလမ်း၊ မန္တလေးမြို့။
09-403700377, 09-2000110, 09-403700388

ဖိတ်ကြားလွှာ

စစ်သူနာပြုဗိုလ်လောင်းအမှတ်စဉ် (၄) ၏ နှစ် (၅၀) ရွှေရတုနှင့် အာစရိယပူဇော်ပွဲ အခမ်းအနား ကျင်းပမည်ဖြစ်ပါ၍ ဆရာ-ဆရာမများ၊ အစ်မကြီးများနှင့် ညီမများ တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**အခမ်းအနားအစီအစဉ်**

ကျင်းပမည့်နေ့ - ၄.၈.၂၀၁၃ (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နေ့လယ် ၂ နာရီမှ ၄ နာရီထိ
ကျင်းပမည့်နေရာ - တော်ဝင်နှင်းဆီ၊ သီရိခန်းမ၊ အရှေ့ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်။

အမှတ်စဉ် ၁၊ ၂၊ ၃မှ အစ်မကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်။ အမှတ်စဉ်၅ မှစ၍ညီမများ တက်ရောက်နိုင်ခြင်း ရှိ၊ မရှိ အောက်ပါ ဖုန်းနံပါတ်တစ်ခုခုသို့ ပြန်ကြားပေးပါရန်။

ဗိုလ်ကြီး ဒေါ်စုစု (ငြိမ်း) - ၀၉-၈၅၂၈၀၉၀
ဗိုလ်ကြီး ဒေါ်တင်ထန်း (ငြိမ်း) - ၀၉-၅၀၀၈၃၂၀
ဗိုလ်မှူးဒေါ်အုန်းရီ (ငြိမ်း) - ၀၀-၅၆၃၀၇၃
ဗိုလ်ကြီး ဒေါ်မွှေးမွှေး (ငြိမ်း) - ၀၀-၅၇၉၅၅၃

# Technology

7 DAY NEWS JOURNAL

Vol.12, No.21 • JULY 31 , 2013


# လေးလအတွင်း ကျပ် ၁,၅၀၀ တန်ဆင်းမ်ကတ် အလုံးရေ ၁၄ သိန်းရောင်းချပေး

**ဆွေမွန်**

**ရန်ကုန်၊ဇူလိုင်-၂၇**

ကျပ် ၁,၅၀၀ တန်ဆင်းမ်ကတ်များကို ဇူလိုင်လတွင် ချပေးမည့် ကတ်ရေ သုံးသိန်းခွဲကိုပါ တွက်ချက်ပါက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ယခုစတုတ္ထအသုတ်အပါအဝင် ဆင်းမ်ကတ်ရေ ၁၄ သိန်း ရောင်းချပြီးဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါဆင်းမ်ကတ်များကို ဧပြီလနောက်ဆုံးပတ်မှစတင်၍ ရောင်းချပေးခဲ့ခြင်းဖြစ်ပြီး ဧပြီ၊ မေ၊ ဇွန်၊ ဇူလိုင်စသည့် လများ၌ တစ်လလျှင် ကတ်ရေ သုံးသိန်းခွဲဖြင့် ရောင်းချပေးခဲ့ရာ ယခုအခါ ၁၄ သိန်းရောင်းချပေးပြီး ဖြစ်သည်။

ကျပ်၁၅၀၀တန်ဆင်းမ်ကတ်များကိုမြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ ချထားပေးရာတွင် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းမှ ထုတ်လုပ်ပေးပြီး ယခင်လများက CDMA 800MHz ဆင်းမ်ကတ်များကို ရောင်းချပေးခဲ့ရာ ဇူလိုင်လတွင် GSM ဆင်းမ်ကတ်နှစ်သိန်းကို ပါစတင်၍ ကျပ် ၁,၅၀၀ဖြင့် ရောင်းချပေးခဲ့ခြင်းဖြစ်သည်။

"အရင်က CDMA ကဆင်းမ်ကတ်တွေကို ကျပ် ၁,၅၀၀ နဲ့ ရောင်းတယ်။ အခုကလည်း မြန်မာ့ဆက်သွယ်ရေးက GSMတွေကို ချထားပေးဖို့ပြောတော့ ဒီဖုန်းတွေကိုလည်း တန်ဖိုးနည်းဖုန်းနှုန်းအတိုင်း ကျပ် ၁,၅၀၀ နဲ့ပဲ ရောင်းပေးတာပါ"ဟု မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းမှ တာဝန်ရှိသူတစ်ဦးက ဇူလိုင်လဆန်းကပြောကြားသည်။

ယခု ၂၀၁၃-၁၄ ဘဏ္ဍာနှစ်အတွက် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနအနေဖြင့်ဆင်းမ်ကတ် ၁၀ သန်းရောင်းချပေးသွားရန် ရည်ရွယ်ထားပြီး ဘဏ္ဍာနှစ်၏ ပထမလေးလတွင် ဆင်းမ်ကတ် ၁၄သိန်းကျော် ရောင်းချပေးခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ၂၀၁၄-၁၅ ဘဏ္ဍာနှစ်တွင် ဆင်းမ်ကတ် ၁၄ သိန်း၊ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် ဆင်းမ်ကတ် ၁၅ ဒသမ ၅သန်းရောင်းချပေးသွားရန် ရည်ရွယ်ထားပြီး စုစုပေါင်း သုံးနှစ်အတွင်း မိုဘိုင်းလ်ဆင်းမ်ကတ်၃၉ဒသမ၅သန်းရောင်းချသွားရန် စီစဉ်ထားကြောင်း ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

၂၀၁၅-၁၆ ဘဏ္ဍာနှစ် ကုန်ဆုံးပါက မြန်မာနိုင်ငံရှိလူဦးရေ၏ ၇၅ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအထိ ဖုန်းသုံးစွဲမှုနှုန်းမြင့်တက်လာရန် ရည်ရွယ်ထားပြီး လက်ရှိတွင် ပြည်ပမှ မိုဘိုင်းလ်အော်ပရေတာ လုပ်ကိုင်ခွင့်ရရှိသည့် ကုမ္ပဏီ နှစ်ခုကလည်း တစ်နှစ်အတွင်း မိုဘိုင်းဖုန်းဝန်ဆောင်မှုများပေးသွားရန် စီစဉ်လျက်ရှိသည်။

# ကမ္ဘာ့အပါးလွှာဆုံး Huawei Ascend P6 ဟန်းဆက် ပြည်တွင်း၌ စတင်ဖြန့်ချိ



**ဆွေမွန်**

**ရန်ကုန်၊ ဇူလိုင်-၂၈**

Huawei မှ အသစ်ထုတ်လုပ်ထားသည့် ကမ္ဘာ့အပါးလွှာဆုံးစမတ်ဖုန်းဆိုသည့် Ascend P6ကို ပြည်တွင်း၌ ဇူလိုင် ၂၈ ရက်တွင် Huaweiက စတင်ရောင်းချပေးခဲ့သည်။

အဆိုပါဖုန်းကို Huawei ကုမ္ပဏီမှ မြန်မာနိုင်ငံ၌ ဇူလိုင် ၂၈ ရက်တွင် တရားဝင်ထပ်မံဖွင့်လှစ်သည့် ဒုတိယဆိုင်ဖွင့်ပွဲ၌ စတင်မိတ်ဆက်ရောင်းချပေးခဲ့ခြင်းဖြစ်သည်။

စတင်မိတ်ဆက်ရောင်းချပေးရာတွင် Ascend P6 ဖုန်းကို ဈေးနှုန်းအားဖြင့် ကျပ် ၃၈၀,၀၀၀ ဖြင့် ရောင်းချပေးခြင်းဖြစ်ပြီး ဟန်းဆက်ဝယ်ယူသူများကို အခြားသော လက်ဆောင်ပစ္စည်းများလည်း ထည့်သွင်းပေးကြောင်း Huawei ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

Ascend P6 ဖုန်း၏ အလေးချိန်မှာ 120 g ရှိပြီး အထူမှာ 6.18 mm ရှိရာ ကမ္ဘာ့အပါးလွှာဆုံးဖုန်းအဖြစ် သတ်မှတ်ခံထားရခြင်းဖြစ်ကြောင်း သိရသည်။ လက်ရှိတွင် ပြည်တွင်းသို့ တင်သွင်းရောင်းချသည့် ဖုန်းအလုံးရေကို အတိအကျ ထုတ်ပြန်ကြေညာခြင်းမရှိသေးဘဲ ယနေ့စတင်မိတ်ဆက်ရောင်းချခြင်းသာဖြစ်ကြောင်း သိရသည်။

Huawei ကုမ္ပဏီမှ Ascend P6 မိတ်ဆက်ပွဲနှင့်တကွ မြန်မာနိုင်ငံတွင် ဒုတိယဆိုင်ဖွင့်ပွဲကျင်းပခဲ့ရာ ထပ်မံ၍ ရန်ကုန်မြို့၌ ဆိုင်ပေါင်း ၂၀ ခန့်ဖွင့်လှစ်သွားမည်ဖြစ်ပြီး တစ်နိုင်ငံလုံးအနေဖြင့် Huawei အမှတ်တံဆိပ်ဆိုင် ပေါင်း ၆၀ ကျော်ဖွင့်လှစ်သွားရန် ရည်ရွယ်ထားကြောင်း Huawei ကုမ္ပဏီ၏ အရာရှိတစ်ဦးက ပြောသည်။

လက်ရှိတွင် ပြည်တွင်း၌ ဝန်ဆောင်မှုစင်တာနှစ်ခုဖွင့်လှစ်ပြီးဖြစ်ရာ ထပ်မံ၍ ၂၀ ကျော်ဖွင့်လှစ်သွားရန် စီစဉ်ထားသည်။

# iPad ရောင်းအား ပထမဆုံးအကြိမ် ကျဆင်းကြောင်း Apple ကြေညာ

**ဆန်ဖရန်စစ္စကို၊ဇူလိုင်-၂၇**

၂၀၁၃ ခုနှစ် ဇွန်လ ၃၀ ရက်တွင် အဆုံးသတ်သည့်လေးလတာကာလအတွင်း iPad အလုံးရေ ၁၄ ဒသမ ၆ သန်း ရောင်းချခဲ့ရပြီး ၂၀၁၂ ခုနှစ် ထိုကာလတွင် ရောင်းချရမှုထက် ၁၄ ရာခိုင်နှုန်း လျော့နည်းသွားခဲ့ကြောင်း Apple ကုမ္ပဏီက ကြေညာသည်။

ယင်းမှာ iPad စတင်ရောင်းချသည့် ၂၀၁၀ပြည့်နှစ်မှစ၍ ရောင်း အားကျဆင်းမှု ပထမဆုံးအကြိမ်ဖြစ်သည်။ လူကြိုက်များသော An-driod OS အသုံးပြုသည့်ပြိုင်ဘက် ထုတ်ကုန်များ တိုးပွားလာသောကြောင့် Apple ကုမ္ပဏီသည် ပိုမိုခက်ခဲသောပြိုင်ဆိုင်မှုကို ရင်ဆိုင်လာရဖွယ်ရှိသည်။ ၂၀၁၄ ခုနှစ်အတွင်း သင်ပုန်းကွန်ပျူတာ ရောင်း ချမှု၏ ၄၂ ရာခိုင်နှုန်းမှာ Andriod OS အသုံးပြုသည့် ကိရိယာများ ဖြစ်လိမ့်မည်ဟု လေ့လာရေးလုပ်ငန်း မိတ်ဖက်က ဟောကိန်းထုတ်ထားသည်။

Apple ကုမ္ပဏီ၏ iPad ရောင်းအားကျဆင်းခဲ့သော်လည်း iPhone ရောင်းအားမှာ အလုံးရေ ၃၁ ဒသမ ၂သန်းရှိခဲ့ပြီး ၂၀ ရာခိုင်နှုန်း ပိုများလာသည်။ Apple ကုမ္ပဏီ၏ Mac ကွန်ပျူတာရောင်းအားမှာလည်း ငါးရာခိုင်နှုန်း ကျဆင်းခဲ့ပြီး သုံးလတာကာလတွင် ကွန်ပျူတာအလုံးရေ ၃ ဒသမ ၈ သန်းသာ ရောင်းချခဲ့ရသည်။

—Ref: AFP




# Intel ကုမ္ပဏီ စွမ်းအားပြည့် Sever Chip များ၏ တစ်ဆင့်နိမ့်အမျိုးအစား ထုတ်လုပ်မည်

**ဆန်ဖရန်စစ္စကို၊ဇူလိုင်-၂၇**

မိုက်ခရို Chip ထုတ်လုပ်သော Intel ကုမ္ပဏီက စွမ်းအားပြည့်ဆာဗာပရိုဆက်ဆာများ၏ တစ်ဆင့်နိမ့်အမျိုးအစားများ ထုတ်လုပ်ရန် စီစဉ်နေကြောင်း ပြောသည်။

Intel ကုမ္ပဏီသည် စွမ်းအင်နိမ့် Server Chip အဖြစ် အသုံးပြုနိုင်ရန် Atom မိုဘိုင်းဖုန်းChip များကို အနည်းငယ်ပြောင်းလဲ၍ ထုတ်လုပ်ထားပြီးဖြစ်သည်။ Intel ကုမ္ပဏီက ဆက်သွယ်မှုနှင့် မှတ်ဉာဏ်အပါအဝင် အသင့်ထည့်သွင်းပြီး ကဏ္ဍများနှင့်အတူ စွမ်းအားပြည့် Xeon ပရိုဆက်ဆာ၏ စွမ်းအားနိမ့်ပုံစံများ ထုတ်လုပ်သွားမည်ဟု သတင်းဌာနများနှင့် လုပ်ငန်းလေ့လာသူများ ပါဝင်သည့် အခမ်းအနားတစ်ခု၌ Intel ကုမ္ပဏီက ကြေညာခဲ့သည်။

Intel မှ ထုတ်လုပ်မည့် စွမ်းအားနိမ့်ပုံစံ ပရိုဆက်ဆာများသည် စမတ်ဖုန်းများ၊ သင်ပုန်းကွန်ပျူတာများတွင် အသုံးပြုထားသည့် အစဉ်အလာအသုံးပြုသော မြင်းကောင်ရေအား စွမ်းအင်မရှိသည့် ဆာဗာပရိုဆက်ဆာများနှင့် ဆင်တူသည်။ ကြာရှည်စွာအသုံးပြုနိုင်သည့် ပရိုဆက်ဆာအနည်းငယ်အစား စွမ်းအားနိမ့် Chip အများအပြားပေါင်းစပ်ထားသည့် Data Center များသည် လျှပ်စစ်သုံးစွဲမှုပမာဏကို လျှော့ချပေးပြီး ကုန်ကျစရိတ်အနည်းငယ်နှင့်ကွန်ပျူတာအသုံးချမှုစွမ်းအား ပိုမိုရရှိစေမည်ဖြစ်သည်။

Intel ကုမ္ပဏီသည် Laptop များအတွက်လည်း ပရိုဆက်ဆာစနစ်များ ထုတ်လုပ်ရန် စတင်နေကြောင်း သိရသည်။ Intel ကုမ္ပဏီသည် တစ်ကိုယ်ရေသုံး ကွန်ပျူတာ PC နှင့် ဆာဗာဈေးကွက်များကို သိမ်းပိုက်ထားသော်လည်း မိုဘိုင်းဖုန်းဈေးကွက်အတွက် ပရိုဆက်ဆာများ ထုတ်လုပ်ရန် နှောင့်နှေးခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

—Ref: Reuters




# ကျပ်၁,၅၀၀ တန် ဆင်းမ်ကတ်များအတွက် Hello Music Ringtone ဝန်ဆောင်မှု စတင်

**ဆွေမွန်**

**ရန်ကုန်၊ ဇူလိုင်-၂၇**

ကျပ် ၁,၅၀၀ တန် ဆင်းမ်ကတ်များအတွက် သီးသန့်အသုံးပြုနိုင်မည့် ဖုန်းခေါ်ဆိုနေစဉ် ခေါ်ဆိုသူထံမှ ကြားရမည့် Default Ringtone အစား သီချင်းသံများဖြင့် အစားထိုးအသုံးပြုခြင်းကို စတင်ဝန်ဆောင်မှုပေးနေပြီ ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ ဖုန်းများအတွက် ထုတ်လုပ်ရောင်းချပေးသည့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း (MEC)နှင့် Myanmar Telecommunication & Technology Service (MTS) တို့ ပူးပေါင်းဝန်ဆောင်မှုပေးခြင်းဖြစ်ပြီး ထိုဝန်ဆောင်မှုဖြစ်သည့် Hello Music ကို CDMA 800 MHz ဖုန်းများတွင် အသုံးပြုနိုင်မည်ဖြစ်သည်။

အဆိုပါဝန်ဆောင်မှုရရှိရန်အတွက် MEC မှ တာဝန်ယူဆောင်ရွက်နေသည့် 1212 Call Center သို့ဆက်သွယ်ဝန်ဆောင်မှုရယူနိုင်ပြီးနံပါတ် ၃၃၃ သို့ Register ဟု ရိုက်နှိပ်ကာ SMS ပေးပို့၍လည်း အဆိုပါသီချင်းဝန်ဆောင်မှုကို ရယူနိုင်ကြောင်း MTS ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

Hello Music ဝန်ဆောင်မှုအသုံးပြုသူများအနေဖြင့် ကြိုတင်ငွေဖြည့်ကတ်အတွင်းမှ လစဉ်ကြေးအဖြစ် ကျပ် ၂,၀၀၀ ဖြတ်တောက်မည်ဖြစ်ပြီး တေးသီချင်းသံစဉ် ဝယ်ယူအသုံးပြုခအဖြစ် သံစဉ်တစ်ပုဒ်လျှင် ကျပ် ၃၀၀ပေးသွင်းရမည်ဖြစ်သည်။

အဆိုပါ ဝန်ဆောင်မှုများတွင် ပြည်တွင်းသီချင်းများ၊ အင်္ဂလိပ်သီချင်းများ၊ ကိုရီးယားသီချင်းများ၊ တရုတ်သီချင်းများ၊ အိန္ဒိယသီချင်းများ၊ ဂျပန်သီချင်းများ၊ တိုင်းရင်းသားသီချင်းများအပြင် စိတ်ကြိုက်ဖန်တီးထားသည့် သံစဉ်များကို Upload ပြုလုပ်၍ ဖုန်းသံစဉ်များ အသုံးပြုနိုင်သည်။

လက်ရှိတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဂျီအက်စ်အမ်နှင့် စီဒီအမ်အေ ဖုန်းများအား ဖုန်းခေါ်ဆိုရာတွင် ကြားရသည့် အဆိုပါသံစဉ်ဝန်ဆောင်မှုစနစ်ကို Fortune International နှင့် Y-Tunes ကုမ္ပဏီတို့က ဝန်ဆောင်မှုပေးလျက်ရှိသည်။

Hello Music ဝန်ဆောင်မှု ရယူလိုသူများအနေဖြင့် သီချင်းများအား www.mghellomusic.com နှင့် www.myhellomusic.com တို့တွင် သီချင်းများ ရွေးချယ်နိုင်ပြီး မိမိထည့်သွင်းလိုသည့် သီချင်း ဝက်ဘ်ဆိုက်တွင် မရှိပါက Call Center 1212 နှင့် ဝက်ဘ်ဆိုက်တို့တွင် တောင်းဆိုနိုင်သည်ဟု ဆိုသည်။

# အင်္ဂလိပ်စာဆရာ၊ ဆရာမများအွန်လိုင်းပညာသင်ဆုလျှောက်ထားရက် တိုးမြှင့်

**နေလင်းထွန်း**

**ရန်ကုန်၊ ဇူလိုင်-၂၇**

အင်္ဂလိပ်စာ ဆရာ၊ ဆရာမများအတွက် အင်္ဂလိပ်ဘာသာစကားသင်ကြားမှုစွမ်းရည်မြင့်မားလာစေရန် အွန်လိုင်းအဝေးသင်ပညာသင်ဆုအစီအစဉ် လျှောက်ထားရမည့် နောက်ဆုံးရက်ကို အောက်တိုဘာလကုန်အထိ တိုးမြှင့်သတ်မှတ်လိုက်ကြောင်း အမေရိကန်သံရုံးက သတင်းထုတ်ပြန်ထားသည်။

အွန်လိုင်းအဝေးသင်ပညာသင်ဆုအစီအစဉ်ကို မူလက ဇူလိုင် ၁၅ရက် နောက်ဆုံးလျှောက်ထားရန် သတ်မှတ်ထားသော်လည်း ယခုအခါနှစ်လကျော် နောက်ဆုတ်၍ လျှောက်ထားနိုင်ကြောင်း ကြေညာထားသည်။

အင်္ဂလိပ်စာဆရာ၊ ဆရာမပညာသင်ဆုအစီအစဉ်လျှောက်ထားသူများသည် အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှု TOEFL ရမှတ် ၅၂၅ရရှိထားရမည်ဖြစ်ပြီး ကွန်ပျူတာ၊ အင်တာနက်ကျွမ်းကျင်ရမည်ဖြစ်သည်။

အဆိုပါအွန်လိုင်းအဝေးသင် အင်္ဂလိပ်စာသင်ခန်းစာသည် သင်တန်းကာလဆယ်ပတ်ကြာမြင့်မည်ဖြစ်ပြီး ထူးချွန်သူများမှာ အမေရိကန်နိုင်ငံတွင်သုံးပတ်ကြာ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။

ပညာသင်ဆုအတွက် ရွေးချယ်ခံရသူများသည် အမေရိကန်ကျွမ်းကျင်သူများထံမှ အင်္ဂလိပ်ဘာသာစကားပို့ချမှုစွမ်းရည်မြင့်မားရေးဆိုင်ရာ လမ်းညွှန်များရရှိမည်ဖြစ်ပြီး အဝေးသင်ပညာရေးစနစ်များကိုလေ့လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

အင်္ဂလိပ်ဘာသာစကားသင်ကြားပို့ချမှုစွမ်းရည်မြင့်မားလိုသူများသည် www.burma.usembassy.gov တွင်ဝင်ရောက်ကြည့်ရှုလျှောက်ထားနိုင်မည်ဖြစ်သည်။

# အားလုံး ယူကြသည်

လွင်ချန်ဖြိုး(နတ်မောက်)



ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွတိုင်းပြည်နှင့် လူမျိုးအကျိုးကို အမှန်တကယ် စွမ်းဆောင်ခဲ့သည့် မျိုးချစ်ပုဂ္ဂိုလ်များက လွဲလျှင် အခြားသူအားလုံးသည် အကုန်လုံး ယူသူတွေချည်း ဖြစ်ပါလိမ့်မည်။ ယူရန် အခွင့်အလမ်းသာသူ၊ ယူရန် လွယ်ကူသူ၊ ရာထူးအာဏာပြကာ ယူနိုင်သောသူများသည် ခေတ်အဆက်ဆက်ပို၍ ယူခဲ့ကြပါသည်။ ယူသင့်သည်များအပြင် မယူသင့်၊ မယူအပ်သည်များ၊ အများသူငါနှင့် ဆိုင်သည့် ယူခွင့်မရှိသည်များကိုပင် ရအောင်ဖန်တီးယူသွားခဲ့ကြပါသည်။ ရှားပါးပြီး သမိုင်းဝင် မဟုတ်သော သာမန်ပစ္စည်းများ၊ တံစိုးလက်ဆောင်များ၊ ခေတ်ပေါ်အသုံးအဆောင်များကို ယူသွားကြခြင်းသည် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ဘာမျှမဖြစ်ပါ။ နစ်နာဆုံးရှုံးမှု မရှိပါ။ သို့သော် တန်ဖိုးမဖြတ်နိုင်သော ပြန်လည်အစားထိုး၍ မရနိုင်သော ရှေးဟောင်းအမွေအနှစ်များ၊ ကမ္ဘာပေါ်တွင် မည်သည့်နေရာမှာမျှ မရှိနိုင်၊ မတွေ့နိုင်သောလက်ရာမွန်များ၊မြန်မာပြည်က သမိုင်းဝင်ပုဂ္ဂိုလ်များ၏ အသုံးအဆောင်များ၊ မူရင်းပစ္စည်းများကိုယူသွားခဲ့ကြလျှင်မူပြည်သူများအနေဖြင့် ကျေနပ်ကြလိမ့်မည် မဟုတ်ပါ။ တိုင်းပြည်နှင့် ပြည်သူလူထုကို မထီမဲ့မြင်ပြုသည့် လုပ်ရပ်များ ဖြစ်ပါသည်။

စာရေးသူနေထိုင်သည့်မုံရွာမြို့၏ တောင်ဘက် ၁၃ မိုင်ခန့်အကွာတွင် အမြင့်မြို့ဟောင်း ရှိပါသည်။ ထိုဒေသသည် ကျန်စစ်သားမင်းကြီးနှင့်မင်းကြီးမင်းလက်ဝါးတို့၏ သမိုင်းဖြစ်စဉ်များနှင့် ဆက်နွှယ်နေသော ရှေးဟောင်းပစ္စည်း၊ ရှေးဟောင်းလက်ရာ၊ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ဖြစ်တည်ခဲ့ရာ အရပ်ဖြစ်ပါသည်။ ထိုအမြင့်မြို့ဟောင်းကို လေးငါးခေါက်ခန့် ရောက်ပါသည်။ ရောက်တိုင်းလည်း ဒေသခံများက ပြောပြပါသည်။ အမြင့်မြို့ဟောင်းတွင် သက်တမ်းနှစ်တစ်ရာဝန်းကျင်ရှိ ရှေးခေတ်လက်ရာဘုံပျံကျောင်းတိုက်၊မင်းရဲကျောင်းတိုက်များနှင့်အတူ စေတီပုထိုးများ၊ တန်ဆောင်းများ၊ အသုံးအဆောင်များ အများအပြား ရှိခဲ့ကြောင်း၊ သို့ရာတွင် အစိုးရမင်းအဆက်ဆက် အမြင့်သို့လာရောက်ကြသူများသည် ပြတိုက်များတွင်ထားရန်ဟုပြောပြီး သယ်လို့ရတာမှန်သမျှ သယ်ယူသွားကြကြောင်း၊ ယခုအခါ ဘာမျှ မည်မည်ရရ မကျန်တော့ကြောင်း၊ သက်တမ်းရာချီနေသည့် ကျောင်းတိုက်များသည်လည်း အခွံချည်းသာ ကျန်ရှိနေပြီး ပျက်စီးယိုယွင်းမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း ပြုပြင်ထိန်းသိမ်းစောင့်ရှောက်မှုမရှိသလောက် အားနည်းနေကြောင်း ပြောပြကြပါသည်။

ပြီးခဲ့သည့် ဧပြီလအတွင်း စာရေးသူ ရခိုင်ပြည် မြောက်ဦးမြို့သို့ ရောက်ပါသည်။ မြောက်ဦးဒေသသည်လည်း ယဉ်ကျေးမှုအမွေအနှစ် ရှေးခေတ်လက်ရာများ ပေါများစွာ တည်ရှိနေသည်။ ကျန်ရှိနေသေးသည့် ရှေးဟောင်းရုပ်ပွားတော် မျိုးစုံနှင့် ပစ္စည်းများကို နိုင်သမျှထိန်းသိမ်းပြသထားသည့် စန္ဒမုနိပေါ်တော်မူဆုတောင်းပြည့်မဟာကျန်ဘုရားကြီး ကိန်းဝပ်ရာကျောင်းတိုက်မှာ ဆရာတော်ကြီးက အခုလို မိန့်ကြားပါသည်။ “ဘုန်းကြီးတို့ကျောင်းတိုက်မှာရှေးဟောင်းရှားပါး ဗုဒ္ဓဆင်းတုတော်ပုံစံမျိုးစုံ၊ ဓာတ်တော်မျိုးစုံကို အစဉ်အဆက် ထိန်းသိမ်းထားပါတယ်။ အရင်တုန်းက အုပ်ချုပ်သူတွေ လာတောင်းတာ၊ လာယူသွားတာတွေလည်း ရှိခဲ့တယ်။ တချို့လည်း ခိုက်လို့ဆိုပြီး ပြန်လာပို့ပါတယ်။ ခုနောက်ပိုင်း မြန်မာပြည်အနှံ့က ပြည်တွင်းခရီးသွားတွေ အများကြီး လာကြပါတယ်။ ဒီကျောင်းတိုက်မှာက ဘယ်မှာမှ မတွေ့ရနိုင်တဲ့ ဗုဒ္ဓရုပ်ပွားတော်နဲ့ ဓာတ်တော်တွေ ပြသထားပါတယ်။ မြောက်ဦးခေတ်နန်းတော်ကို အမိုးလုပ်တဲ့ ကြေးပြားကြီးကို စားပွဲလုပ်ပြီး ထိန်းသိမ်းထားပါတယ်”ဟူ၍ ဖြစ်ပါသည်။

ယခု ဇူလိုင်လဆန်းပိုင်းက ကင်းဝန်မင်းကြီး၏ ဇာတိမြေ မင်းတိုင်ပင် ကျေးရွာသို့ ရောက်ရှိခဲ့ပါသည်။ ကင်းဝန်မင်းကြီးလှူဒါန်းထားသော ကင်းဝန်မင်းကြီးကျောင်းတိုက်ကိုလည်း ဝင်ကြည့်ဖြစ်ပါသည်။ ဤကျောင်းတိုက်ရှိ မူရင်းပစ္စည်းတော်တော် များများကိုလည်း အုပ်ချုပ်သူအကြီးအကဲများက ခရီးစဉ်များ အပြန်တွင် ယူဆောင်သွားကြကြောင်း တချို့လည်း ပြတိုက်တွင်ထားဖို့၊ တချို့လည်း ကိုယ်ပိုင်အဖြစ်ထားရှိရန် ယူဆောင်သွားကြခြင်းဖြစ်ကြောင်း ပြောပြကြပါသည်။ ထို့ပြင် စာရေးသူ သိရသလောက် မြန်မာ့ ကျေးလက်ဒေသများရှိ ဘုန်းတော်ကြီးကျောင်းများ၊ ရှေးဟောင်းအဆောက်အအုံများမှ အားလုံးနှင့် သက်ဆိုင်သည့် ရှားပါးပစ္စည်းများကို ထိုဒေသများသို့ လာရောက်ကြသည့် အရာရှိကြီးကြီး၊ အရာရှိငယ်ငယ် အချို့မှ ဦးလျှင် ဦးသလို၊ သိ လျှင်သိသလို တောင်းယူသွားခြင်း၊ အလှူခံသွားခြင်းများမှာ အရင်တုန်းကတည်းက ယခုအထိ ဖြစ်ပါသည်။ ပြောင်းရွှေ့သယ်ယူရန် မလွယ်ကူသော ရှေးအမွေအနှစ် အဆောက်အအုံကြီးများကိုမူ ပြုပြင်စောင့်ရှောက်မှုမရှိကြဘဲ လျစ်လျူရှုထားကြတတ်ပါသည်။

**မသမာမှုဖြင့် အသက်မွေးကြသည့်ပြည်သူအချို့ကလည်း လစ်လျှင် လစ်သလို ခိုးထုတ်နေကြတုန်း ဖြစ်ပါသည်။ တိုင်းပြည်ကို အုပ်ချုပ်နေကြသူများကလည်း ရလျှင်ရသလို ယူနေကြသေးသည် ဆိုလျှင် အမိမြန်မာပြည်သည် အခွံသာ ကျန်ရှိတော့မည်ဖြစ်ပါသည်။ ဒီအတိုင်း ဆိုလျှင် အားလုံးယူသူချည်း ဖြစ်နေပါသည်။ စာရေးသူအနေဖြင့် ဉာဏ်မီသလောက် ပန်ကြားလိုသည်မှာ နာမည်ကောင်းများ၊ဂုဏ်အရည်အချင်းကောင်းများကိုသာ အားလုံးယူကြပါဟု ဖြစ်ပါသည်။**

ထိုသို့ ဆိုင်ရာဆိုင်ရာနိုင်ရာနိုင်ရာယူသွားကြသည်ကို အရင်တုန်းကတော့ သူ့နယ်နှင့်သူ လောက်သာ သိကြပါသည်။ ယခု ဦးခင်အောင်မြင့်က ဗိုလ်ချုပ်အောင်ဆန်း လက်ရေးမူရင်းစာအုပ် ယူသွားသည့်အခါ တစ်နိုင်ငံလုံး လူသိရှင်ကြား ဖြစ်သွားခဲ့ရသည်။ အားလုံးက ဝိုင်းဝန်းကဲ့ရဲ့ ရှုတ်ချကြသည်။ အပြစ်တင်ကြသည်။ ကန့်ကွက်ကြသည်။ စာရေးသူကတော့ ဒီလိုဖြစ်စေချင်မိပါသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ စာအုပ်ယူသွားသူအနေဖြင့် တိုင်းပြည်အတွက် စိတ်ရင်းစေတနာထားကာ ကြိုကြိုတင်တင် ဆင်ခြင်ဉာဏ်ရှိရှိ တွေးမိ၊ စဉ်းစားမိခဲ့မည်ဆိုလျှင်ပြီးခဲ့သည့်အာဇာနည်နေ့က ရေနံချောင်းမြို့သို့ အရင်သွားမည်။ ရေနံချောင်းမှတစ်ဆင့် နတ်မောက်မြို့သို့အာဇာနည်နေ့လွမ်းသူပန်းခွေချသွားမည်။ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်သို့ သွားမည်။ ထိုအခါ ဗိုလ်ချုပ်အောင်ဆန်း လက်ရေးမူရင်းစာအုပ်ကို နတ်မောက်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်တွင် ထားမည်။ ထို့ကြောင့် ရေနံချောင်းကျောင်းအုပ်ဆရာမကြီးနှင့်တကွ မြို့သူမြို့သားများက လှူဒါန်းပါရန် မေတ္တာရပ်ခံမည်။ ဒါက စာရေးသူ စဉ်းစားမိသည်ကို တင်ပြခြင်းမျှသာ ဖြစ်ပါသည်။

အကယ်၍ ယခုဦးခင်အောင်မြင့်သွားခဲ့သည့် နတ်မောက်ပြီးမှ ရေနံချောင်းသို့ သွားခြင်းမဟုတ်ဘဲ ရေနံချောင်းမှ စာအုပ်ကိုယူကာ နတ်မောက်တွင် ထားခဲ့မည်ဆိုပါက ရေနံချောင်းကလည်း ကျေနပ်ကြလိမ့်မည်ဟု ထင်ပါသည်။ နတ်မောက်ကလည်း များစွာ ဝမ်းသာပီတိ ဖြစ်ကြပါလိမ့်မည်။ တစ်နိုင်ငံလုံးမှလည်း သောင်းသောင်းဖြဖြ ချီးကျူးထောပနာပြုကြပါလိမ့်မည်။ နတ်မောက်ရှိ ဗိုလ်ချုပ်အောင်ဆန်း၏ နေအိမ်ပြတိုက်သည် မူလမီးလောင် ပြီးမှ ပြန်လည်တည်ဆောက်ထားခြင်းကြောင့် မူရင်း မဟုတ်တော့ပါ။ ဗိုလ်ချုပ်၏ မိခင်ဒေါ်စု၏ ပစ္စည်းထားရာဂိုဒေါင်မှ ရှေးအုတ်ချပ်များမှလွဲပြီး ဘာတစ်ခုမျှ မူရင်းလက်ရာ မရှိတော့ပါ။ ထို့ကြောင့် အခွံသာဖြစ်နေသည့် နေအိမ်ကို အရင်သွားပြီး ရေနံချောင်းမှ တစ်မျိုးသားလုံး၊ တစ်နိုင်ငံလုံးနှင့် သက်ဆိုင်သော မူရင်းစာအုပ်ကို တစ်ဦးတစ်ယောက်တည်း၏ ဆန္ဒဖြင့် ယူဆောင်သွားခြင်းသည် သမိုင်းတွင် အရုပ်ဆိုးလှပါသည်။ မြန်မာပြည်သူပြည်သား မည်သူကမျှ လက်ခံနိုင်လိမ့်မည် မဟုတ်ပါ။

အသွားမှန်၊ အလုပ်မှန်ခဲ့လျှင် ခေတ်သစ်သူရဲကောင်းဖြစ်နိုင်ခဲ့သော်လည်း ယခုတွင်မူ အသွားမမှန်၊ အလုပ်မဟန်ခဲ့သည့်အတွက် သမိုင်းဝင် အမည်းစက်ဖြစ်သွားခဲ့ရပါသည်။ မြန်မာ့မြေမှ အဖိုးမဖြတ်နိုင်သည့် အရာများစွာကို နယ်ချဲ့များမှလည်း ရသလောက် ယူသွားခဲ့ကြပြီးပါပြီ။ တော်တော်များများလည်း ဖျက်ဆီးထားပစ်ခဲ့ကြပါသည်။ ထို့အပြင် မသမာမှုဖြင့် အသက်မွေးကြသည့်ပြည်သူအချို့ကလည်း လစ်လျှင် လစ်သလို ခိုးထုတ်နေကြတုန်း ဖြစ်ပါသည်။ တိုင်းပြည်ကို အုပ်ချုပ်နေကြသူများကလည်း ရလျှင်ရသလို ယူနေကြသေးသည် ဆိုလျှင် အမိ မြန်မာပြည်သည် အခွံသာ ကျန်ရှိတော့မည် ဖြစ်ပါသည်။

ဒီအတိုင်းဆိုလျှင် အားလုံး ယူသူချည်းဖြစ်နေပါသည်။ စာရေးသူအနေဖြင့် ဉာဏ်မီသလောက် ပန်ကြားလိုသည်မှာ နာမည်ကောင်းများ၊ ဂုဏ်အရည်အချင်းကောင်းများကိုသာ အားလုံးယူကြပါဟု ဖြစ်ပါသည်။ ။

7 DAY NEWS JOURNAL
Vol.12, No.21 • JULY 31 , 2013

(မင်းဒင်ရဲ့သက်ခိုင် စာအုပ်သည် ၂၀၁၀ ဒီဇင်ဘာလက ထိုင်းနိုင်ငံတွင်ပထမအကြိမ်ပုံနှိပ်ထုတ်ဝေခဲ့ပြီး ၂၀၁၂ဒီဇင်ဘာလတွင်မြန်မာနိုင်ငံ၌ ဒုတိယအကြိမ် ထုတ်ဝေ ခဲ့သော စာအုပ်ဖြစ်သည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီပျက်စီး ယိုယွင်းလာသည့်အချိန်မှစ၍ စစ်အစိုးရ၏ ဖိနှိပ်ချုပ်ချယ်မှုကာလအတွင်း ခေတ်နှင့် မကင်းကွာနိုင်ခဲ့သော လူပုဂ္ဂိုလ်တစ်ဦး၏ ဘဝဖြတ်သန်းမှုကို ဝတ္ထုပြန်ရေးထားသည့် အတ္ထုပ္ပတ္တိစာအုပ်ဖြစ်သည်။ မင်းဒင်ရဲ့သက်ခိုင် စာအုပ်ကို ကြိုက်နှစ်သက်သူ များပြားခဲ့သလို သက်ဆိုင်ရာပုဂ္ဂိုလ်အချို့၏အကြောင်းများ ထည့်သွင်းရေးသားထား၍ ဝေဖန်မနှစ်မြို့သူများလည်း ပေါ်ထွက်ခဲ့သည်။ မည်သို့ပင်ဖြစ်စေ မင်းဒင်ရဲ့သက်ခိုင်သည် စာဖတ်ပရိသတ်များကြား လှုပ်ခတ်စေခဲ့သော စာအုပ်ဖြစ်ခဲ့သည်။ ယခုအခါ စာရေးဆရာ မင်းဒင်က ထပ်မံ၍ သက်ခိုင်၏ အဆက်ဖြစ်သော သက်ခိုင်ပြန်လာပြီ၊ သက်ခိုင်(၂)ကို အပတ်တကုတ်ရေးသားခဲ့ရာ ယခုအပတ်မှစ၍ 7Day News ဂျာနယ်တွင် အခန်းဆက်ဖော်ပြသွားပါမည်။ စာပါအကြောင်းအရာနှင့် အဖြစ်အပျက်များမှာ စာရေးသူမင်းဒင်၏အာဘော်သာ ဖြစ်ပါသည်။) - အယ်ဒီတာ

# သက်ခိုင် ပြန်လာပြီ

မင်းဒင်



**မင်းဒင်ရဲ့သက်ခိုင်သည်“ကောင်းသည်”ဟု တထစ်ချမဆိုနိုင်သော်ငြား “ဆန်းသည်”ဟုမူ ကျွန်တော် ရဲရဲကြီးဆိုဝံ့သည်။ “မင်းဒင်ရဲ့ သက်ခိုင်”သည် ထူးဆန်းအံ့သြဖွယ် အကြောင်းတရားတိုက်ဆိုင်မှုများကြောင့် စာရေးသူကို “မရှုယ်ဘဲစော်ကဲမင်းဖြစ်”စေခဲ့သည်။ သာမန်ဆင်ခြင်တုံတရား ရှုထောင့်မှ ရှုမြင်လျှင် ဖြစ်နိုင်ခြေအလွန်နည်းသည့် ရှေးဘဝ၊ နောက်ဘဝ၊ ကုသိုလ်၊ အကုသိုလ်စသော ထောက်လှမ်းရန် မလွယ်ကူသည့် အခြင်းအရာများသည်“မင်းဒင်ရဲ့ သက်ခိုင်”ကို ဖန်တီးဖြစ်ပေါ်စေခဲ့သည်ဟုကျွန်တော် ယုံကြည်လျက်ရှိသည်။**

**ကံတရားသည် အရှိန်ဖြင့် လည်ပတ်နေသေးဟန်ရှိလေရာ “မင်းဒင်ရဲ့သက်ခိုင်”သည် ဆဲဗင်းဒေးမီဒီယာ၏ အထောက်အပံ့ဖြင့် ခရီးဆက်နိုင်ပြန်ချေပြီ။ စာဖတ်ပရိသတ်နှင့် ဆဲဗင်းဒေးမီဒီယာကို အလေးအနက်ကျေးဇူးစကားဆိုအပ်ပါသည်။ ထို့အတူ ကျွန်တော်၏ ချို့ယွင်းအားနည်းချက်တို့ကို ပြင်ဆင်မွမ်းမံခွင့်ရခြင်းအတွက် မျက်နှာသာပေးခဲ့သောကံတရားကို အလေးမူရင်း ဝမ်းမြောက်စိတ်ဖြစ်ရပါသည်။ မင်းဒင်ရဲ့ သက်ခိုင်(၂)တွင် “ပျင်းပြေနှစ်ခြိုက်၊ တွေးထိုက်ဖွယ်ရာ၊ တစ်ပိုဒ်တလေ” ပါရှိနိုင်စေရန် “အစွမ်းကုန်အားထုတ်ပါမည်”ဟု စာဖတ်ပရိသတ်များကို ကျွန်တော်ကတိအခိုင်အမာပေးလိုပြီး ဝေဖန်အကြံပြုချက်များကို မျှော်လင့်ကြိုဆိုလျက်ရှိပါ၏။**

**ချမ်းသာကိုယ်စိတ်မြဲပါစေ။**
**လေးစားစွာဖြင့်. . . .**
**မင်းဒင်**
**၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်၊**
**(အာဇာနည်နေ့)**
**ဖူးခက်မြို့၊ ထိုင်းနိုင်ငံတောင်ပိုင်း**

## မင်းဒင်
## ရဲ့
## သက်ခိုင်(၂)

### အခန်း(၁)
### ဒုတိယခြေလှမ်း၏ နိဒါန်း

ကျွန်တော့်ပွဲဦးထွက်စာပေလက်ရာ “မင်းဒင်ရဲ့သက်ခိုင်” သည် ရေးလိုစိတ်သက်သက်ဖြင့် ရေးသားခဲ့သည့် အကြောင်းခြင်းရာဖြစ်၏။ ငွေကြေး၊ကျော်ကြားမှုတို့ကိုမျှော်မှန်းရန်ဝေးစွ၊ဘလော့ဂ်စာမျက်နှာတွင် ရေးတင်သမျှကိုဖတ် သည့် သူရှိပါလေစဟုပင် ကြောင့်ကြစိတ်ပိုခဲ့ရသည်။ သို့တစေ မင်းဒင်ရဲ့သက်ခိုင်သည် ကျွန်တော်ရေးပြပြောပြလိုသော အကြောင်းခြင်းရာဖြစ်၍ ကျွန်တော်ဖွဲ့ခတ်ခဲ့သည်။ လေးငါးလမျှ မိုးလင်းမှမိုးချုပ်တိုင် မထတမ်းမနားတမ်း ကျွန်တော်ရေးသည်။ မနက်စာအတွက် ကွန်ပျူတာဘေးမှာ ချထားသော နံနက်စာသည် ညနေခြောက်နာရီအချိန်တွင် ခြောက်သွေ့လာသည့်တိုင် ထမင်းမေ့ဟင်းမေ့ ကျွန်တော်ရေးသည်။

ကျွန်တော့်စိတ်မှာ ဇောကပ်နေသည်ကား “အသက်နှစ်ဆယ်အရွယ်ခန့်က ကျွန်တော့်စိတ်ကူးအိပ်မက်”ကို မသေခင်အကောင်အထည်ဖော်ရန်ဖြစ်သည်။ ကျွန်တော့်အိပ်မက်မှာ မသေခင်စာတစ်အုပ်ရေးခဲ့လိုသော ဆန္ဒဖြစ်၏။ ဇာတိမြေမှ ဝေးကွာလှသည့် ရေမြေခြားတွင် အထီးကျန်လျက်ရှိသော ကျွန်တော့်ဘဝ၏ နိဂုံးအချိန်သည် တစ်စစနီးကပ်လာပြီဟု ခံစားရလေရာ ပြင်းပြသည့်ဆန္ဒသည် ကျွန်တော့်ကို တိုက်တွန်းလှုံ့ဆော်နေဟန်ရှိ၏။ “ငါသာအခုနေ ရုတ်တရက်သေသွားရင်”အတွေးသည် ကျွန်တော့်ကို အစဉ်မပြတ်ခြိမ်းခြောက်လျက်ရှိချိန်ဖြစ်၏။ အချိန်မတော်ညဉ့်နက်သန်းခေါင်မှာလည်း အိပ်ရာထက်မှ လူးလဲထကာ ရေးလက်စဇာတ်လမ်းကို ဆက်သည့် ညပေါင်းများစွာကို ကျော်ဖြတ်ပြီးသည့်တွင်ကား“မင်းဒင်ရဲ့သက်ခိုင်”သည် ဆုံးခန်းတိုင်သောအဖြစ်သို့ရောက်ခဲ့သည်။ အချိန်ကာလအားဖြင့် သုံးနှစ်ကျော်မျှပင်ကြာမြင့်ခဲ့၏။

သို့သော် စာမူသည် စာအုပ်မဟုတ်လေရကား ကျွန်တော့်သောကသည် ဆက်ရန်ရှိသေးသော ဇာတ်လမ်းတွဲဖြစ်၍ တစ်ဝမ်းတစ်ခါးအတွက် အားကိုးပြုရသည့်ဖူးခက်မှဈေးဆိုင်ကိုပစ်ကာ မိုင်ထောင်ချီဝေးသည့် မဲဆောက်တည်းဟူသော အရပ်သို့ခရီးနှင်ရပြန်သည်။ မဲဆောက်မှ မိတ်ဆွေအချို့ကား ကျွန်တော့်ကို ဘဝင်ရူး၊ စိတ်မနှံ့သူလို ကြည့်ကြသည်။ ရှိစုမဲ့စုငွေ ဘတ်သုံးသိန်းနီးပါးကို အရင်းပြုလျက် ခါးသီးစပ်ဖျဉ်းလှသည့် အဆင်မပြေမှု၊ လျစ်လျူပြုခံရမှုတို့ကို တစ်လကိုးသီတင်းနီးပါး ရင်ဆိုင်ကျော်ဖြတ်ပြီးချိန်တွင်ကား “မင်းဒင်ရဲ့သက်ခိုင်”သည် စာမူမှ စာအုပ်ဘဝသို့ ကူးပြောင်းရောက်ရှိခဲ့လေသည်။

ဤသို့လျှင် နောက်ထပ်ခြောက်လခန့်မျှသောကာလကို ကျော်ဖြတ်ပြီးချိန်၌ “မင်းဒင်ရဲ့သက်ခိုင်”သည်ကျွန်တော့်ဘဝအမောကိုကောင်းစွာ ပြေပျောက်နိုင်စေခဲ့သည်။ ကံတရားသည် ကျွန်တော့်ကို မျက်နှာသာပေးခဲ့သည်။ စာဖတ်သူအများစု နှစ်သက်လက်ခံသော စာအုပ်စာရင်းမှာ ပါခဲ့သည်။ ထိုမှတစ်ဆင့် ဆန်းကြယ်လှသော ကံတရားသည် ပြည်ပတွင်သာ ခိုးကြောင်ခိုးဝှက်ဘဝဖြင့် ခရီးနှင်နေရသော “မင်းဒင်ရဲ့သက်ခိုင်”ကိုပြည်တွင်းစာဖတ်ပရိသတ်တို့ရှိရာသို့ တွန်းပို့လေသဖြင့် ပြည်တွင်းမှာ တရားဝင်ထုတ်ဝေခွင့်ရခဲ့ပြန်သည်။ မကြာသေးသော ကာလတစ်ခုမှ ဖြစ်ရပ်များဖြင့် ခေတ်ဟောင်းကိုတူးဆွထားသည်မို့ အများစိတ်ဝင်စားကြသည်။

“မင်းဒင်ရဲ့သက်ခိုင်”အောင်မြင်မှုကို ကျွန်တော်အကျယ်မချဲ့လိုတော့ပြီ။

မင်းဒင်ရဲ့သက်ခိုင်ကို စက်တင်ပုံနှိပ်ထုတ်ဝေပြီးချိန်တွင် စာရေးချင်စိတ်သည် ကျွန်တော့်စိတ်အစဉ်မှ ဝေးရာသို့ လွင့်ပါသွားခဲ့လေသည်။ စာတစ်လုံးမှ ရေးချင်စိတ်မရှိတော့။ ကိုယ့်ကိုယ်ကိုယ်လည်း စာရေးတတ်သူမှ ဟုတ်ပါလေစဟု အမြဲအတွေးဝင်ခဲ့သည်။ မင်းဒင်ရဲ့သက်ခိုင်ကဲ့သို့ဝတ္ထုရှည်မျိုးကို မဆိုထားနှင့် www.min-din.info တွင် စိတ်ပြေလက်ပျောက်သဘောရေးတင်နေကျ စာတိုလေးငါးကြောင်းသော်မျှရေးရန် စိတ်မပါတော့ချေ။

ကြီးစွာသောသတိတရားဖြင့် ကိုယ့်စိတ်ကို ကိုယ်ဆုံးမလျက် လွန်ခဲ့သောလေးနှစ်ကျော်က ရေးသားခဲ့သည့် “ဖြစ်ပျက်ရှာပုံတော်ခရီးသည်”ကိုထုံ့ပိုင်း ထုံ့ပိုင်းပြင်ဆင်တည်းဖြတ်ထုတ်ဝေခဲ့ရာ အထိုက်အလျောက်ဖတ်သူရှိခဲ့ပြန်ပါသည်။ သို့သော် စာရေးသားချင်စိတ်မှာမူ ပြန်ပေါ်မလာခဲ့သည်၏နောက်ဆုံးတွင် အွန်လိုင်းမိတ်ဆွေဖြစ်သူဒေါက်တာသန့်စင်ထူး(သင့်လူ)ထံ ကျွန်တော့်ခံစားချက်ကို အီးမေးလ်မှတစ်ဆင့် ရင်ဖွင့်ခဲ့ဖူးရာ အဆိုပါစာမူရင်းမှာ အောက်ပါအတိုင်းဖြစ်၏။

“ကိုသင့်လူခင်ဗျာ ကျွန်တော် စာမရေးဖြစ်တာ တစ်နှစ်ဝန်းကျင်ရှိပါပြီ။ စာရေးမယ်လုပ်တိုင်းစျာန်မဝင်ရုံသာမက ဆရာပြောခဲ့ဖူးတဲ့ မာဂရက်မစ်ချယ်လို တစ်အုပ်တည်းနဲ့ဇာတ်သိမ်းသွားမယ်ဆိုတဲ့ စကားကို နားထဲမှာကြားကြားနေတယ်ဗျာ။ သက်ခိုင်ဟာ ထင်တာထက်အောင်မြင်သလို နောက်ထပ်ရေးမယ့် စာအုပ်အတွက် အကြီးအကျယ် အဟန့်အတားဖြစ်စေတယ်ဆရာ။ ဒါကြောင့် ဆရာဟာ အပေါ်က မှတ်ချက်ကို ဘာကြောင့် ချခဲ့သလဲဆိုတာ အချိန်ရရင် ရှင်းပြစေချင်ပါတယ်။ သက်ခိုင်ကိုရေးတုန်းကတော့ ထမင်းမေ့ဟင်းမေ့ရေးနိုင်ခဲ့ပြီး ဘဝခရီးသည် သက်ခိုင်ကိုလည်း ရေးမယ်လုပ်ရော ဘာမှမရေးတတ်တော့သလို ခံစားရပါတယ်။ ဖွတ်အတင်းရေးကြည့်တော့လည်း ကိုယ်ရေးတာကိုယ်မကြိုက်ပြန်ဘူးဆရာ။ တစ်သက်လုံးစာမရေးချင်တော့တဲ့စိတ်ဖြစ်နေတော့မလားဆိုတာလည်း သိချင်လှပါတယ်”

ကျွန်တော့်စာနှင့်ပတ်သက်၍ သူ၏ ပြန်ကြားစာမှာ အောက်ပါအတိုင်းဖြစ်၏။

“ဆရာဦးမင်းဒင်

သက်ခိုင်ကို စဖတ်ကတည်းက ဒီစာရေးတဲ့လူကတော့ဖြင့် တစ်သက်လုံးရင်ထဲအောင်းထားသမျှ ခံစားချက်တွေ၊ အတွေ့အကြုံတွေနဲ့ ဘဝစာမျက်နှာတွေကို ရင်ဖွင့်ပြီလို့ကျွန်တော်ယူဆမိပါတယ်။ ဒီလိုအမှတ်တရကိစ္စကြီးတစ်ခုကို ရင်ဖွင့်တတ်တဲ့စာရေးဆရာမျိုးဟာ Masterpiece တစ်အုပ်ရေးပြီးရင် နောက်တစ်အုပ်ဆက်ရေးဖို့အင်မတန်ခက်တတ်တယ်။ ပထမဦးဆုံးလက်ရာရဲ့ လွှမ်းမိုးမှုက အင်အားကြီးလွန်းတဲ့အခါကျတော့ နောက်ဖန်တီးမှုတွေကိုကိုယ့်ဘာသာစိတ်တိုင်းမကျ ဖြစ်နေတတ်တယ်ဆရာ။ မာဂရက်မစ်ချယ်ရဲ့ လေရူးသုန်သုန်၊ အဲလက်စ်ဟယ်လီရဲ့ ဇာစ်မြစ်၊ ဂါစီယာမာကေးရဲ့ ဝေးလွင့်ကင်းကွာ နှစ်တစ်ရာတို့ဟာ ဒီလိုမထွေးနိုင်မအန်နိုင် ခံစားချက်တွေပွင့်ထွက်ပေါက်ကွဲရာက ထွက်လာတဲ့စာမျိုး။ ဒါကြောင့် ဆရာရဲ့ သက်ခိုင်ဟာလည်း ဒီလိုစာမျိုးလို့ကောက်ချက်ချရတာပါ။ အချိန်ယူပါဆရာ။ ဦးနှောက်ကို အနားပေးပါ။ အတွေးကို ရှင်သန်အောင်ပြန်မွေးပါဆရာ။ ထပ်ရေးလို့ရမှာပါ။ သို့သော် သက်ခိုင်လောက် စိတ်တိုင်းမကျရင်လည်း ကိုယ့်ကိုယ်ကိုယ် အပြစ်မတင်ပါနဲ့။ အနုပညာရဲ့ သဘောဟာ ဒီလိုပါပဲလေ”

ဤစာအသွားအလာတွင် သူက မင်းဒင်ရဲ့သက်ခိုင်ကို ကမ္ဘာကျော်စာအုပ်ကြီးများနှင့် နှိုင်းယှဉ်ဖော်ပြထားသောအချက်ကို ကျွန်တော်အဓိကထားလိုသည်မဟုတ်။ အမှန်စင်စစ်လည်း ကျွန်တော့်စာအုပ်ကို ကြီးကျယ်ခမ်းနားသော စာအုပ်ဟု ကျွန်တော်မမြင်မိချေ။ ကျွန်တော်ဆိုချင်သည့်အချက်မှာ စာရေးချင်စိတ်ပျောက်နေခြင်းသာ အခရာဖြစ်၏။

ကိုသင့်လူကား စာပေဆိုင်ရာဗဟုသုတအတော်ပြည့်စုံသူဟု ဆိုရမည်။ သူက ကျွန်တော့်စာအရေးအသားကို ဤသည်ကား Double Narrative၊ ထိုသည်ကား Magical Realism စသည်ဖြင့်အခါအားလျော်စွာ ဝေဖန်ထောက်ပြလေ့ရှိသော်ငြား ကျွန်တော် နကန်းတစ်လုံးမျှ နားမလည်သည်မှာ အမှန်ဖြစ်၏။ ကျွန်တော်သည် စာပေဆိုင်ရာနည်းနာတချို့ကို သူ့ထံမှ ပိုးတဝါးသိခွင့်ရခဲ့သည်။ စင်စစ်ကျွန်တော်သည် မင်းဒင်ရဲ့သက်ခိုင်ကို ဖန်တီးရာတွင် ကျွန်တော့်ဘဝတစ်လျှောက်ဖတ်ရှုလေ့လာခဲ့သော စာအုပ်စာပေများ၏ ဖန်တီးရှင် စာရေးဆရာတို့ကို ဆရာတင်ကာ သူတို့နည်းနာမှန်သမျှ ကျွန်တော့်မသိစိတ်တွင် နည်းမှီခဲ့ဟန်ရှိလေသည်။

စာမျက်နှာ(၃၂)သို့

# ဆီးဖြူဖန်ခါးလို ငုံထားမတတ်ပေမယ့် မယုံစားအပ်ပါပြီ

**မောင်သာချို**




(တစ်)

နည်းပညာရပ်တို့တစ်ဟုန်းတိုးပွင့်အန်ပေါက်ကွဲထွက်လာခြင်းနှင့်အတူ တစ်ချိန်က ဆိတ်ကွယ်ရာဟု ထင်ထားခဲ့သော အရာတို့ကိုမှောက်လှန်သွန်ချဖွင့်ဟပြသနိုင်လာသဖြင့် တစ်ကိုယ်ရေစာဘဝများကအစ မလုံမခြုံဖြစ်လာသောကမ္ဘာကြီးတွင် မကြားရဲစရာ၊ မမြင်ဝံ့စရာအသံများ၊အရုပ်များကိုကျွန်တော်တို့နိုင်ငံ၌ကြားခဲ့ကြရ၊မြင်ခဲ့ကြရပြီဖြစ်ကြောင်း လူတိုင်းနီးပါးအသိပင်ဖြစ်ပါသည်။

ဓာတ်ပုံခေတ်တုန်းကလည်းဓာတ်ပုံခေတ်အလျောက်လင်ခန်းမယားခန်းဓာတ်ပုံတို့ ထွက်ထွက်လာတတ်ကြပါသည်။ တိတ်ခွေခေတ်ကိုရောက်တော့ တိတ်ခွေတွေထဲကနေ ကိုယ့်နားကိုတောင်ကိုယ်မယုံကြည်ရဲလောက်စရာအသံဗလံများစွာက နားရှိသဖြင့်ကြားခဲ့ရပြန်ပါသည်။ တယ်လီဖုန်းတွေခေတ်ကောင်းတော့တယ်လီဖုန်းထဲက အပြန်အလှန်ပြောကြသည့် အယုတ္တ အနတ္တအသံများကို တိပ်ခွေဖြင့် ပြန်ကူးထားသော ဒိုင်ယာလော့ဂ် (Dialogue) များကို ကြောက်ခမန်းလိလိနားသောတဆင့်ကြရပြန်ပါသည်။ CD တွေ၊ VCD တွေ၊ DVD တွေ၊ EVD တွေရှေ့တန်းကိုရောက်လာစဉ်တွင် ကားခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်းလိင်အသားပေးဇာတ်လမ်းများ၌ပင်မရိုက်ရဲ၊မရိုက်ဝံ့ကြသည့် ဇာတ်ဝင်ခန်းများကို အရုပ်အသံကြည်လင်ပြတ်သားစွာဖြင့်ရှုစားလာကြရပါတော့သည်။

Celebrity ခေါ် ထင်ပေါ်ကျော်ကြားသူများအတွက်ကဖြင့် ဆိုးသလား၊ ကောင်းသလားကျွန်တော်မပြောတတ်ပါ။ ဟဲ့ အဲဒါဘယ်သူ့အသံဟဲ့၊ ဟောဗျာကြည့်စမ်းပါဦး၊ အဲဒါဘယ်သူပေ့ါ၊ အေးဟယ်. . . ပက်စက်လိုက်တာစသည် စသည်ဖြင့် အံ့အံ့သြသြကောက်ချက်ချသံများ၏ နောက်ကွယ်၌ စုတ်ပြတ်သွားသူတွေလည်းရှိ၊ ပို၍ပင်ဇာတာစန်းလက်တက်ကာဈေးကွက်အကြိုက်ဖြစ်သွားသူတွေလည်းရှိသည်မှာကားအများ အသိပင်ဖြစ်ပါသည်။ ခိုးကြောင်ခိုးဝှက် သမားတို့၏ လက်ချက်ဖြင့် (သို့မ ဟုတ်)ကိုယ်ကိုယ်တိုင်က သိရှိခွင့်ပြုထားချက်များဖြင့် ထွက်လာကြသည်ဆိုလျှင်ကား သိပ်ပြဿနာ မရှိလှပါ။ သို့မဟုတ်ဘဲ ကိုယ်က ယုံမှတ်သဖြင့် ပုံအပ်မိသူကိုယ်တိုင်က နှစ်ကိုယ်သိကို အလိုရှိရာ သုံးကြပေတော့ဟု ဖြန့်ချိလိုက်ခဲ့ လေသောအခါတွင်ကား. . .။ ဟယ်၊ ဟောဗျာ၊ မထင်ရဘူးနော် စသည်၊ စသည်၊ စသည်။

(နှစ်)

အခုကြေကွဲဖို့ကောင်းလာသည်က Celebrity ခေါ် ထင်ပေါ်ကျော်ကြားသူတို့၏လောကမှသာမကတော့ဘဲနှင့် ရပ်ထဲရွာထဲကသူလိုကိုယ်လိုလူတွေ၏ လင်ခန်းမယားခန်းများတွေပါရပ်ကွက်ထဲသို့ပျံ့နှံ့လာခြင်းဖြစ်ပါသည်။ ပန်းခြံများ၊ ရေကန်များကဲ့သို့အများပြည်သူခိုနားရာနေရာများ၌ ဖြစ်ချင်ရာ ဖြစ်နေသည့် စုံတွဲများကိုအလွန်ဆွဲ အား ကောင်းသည့် တယ်လီ (Tele)ဖြင့် လှမ်းရိုက်ထားသည့် အခွေများသာမကတော့ဘဲနောက်ပိုင်းတွင် တည်းခိုခန်းများ၊ ကာရာအိုကေခန်းများ၊ စာသင်ခန်းများထဲက ဇာတ်ဝင်ခန်းများကိုပါ ခိုးရိုက်၍ ဖြန့်ဝေသည့် အခွေများ လူထုထဲသို့ရောက်ရှိ၍လာပါသည်။

သမီးကလေးတွေ၊ ညီမကလေးတွေ၊နှမကလေးတွေအတွက် အဖေတို့၊ အမေတို့၊ အစ်ကိုတို့၊ မောင်တို့ဘယ်လိုမျက်နှာထားကြရပ့ါ။

(သုံး)

ဂျနီဖာလိုပက်ဇ်(Jennifer Lopez) ဟုဆိုလျှင် မြန်မာနိုင်ငံက ပရိသတ်တော်တော်များများတို့ သဘောကျသည့် အနုပညာရှင်ဖြစ်ကြောင်း လူတိုင်းသိပါသည်။

" On the 6(Sixth)"ဟူသည့် သီချင်းခွေ၊ " This is me . . . . then"ဟူသည့် သီချင်းခွေတွေက နာမည်ကျော်အခွေတွေပဲဖြစ်ပါသည်။ Shall we dance? ကကြမလားဟူသည့် ဇာတ်ကား Maid in Mahhattan မက်ဟန်တန်မြို့က ဟိုတယ်အလုပ်သမလေးဟူသည့်ဇာတ်ကား၊ Anaconda ဟူသည့် မြွေဇာတ်ကားများကို မြန်မာပရိသတ်တော်တော့ကိုနှစ်ခြိုက်ပါသည်။ ထို့အပြင်ဂျနီဖာလိုပက် (Jennifer Lopez) က Wedding Planner ခေါ် မင်္ဂလာပွဲများစီစဉ်ရာတွင်လည်း နာမည်ကျော်ပါသည်။

သူ့ပထမအိမ်ထောင်က အဆိုတော်ခရစ်ဂျဒ်။ ၂၀၀၃ ခုနှစ်၌ကွဲပါသည်။ မာ့ဒ်အန်ထော်နီ နှင့်က ၂၀၀၄ တွင်လက်ထပ်ပြီး ထပ်၍ ကွဲပြန်ပါသည်။ ထို့နောက် ထပ်မံ၍ လက်ဆက်သည်က အိုဂျာနီနိုအာ။

၁၉၉၇ ကတည်းက မိုင်ယာမီ (Miami)ကမ်းခြေတွင် စတင်သိကျွမ်းခဲ့ဖူးသူဖြစ်ပြီး တတိယမြောက်လက်ထပ်သူလည်းဖြစ်ပါသည်။ ထိုအိမ်ထောင်ရေးကလည်း ၁၁ လသာပေါင်းသင်းလိုက်ရပြီး ပြိုကွဲပါသည်။ သည်အထိကျွန်တော်မအံ့သြပါ။

သို့သော် အိုဂျာနီနိုအာက လျှော်ကြေးတောင်းသည်ဟု ဆိုသောအခါ ကျွန်တော်အံ့သြသွားပါသည်။ အမေရိကန်ဒေါ်လာ ငါးသိန်းဆိုပါလား။ များလိုက်တဲ့ပိုက်ဆံတွေ။ မပေးခဲ့လျှင် . . .။ ဟုတ်ပါသည်၊မပေးခဲ့လျှင် . . .။ ကြောက်စရာကောင်းသည့် မပေးခဲ့လျှင် . . .။ ယုတ်ကန်းစုတ်ပြတ်သည့်မပေးခဲ့လျှင် . . .။ အောက်တန်းကျသည့် မပေးခဲ့လျှင် . . .။ ယောကျ်ားမဆန်သည့် မပေးခဲ့လျှင် . . .။ ဂျာနီဖာလိုပက်ဇ်နဲ့အတူ ၁၁ လ ပေါင်းသင်းခဲ့စဉ်က လင်ခန်းမယားခန်းကိစ္စအဝဝကိုတစ်တစ်ခွခွရေးပြီး စာအုပ်ထုတ်ဝေမည်ဆိုပါလား။ ယောကျ်ားတစ်ယောက်ဆီမှာ သည်လောက်ညစ်စုတ်ပုပ်အက်နေတဲ့စိတ်ဓာတ်မျိုးတွေ ရှိနေနိုင်သတဲ့လား။ အံ့သြပါရဲ့။

(လေး)

YMB သခင်တင်က သူ၏ အံ့ပုန်းချစ်သီချင်းတစ်နေရာတွင် "ဆီးဖြူဖန်ခါးဆို ငုံ၍များတောင်ထားလိုက်ချင်ပါတယ်"ဟူ၍ ယောကျ်ားတစ်ယောက်၏ မေတ္တာစိတ်ကို ဖွဲ့ခဲ့ဖူးပါသည်။

အခု၊ ဟိုအခွေ၊ သည်အခွေခေတ်ကြီးထဲမှာ အကွင်းမဲ့ ယုံကြည်ဖို့ရာခက်ခဲလှပါပြီ။ ဂျနီဖာလိုပက်ဇ် (Jennifer Lopez) ကိုနိုအာက ငွေညှစ်သလို ငွေညှစ်လာကြရင် ဘယ်လိုရင်ဆိုင်ကြရပ့ါ။

ကျွန်တော်တို့၏ သမီးများ၊ ကျွန်တော်တို့၏ ညီမကလေးများဆင်ခြင်တုံတရားကြီးကြီးမားမားထားကာ ဆီးဖြူဖန်ခါးဆို ငုံ၍များပင်ထားချင်သည်ဆို သူများကိုအကွင်းမဲ့မယုံကြည်အပ်သည့်နေ့ရက်များသို့ရောက်ရှိလာပြီဆိုသည်ကို သဘောပေါက်ရမည့်ကမ္ဘာကြီးပါကလားး။ ။

---

စာမျက်နှာ(၂၄)မှ

## သက်ခိုင်ပြန်လာပြီ

အဆိုပါကာလအတွင်းသက်ခိုင်ကိုတွေ့လို့တွေ့ငြားထိုင်းနိုင်ငံ၊ ဖူးခက်မြို့သို့ စနည်းနာလာသူအများအပြားရှိခဲ့သည်။ ထို့အတူသက်ခိုင်၏ ဆိုးကောင်းနှစ်တန်ဒွန်တွဲနေသည့် သတင်းမျိုးစုံကိုအဆက်မပြတ်ကြားနေရသည်။

အများစုမှာ နှစ်သက်သည်ဟု ဆိုကြပါ၏။ သို့သော် အချို့ကားသဘောကျနှစ်ခြိုက်ဟန်မတူကြ။ ဝေဖန်မှုမှန်သမျှကို ကျွန်တော်ရေငုံလျက်သာ နေခဲ့သည်။ စာရေးခြင်းအတတ်ပညာကို တစ်ဖက်ကမ်းခတ်ပြီဟု ဘယ်နံရောအခါကမှ မတွေးမိခဲ့သောကြောင့် ပထမအကြိမ်ထုတ် စာရေးသူ၏အမှာစာတွင်"စာပေရေးသားခြင်းဆိုင်ရာအတတ်ပညာနှင့်စပ်လျဉ်း၍ ချို့ယွင်းအားနည်းမှုရှိနိုင်ကြောင်း"အသိပေးခဲ့ပြီး ဒုတိယအကြိမ်ထုတ်အမှာစာတွင်လည်း အောက်ပါအတိုင်းဖော်ပြခဲ့ပါသည်။

"ဇာတ်လမ်းပါအကြောင်းအရာအားလုံးမှာ စာရေးသူ တတ်စွမ်းသမျှ ခြယ်မှုန်းပုံဖော်ထားသည့် သက်ခိုင်၏ ခံစားချက်အတွေးအမြင်မျှသာ ဖြစ်လေရာ စာဖတ်သူတို့အနေဖြင့် ဖော်ပြထားသမျှသော အချက်အလက်ဖြစ်ရပ်အားလုံးသည် ပရမတ်ဆတ်ဆတ်မုချအမှန်ချည်းဖြစ်သည်ဟု ယူဆကြရန်မဟုတ်မူဘဲ မိမိတို့ကိုယ်ပိုင်ဆင်ခြင်တုံတရားဖြင့် အကြောင်းယုတ္တိတန်သည်မတန်သည်ကိုဝေဖန်ပိုင်းခြားကြရန်ဖြစ်ပါသည်"

ထို့ကြောင့် ကျွန်တော်သည် ခေတ်ကြီးတစ်ခုလုံးကိုခြုံငုံမိသည့် သမိုင်းမှတ်တမ်းစာတစ်အုပ်အဖြစ် ရေးစွမ်းနိုင်သူ၊ စွမ်းဆောင်နိုင်သူမဟုတ်ရကား ဇာတ်ကောင်ပြန်ပြောသမျှ၊ မြင်သမျှ၊ ကြားသမျှကိုသာ ဖတ်ပျော်အောင် အားထုတ်ခဲ့ခြင်းသာဖြစ်ကြောင်း ထပ်မံ၍ အလေးအနက်ဆိုချင်ပါသည်။ ထို့အတူ တစ်စုံတစ်ယောက်ကို နစ်နာစေလိုသော အာဃာတ တရားမပါဝင်အောင်လည်း အတတ်နိုင်ဆုံးကျွန်တော်အားထုတ်ခဲ့ပါသည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် ဆိုရမည်လောမသိ။ ထိုကာလများအတွင်း ကိုသက်ခိုင်နှင့်ကျွန်တော်တို့၏ ဆန်းကြယ်လှသောရေစက်ကြောင့် ရောဝတီတိုင်း၏ တစ်ခုသော ရဲဘက်စခန်းတွင် ဆုံကြရုံသာမက ရေခြားမြေခြားဖြစ်သည့် ဖူးခက်မြို့တွင် တစ်ကျွန်းတည်းတွင် နေထိုင်မိလျက်သား ဖြစ်နေပြန်လေသည်။ ကိုသက်ခိုင်ကားဖူးခက်အနှံ့အပြားရှိဆောက်လုပ်ရေးလုပ်ငန်းခွင်ကြီးများသို့ပစ္စည်းမျိုးစုံသွင်းခြင်းနှင့် သူ့ကိုယ်ပိုင်ခရီးသွားလုပ်ငန်းတို့ဖြင့် တည်ငြိမ်အေးဆေးသော ဘဝတစ်ခုကိုပိုင်ဆိုင်နေလေပြီ။ သို့သော် သူ့ခမျာစကားပြောဖော် ရှားလွန်းသော ဒုက္ခကြောင့် ကျွန်တော့်ထံ မကြာခဏပေါက်ချလာကာ စကားစမြည်ပြောခြင်းဖြင့် စိတ်ထွက်ပေါက်ရှာလေ့ရှိသည်။

ကျွန်တော်နှင့် ကိုသက်ခိုင်သည် ဖူးခက်မြို့တွင်သာမက ထိုင်းနိုင်ငံနေရာအနှံ့သို့ကြိမ်ဖန်များစွာခရီးအတူနှင်ခဲ့ကြပြီး မြောက်မြားစွာသော အကြောင်းအရာများကိုစကားလက်ဆုံကျခဲ့ကြပါသည်။ ထိုသို့လျှင် ကျွန်တော်သည် ကိုသက်ခိုင် ထိုင်းနိုင်ငံသို့ရောက်စကာလများတွင် အတည်တကျ နေထိုင်နိုင်ရေးနှင့် တစ်ဝမ်းတစ်ခါးအတွက် သူရုန်းကန်ကျော်ဖြတ်တဲ့ပုံများ၊ သူ့ဘဝရှေးဟောင်းနှောင်းဖြစ်များကိုကြားသိခွင့်ရလာပြန်ပါသည်။

ထိုအခါ ကျွန်တော့်စိတ်သဏ္ဍာန်အတွင်း ငုပ်လျှိုးနေသော စာရေးချင်စိတ်သည်တစ်ဖန်နိုးထလာပြန်တော့၏။ ထို့ကြောင့်ကျွန်တော်က သူ့ဇာတ်လမ်းကိုရှေ့ဆက်ရန် တိုင်ပင်သည့်အခါ ကိုသက်ခိုင်သည်စိတ်ဝင်စားဟန်မပြဘဲလက်တစ်ဖက်ကို မြှောက်ကာပြရင်း "တော်လောက်ရောပေ့ါ"ဟူ၍ သာတုံ့ပြန်တတ်ပါသည်။ သူသည် ဆိတ်ငြိမ်ရာအရပ်၌ အသံတိတ်နေရသော ဘဝအခြေအနေကို ခုံမင်နှစ်ခြိုက်နေဟန်ရှိသည်။ သူ့ဘဝသူ့ဇာတ်လမ်းကို တခုတ်တရရေးသားနေသည်ကိုလည်း သဘောတွေ့ဟန်မရှိချေ။

(ဆက်လက်ဖော်ပြပါမည်။)

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုးဦး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ အေးသူစံ၊ သန်းဌေး၊ သန်းထူး |
| သတင်းထောက် | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ ကြူကြူဟန်၊ ခိုင်ချို့နွယ် |
| အငယ်တန်းသတင်းထောက် | ခန့်ထက်၊ ခိုင်ခိုင်စိုး၊ ဆွေမွန်၊ ရဲနောင်၊ အောင်သစ်လွင်၊ ဖွဲ့ညက်၊ အိမွန်ကျော် |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) ကျော်ဇင်သန်း |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော်၊ မောင်တာ |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| စာပြင် | တင်ဇာဦး၊ ထွန်းသိန်းမြင့် |
| စီနီယာဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| ဒီဇိုင်နာ | နွယ်မွန်ဖြိုး၊ နန္ဒ၊ နိုင်လင်းထွန်း၊ ရဲသူရ |
| ကွန်ပျူတာစာစီ | စန်းစန်း၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင်၊ သက်ပိုင်ဌေး၊ အောင်မျိုးသန်း၊ ကေသီမိုး၊ တင်ဇာလင်း |
| သရုပ်ဖော် | စိုးသော်တာ |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင်၊ ဇင်မာအေး |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊ နှင်းဝေဝေ |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် |
| ပုံနှိပ်စက် | သုဝဏ္ဏသိဂီပုံနှိပ်တိုက် |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre (G-12) မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၈၇၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com

Hotline : 0973032006



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# လယ်သိမ်းမြေသိမ်း ကိစ္စဖြေရှင်းရာမှာ တစ်မူတည်းဖြစ်သင့်

မြင့်မိုရ်ဆွေ

ပထမအကြိမ်ပြည်ထောင်စုလွှတ်တော်သတ္တမအစည်းအဝေးဆဋ္ဌမနေ့မှာ လယ်ယာမြေနဲ့ အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက်စုံစမ်းရေးကော်မရှင်ရဲ့ အစီရင်ခံစာအပိုင်း (၁)နှင့် (၂)ကို အတည်ပြုခဲ့ပါတယ်။ ဒီကိစ္စနှင့်ပတ်သက်ပြီး ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များကပြန်လည်ရှင်းလင်းတင်ပြခဲ့ကြပါတယ်။ ဒီနေရာမှာ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနနှစ်ခုဟာ သိမ်းဆည်းခံရတဲ့ လယ်မြေများနဲ့ပတ်သက်ပြီး ချဉ်းကပ်ရှုမြင်ပုံ အခြေခံမူ လုံးဝကွာခြားနေတာတွေ့ရပါတယ်။ အဲဒီလိုကွာခြားတဲ့ ရှုမြင်ပုံကို မူတည်ပြီး ဖြေရှင်းဆောင်ရွက်ပေးမယ့် နည်းလမ်းတွေကလည်း “တစ်ကျောင်းတစ်ဂါထာ”ဆိုတာလိုဖြစ်နေတာကို သုံးသပ်တွေ့ရှိရပြန်ပါတယ်။

ကာကွယ်ရေးဝန်ကြီးဌာနရဲ့ ချဉ်းကပ်ပုံကို ဦးစွာတင်ပြလိုပါတယ်။ ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီးက ရှင်းပြရာမှာ တပ်မတော်က မြေပိုင်ဆိုင်မှုအထောက်အထားဖြစ်တဲ့လ/န(၃၉)(၁၉၅၃ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၃၉)ရရှိပြီး အမှုပေါ်မှာ အခြေခံစဉ်းစားခြင်းမပြုကြောင်းအတိအလင်းပြောကြားခဲ့ပါတယ်။ ထပ်မံပြီး ဥပဒေကြောင်းဆိုင်ရာ ပိုင်ဆိုင်မှုရှုထောင့်မှစဉ်းစားခြင်းထက် ခွင့်ပြုနိုင်သည့်မြေတွင် လူမှုရေးရှုထောင့်မှ စဉ်းစားဆောင်ရွက်လျက်ရှိကြောင်းကိုလည်း ပြောကြားခဲ့တာတွေ့ရှိရပါတယ်။ သိမ်းဆည်းလယ်မြေများနဲ့ ပတ်သက်လို့ အရေးယူဆောင်ရွက်ပုံများကို ကာကွယ်ရေး ဝန်ကြီးက ရှင်းလင်းပြောကြားရာမှာ ပါဝင်တဲ့ အဓိကအချက်သုံးချက်ကို ထုတ်နုတ်တင်ပြလိုပါတယ်။

(၁)တပ်ဌာနချုပ်နယ်မြေအတွင်းရှိ အဆောက်အအုံများနဲ့ လွတ်ကင်းမှုမရှိတဲ့မြေတွေနဲ့အမြောက်ကြီးများ၊ လက်နက်ကြီးများ၊ လက်နက်ငယ်များ၊ စမ်းသပ်မှုများအတွင်း ထိခိုက်မှုရှိနိုင်ခြင်း၊ ကန့်သတ်ထားခြင်း အစရှိတဲ့မြေများကိုပြန်လည်စွန့်လွှတ်ပေးရန်မဖြစ်နိုင်ကြောင်း။

(၂)လက်ရှိဆောက်လုပ်ထားတဲ့အဆောက်အအုံများ၊ အနာဂတ်ထပ်မံဆောက်လုပ်မယ့် အဆောက်အအုံများနဲ့ လွတ်ကင်းမှုရှိတဲ့ မြေတွေကို အခမဲ့ပြန်လည်စိုက်ပျိုးခွင့်ပေးမည်ဖြစ်ကြောင်း။

(၃)အထက်ပါ အချက်နှစ်ရပ်မှာ အကျုံးမဝင်တဲ့မြေ စုစုပေါင်း ၁၈,၃၆၄ ဒသမ ၄၉)ဧကကိုလယ်သမားများအားပြန်လည်ပေးအပ်မည်ဖြစ်ကြောင်း။

ဆက်လက်ပြီးပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ဖြစ်တဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက မြို့ပြများတိုးချဲ့တည်ဆောက်ရေးနဲ့စက်မှုဇုန်များတည်ဆောက်ရေးအတွက် သိမ်းယူခဲ့တဲ့ လယ်ယာမြေများနဲ့ပတ်သက်ပြီး ရှင်းလင်းတင်ပြခဲ့တာတွေကို လက်လှမ်းမီသမျှ လေ့လာကြည့်မိပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ကာကွယ်ရေးဝန်ကြီးဌာနလိုမဟုတ်ဘဲလ/န(၃၉)ရပြီး၊ မပြီးအပေါ်မှာ အခြေခံထားပြီးပြဿနာကို ချဉ်းကပ်ရှုမြင်ထားတာတွေ့ရပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့တစ်ဖွဲ့တည်းက ဝန်ကြီးဌာနနှစ်ခုရဲ့ အခြေခံရှုမြင်ပုံကွဲပြားနေတာလုံးဝမသင့်လျော်ပါဘူး။ အဲဒီအခြေခံရှုမြင်ပုံကွဲပြားမှုပေါ်မူတည်ပြီး ဆောင်ရွက်ချက်တွေ ဘယ်လိုကွာခြားတယ်ဆိုတာဆက်လက် တင်ပြလိုပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနက လ/န(၃၉)ရသောမြေ၊ မရသေးသောမြေလို့ နှစ်ပိုင်းခွဲပြီး ဆောင်ရွက်မယ့်အချက်သုံးရပ်ကို ရှင်းလင်းတင်ပြထားပါတယ်။

(၁)လ/န(၃၉)ရပြီး မြေမှာစီမံကိန်းဆောင်ရွက်ပြီးမြေ၊ ဆောင်ရွက်ဆဲမြေနဲ့ မဆောင်ရွက်ရသေးတဲ့မြေဟူ၍ သုံးမျိုးရှိတဲ့အနက် “စီမံကိန်းမဆောင်ရွက်ရသေးတဲ့မြေ”ကိုတောင်သူလယ်သမားများနဲ့ အဆင်ပြေအောင်ညှိပြီးဆောင်ရွက်သွားမှာဖြစ်ကြောင်း(ဘယ်လိုညှိမယ်ဆိုတာမဖော်ပြပေမယ့် ငွေကြေးအပေးအယူညှိမှာဖြစ်တယ်လို့ပဲ သဘောပေါက်မိပါတယ်)

(၂)လ/န(၃၉) မရသေးတဲ့ မြေတွေအနက် စီမံကိန်းဆောင်ရွက်ပြီး ဆောင်ရွက်ဆဲ မြေတွေကို လ/န(၃၉)ရရှိရေးဆောင်ရွက်သွားမှာဖြစ်ပြီး လယ်သမားတွေကို သင့်တင့်တဲ့ လျော်ကြေးပေးရေး ဆောင်ရွက်သွားမှာဖြစ်ကြောင်း။

(၃)လ/န(၃၉)မရသေးဘဲ စီမံကိန်းမဆောင်ရွက်ရသေးတဲ့ သိမ်းဆည်းမြေကို ပြန်လည်အပ်နှံရေးဆောင်ရွက်သွားမှာဖြစ်ကြောင်း။

ဝန်ကြီးဌာနနှစ်ခုရဲ့ တင်ပြချက်တွေကို နှိုင်းယှဉ်ကြည့်ရာမှာ ကာကွယ်ရေးဝန်ကြီးဌာနက လ/န(၃၉)ကို အခြေခံအချက်အဖြစ် မထားရှိဘဲ လျော်ကြေးပေးမယ့် အပိုင်းလည်း မပါရှိတာကို တွေ့ရှိရပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနကတော့ လ/န(၃၉)ကို အခြေခံအချက်တစ်ရပ်အဖြစ်ထားရှိပြီး လျော်ကြေးပေးရေးအတွက် ဆောင်ရွက်ပေးသွားမယ့်အခြေအနေကိုပါတင်ပြထားတာ တွေ့ရပါတယ်။ ဝန်ကြီးဌာနနှစ်ခုအတွက် သမ္မတကြီးရဲ့လမ်းညွှန်ချက်က နှစ်မျိုးကွဲနေတာတော့မဖြစ်နိုင်ပါဘူး။ စာရေးသူရဲ့အမြင်ကိုပြောရရင် လျော်ကြေးပေးမယ်ဆိုရင်လည်း တစ်ပြေးညီ၊ မပေးဘူးဆိုရင်လည်း တစ်ပြေးညီဖြစ်သင့်ပါတယ်။

ဒီနေရာမှာ အလျဉ်းသင့်လို့ ပြောချင်တာတစ်ခု ရှိပါတယ်။ တချို့ပုဂ္ဂိုလ်တွေက ယခင်တပ်မတော်အစိုးရလက်ထက် မြေသိမ်းဆည်းမှုတွေနဲ့ပတ်သက်ပြီး အဲဒီတုန်းက တာဝန်ယူဆောင်ရွက်ခဲ့ကြရတဲ့ဌာနဆိုင်ရာတွေကိုဝေဖန်ပြစ်တင်ကြတာတွေ့ရပါတယ်။ တကယ်တော့ “အစွယ်လိုသူ မိဖုရား၊ အသွားစေခိုင်းသူ မင်းကေရာဇ်၊ လေးပစ်သူဘုရားကျွန်တော်၊ ကြံဖော်ကြံဖက်သုံးယောက် သားတွင်မှ၊ ကံကွက်ကြား၍ ငမိုက်သားမုဆိုးလေ၊ နင်ချည်းပင်သေပေရော့”ဟု ဆိုသည့်အတိုင်း သောနုတ္တိုရ်ကိုသာရွေး၍ အပြစ်ဖို့တာလုံးဝတရားမျှတမှုမရှိပါဘူး။ အဓိကတာဝန်အရှိဆုံးက န. ဝ. တ၊န. အ. ဖနဲ့အဲဒီတုန်းကအစိုးရအဖွဲ့ဝင်တွေပါပဲ။

စာမျက်နှာ(၃၂)သို့

Business
7Day News Journal
Vol.12, No.21 • JULY 31 , 2013

# နော်ဝေးပညာရှင်သုံးဦး ငါးသလောက် သားဖောက် မွေးမြူနိုင်ရန် စစ်တမ်းလာကောက်မည်

**သန်းဌေး**

**ရန်ကုန်၊ ဇူလိုင်-၂၉**

ငါးသလောက် သားဖောက်မွေးမြူရေးလုပ်ငန်းကို စီးပွားဖြစ်အဆင့် ဆောင်ရွက်နိုင်ရန် နော်ဝေးနိုင်ငံမှ ပညာရှင်သုံးဦး စက်တင်ဘာ ဒုတိယပတ်တွင် မြန်မာနိုင်ငံသို့ လာရောက် ညှိနှိုင်းဆွေးနွေးမည် ဖြစ်ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ သတင်းရရှိသည်။

နော်ဝေးနိုင်ငံမှ ငါးသလောက်ပညာရှင်များနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများသည် ယခုနှစ် ဇွန်လအတွင်းက နော်ဝေးနိုင်ငံ နော်ဖီမာ(Nofima)အဖွဲ့အစည်း၌ တွေ့ဆုံခဲ့ကာ မြန်မာ့ငါးသလောက် မျိုးစိတ် မျိုးသုဉ်းပျောက်ကွယ်မှု မရှိစေရေး ဆွေးနွေးခဲ့ကြသည်။

ထို့နောက် မြန်မာ့ငါးသလောက်ဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲပြီး သားဖောက်မွေးမြူနည်းပညာနှင့် ငွေကြေးထောက်ပံ့ကူညီရန် ၎င်းတို့က ကတိပြုခဲ့ကြပြီး စက်တင်ဘာ ၉ ရက်မှ ၁၃ ရက်အတွင်း ပညာရှင်သုံးဦး မြန်မာနိုင်ငံသို့ ရောက်လာပါက သက်ဆိုင်ရာဌာနများနှင့်ပါ အသေးစိတ်ညှိနှိုင်းဆွေးနွေးရန် စီစဉ်နေကြကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူးဦးဝင်းကြိုင်က ပြောသည်။

"ကျွန်တော်တို့တွေ နော်ဝေးကို ရောက်သွားပြီး အဲဒီအဖွဲ့အစည်းနဲ့ တွေ့ဆုံတော့ သူတို့ဒေသမှာ ငါးသလောက် မရှိဘူး။ ဒီမှာရှိတဲ့ ငါးသလောက်တွေကလည်း ရှားလာတာ။ ဒါကြောင့် သူတို့ဆီက ပညာရှင်တွေ ဆာဗေးလာလုပ်ပြီး ထွက်လာတဲ့ အဖြေပေါ်မူတည်ပြီး နည်းပညာသာမက ငွေကြေး ဘယ်လောက် ထောက်ပံ့မယ်ဆိုတာ အတိအကျ သိမယ်" ဟု ဦးဝင်းကြိုင်က ပြောသည်။

ထိုသို့ ဆွေးနွေးရာတွင် ပင်လယ်ပြင်မှ ဥပါသော ငါးမများကို ဖမ်းဆီးပြီး သားဖောက်ထုတ်လုပ်ပုံ နည်းပညာများ သင်ကြားခြင်းထက် မွေးမြူရေးကန်အတွင်း စီးပွားဖြစ်မွေးမြူထုတ်လုပ်နိုင်ရန် အခက်အခဲရှိပုံကို တင်ပြမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အမှုဆောင် ဒုတိယဥက္ကဋ္ဌ ဦးဟန်ထွန်းက ပြောသည်။

"ငါးသလောက်သယံဇာတအခြေအနေကို သုံးသပ်တဲ့အခါ အိမ်နီးချင်းနိုင်ငံအချို့မှာ အောင်အောင်မြင်မြင် သားဖောက်နိုင်ခဲ့ကြတယ်။ မွေးမြူရတာက ခက်ခဲတယ်။ ဒါကြောင့် သားဖောက်တာ အောင်မြင်လို့ မွေးမြူရေးကန်တွေထဲမှာ ထည့်မွေးဖို့ ကြိုးစားကြည့်မယ်။ မဖြစ်နိုင်ရန်လည်း သဘာဝသယံဇာတအဖြစ် ပင်လယ်ပြင်ထဲ လွှတ်ပေးလိုက်ဖို့ကိုလည်း ထည့်ဆွေးနွေးရတော့မှာပေါ့"ဟု ဦးဟန်ထွန်းက ပြောသည်။

နော်ဝေးနိုင်ငံမှ နည်းပညာနှင့် ငွေကြေးအကူအညီရယူပြီး မြန်မာ့ငါးသလောက်အား သားဖောက်ကာ စီးပွားဖြစ်မွေးမြူ၍ ကမ္ဘာ့ဈေးကွက် ထိုးဖောက်နိုင်ရေးထက် မျိုးသုဉ်းမပျောက်ကွယ်ရေးကိုသာ ဦးစားပေးဆောင်ရွက်သင့်ကြောင်း ငါးသလောက်ပညာရှင်တစ်ဦးက ပြောသည်။

"ငါးသလောက်တွေက ပြည်ပကို နှစ်စဉ်တင်ပို့နိုင်ပေမယ့် ဖမ်းမိတဲ့ငါးတွေက အကောင်လေးတွေ သေးလာတော့ သဘာဝသယံဇာတ တိုးပွားရေးမှာ အဟန့်အတားတွေ ဖြစ်နေတာကြောင့် တိုးပွားဖို့အပြင် ထိန်းသိမ်းဖို့အတွက် ကြိုတင်ကာကွယ်တာတွေ လုပ်ရတော့မှာ" ဟု ၎င်းကပြောသည်။

လာမည့် စက်တင်ဘာ ၉ ရက်တွင် နော်ဝေးမှ လာရောက်မည့် ငါးသလောက် သားဖောက်မွေးမြူရေး စီမံကိန်းမှ အကြိုလေ့လာရေးပညာရှင် သုံးဦးသည် မြန်မာနိုင်ငံသာမက ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံများတွင် ငါးသလောက်မျိုးစိတ် ရှားပါးပျောက်ကွယ်မသွားရေးအတွက် သားဖောက်နည်းနှင့် မွေးမြူထုတ်လုပ်နည်းကို စီမံကိန်းရေးဆွဲကာ နည်းပညာနှင့် ငွေကြေးထောက်ပံ့ကူညီသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အိန္ဒိယနိုင်ငံတွင် ငါးသလောက် သားဖောက်နည်းပညာကို ၁၉၅၁ ခုနှစ်ကတည်းက အောင်မြင်သကဲ့သို့ မလေးရှားနိုင်ငံတွင်လည်း ၂၀၀၀ ပြည့်နှစ်တွင် နည်းပညာရရှိခဲ့သည်။ သို့ရာတွင် မွေးမြူ၍မရသောကြောင့် အိန္ဒိယပင်လယ်ပြင်အတွင်းသို့ ငါးသလောက်သားပေါက် ဆယ့်နှစ်သိန်းကို လွှတ်ပေးခဲ့ရသည်ဟု ဆိုသည်။

## ရွှေဈေး အမြင့်ပိုင်းတွင်ရှိပြီး ဝယ်လိုအားနည်း

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇူလိုင် ၂၉**

ရွှေဈေးနှုန်းများသည် အမြင့်ပိုင်း၌ ရှိနေပြီး ဈေးနှုန်းအပြောင်းအလဲနည်းနေသည့်အတွက် ဈေးကွက်ဝယ်လိုအားထက်ဝက်နီးပါးကျဆင်းနေကြောင်း ရွှေဈေးကွက်မှ သတင်းရရှိသည်။

အပိုင်းဈေးကွက်နှင့် ဖြတ်စသာမက အထည်ဝယ်လိုအားများပင် ယခုရက်ပိုင်းတွင် ကျဆင်းလာကြောင်း ရွှေဆိုင်လုပ်ငန်းရှင်များက ပြောသည်။

"ဈေးတွေက ခုနစ်သိန်းကျော်ထိပြန်မြင့်လာတော့ အပိုင်းနဲ့ ဖြတ်စဈေးကွက်မှာ ဝယ်လိုအားက တော်တော်ကျသွားတယ်။ အထည်ဈေးကွက်ကလည်း ဒီဈေးတန်းမှာ အရင်ထက်စာရင် ကျလာတယ်။ ဈေးကွက်အားလုံးကိုကြည့်ရင်ဝယ်လိုအားက ထက်ဝက်လောက်ကျသွားတယ်"ဟု အောင်သမာဓိရွှေဆိုင်မှ ကိုဝင်းငယ်က ပြောသည်။

ကမ္ဘာ့ရွှေဈေးအကျများခြင်းကြောင့် ပြည်တွင်းရွှေတစ်ကျပ်သားလျှင်ကျပ်၆၆၅,၀၀၀ထိမှယခုကျပ်ခုနစ်သိန်းစွန်းစွန်းသို့ ပြန်လည်မြင့်တက်လာသောကြောင့် ဝယ်လိုအားများ ကျဆင်းသွားခြင်း

**စာမျက်နှာ(၂၈)သို့**

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၉၇၂ | ၉၈၂ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၇၆၄ | ၇၇၆ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၂၈၅ | ၁၃၀၃ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၃၁. ၉ | ၃၂. ၃ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၅၇ | ၁၆၀ | ကျပ် |

၂၀၁၃ ဇူလိုင် ၂၈ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၅ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၅၃ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၉၈. ၂၄ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၁၃၁၆ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၉. ၀၃၃ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၆၄ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၁၂. ၆၆ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၂၀၆၅ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၁. ၁၀ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၁၀,၂၆၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၁,၁၈၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၃. ၂၅ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၆၇ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၁. ၀၇၉ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၃၆၂ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၂၁၈ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၂. ၇၈၂၅ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၉ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | အောင်စ | ၁,၃၂၄. ၇၀ |
| ရေနံစိမ်း | စည် | ၁၀၇. ၁၃ |
| ငွေ | အောင်စ | ၁၉. ၉၀ |
| ကြေးနီ | ပေါင် | ၃. ၁၁ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၅၆ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၃ ဇူလိုင် ၂၇ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။



7DAY NEWS JOURNAL
Vol.12, No.21 • JULY 31 , 2013

# မြန်မာအလုပ်သမားများအား အထောက်အထားထုတ်ပေးသည့်စခန်းအချို့ ရုပ်သိမ်းတော့မည်



*ထိုင်း-မြန်မာချစ်ကြည်ရေးတံတားတွင် ဖြတ်သန်းသွားလာနေသည့် မြန်မာနိုင်ငံသားများ*

ဓာတ်ပုံ - EPA

**အေးမြတ်သူ**

**ရန်ကုန်၊ဇူလိုင်-၂၈**

ထိုင်းနိုင်ငံအတွင်းရှိမြန်မာအလုပ်သမားများကို အထောက်အထားထုတ်ပေးလျက်ရှိသော စခန်းအချို့ ရုပ်သိမ်းတော့မည်ဖြစ်ကြောင်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

ထိုင်းနိုင်ငံအတွင်း တရားမဝင်ဖြစ်နေသည့် မြန်မာအလုပ်သမားများကို တရားဝင်လုပ်သားအဖြစ် လုပ်ကိုင်ခွင့်ရရှိရန် မြန်မာအစိုးရက ယာယီနိုင်ငံကူးလက်မှတ်အထောက်အထားများထုတ်ပေးလျက်ရှိသည်။ အထောက်အထားများထုတ်ပေးရာတွင် စခန်း(၁၁)ခုဖြင့်ဆောင်ရွက်ပေးလျက်ရှိရာမှ စခန်းခြောက်ခုလျှော့ချတော့မည်ဖြစ်သည်။

"ပတ်စပို့မလုပ်ရသေးတဲ့ သူတွေ ကျန်သေးတယ်။ ဆက်လုပ်ဖို့အတွက် ထိုင်းအစိုးရကိုတောင်းဆိုထားတယ်။ ထပ်လုပ်ရင်တော့ စခန်း ငါးခုပဲထားတော့မယ်။ အလုပ်သိပ်မလုပ်ဖြစ်တဲ့ စခန်းတွေတော့ ပိတ်လိုက်တော့မယ်"ဟု အလုပ်သမားညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်ကပြောသည်။

ထိုင်းနိုင်ငံရှိတရားမဝင်မြန်မာအလုပ်သမား ၁ ဒသမ ၇ သန်းခန့်အား ယာယီနိုင်ငံကူးလက်မှတ် အထောက်ထားများထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ထိုင်းနိုင်ငံရှိတရားမဝင်မြန်မာအလုပ်သမားများအား အထောက်အထားထုတ်ပေးမှု သက်တမ်းသည် ပြီးခဲ့သည့်နှစ်ကုန်က ကုန်ဆုံးခဲ့သော်လည်း ထပ်မံ၍ထုတ်ပေးမှု ခွင့်ပြုရန် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ထိုင်းနိုင်ငံဝန်ကြီးချုပ် မြန်မာနိုင်ငံသို့ ရောက်ရှိစဉ်က တောင်းဆိုခဲ့သည်။ ထို့နောက် ယခုနှစ် ဖေဖော်ဝါရီလပိုင်းမှစ၍ ယာယီနိုင်ငံကူးလက်မှတ်ထုတ်ပေးသည့် လုပ်ငန်းစဉ်ကိုခွင့်ပြုပေးခဲ့ပြီးဩဂုတ်၁၁ရက်တွင် ကုန်ဆုံးတော့မည်ဖြစ်သည်။

ထပ်မံ၍အထောက်အထားထုတ်ပေးသည့် သက်တမ်းကာလတိုးမြှင့်ပေးမည်ဆိုပါက ထိုင်းနိုင်ငံတောင်ပိုင်း၊ အလယ်ပိုင်း၊ မြောက်ပိုင်းရှိ စခန်းများသာ ထားရှိတော့မည်ဖြစ်ပြီး အချို့သော စခန်းများတွင်ထုတ်ပေးရန်ကျန်ရှိသည့်လုပ်သားများ နည်းသွားပြီဖြစ်သည့်အတွက် ရုပ်သိမ်းမည်ဟု သိရသည်။

ဩဂုတ် ၁၁ ရက်နောက်ပိုင်းတွင် အထောက်အထားဆက်ထုတ်ပေးနိုင်ရေးအတွက် မြန်မာအစိုးရနှင့် ထိုင်းအစိုးရတို့ညှိနှိုင်းဆွေးနွေးလျက်ရှိကြောင်း သတင်းရရှိသည်။

စာမျက်နှာ( ၂၇) မှ

## ရွှေဈေးအမြင့်ပိုင်းတွင် ရှိနေပြီး အပြောင်းအလဲနည်းနေ

ဖြစ်သည်။

ကမ္ဘာ့ရွှေဈေးနှုန်းများမှာ တစ်အောင်စလျှင်ဒေါ်လာ၁,၂၈၀ ဝန်းကျင်ထိအနိမ့်ဆုံးကျဆင်းသွားရာမှ ယခုရက်ပိုင်းတွင် ဒေါ်လာ ၁,၃၃၀ ကျော်မှ ဒေါ်လာ ၁,၃၄၅ ကြား အတက်အကျဖြစ်နေသည်။

ထို့ကြောင့်ပြည်တွင်းရွှေဈေးများမှာလည်း ကျပ် ခုနစ်သိန်းဝန်းကျင်တွင် ကျပ်ထောင်ဂဏန်းသာ အတက်အကျဖြစ်နေသည်။

"ဈေးတွေက အတက်ဘက်မှာတော့ရှိနေတယ်။ ဒါပေမဲ့ သောင်းဂဏန်းအပြောင်းအလဲတွေတော့ မဖြစ်နိုင်ဘူး။ ဈေးဆက်တက်နိုင်တဲ့အနေအထားမှာတော့ ရှိနေတယ်"ဟု ရွှေလုပ်ငန်းရှင်တစ်ဦးကပြောသည်။

ဇူလိုင် ၂၈ရက်တွင်ပြည်တွင်းရွှေဈေးနှုန်းသည် တစ်ကျပ်သားလျှင် ၇၀၁,၀၀၀ ကျပ် ဝန်းကျင်တွင် ရှိနေသည်။







"ဝင်တာပူ အရောင်းခန်းမ" ဖွင့်လှစ်ခြင်း အထိမ်းအမှတ် အရောင်းပွဲတော်
ရန်ကုန်မြို့၏ အောင်မြင်ကျော်ကြားနေသော "လူနေမှုပတ်ဝန်းကျင်သစ်"
ရောင်းချမည့် အဆင့်မြင့်တိုက်ခန်းများတွင် - ✱ ကျယ်ဝန်းသည့် အခန်းဖွဲ့စည်းမှု ✱ ခေါင်မိုးဝရံတာပါရှိသော အခန်းဖွဲ့စည်းမှု
✱ ပန်းခြံပါဝင်သော အခန်းဖွဲ့စည်းမှုများ ✱ မြေအောက် ကားပါကင် စသည်တို့ ကို အသစ်ထပ်မံ ထည့်သွင်းထားပါသည်၊
✱ ၂၀၁၄ ခုနှစ် နှစ်ဆန်းပိုင်းတွင် စတင်မည့် မြို့တွင်း ဘတ်စ်ကား ကြိုပို့ဝန်ဆောင်မှု
For your convenience:
STAR*City Sales Centre: Kyaik Khauk Pagoda Road, Thanlyin Township, Yangon, Myanmar.
Tel: +95 56- 23150~3 23165, 23166, 23191, 23219, 23224,Ext : 112, 118, 119, 120
E-mail : scmarketing@spa.com.mm Website:www.starcityyangon.com
Singapore Office
Peninsula Plaza - #04-39
Tel: +65 9673 6731
E-Mail: Condosales_Myanmar@yomastrategic.com

7DAY NEWS JOURNAL
Vol.12, No.21 • JULY 31 , 2013


AFP

# ပြန်လည်နိုးထလာသော ဘူလ်ဂေးရီးယား

**ကြည်နေဝင်းမင်း**

ဘူလ်ဂေးရီးယားနိုင်ငံသား ထောင်ပေါင်းများစွာသည် နိုင်ငံတွင် ဖြစ်ပေါ်နေသော ခြစားမှုနှင့် ဆွေမျိုးသားချင်း ကောင်းစားရေးဝါဒအပေါ် သီတင်းပတ်ပေါင်းများစွာ ဆန့်ကျင်ဆန္ဒပြနေကြသည်။ ဘူလ်ဂေးရီးယားမှာ အီးယူတွင် အဆင်းရဲဆုံးနိုင်ငံဖြစ်ပြီး ဖြစ်ပေါ်နေသောပြဿနာများမှာ စပိန်၊ ပေါ်တူဂီ၊ ဂရိနိုင်ငံတို့နှင့် မတူကွဲပြားခြားနားသည်။

မစ္စတာကီရီးလ်သည် ဆန္ဒပြမှုများစတင်ခဲ့သော ပထမဆုံးရက်ကပင် စတင်ပါဝင်ခဲ့သည်။ ထိုအတောအတွင်း သုံးရက်တာဆန္ဒပြပွဲများသို့ မရောက်ဖြစ်။

“နိုင်ငံရေးသမားတွေက ဘောင်ကျော်နေပြီ။ တော်လောက်ပြီ။ နိုင်ငံရေးယဉ်ကျေးမှုမှာ အကြီးအကျယ်ပြောင်းလဲမှုတွေ လုပ်ဖို့ ကျွန်တော်တို့ တောင်းဆိုတယ်”ဟု မြို့တော် ဆိုဖီယာမှ ကွန်ပျူတာပညာရှင် ကီရီးလ်တိုဒိုရော့ဖ်က ပြောသည်။

လမ်းပေါ်မှဖိအားများလည်း တိုးလာသည်။ ဘူလ်ဂေးရီးယားနိုင်ငံတွင် ဆန္ဒပြပွဲများ ဖြစ်နေသည်မှာ ၄၂ ရက်ရှိပြီ။ လူထုအင်အားက လျော့မသွားသေးပါ။ ငယ်ရွယ်သူရော၊ အသက်ကြီးသူရော၊ ဆင်းရဲသူရော၊ ချမ်းသာသူရော၊ ဘွဲ့ရသူရော၊ ဘွဲ့မရသူရော ပါဝင်သော ကန့်ကွက်မှုမှာ နိုင်ငံအပေါ် စိတ်ပျက်နေသော လူအများ၏ ကန့်ကွက်မှုဖြစ်သည်။

“အဆိုးဆုံးကတော့ လွန်ခဲ့တဲ့ နှစ်ပိုင်းအတွင်းမှာ လူတွေက နိုင်ငံရေးကို စိတ်မဝင်စားတော့ဘူး။ ထူးမခြားနား သဘောထားလာတယ်။ နိုင်ငံရေးသမားတွေက သူတို့လုပ်ချင်တာလုပ်နေကြတာပဲ။ ငါလည်း ဘာမှလုပ်လို့မရဘူးဆိုတာမျိုးဖြစ်လာတယ်”ဟု ဆိုဖီယာမြို့မှ ဇီဝဗေဒပညာရှင် မီလာဒင်ဟက်ဇီယက်ဖ်က ပြောသည်။ ၎င်းကိုယ်တိုင်လည်း အတိတ်က နိုင်ငံရေးတွင် စိတ်မဝင်စားခဲ့ကြောင်း မီလာဒင်က ပြောပါသည်။ သို့သော် ယခုအခါ ယင်းအခြေအနေပြောင်းလဲသွားပါပြီ။ “ငါတို့ရဲ့ လူ့အဖွဲ့အစည်းတစ်ကျော့ပြန် နိုးထလာတာကို ဒီအချိန်၊ ဒီနေရာ၊ ဒီရင်ပြင်မှာ မြင်တွေ့နေရတယ်။ ဒါဟာ ငါတို့ရဲ့ ကန့်ကွက်ရေးလှုပ်ရှားမှုရဲ့ အကြီးမားဆုံးအောင်မြင်မှုပဲ”ဟု ၎င်းကဆိုပါသည်။

ဩဇာအာဏာကြီးသည့် မီဒီယာလုပ်ငန်းရှင် ဒီလီယန်ဗက်စကီးကို ဘူလ်ဂေးရီးယားလုံခြုံရေးအေဂျင်စီအကြီးအကဲအဖြစ် ခန့်အပ်လိုက်ချိန်တွင် လူထု၏ သည်းခံနိုင်စွမ်း ကုန်ဆုံးသွားခဲ့သည်။ ဗက်စကီးမှာ တရားမဝင် စီးပွားရေးလုပ်ငန်းများအပြင် မာဖီးယားအဖွဲ့နှင့်လည်း ချိတ်ဆက်မှုရှိသည်ဟုဆိုသည်။ “ပထမတော့ သူ့ကိုခန့်အပ်တာဟာ ရယ်စရာဟာသပဲလို့ ထင်ခဲ့တယ်။ တချို့ ဖေ့စ်ဘွတ်ခ်မှတ်ချက်တွေဆိုရင် မေးခွန်းအမှတ်အသားတွေချည်းပဲ။ လူတွေ ဘာမှမပြောနိုင်လောက်အောင် ဖြစ်သွားကြတယ်”ဟု ကီရီးလ်က ပြောသည်။ “ဒါပေမဲ့ နိုင်ငံရေးသမားတွေက ဒါကို အလေးအနက်ထား ပြောနေကြတော့ လူတွေ ပေါက်ကွဲသွားတော့တာပဲ”ဟု ၎င်းကဆက်လက်ပြောသည်။

ဇွန်လ ၁၃ ရက် ညပိုင်းတွင် ဆိုဖီယာမြို့လယ်တွင် လူအများ အလိုအလျောက်စုဝေးကြပြီး ပထမဆုံး ကန့်ကွက်ဆန္ဒပြမှု ဖြစ်ပေါ်လာခဲ့သည်။ နောက်တစ်နေ့တွင် ဗက်စကီး နုတ်ထွက်ပေးခဲ့သော်လည်း ဆေးမမီတော့။ နောက်ကျသွားခဲ့ပြီ။ လူထုကန့်ကွက်မှု မီးတောက်ကို မီးညှိပြီးဖြစ်သွားသည်။

ဘူလ်ဂေးရီးယားနိုင်ငံမှာ နိုင်ငံတကာ ပွင့်လင်းမြင်သာမှုအဖွဲ့၏ ခြစားမှုညွှန်းကိန်း စာရင်းအောက်ဆုံးနားတွင် နှစ်ပေါင်းများစွာ ရောက်ရှိနေခဲ့ပြီး ဥရောပနိုင်ငံများတွင် ခြစားမှုအများဆုံးနိုင်ငံဖြစ်ခဲ့သည်။ လွန်ခဲ့သော ၂၃ နှစ်က ကွန်မြူနစ်အစိုးရ ပြုတ်ကျပြီး နိုင်ငံတော်စီမံကိန်း စီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေးသို့ အသွင်ကူးပြောင်းစဉ်ကာလအတွင်း ကန့်လန့်ကာနောက်ကွယ်၌ ကွန်ရက်များ ဖွဲ့ခဲ့ကြသည်။ အများအားဖြင့် ယခင်ကွန်မြူနစ်အခွင့်ထူးခံများ အဓိကပါဝင်သော အဖွဲ့အစည်းများဖြစ်သည်။ ယနေ့အချိန်ခါမှာပင် ၎င်းတို့က နိုင်ငံရေး၊ စီးပွားရေးနှင့် တရားရေးများတွင် ကျင်လည်ကျက်စားရင်း နိုင်ငံအတွင်းဆုံးဖြတ်ချက်ချမှတ်မှုများကို ထိန်းချုပ်ထားကြသည်။

နိုင်ငံရေးတွင် ခြစားမှုနမူနာများကို အလွယ်တကူတွေ့မြင်နိုင်သည်။ ဥပမာအားဖြင့် လွန်ခဲ့သော နှစ်အနည်းငယ်က အစိုးရအဖွဲ့အစည်းအတွက် နည်းပညာပစ္စည်းများ ဝယ်ယူရေး လူထုတင်ဒါခေါ်ယူချိန်က အဖြစ်အပျက်မျိုးဖြစ်သည်။ “နည်းပညာပိုင်း သတ်မှတ်ချက်တွေက ကုမ္ပဏီတစ်ခုက တင်သွင်းတဲ့ပုံစံတစ်ခုအတိုင်း ၁၀၀ ရာခိုင်နှုန်း တူနေတယ်။ အခြေခံအားဖြင့်တော့ တင်ဒါခေါ်တဲ့လူတွေက အဲဒီကုမ္ပဏီရဲ့ ဖိုင်ထဲကပုံစံအတိုင်း ကူးယူထုတ်ပြန်လိုက်တာပါပဲ။ စာလုံးပေါင်းအမှားတွေကအစ တူနေတယ်”ဟု ဒီမိုကရေစီလေ့လာရေးစင်တာမှ စီးပွားရေးပညာရှင် တိုဒိုဂါလက်ဖ်က ပြောပါသည်။

ဘူလ်ဂေးရီးယားနိုင်ငံတွင် အစိုးရနှင့်သက်ဆိုင်သော လုပ်ငန်းများအတွက် လူတိုင်းကို တန်းတူအခွင့်အရေးမပေးဘဲ အချို့ကုမ္ပဏီများကိုသာ ချထားပေးလိုက်ခြင်းမှာ တစ်ကြိမ်တစ်ခါတည်းဖြစ်ပေါ်တတ်သည် မဟုတ်ပါ။

လွန်ခဲ့သောနှစ်များက မြေယာများ ခွဲတမ်းချထားပေးရာတွင်လည်း အစိုးရအရာရှိကြီးများ၏ မိသားစုဝင်များကို ဦးစားပေးချထားပေးသည်။ “ဒါတွေကလည်း လိုက်ပြီးစုံစမ်းမေးမြန်းတဲ့ ဂျာနယ်လစ်တွေနဲ့ အဖွဲ့အစည်းတွေကြောင့် လူတွေသိလာကြတာပါ။ ရေးသာရေးခဲ့ကြပေမယ့်လည်း ဥပဒေကြောင်းအရ အရေးယူတယ်ဆိုတာမျိုး မရှိခဲ့ဘူး”ဟု မစ္စတာဂါလက်ဖ်က ဆိုပါသည်။

“ကန့်ကွက်ဆန္ဒပြမှု ကနဦးရက်တွေမှာ လျှပ်စစ်ဓာတ်အားခတွေ လျှော့ချပေးမယ်၊ ပင်စင်တွေ တိုးပေးမယ်၊ လစာတွေ တိုးပေးမယ်ဆိုပြီး နိုင်ငံရေးသမားတွေက ပျားရည်နဲ့ဝမ်းချဖို့ ကြိုးစားကြသေးတယ်။ သူတို့သဘောမပေါက်ဘူး။ ဒါတွေဟာ ကျွန်တော်တို့ တောင်းဆိုနေတာတွေ မဟုတ်ဘူး”ဟု ယခုအခါ ကန့်ကွက်ဆန္ဒပြမှုများတွင် နေ့စဉ်ပါဝင်နေသော မီလာဒင်ကပြောသည်။

ကန့်ကွက်ဆန္ဒပြပွဲများမှာ ဘူလ်ဂေးရီးယားနိုင်ငံ၏ စီးပွားရေး သိသိသာသာတိုးတက်လာချိန်အတွင်း ဖြစ်ပေါ်လာခြင်းဖြစ်သည်။ “ပြီးခဲ့တဲ့နှစ်ကဆို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ များလာတယ်။ သုံးနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေနဲ့ ကုန်ပစ္စည်းတင်ပို့မှုတွေ တိုးတက်လာတယ်။ ဖွံ့ဖြိုးတိုးတက်မှုရှိလာတယ်။ ဥရောပပြဿနာရှိနေပေမယ့်လည်း အလုပ်သမားဈေးကွက်တောင် မထိခိုက်ဘူး”ဟု အစိုးရမဟုတ်သော အဖွဲ့အစည်း Industry Watch မှ ဘိုဒါနော့ဗ်က ဆိုပါသည်။

သို့သော် ဘူလ်ဂေးရီးယားနိုင်ငံမှာ အလုပ်သမားများ၏ အနိမ့်ဆုံးလစာ တစ်လလျှင် ယူရို ၂၀၀ ပင်မရှိဘဲ အီးယူတွင် အဆင်းရဲဆုံးနိုင်ငံအဖြစ် ရှိနေဆဲဖြစ်သည်။ “အနောက်ဥရောပနိုင်ငံတွေက ဖွံ့ဖြိုးမှုတည်ငြိမ်အောင်လုပ်နေတဲ့ အချိန်မှာ ကျွန်တော်တို့က အပြုသဘောဆောင်တဲ့ အသိအမှတ်ပြုမှုရအောင် တိုးတက်မှုမြန်ဆန်ဖို့ လိုတယ်။ အမီလိုက်ဖို့ အများကြီးလိုသေးတယ်”ဟု မစ္စတာဘိုဒါနော့ဗ်က ဆိုပါသည်။

ဘူလ်ဂေးရီးယားမှာ နောက်ထပ်ဘာတွေဖြစ်လာမလဲ။ ဆန္ဒပြသူတွေကလည်း အရှုံးပေးရန် မရည်ရွယ်ထား။ နိုင်ငံရေးသမားများကလည်း နုတ်ထွက်ခွင့်မရွေးချယ်နိုင်၊ ကန့်ကွက်ဆန္ဒပြသူများက ပြောကြားသော အခြားသော အခိုင်အမာနိုင်ငံရေးအရွေးချယ်စရာလမ်းလည်းမရှိ။ ရွေးချယ်ရန်မှာလည်း ၎င်းတို့၏ ရည်ရွယ်ချက်ဖြစ်ပုံမရ။ “ကျွန်တော်တို့က ငတုံးတွေမဟုတ်ဘူး။ အခြေအနေက နေ့ချင်းညချင်း ပြောင်းသွားမှာ မဟုတ်ဘူးဆိုတာ ကျွန်တော်တို့သိတယ်”ဟု မစ္စတာမီလာဒင်ကဆိုပါသည်။


သို့သော် နိုင်ငံရေးသမားဟောင်းများနှင့် အနာဂတ်နိုင်ငံရေးသမားများ သိထားရမည့် အချက်တစ်ချက်မှာ ၎င်းတို့အနေဖြင့် ယုံကြည်မှုရှိသော၊ အနီးကပ်စောင့်ကြည့်နေသော အရပ်ဘက်လူ့အဖွဲ့အစည်းတစ်ရပ်ကို ရင်ဆိုင်နေရပြီဆိုခြင်းဖြစ်သည်။

*—Ref: Time is up: Corruption and its economic consequences*

# Knowledge

7 DAY NEWS JOURNAL
Vol.12, No.21 • JULY 31 , 2013

## 7DAY BOOK REVIEW




### ညီတော်အာနန္ဒာနှင့် တေဒဂ်ပုဂ္ဂိုလ်ထူးများ

(မင်းယုဝေ)

ဆရာမင်းယုဝေ၏ "ညီတော်အာနန္ဒာနှင့် တေဒဂ်ပုဂ္ဂိုလ်ထူးများ"စာအုပ်ထွက်ရှိလာသည်။ မြတ်စွာဘုရားက အမြတ်ဆုံးသောဘွဲ့ထူးတေဒဂ်ဖြင့် ချီးမြှောက်ခံရသော အရှင်မြတ် ၃၃ပါးနှင့် လူပုဂ္ဂိုလ်ငါးဦးတို့၏အကြောင်းကို ရေးသားပူဇော်ထားခြင်းဖြစ်သည်။ ဆရာမင်းယုဝေသည် ထိုတေဒဂ်ရပုဂ္ဂိုလ်ထူးများအကြောင်းကို၁၉၉၅ခုနှစ်မှ ၂၀၀၂ခုနှစ်အထိ ခုနစ်နှစ်ကြာမျှ မင်္ဂလာမောင်မယ်စာစောင်တွင် ရေးသားခဲ့ခြင်းဖြစ်ပြီး ယခုအခါတွင်မှ စာအုပ်အဖြစ်တစ်စုတစ်စည်းတည်းထွက်ရှိလာခြင်းဖြစ်သည်။ ရေးသားရာ၌ ရှင်းလင်းလွယ်ကူသော စကားပြေရေးဟန်ဖြင့် ရေးဖွဲ့ထားခြင်းဖြစ်၍ လူငယ်လူရွယ်ကျောင်းသားများအတွက် ဗုဒ္ဓတရားတော်များနှင့်ရင်းနှီး ကျွမ်းဝင်စေနိုင်သော စာအုပ်လည်းဖြစ်သည်။

"ဤသို့ဖြင့် ဘုရားရှင်သည် ကြွချီတော်မူလာရာ ကဆုန်လပြည့်နေ့တွင် ကပိလဝတ်ပြည်သို့ ရောက်တော်မူလေသည်။ သုဒ္ဓေါဒနမင်းကြီးနှင့်တကွ နန်းတွင်းသူ နန်းတွင်းသား၊ ဆွေတော်မျိုးတော်များ၊ မှူးမတ်များအားလုံးပင် ဘုရားရှင်၏ အဆုံးအမ၌ တည်ကြလေသည်။ နောင်အခါဘုရားရှင်သည် သံဃာတို့အလယ်၌ အထူးမြတ်ဆုံးသော ရဟန်းတော်များကို တေဒဂ်ဘွဲ့ထူးချီးမြှင့်ရာတွင် အရှင်ကာဠုဒါယီကိုလည်း ချီးမြှင့်၏"ဟူသော ရှင်းလင်းသော အရေးအသားများဖြင့်စာဖတ်သူကိုဆွဲဆောင်နိုင်သောစာအုပ်ဖြစ်သည်။ အလင်းသစ်စာပေမှ ဖြန့်ချိပြီး တန်ဖိုး ၂,၅၀၀ကျပ် ဖြစ်သည်။




### ဘာနိုင်ငံရေးသမားလဲနှင့် အခြားဆောင်းပါးများ

(နောင်ကျော်)

"နိုင်ငံရေးလုပ်တယ်ဆိုတာ အစိုးရကို ဆန့်ကျင်တာမဟုတ်ဘူး။ နိုင်ငံကောင်းစားဖို့လုပ်တာ။ နိုင်ငံထဲမှာနေထိုင်ကြတဲ့ ပြည်သူလူထုအများစုကြီးရဲ့ ဘဝတွေ ကောင်းမွန် တိုးတက်လာစေချင်လို့လုပ်တာ။ ဒါကိုနိုင်ငံရဲ့ အုပ်ချုပ်ရေးအပါအဝင် မဏ္ဍိုင်ကြီးသုံးရပ်ကိုထိန်းချုပ်ထားတဲ့အာဏာရနိုင်ငံရေးပါတီဘက်ကလည်း အမြင်ရှင်းဖို့လိုမယ်။ နိုင်ငံရေးလုပ်တယ်ဆိုတာ တိုင်းပြည်ကိုဖျက်ဖို့မဟုတ်ဘူး။ တိုင်းပြည်ကောင်းဖို့လုပ်တာ။ ကိုယ့်ရဲ့ အစုအဖွဲ့လေးပဲကောင်းစားဖို့လုပ်တာမဟုတ်ဘူး။ ပြည်သူလူထုအားလုံးကြီးပွားကောင်းစားဖို့လုပ်တာ။ ဒီလိုအမြင်မျိုးကို ဒီကနေ့ ပါတီစုံဒီမိုကရေစီခေတ်မှာရှိနေကြတဲ့ လူတိုင်းလူတိုင်းက သဘောပေါက်လက်ခံထားနိုင်ဖို့က အရေးကြီးပါတယ်"ဟု ဆောင်းပါးတစ်နေရာတွင် ရေးသားထားသည့် စာရေးသူ နောင်ကျော်၏ "ဘာနိုင်ငံရေးသမားလဲနှင့် အခြား ဆောင်းပါးများ"စာအုပ်ထွက်ရှိလာသည်။

စာရေးသူနောင်ကျော်မှာ နိုင်ငံရေးဆောင်းပါးများ၊ အက်ဆေးများကို အစဉ်တစ်စိုက်ရေးသားခဲ့သူလည်းဖြစ်သည်။ ယခုစာအုပ်ပါဆောင်းပါးများမှာ ဂျာနယ်များတွင် ရေးသားခဲ့သော ဆောင်းပါးများဖြစ်ပြီး ဆောင်းပါး ၂၈ပုဒ်ပါဝင်သည်။ ယနေ့မြန်မာ့နိုင်ငံရေးမြင်ကွင်းများအပေါ် စာရေးသူနောင်ကျော်က ချဉ်းကပ်ရှုမြင်ပုံတို့ကို ကွဲပြားခြားနားစွာဖတ်ရှုနိုင်မည်ဖြစ်သည်။ အရှေ့ကြယ်စာပေမှ ဖြန့်ချိပြီး တန်ဖိုး ၂,၀၀၀ကျပ် ဖြစ်သည်။

## Knowledge ဗဟုသုတ

### လူအသေအပျောက် အများဆုံး ကမ္ဘာ့အဆိုးရွားဆုံး ရထားမတော်တဆမှု

မကြာသေးမီက စပိန် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော ရထားမတော်တဆမှုမှာ လူပေါင်းအနည်းဆုံး ၈၀ ကျော် သေဆုံးပြီး ဒဏ်ရာရသူဦးရေမှာ ၁၀၀ ကျော်ရှိခဲ့၍ ဥရောပတွင် အဆိုးရွားဆုံးဖြစ်ပေါ်ခဲ့သော မတော်တဆမှုများမှ တစ်ခုဖြစ်ခဲ့သည်။

ကမ္ဘာတွင် ရထားမတော်တဆမှုများ အကြိမ်များစွာ ဖြစ်ပေါ်ခဲ့ရာ၌ လူအမြောက်အမြား သေဆုံးရသော မတော်တဆမှုများတွင် သီရိလင်္ကာ၌ ဆူနာမီလှိုင်းများကြောင့် ရထားတစ်စီးလုံး ရေဖုံးလွှမ်း၍ သေဆုံးရမှုမှာ သမိုင်း၌ လူအသေအပျောက် အများဆုံး ရထားမတော်တဆမှုဟု သတ်မှတ်နိုင်သည်။ ၂၀၀၄ ဒီဇင်ဘာ ၂၆ ရက်တွင် သီရိလင်္ကာနိုင်ငံတောင်ပိုင်း ပါရယ်လီယာကမ်းခြေမြို့အနီး၌ အိန္ဒိယသမုဒ္ဒရာအတွင်း လှုပ်ခတ်ခဲ့သော ငလျင်ကြောင့် ဆူနာမီဖြစ်ပေါ်ပြီး လှိုင်းများကြောင့် ရထားတိမ်းမှောက်နစ်မြုပ်ခဲ့ကာ အခြားအရာများနှင့်လည်း တိုက်မိပြီး လူပေါင်း ၁,၇၀၀ ကျော် သေဆုံးခဲ့ရခြင်းဖြစ်သည်။ ယခင်က အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ်တွင် ဖြစ်ပွားခဲ့သော ဘဂမာတီမြစ်ထဲ ရထားထိုးကာလူပေါင်း ၈၀၀ ကျော် သေဆုံးခဲ့ရမှုထက် ပိုများပြီး စံချိန်သစ်ဖြစ်ခဲ့သည်။

-Railserve.com/Wikipedia






**ARIES** — မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

ပြဿနာအတိုက်အခံများနှင့် ထိပ်တိုက်တွေ့မည်။ ကိုယ်ဆောင်ရွက်သမျှ ကိစ္စအပေါ် လိုက်လံနှောင့်ယှက်သူများနှင့် တွေ့မည်။ လူလိမ်လူကောက်သတိထားရမည်။ အပြိုင်အတိုက်အခံများကြားမှ အလိုရှိရာ များဆောင်ရွက်သွားရမည်။ အစပိုင်းချောချောမောမောရှိအောင် ဆောင်ရွက်ထားပြီး နောက်ဆုံးအခြေအနေရောက်မှ ကတိဖျက်သူနှင့် တွေ့မည်။ ငွေကြေးယူငင်ထားပြီး လုပ်ငန်းမဆောင်ရွက်သည့်သူများနှင့် တွေ့မည်။



**TAURUS** — ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

အခက်အခဲများကျော်လွှားပြီး အလိုရှိသလောက် ထွန်းပေါက်အောင်ဆောင်ရွက်နိုင်မည်။ တစ်ပါးသူ ကြောင့်ဖြစ်ပေါ်လာသော ပြဿနာများအား ပြေလည်အောင်ဖြေရှင်းရမည်။ အိုးအိမ်ကိစ္စ၊ နေရာထိုင်ခင်း ကိစ္စများစနစ်တကျဆောင်ရွက်ရမည်။ ချဲ့ထွင်ဆောင်ရွက်သောလုပ်ငန်းများမှ ထင်ရှားသော အဆင်ပြေမှုများဖြစ်ပေါ်မည်။ ကောင်းသော ကျော်ကြားခြင်းနှင့် တိုးတက်မှုများပေါ်ပေါက်မည်။ မေတ္တာရေးတွင်ကံကောင်းမည်။



**GEMINI** — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

ကြန့်ကြာနေသည်များပြန်လည်ရရှိမည်။ အခက်အခဲများ အတိုက်အခံများမှ ကင်းလွတ်မည်။ အရပ်ဝေးတိုင်းတစ်ပါးရေခြား၊ မြေခြားနှင့် ဆက်နွှယ်လုပ်ကိုင်မှုများ အဆင်ပြေမည်။ ခရီးသွား၍ အကျိုး ရှိမည်။ ငွေကြေးကိစ္စ၊ လုပ်ငန်းကိစ္စများအဆင်ပြေမည်။ အရာရာအဆင်ပြေမည်။ မေတ္တာရေးကံကောင်းမည်။ စိတ်ချမ်းမြေ့ခြင်းဖြစ်မည်။ ကောင်းသော အလိုပြည့်ခြင်းများရှိမည်။



**CANCER** — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

အတိုက်အခံကြားမှ တိုးတက်မှုများရရှိမည်။ မိတ်ဆွေအကူအညီရလင့်ကစား ထိထိမိမိဆောင်ရွက်နိုင်သလိုရှိမည်။ အပြိုင်အဆိုင်များအား ကျော်လွှားနိုင်မည်။ အကြီးအကဲများ၏ ကျန်းမာရေးဂရုစိုက်ရမည်။ လုပ်ငန်းခွင်အတွင်း အခွင့်ကောင်းများလက်ဝယ်ရရှိပြီးမှ နှောင့်နှေးခြင်း၊ သူတစ်ပါးမှ လုယူခြင်းများရှိမည်။ ဥပဒေနှင့်မကင်းသော ကိစ္စများရှောင်ပါ။ ရုတ်တရက် အိမ်ထောင်ကျကိန်း ရှိသည်။



**LEO** — သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

နာမည်အောင်မြင်မှုနှင့် ဘဝတိုးတက်မည်။ ဥစ္စာလာဘ်လာဘတိုးပွားမည်။ ကံမြင့်မားမည်။ လူမျိုးကွဲအကျိုးပေးမည်။ အလုပ်ကိစ္စအတွက် စကားပြောဆိုခြင်းများအောင်မြင်မည်။ သူတစ်ပါးနှင့်မတူသော စိတ်ကူးများ ပေါ်ပေါက်မည်။ ၎င်းစိတ်ကူးသစ် များအား အကောင်အထည်ဖော်၍ တိုးတက်မှုများရှိမည်။ မိသားစုနှင့် ပတ်သက်သော ကိစ္စများကို ရှေ့တိုးဆောင် ရွက်သွားပါ။ မေတ္တာရေးကံကောင်းမည်။



**VIRGO** — ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

အမှုပြဿနာများဖြစ်တတ်သည်။ ရန်များမည်။ သူများပြဿနာ၊ ကိုယ်ပြဿနာဖြစ်တတ်သည်။ ငွေကြေးကိစ္စများတွင် စိတ်အနှောင့်အယှက်ကြုံမည်။ မိသားစုအတွင်း အပူဝင်တတ်သည်။ စာရွက်စာတမ်းလက်မှတ်ရေးထိုးခြင်းမပြုရ။ စိတ်အနှောင့်အယှက်များရှိမည်။ သံယောဇဉ်အထားမှား၊ အချစ်မှား၊ ဆုံးဖြတ်ချက်မှားခြင်းဖြစ်ပေါ်တတ်သည်။ ရည်မှန်းချက်များ မြင့်မားသလောက် လက်တွေ့ဆောင်ရွက်မှုအားနည်းသည်။



**LIBRA** — တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

ကျန်းမာရေးအညံ့ရှိမည်။ အချစ်ရေး၊ မေတ္တာရေးနှင့် ပတ်သက်၍ ပြဿနာများ ကြုံမည်။ ပဋိပက္ခဖြစ်၍ စကားများရခြင်းရှိမည်။ မနာလိုသောသူများနှင့် ထိပ်တိုက်တွေ့မည်။ သူတစ်ပါးကြောင့်ဖြစ်ပေါ်သောပြဿနာများလိုက်လံဖြေရှင်းရမည်။ ငွေကြေးကိစ္စကြားဝင်တာဝန်ယူခြင်း၊ အာမခံခြင်း မပြုရ။ သူများပြဿနာ ကိုယ့်ပြဿနာဖြစ်တတ်သည်။ ငွေကြေးမြောက်မြားစွာ ရင်းနှီးမြှုပ်နှံခြင်းမပြုရ။



**SCORPIO** — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

အရာရာအဆင်ပြေခြင်း၊ အကြံအောင်မြင်ခြင်းများရှိမည်။ ရုတ်တရက်ဆောင်ရွက်ပြီး လုပ်သော ကိစ္စများမှ ထင်းရှားသော တိုးတက်မှုများရမည်။ အရပ်ဝေး တိုင်းတစ်ပါးနှင့် ဆက်သွယ်လုပ်ကိုင်မှုများ အကျိုးပေး မည်။ မမျှော်လင့်ဘဲ သွားလိုက်သော ခရီးမှ အကျိုးရှိမည်။ လူမျိုးကွဲကပြားတစ်ဦးနှင့် ပူးပေါင်း၍ အလုပ်စီးပွားတိုး တက်မည်။ အညံ့ကင်း၍ အရာရာအဆင်ပြေမည်။



**SAGITTARUS** — ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

အထူးကောင်းသည်။ ဆောင်ရွက်သမျှ အောင်မြင်တိုးတက်မည်။ ငွေကြေးကိစ္စ၊ အလုပ်စီးပွားများတွင် မိမိကြိုးစားသလောက်အောင်မြင်မည်။ မိတ်ဆွေအကြီးအကဲအထောက်အကူရမည်။ အပြိုင်အဆိုင်အားလုံးကို ကျော်လွှားပြီး တိုးတက်ခြင်းများကြုံမည်။ နာမည်ကောင်းသတင်းနှင့် ကျော်ကြားခြင်း၊ ဆောင်ရွက်သောလုပ်ငန်းများမှ ကောင်းသောအကျိုးဆက်ရရှိခြင်း၊ လာဘ်လာဘဖွံ့ဖြိုးတိုးတက်ခြင်းကြုံမည်။



**CAPRICORN** — မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

အထောက်အကူပြုသူများမိတ်ဆွေကောင်းများ၏ အကူအညီရမည်။ ခက်ခဲသောကိစ္စများ ဖြေရှင်းနိုင် မည်။ အတိုက်အခံအားလုံးကို ကျော်လွှားပြီးတိုးတက်မှုရမည်။ လူမျိုးခြားအကျိုးပေးမည်။ အမျိုးသမီးမိတ်ဆွေအကြီးအကဲများထံမှ အထောက်အကူရမည်။ ကာလအတန်ကြာ ကြန့်ကြာနေသော ကိစ္စများအား ချိတုံချတုံလုပ်ကိုင်နေရမည်။ မိတ်ဆွေကောင်းအကူအညီရမည်။ လာဘ်လာဘတိုးပွားမည်။



**AQUARIUS** — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

လူမျိုးကွဲအကျိုးပေးမည်။ အပြောင်းအလဲကြားမှ တိုးတက်မည်။ အခက်အခဲများကိုကျော်လွှား၍ တက်လမ်းအဆင့်ဆင့်ရရှိမည်။ အရပ်ဝေးနိုင်ငံရပ်ခြားနှင့် ပူးတွဲလုပ်ကိုင်သော ကိစ္စများမှ ကောင်းသော အကျိုးရရှိမည်။ ခရီးကိစ္စအဆင်ပြေမည်။ မေတ္တာရေးကံအဆိုးအညံ့လွတ်ကင်းမည်။ စိတ်ချမ်းမြေ့စရာရှိမည်။ အပြန်အလှန်အေးချမ်း၍ အဆင်ပြေသော အချစ်ရေး၊ မေတ္တာရေးကိစ္စကြုံမည်။



**PISCES** — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

အဘက်ဘက်မှကောင်းသည်။ အခက်အခဲများကျော်လွှားနိုင်မည်။ လူမျိုးကွဲ၊ လူမျိုးခြားများနှင့်တိုက်ရိုက်ဆက်ဆံ၍ အကျိုးကောင်းများရရှိမည်။ အချို့သော အခွင့်အလမ်းများ တစ်ပြိုင်တည်းနှင့် နှစ်မျိုးနှစ်ခွကြုံတတ်သည်။ မိမိအခွင့်အရေးများကို တစ်ပါးသူအား မျှဝေမပေးသင့်။ လုပ်သလောက်ထွန်းပေါက်မည်။ မမျှော်လင့်ဘဲငွေဝင်မည်။ မူလရှိရင်းစွဲ အနေအထားထက်များစွာ သာလွန်သော မေတ္တာရေးကိစ္စများ ပေါ်ပေါက်မည်။

# 7DAY PUZZLE


ပဟေဠိ အမှတ်စဉ်(၂၄၄)

## အလျားလိုက်

၂။ အွန်လိုင်းတီဗီအစီအစဉ်လုပ်ရန် ပြင်ဆင်နေသော ကုမ္ပဏီတစ်ခု
၉။ မြန်မာနှင့် ပညာရေးကိစ္စ ပူးပေါင်း ဆောင်ရွက်နေသော နိုင်ငံတစ်နိုင်ငံ
၁၀။ မောင်တောမြို့တွင် တောင်သူများကို သင်ပေးသောအကြောင်းအရာ
၁၁။ ဖိုလ်ဝင်တောင်တွင် မြင်တွေ့ရတော့မည့်အရာများ
၁၂။ အိန္ဒိယနိုင်ငံမှ မြို့ကြီးတစ်မြို့

## ဒေါင်လိုက်

၁။ 7 Day ၏ ကဏ္ဍတစ်ခု
၃။ ကျန်းမာရေးဝန်ကြီးဌာနက ဝယ်ယူမည့်အရာများ
၄။ ဗြိတိန်နှင့် ပြင်သစ်က မြန်မာနိုင်ငံတွင် စိုးရိမ်သော ကိစ္စရပ်တစ်ခု
၆။ အာရှဒေသမှ စရိတ်နည်းလေကြောင်းလိုင်း
၇။ မြေဈေးနှစ်ဆမြင့်လာသောမြို့
၈။ ကွန်ဖူးပညာဖြင့် ကျော်ကြားခဲ့သူ



Smart Dictionary


ကံထူးသူ

၁။ ဦးတင်ထွန်း၊ ၁၂/စခန(နိုင်)၀၃၀၅၁၄ အမှတ်(၆၆)၊ ဂန္ဓမာလမ်း၊ စမ်းချောင်း။

ကျန်အဖြေမှန်သူများ

၂။ Dr.တင်မောင်စိုး၊ ၇/ဖမန(နိုင်)၀၀၄၇၉၈

ပဟေဠိ အမှတ်စဉ်(၂၄၃)အဖြေမှန်




အမည် ........................................ မှတ်ပုံတင်အမှတ် ........................................

နေရပ်လိပ်စာ ........................................................................................

အချိန်မီပေးပို့လာသော အဖြေမှန်သူများထဲမှ SMART Dictionary ၏ ပံ့ပိုးကူညီမှုဖြင့် အဖြေမှန်သူ (၇)ဦးကို မဲနှိုက်ရွေးချယ်ပြီး၊ ထိုထဲမှတစ်ဦးကို ထပ်မံမဲနှိုက်ရွေးချယ်ကာ SMART Electronic Dictionary ချီးမြှင့်မည်ဖြစ်ပြီး ကျန်၆ ဦးကို 7Day News မှ မေတ္တာလက်ဆောင်ဆုများ ချီးမြှင့်မည် ဖြစ်ပါသည်။ Puzzle မေးခွန်းများကို ယခင်အပတ်ထွက်ရှိပြီး 7Day News မှသတင်း၊ ဆောင်းပါးများ မှ စကားစုများ၊ စာလုံးများအပြင် ပြင်ပဉာဏ်စမ်းမေးခွန်းတစ်ခုစီ ထည့်သွင်းမေးမြန်းမည်ဖြစ်ကြောင်း Puzzle ဝါသနာရှင်များသို့ အသိပေးအပ်ပါသည်။ အဖြေလွှာများကိုမူရင်းသာလက်ခံမည်ဖြစ်ပြီး နယ်ဝေး မှ ဖြေဆိုသူများမှာ Fax ဖြင့် ပေးပို့နိုင်သည်။

**အဖြေလွှာများကို ၂-၈-၂၀၁၃ သောကြာနေ့၊ မွန်းလွဲ ၂နာရီနောက်ဆုံးထား၍ ဂျာနယ်တိုက်သို့ပေးပို့ရမည်။**

ဤအစီအစဉ်ကို SMART Electronic Dictionary မှ ပံ့ပိုးကူညီပါသည်။ အထူး

# Free Classified

## အခမဲ့ကြော်ငြာကဏ္ဍ

**ခရုအိမ်**

အဆင့်မြင့်ခန်းဆီးလိုက်ကာနှင့်ကူရှင် အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း။ အမှတ် (W-2)၊ ရန်ကင်းပန်းခြံလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၉-၇၃၀၃၇၇၇၆
၀၉-၇၃၂၀၄၃၇၄

**ဆိုင်ခန်း/ရုံးခန်း ငှားမည်**

ပေ(၁၃×၅၅)၊ မြေညီထပ်၊ ပြည်လမ်းမပေါ်၊ လှည်းတန်းလမ်းဆုံ၊ အထူးအဆင့်မြင့်ပြင်ဆင်ပြီး အဲကွန်းပါသည်။ လစာ(၈)သိန်း၊ တစ်နှစ်ချုပ်လျှော့ပေးမည်။

ဖုန်း-၀၉-၄၃၀၈၃၇၈၁

**တိုက်ခန်းရောင်းမည်**

ရန်ကင်း၊ ရန်အေးအိမ်ရာသစ်၊ ရွှေအုန်းပင်အိမ်ရာကပ်လျက်၊ ၅ လွှာ၊ စတုရန်းပေ(၉၀၀)၊ 1MB ၊ 2BR ၊ အသင့်နေတိုက်သစ်၊ အမည်ပေါက်ရမည်။ ညှိနှိုင်းဈေး(၁,၁၀၀)သိန်း။

ဖုန်း-၀၉-၄၃၀၈၃၇၈၁

**သင်ကြားပေးသည်**

တက္ကသိုလ်ဝင်တန်း(Repeater) သီးသန့်၊ အင်္ဂလိပ်၊ သင်္ချာ၊ ရူပဗေဒ၊ဓာတုဗေဒဘာသာရပ်အား သင်ကြားပေးသည်။ ဖုန်း-၀၉-၇၃၁၂၃၀၄၅

**ပညာ့ဆာယာ**

မူလတန်း/အလယ်တန်း/အထက်တန်းကျောင်းသား၊ကျောင်းသူများကို တစ်ဦးချင်းဖြစ်စေ/ဝိုင်းလိုက်ဖြစ်စေ ဘာသာစုံ/တစ်ဘာသာချင်း သင်ကြားပြသလမ်းညွှန်ပေးပါသည်။

ဖုန်း-၀၉-၄၂၀၀၃၀၈၇၈

**Study Guide**

မူလတန်းမှ အလယ်တန်းအထိ ကလေး များကို ကျက်စာများ ကူကျက်ပေးသည်။ Study Guide လုပ်ပေးသည်။ ဖုန်း-၀၉-၇၃၀၂၁၃၁၇

**သင်ကြားပေးသည်**

တက္ကသိုလ်ဝင်တန်း (Repeater) သီးသန့်သင်္ချာဘာသာရပ်အား သင်ကြားပေးသည်။

ဖုန်း-၀၉-၄၂၁၀၅၄၀၁၄

**သင်ကြားပေးသည်**

၉၊၁၀ တန်း ဘာသာစုံ အိမ်လိုက်သင်ပေးသည်။ ဖုန်း-၀၁-၅၁၁၂၉၁

**Saya Oung**

-Business English
-Grammar & Essay Writing
-International School English

PH: 09-421057920

**ရောင်းမည်**

မြောက်ဒဂုံ (၄၄)ရပ်ကွက်၊ ရွှေစင်လမ်း၊ ဘုရင့်နောင်ကျောကပ်၊ ဗထူးလမ်းမကြီးနှင့်နီး၊ ပေ(၂၀×၆၀)၊ မြေကွက်သီးသန့်ရောင်းမည်။

ဖုန်း-၀၉-၄၄၈၀၀၈၀၇၆

**ငှားမည်**

သုဝဏ္ဏ သွားဆေးတက္ကသိုလ်အနီး တိုက်ခန်းသစ် ငှားရန်ရှိသည်။ ကျောင်းသူများသာ သီးသန့်ငှားမည်။

ဖုန်း-၀၉-၇၃၀၃၈၈၁၀

**ငှား/ရောင်းမည်**

ပုသိမ်မြို့တွင်း/မြို့ပြင် အိမ်လုံးချင်း/မြေကွက် ငှား/ရောင်းရန်ရှိသည်။

ဖုန်း-၀၉-၄၂၂၅၁၅၀၉၅

**တိုက်ခန်းရောင်းမည်**

မင်္ဂလာဈေးနှင့် ယုဇနပလာဇာကြားပေ ၁၅×၉၀ (၄ လွှာ)၊ သိန်း(၈၀၀)။

ဖုန်း-၀၉-၇၃၀၅၇၀၈၀

**ရောင်းမည်**

ကျောက်ပန်းတောင်း၊ ရန်ပြည်မန်းလမ်း၊ ဘူတာအဝိုင်းထိပ်၊ ရိုးမဘဏ်ရှေ့၊ နှစ်ထပ်တိုက်၊ ရောင်းမည်။

ဖုန်း-၀၉-၄၀၂၅၁၉၃၆၃

**S.O.E Lady Fashion**

Design Training Class. အိမ်အရောက်သင်တန်းများလည်း ရှိပါသည်။

ဖုန်း-၀၉-၇၃၁၇၇၂၅၄

**သဘာဝထွက် ဝက်ခြံပျောက်ဆေး**

ဓာတုဗေဒဆေးဝါးမဟုတ်သော သဘာဝထွက်ပစ္စည်းဖြင့် ဝက်ခြံကြောင့်ဖြစ်ပေါ်သော အမာရွတ်၊ အမည်းစက်များ သက်သာပျောက်ကင်းစေမည်။

**ဦးအောင်ရဲလွင်-**

ဖုန်း-၀၉-၄၃၀၄၃၂၀၃

**MYANMAR SONGS BANK**

စတီရီယိုခေတ်ဦးမှစ၍ ၂၀၀၅ခုနှစ်နောက်ပိုင်းအထိ စတီရီယိုတေး၊ ရေဒီယိုတေး၊ ခေတ်ပေါ်၊ ခေတ်ဟောင်းတေးစီးရီးများကို AUDIO CD ဖြင့် အသံကောင်းဆုံးပြုလုပ်ထားပါသည်။

ဖုန်း-၀၉-၇၃၁၄၇၉၀၄

**English Classes**

English for Young Learners & Adult, General English (4Skills), Foundation English Course, Business English Course, Business English Course, One to One, Special Class & Home.

Ph: 09-73026906

**မြန်မာစာ စကားပြောသင်သည်**

နိုင်ငံခြားသား၊ မြန်မာပြည်၊ International ကျောင်း၊ အစိုးရကျောင်းမှ ကျောင်းသားများအတွက် မြန်မာစာ သင်ကြားပေးပါသည်။

ဖုန်း-၀၉-၄၂၁၁၄၇၈၂၀

**တရုတ်စကားပြောသင်တန်း**

ထိုင်ဝမ်ပြန်၊ ဆရာမလင်းကိုယ်တိုင် တရုတ်စကားပြော အိမ်အရောက် သင်ကြားပေးသည်။

ဖုန်း-၀၉-၇၃၀၄၉၅၄၃

**ရောင်းမည်**

C#.net ဖြင့် ရေးသားထားသော Software project ရောင်းရန်ရှိသည်။

ဖုန်း-၀၉-၄၉၂၆၂၄၆၆

**ရောင်းမည်**

အသုံးမပြုသေးသော အသစ်စက်စက် ပရိဘောဂပစ္စည်းများ မှန်တင်ခုံ၊ ကြောင်အိမ်၊ ဘီရို၊ ထိုင်ခုံ၊ ပက်လက်ကုလားထိုင် အားလုံးတို့ကို ဆိုင်ဖြတ်ဈေးဖြင့် ရောင်းမည်။

ဖုန်း-၀၉-၄၀၁၅၃၆၁၈၀

**5D**

နောက်ဆုံးပေါ် ခေတ်အမီဆုံး စက်၊ ကင်မရာ၊ ခုံလှုပ်ထိုင်ခုံ (တစ်ယောက်ချင်း ထိုင်သည့်ခုံ) ဇာတ်ကားသစ်များနှင့် ဖွဲ့စည်းထားသော 5D ရုပ်ရှင်ပြစက်များကို ရောင်းချပေးလျက်ရှိပါသည်။

ဖုန်း-၀၉-၇၃၀၈၂၉၈၅

**အကျိုးတူပူးပေါင်းရောင်းချမည်**

မကွေးမြေပဲဆီသန့် ရောင်းချလိုသူများ လက်ကားနယ်ဈေးနှုန်း၊ credits စနစ်ဖြင့် အရောက်ပို့ရောင်းချပေးမည်။ ဖုန်း-၀၉-၄၀၁၅၃၆၁၈၀

**ဈေးကောင်းပေးဝယ်လိုသည်**

Apple ပစ္စည်းများ အထူးဈေးကောင်းပေးဝယ်လိုသည်။ Macbook Pro, Macbook Air, iMac, Mac Mini iPhone 5, 4S, 4, iPod 5, 4 iPad 2, 3, 4, Mini Wifi Only & Wifi + 4G, Apple TV, Apple Mouse.

ဖုန်း-၀၉-၄၅၀၀၃၉၈၄၄

**ရောင်းမည်**

ကားများလုံခြုံရေးအတွက် Online Internet မှ တိုက်ရိုက်ကြည့်ရှုနိုင်သော GPS System ရောင်းချပေးနေပါသည်။ မည်သည့်နေရာမဆို အသုံးပြုနိုင်ပါသည်။

ဖုန်း-၀၉-၅၀၀၆၅၉၃၆

**သင်ကြားပေးသည်**

For Grade X & XI, Maths, Chemistry & Physics ထူးချွန်လိုသော တပည့်များအတွက် Tr.Kaung Myat (BE(PE)).

ဖုန်း-၀၉-၇၃၁၄၂၀၂၀

**တရုတ်စာသင်တန်း**

ကျောင်းသူ/သား၊ ရုံးဝန်ထမ်းများနှင့် အခြေခံရှိပြီးသူများအတွက် တရုတ်စာ 4 Skills တတ်မြောက်စေရန် မူလတန်းပုံမှန်သင်တန်းနှင့် စကားပြောသင်ရိုးတန်းများကို စနစ်တကျ သင်ကြားပေးသည်။

ဖုန်း- ၀၉ ၄၅၀၀၆၂၂၄၈

**Home Visit Teaching**

LCCI Level I, II & III, MYOB.
Teacher-Ma Ei

PH: 09 5200974

**IGCSE**

Foreign & Local Teacher IGCSE/ GCE 'O'(all subjects),BCA,SAT, IELTS,TOEFL,Maths Courses, Eng-lish Courses,Grammar

PH: 09 5139298

**သင်ကြားပေးသည်**

Int'I School (Primay & Secondary Levels)(All Subjects) (AEIS,PSLE, IELTS,TOEFL,SAT) Teacher Bryan M.E

PH: 09 420070692

**သင်္ချာ-အင်္ဂလိပ်စာတော်လာဖို့**

Subject Idea များ ရရှိလာပြီး တစ်လအတွင်းမှာပင် ထူးခြားစွာ တိုးတက်လာအောင် စေတနာနှင့် တတ်ကျွမ်းမှုကို အခြေပြု၍ အမှန်တကယ် သင်ကြား ပေးနိုင်ပါသည်။

ဖုန်း-၀၉-၅၀၁၅၉၇၉

**ပညာဒါန**

မာတိကာနှင့်အညီ Grade 1 မှ 9 အထိ ဘာသာစုံ၊ အင်္ဂလိပ်ကျောင်းသား/သူများအတွက် မြန်မာစာသီးသန့်၊ အခြေခံ တရုတ်စာ၊ အင်္ဂလိပ်စာ ပညာဒါန သင်ပေးမည်။

ဖုန်း-၀၁-၅၄၈၉၀၆

**မြေကွက်ရောင်းမည်**

အကွက်အမှတ်(၅၂၇)၊ ဗိုလ်အောင်ကျော်လမ်း (ဗိုလ်ချုပ်လမ်းနှင့် လယ်သမားလမ်းထောင့်)၊ အပြင်ပဒံ၊ လှိုင်သာယာ၊ ပေ(၄၀×၆၀)၊ ပါမစ်ရပြီး။ (၂၀၇ သိန်း)

ဖုန်း-၀၉-၄၂၀၀၃၂၀၈၆

**ငှားမည်**

တ/ဥ၊ ဝေဇယန္တာလမ်းမတန်း၊ ပေ ၆၀×၈၀၊မြေပေါ်ရှိအိမ်ပါလုပ်ငန်းစုံ၊ Showroom ဖွင့်ရန် နေရာကောင်း ငှားမည်။

ဖုန်း-၀၉-၄၂၀၁၃၆၉၉

7 DAY NEWS JOURNAL
Vol.12, No.21 • JULY 31 , 2013

စာမျက်နှာ(၂၆) မှ

## လယ်သိမ်းမြေသိမ်း ကိစ္စဖြေရှင်းရာမှာ တစ်မူတည်းဖြစ်သင့်

အဲဒီထဲမှာ ပါဝင်ခဲ့သူအချို့ဟာ ယခုအခါ ပြည်ထောင်စုအဆင့်အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖြစ်လည်းကောင်း ယခင်ခေတ်ကအမှားတွေကို သင်ခန်းစာယူပြီး ဒီမိုကရေစီခေတ်သစ် တည်ဆောက်ရေးမှာ ပါဝင်ဆောင်ရွက်နေကြပါတယ်။ ပျက်အစဉ် ပြင်ခဏ ဆိုတာလို မိမိတို့ရဲ့ ဇရာခရီး နိဂုံးမရောက်မီ အချိန်ကိုပြည်သူတွေအတွက် အကောင်းဆုံးအသုံးချတာဖြစ်လို့ လှိုက်လှဲစွာကြိုဆိုအပ်ပါတယ်။ ဒါပေမဲ့ ဒီမိုကရေစီခေတ်သစ်တည်ဆောက်ပြီး ကောင်းအောင်လုပ်တာ “ငါလုပ်တာ”၊ အတိတ်ခေတ်ဟောင်းက အမှားတွေလုပ်တာ “နင်လုပ်တာ” ဆိုပြီး ညောင်မြစ်တွေအတူးမှားကြမှာကိုစိုးရိမ်မိပါတယ်။

နောက်တစ်ချက်က ယခင်ခေတ်မှာ သိမ်းခဲ့တဲ့မြေတွေအတွက် မျက်မှောက်ခေတ်ပြည်သူတွေရဲ့ အခွန်ဘဏ္ဍာငွေတွေကို သုံးပြီး လျော်ကြေးငွေမည်ရွေ့မည်မျှပေးနိုင်မလဲဆိုတာကို ထည့်သွင်းစဉ်းစားသင့်ပါတယ်။ အစိုးရငွေဆိုတာ ပြည်သူ့ငွေပါပဲ။ လက်ရှိဘတ်ဂျက်က လိုငွေပြနေတယ်။ မမျှော်လင့်တဲ့ ပဋိပက္ခတွေကြောင့် ရခိုင်ပြည်နယ်မှာပဲ ကျပ်ငွေ ၇ ဘီလီယံနီးပါးသုံးခဲ့ရပြီ။ ဝန်ထမ်းလစာတွေ၊ ပင်စင်လစာတွေ တိုးပေးခဲ့တာလည်း သုံးလကျော်ပဲရှိသေးတယ်။ ဘီလီယံပေါင်းများစွာကုန်ခဲ့ပြီးပြီ။ အခုငွေဖောင်းပွမှုနဲ့ကြုံနေရလို့ ထပ်မံတိုးပေးလေမလားဆိုပြီး မျှော်လင့်နေကြပြန်တာလည်း အသိပါပဲ။ တိုင်းပြည်ရဲ့ တစ်ဦးချင်းဝင်ငွေက အာဆီယံ ၁၀ နိုင်ငံမှာ နံပါတ် ၁၀ ချိတ်နေတယ်။ ဘာပဲဖြစ်ဖြစ် နစ်နာသူလယ်သမားတွေအတွက် လျော်ကြေးငွေတွေပေးမယ်ဆိုရင်လည်း ပမာဏကိုတွက်ချက်ပါ။ အသေးစိတ်တွက်ချက်မှုပုံစံကလည်း အနီးစပ်ဆုံးတစ်ပြေးညီဖြစ်သင့်ပါတယ်လို့ အကြံပြုချင်ပါတယ်။ မကြာမီက ဆိပ်ကမ်းအာဏာပိုင်အနေနဲ့ သီလဝါမှာ ယခင်မြေလျော်ကြေးတွေပေးပြီးဖြစ်လို့ သီးနှံလျော်ကြေးတစ်ဧကကို ၂၀,၀၀၀ နှုန်းပေးမယ်လို့ သိရပါတယ်။ အမှန်က အဲဒီလယ်တွေကို သိမ်းဆည်းစဉ်က ရိတ်သိမ်းချိန်လွန်ပြီးမှ သိမ်းခဲ့တယ်လို့လည်း သိရပြန်ပါတယ်။ အချို့လယ်သမားတွေက ကာလပေါက်ဈေးနဲ့ပေးဖို့ တောင်းဆိုကြပြန်တယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀ ကျော်က သိမ်းခဲ့တာကို လက်ရှိကာလပေါက်ဈေးနဲ့ ပြန်တွက်ပြီး ပေးရမယ်ဆိုတာဖြစ်သင့်ရဲ့လား။ လွှတ်တော်ကတော့ အစီရင်ခံစာကို အတည်ပြုပြီးပြီ။ အစိုးရကအကောင်အထည်ဖော်ရာမှာ တစ်ကျောင်းတစ်ဂါထာနဲ့ “နိပါတ်နှယ် ရှုပ်လေသည်၊ အရှုပ်တွေပြည်ဖုံးနဲ့လေး” ဆိုတာလိုမဖြစ်စေချင်ပါ။

စာရေးသူအမြင်အရ လျော်ကြေးပေးမယ်ဆိုရင် ရန်ကုန်မြို့ကမြို့ပြအသွင်ပြောင်းလဲမှုနဲ့ ကျေးလက်မှ မြို့ပြသို့ပြောင်းလဲမှုမှာ ပါဝင်တဲ့လယ်တွေထက် အခြားအနယ်နယ်အရပ်ရပ်က အသိမ်းခံရပြီး ကျေးလက်ဘဝမှာပဲ အလုပ်လက်မဲ့နဲ့ ကျန်ရှိနေရှာတဲ့ လယ်သမားတွေကို ဦးစားပေးပြီး လျော်ကြေးပေးသင့်ပါတယ်။ ရန်ကုန်မြို့ကို မြို့ပြတိုးချဲ့ရာမှာ ပါဝင်တဲ့ရွာတွေက လယ်သမားများအနေနဲ့ မြို့ပြလူနေအိမ်ရာကွက်ကို ဂရန်အမည်ပေါက်ရခဲ့ကြတယ်။ လမ်း၊ တံတား၊ လျှပ်စစ်မီး၊ ဆက်သွယ်ရေးစတဲ့အခြေခံအဆောက်အအုံ၊ ကျောင်း၊ ဆေးခန်း၊ ဆေးရုံစတဲ့လူမှုအဆောက်အအုံတွေပါ အတိုင်းအတာတစ်ခုအထိ ဖြည့်ဆည်းရရှိခဲ့တဲ့အတွက် တစ်ဦးစီခွဲဝေပြီး ငွေကြေးနဲ့မဖော်ပြနိုင်တဲ့ ထောက်ပံ့မှု (in kind)တွေရခဲ့ပြီးဖြစ်ပါတယ်။ နောက်ပြီးစက်မှုဇုန်တွေမှာလည်း အလုပ်အကိုင်တွေအများဆုံးရကြပါတယ်။ ကိုယ်ပိုင်နေအိမ်မှာ အိုးမကွာ၊ အိမ်မကွာ အရောင်းအဝယ်နဲ့ အသက်မွေးနေထိုင်သူတွေကိုလည်း တွေ့မြင်နိုင်ပါတယ်။

ဘာပဲဖြစ်ဖြစ် လယ်သိမ်းမြေသိမ်းကိစ္စကို အုပ်ချုပ်သူအပိုင်းက ဆက်လက်ဖြေရှင်းဆောင်ရွက်ပေးရာမှာ ကာကွယ်ရေးဝန်ကြီးဌာနမူ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမူ၊ ဆိပ်ကမ်းအာဏာပိုင်မူ၊ ဘယ်မူကို ကျင့်သုံးကြမှာလဲ။ မြောင်းမြစက်မှုဇုန်မှာတော့ လျော်ကြေးလို့ မသုံးဘဲ နစ်နာကြေးဆိုတဲ့ဝေါဟာရကို သုံးခဲ့တာတွေ့ရပါတယ်။ အမှန်တော့ပြည်ထောင်စုအစိုးရမှာ ဝေါဟာရအသုံးအစွဲကအစ “မူမကွဲတစ်မူတည်း” ပြတ်ပြတ်သားသားရှိသင့်တာမဟုတ်ပါလားခင်ဗျာ. . . . ။

## JOKE

### ကြိုက်တာရွေး

အမေရိကန်နိုင်ငံတွင် ကွန်ပျူတာ လုပ်ငန်းများထွန်းကားရာ ဆီလီကွန်ဗယ်လီဒေသတွင် အမျိုးသားတစ်ဦးအိမ်မွေးတိရစ္ဆာန်များရောင်းချသော ဆိုင်တစ်ဆိုင်သို့ဝင်သွား၍ “ကျွန်တော်မျောက်တစ်ကောင်ဝယ်ချင်လို့ပါ”ဟု ပြောလိုက်သည်။ ဤတွင် အရောင်းစာရေးက တစ်ထေရာတည်း ပုံစံတူသော မျောက်သုံးကောင်ကိုလက်ညှိုးထိုးပြပြီး ဒေါ်လာ ၁,၀၀၀၊ ဒေါ်လာ ၂,၀၀၀ နှင့် ၅,၀၀၀ ဈေးအသီးသီးရှိသည်ပြောသည်။ မျောက်ဝယ်သူက အဘယ်ကြောင့် ဈေးကွာခြားသနည်းဟု မေးမြန်းသောအခါ အရောင်းစာရေးက “ဒီကောင်ကကွန်ပျူတာအခြေခံတတ်တယ်။ မိုက်ခရိုဆော့ဖ်ရုံးအစီအစဉ်ကျွမ်းတယ်။ ကော်ဖီဖျော်တတ်တယ်။ ဒေါ်လာ ၁,၀၀၀။ ဟိုကောင်က IT ကျွမ်းကျင်မှုရှိတယ်။ ကွန်ပျူတာပြင်တတ်တယ်။ ဂျာဗားလည်းရတယ်၊ ဒေါ်လာ ၂,၀၀၀။ ဟိုကကောင်ကတော့ ဘာမှလုပ်တတ်ပုံမရဘူး။ သူကိုယ့်သူ အတိုင်ပင်ခံလို့ပြောတယ်၊ ဒေါ်လာ ၅,၀၀၀”ဟုရှင်းပြသည်။

### လာခဲ့မယ်

ယောကျ်ားနှင့် မိန်းမအကြီးအကျယ်ရန်ဖြစ်စကားများပြီးနောက် မိန်းမဖြစ်သူက သူ့အမေဆီဖုန်းဆက်သည်။

“မေမေ သမီးတို့ထပ်ပြီးရန်ဖြစ်ကြတယ်။ သမီးအမေ့အိမ်မှာလာနေမယ်”ဟု ပြောရာ အမေဖြစ်သူက “မလာနဲ့၊ ငါ့သမီး။ အမေသမီးဆီကို လာခဲ့မယ်။ ဒီကောင့်ကို မှတ်လောက်အောင်ဆုံးမရမယ်။ သမီးတို့ အိမ်မှာ အမေတစ်လလောက်လာနေလိုက်မယ်”ဟု ပြန်ပြောပါတော့သည်။

စာမျက်နှာ(၇) မှ

## မြန်မာမှာ အစား

ထိုပွဲတော်မှာ လက်ဖက်နှင့် ချဉ်ပေါင်ရွက်ကဲ့သို့ရှားရခက်သော ဟင်းများကိုပါတွေ့နိုင်သည်။ မြန်မာဟင်းများတွင် အကြီးဆုံးလူမျိုးစုတစ်စုဖြစ်သော မြန်မာလူမျိုးတို့၏ ဟင်းများသာမက အခြားတိုင်းရင်းသားများဖြစ်သည့် ရှမ်း၊ ကချင်၊ ချင်း၊ ရခိုင်၊ မွန်၊ ကရင် စသော လူမျိုးစုများ၏ ယဉ်ကျေးမှုနှင့် ချက်ပြုတ်နည်းများပါပေါင်းစပ်ရောယှက်နေပါသည်။

မြန်မာက အိန္ဒိယသမုဒ္ဒရာအရှေ့စွန်းပိုင်းတွင် တည်ရှိပါသည်။ လူဦးရေထူထပ်သော ဧရာဝတီ၊ စစ်တောင်း၊ သံလွင်မြစ်ဝှမ်းတို့ကို အခြေပြုတည်ရှိသည်။ ထိုင်း၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံများနှင့် ကမ်းရိုးတန်းချင်းဆက်စပ်နေသည်။ တရုတ်နှင့် အိန္ဒိယနိုင်ငံအကြားတွင်လည်းဖြစ်သည်။ သို့အတွက် မြန်မာဟင်း အများစုမှာ အရသာများအားလုံးရောထွေးနေသည်။ တရုတ်ပုံစံပေါင်းထားသည့် ဟင်းတစ်ခွက်တွင် ရုံးပတီသီးနှင့် ဘင်္ဂလားဒေ့ရှ် စတိုင်နံ့ခွင်းမှုန့်ကို တွေ့ရမည်။

အသုပ်ထဲတွင် တရုတ်ပြည်ယူနန်နယ်ကလို ပုစွန်ခြောက်များပါမည်။ ဟင်းအတော်များများတွင် ကြက်သွန်အနီကြော်၊ အဖြူကြော်နှင့် သံပုရာသီး၊ မြေပဲဆန်နှင့် ငရုတ်သီးအနှစ်များပါမည်။

“အသုပ်ကတော့ မြန်မာအစားအစာတွေထဲမှာ ကျွန်မစိတ်အဝင်စားဆုံးအကြိုက်ဆုံးပါပဲ”

အသက်(၆၂)နှစ်အရွယ်ရှိစာရေးဆရာ ဒူဂစ်ကပြောကြားသည်။ သူက မြန်မာဟင်းချက်နည်းကို နမူနာပြရန် ကြက်သွန်နီများကို ပါးပါးလှီးပြနေပါသည်။

ယခင်သူရေးခဲ့ဖူးသည့် အရှေ့တောင်အာရှ၊ တရုတ်နှင့် ကမ္ဘာတစ်ဝန်းက ဟင်းချက်စာအုပ်များထဲက ဟင်းချက်နည်းများနှင့် ပုံစံမတူ ကွဲပြားခြားနားသည့် မြန်မာအစားအစာထဲက အသုပ်မျိုးစုံကို သူအရမ်းစိတ်ဝင်စားခဲ့သည်ဟု ဒူဂစ်ကဆိုပါသည်။

အသုပ်ဆိုသည်က ဟင်းသီးဟင်းရွက်အစိမ်းနှင့် ထောင်းထားသော မြေပဲနှင့် ပဲမှုန့်များ၊ ပုစွန်ခြောက်စသည်တို့ကို အစုံထည့်ပြီး အရသာအစုံရောနှောထားသော အစားအစာဖြစ်သည်။

“မြန်မာတွေက အစားတစ်လုတ်လောက်ထဲမှာတင် အရသာအစုံကို နည်းနည်းစီပါချင်ကြတယ်” မြန်မာအသုပ်များတွင် အရသာစုံဘာကြောင့်နည်းနည်းစီပါပြီး လက်ဖြင့်နယ်ရသည်ကိုလည်း သူကရှင်းပြပါသည်။

ဒူဂစ်ကလူတွေကို ဂျင်းသုပ်ကို လက်တွေ့သုပ်ပြပြီး မြန်မာဟင်းချက်နည်းသရုပ်ပြသည့် သင်ခန်းစာကို လက်စသတ်ခဲ့ပါသည်။ ဂျင်းသုပ်တွင် အမျိုးအမည် ၂၀ လောက်ထည့်သုံးပြီး အားလုံးကကွဲပြားသော အရသာတစ်မျိုးစီရှိပါသည်။ မြန်မာပြည်မှာတော့ လှီးပြီးသား ဂျင်းကို သုံးမည်ဖြစ်သော်လည်း ဒူဂစ်ကတော့ ဂျပန်ဆူရှီထမင်းလိပ်လုပ်ရာတွင် သုံးသည့် ဂျင်းချဉ်ကိုသုံးပြီး သုပ်ပါသည်။

“ရိုးရာအတိုင်းနဂိုမပျက်အောင် ချက်ဖို့အရေးကြီးတယ်။ မြန်မာမှာ ချက်ချက်၊ ဘယ်မှာချက်ချက် အရသာကောင်းပြီးလက်ထဲမှာ အလွယ်ရတာကိုချက်ရမယ်”

များသောအားဖြင့် ဒူဂစ်၏ ဟင်းချက်နည်းစာအုပ်များမှာ အစားအစာနှင့် ခရီးသွားခြင်းထက် ယဉ်ကျေးမှုဓလေ့ထုံးစံများကို လေ့လာဖော်ထုတ်မှု ပိုများပါသည်။ သူ၏ ဟင်းချက်နည်းစာအုပ်များတွင် သက်ဆိုင်ရာနိုင်ငံများ၏ ပထဝီဝင်၊ ဘာသာရေး၊ သမိုင်းကြောင်း၊ စိုက်ပျိုးရေးများအကြောင်းကို ဟင်းချက်အသုံးအဆောင်များနှင့်အတူ ဖော်ပြထားတတ်ပါသည်။

သူ၏မြန်မာဟင်းချက်နည်းစာအုပ်တွင် မြန်မာဘုရားများနှင့် သံဃာတော်များ၊ ဈေးတွင် အစားအစာရောင်းချသော အမျိုးသမီးများ အကြောင်းကိုဟင်းချက်နည်းများ၊ အစားအစာများနှင့် ဆက်စပ်ရေးသားထားပါသည်။ သို့သော်လည်း မြန်မာပြည်တွင် သူတွေ့ဆုံမေးမြန်းဓာတ်ပုံရိုက်ခဲ့သူများ ထိခိုက်မှုမရှိရအောင် အမြဲသတိထားခဲ့သည်ဟု ဒူဂစ်ကရှင်းပြပါသည်။

“ဘယ်ကိုပဲ ကျွန်မတို့သွားခဲ့သွားခဲ့ ပထမက လူတွေကို မထိခိုက်ဖို့နဲ့ ဒုတိယကတော့ ဗိုလ်ချုပ်တွေကို မီးဖိုထဲက ဖယ်ထုတ်ထားတာပေါ့”

ဆိုလိုသည်မှာ မြန်မာပြည်တွင် ဘယ်ကိုသွားသွားလူတွေကို နိုင်ငံရေးမမေးမြန်းဘဲ အစားအစာနှင့် ဟင်းချက်နည်းအကြောင်းပဲ အဓိကထားမေးမြန်းခဲ့သည်ဟု ဒူဂစ်ကပြောပါသည်။

တိဗက်၊ ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံများကို အနှစ် ၃၀ နီးပါးခရီးသွားခဲ့အပြီး ပုံမှန်မဟုတ်သည့် အခြေအနေတွင် နေထိုင်ရသူများ၏ ဘဝတွင် အစားအစာက ဘယ်လောက်အရေးပါသလဲဆိုတာ နားလည်လာခဲ့သည်။ သာမန်အရပ်သားများအတွက် သူတို့၏ အိမ်များတွင် မီးဖိုချောင်နှင့် ထမင်းစားပွဲကသာ တစ်ခါတစ်ရံဘေးအကင်းဆုံးနေရာဖြစ်လေသည်။

ရန်ကုန်မြို့ခံများအတွက်မုန့်နက်တိုင်းမှာ မုန့်ဟင်းခါးကောင်းကောင်းတစ်ပွဲကို လိုက်ရှာစားရသည်က အရသာအရှိဆုံးဖြစ်သည်ဟု နယူးယောက်မှ ကိုသာဘန်းက ဆိုပါသည်။

မြန်မာပြည်မှာ နိုင်ငံရေး အခြေအနေမကောင်းသည့် ခေတ်မှာပင်လျှင် ကင်မရာကိုင်ထားသော နိုင်ငံခြားသား အမျိုးသမီး မုန့်ဈေးတန်းသို့သွားသည်ကို မည်သူမှ အရေးတယူလုပ်ခြင်းမရှိဟု ဒူဂစ်ကဆိုပါသည်။ အရေးကြီးသည့်အချက်က စသိသိချင်း ဟင်းချက်နည်းများကို ချက်ချင်းမမေးမြန်းမိဖို့ ဒူဂစ်က ရှင်းပြသည်။

“ကျွန်မအဲဒီလိုပဲ လျှောက်သွားတယ်။ တစ်ယောက်ယောက်ကို အကြာကြီးမေးဖို့လည်း မလိုဘူးလေ။ ကြာလာတော့ ကျွန်မကသူတို့ကို ဒုက္ခမပေးနိုင်ဘူးလို့ လူတွေက ထင်တယ်။ ကျွန်မကိုရူးနေတယ်လို့ ထင်ကြတာလား၊ ဒါမှမဟုတ် ရုပ်ကလေးသနားကမား ရှိလို့လားတော့ မသိပါဘူး”

ယခုအချိန်တွင်စာရေးဆရာ ဒူဂစ်က ကနေဒါနှင့် ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် တစ်လှည့်စီနေထိုင်ပါသည်။ ချင်းမိုင်က သူ၏ မြန်မာဟင်းချက်နည်းများကို လေ့လာရန် ခရီးထွက်တိုင်း အခြေစိုက်သည့်နေရာဖြစ်ပါသည်။ ချင်းမိုင်နှင့် မြန်မာက ယဉ်ကျေးမှုချင်း ခပ်ဆင်ဆင်တူပါသည်။ ချင်းမိုင်က ကြက်သား၊ အုန်းနို့နှင့် ကြက်ဥခေါက်ဆွဲ တို့ဖြင့် ချက်ထားသည့် ခေါက်ဆွဲအမည်ရှိ ထိုင်းအုန်းနို့ခေါက်ဆွဲကလည်း မြန်မာခေါက်ဆွဲနှင့် ပုံစံတူတူပဲဖြစ်သည်။

“သူ့ရဲ့ အီစိမ့်စိမ့်ချိုချိုနဲ့ စပ်စပ်အရသာက ကျွန်မကို အမြဲတမ်းစားချင်စိတ်ပေါက်စေတယ်” နယူးယောက်မြို့ ပိုစနာစားသောက်ဆိုင်တွင်မြန်မာညစာများကို ချက်ပြုတ်နေသူ စားဖိုမှူး ဆာရာဂျန်ကင်ကပြောသည်။

၎င်း၏ဆိုင်တွင် ပထမဆုံး အမြည်းအဖြစ် ချပေးသည်က ကြက်သွန်အဖြူ အနီ၊ ငရုတ်သီးတို့ဖြင့် ကြော်ထားသော မြန်မာငါးနီတူခြောက်ကြော်ဖြစ်ပါသည်။

“မြန်မာအစားအစာတွေက အီတာလျံအစားအစာတွေနဲ့ အရသာအတော်တူတယ်။ အခုလိုအစားအစာသစ်တွေကို မြည်းစမ်းကြည့်ရတာအတော်အရသာရှိတာပဲ”

(နယူးယောက်တိုင်းမ်သတင်းစာပါ ဆောင်းပါးရှင် Julia Moskin ၏ In Myanmar, true comfort in the food ဆောင်းပါးကို ထားထားမြင့်က ဘာသာပြန်ဆိုပါသည်)

Environment

7DAY NEWS JOURNAL

Vol.12, No.21 • JULY 31 , 2013

# သဘာဝပတ်ဝန်းကျင် ထိခိုက်မှုစစ်တမ်း (EIA) လုပ်ထုံးလုပ်နည်းများအပေါ် ပညာရှင်နှင့်လုပ်ငန်းရှင်များ၏ အမြင်

**အိဖြူမွန်**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ကြီးကြပ်ရမည့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေကို ၂၀၁၂ ခုနှစ်၊ မတ်လ ၃၀ ရက်တွင် အတည်ပြုပြဋ္ဌာန်းပြီးနောက် နည်းဥပဒေများ ထွက်ရှိရေးဆွဲနေစဉ်ကာလအတွင်း လုပ်ငန်းအမျိုးအစားပေါင်း ၂၇၂ ခုလိုက်နာရမည့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း လုပ်ထုံးလုပ်နည်း မူကြမ်းကို ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

အဆိုပါထုတ်ပြန်ချက်သည် တစ်ကြိမ်တစ်ခါမှ အတွေ့အကြုံမရှိခဲ့သည့် မြန်မာလုပ်ငန်းရှင်များအတွက် အချိန်ယူ အသိပညာပေးရမည့် လုပ်ထုံးလုပ်နည်းများဖြစ်သည်။ ထုတ်ပြန်ထားသည့် လုပ်ထုံးလုပ်နည်းကို အခြားအိမ်နီးချင်းနိုင်ငံ လေးနိုင်ငံမှ သဘာဝပတ်ဝန်းကျင် ထိခိုက်မှု စစ်တမ်း (EIA) ဥပဒေကို နမူနာယူကာ ရေးဆွဲထားခြင်းဖြစ်သည်။ EIA ကို လုပ်ထုံးလုပ်နည်းတွင် ဒဏ်ကြေးငွေများကိုလည်း သတ်မှတ်ထားသည်။ EIA လုပ်ဆောင်ရမည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးပညာရှင်များပါဝင်သည့် တတိယအဖွဲ့အစည်းအဖြစ် ဆောင်ရွက်မည့်အဖွဲ့အစည်းများ၊ ကုမ္ပဏီများ ပေါ်ပေါက်လာမည်ဖြစ်သည်။

ထို့ကြောင့် ရေးဆွဲနေသည့် EIA လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်ပြီး လုပ်ငန်းရှင်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားသူများနှင့် ဌာနဆိုင်ရာ၏ အမြင်များကို စုစည်းဖော်ပြအပ်ပါသည်။

**ဦးနေအေး**
**(ညွှန်ကြားရေးမှူးချုပ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန)**

ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေကို လွှတ်တော်က အတည်ပြုချက်ကို စောင့်ဆိုင်းနေတယ်။ ဒီလိုခဏတာအတောအတွင်း လုပ်ငန်းရှင်တွေကို ချပြတာပါ။ နည်းဥပဒေထုတ်ပြန်ပြီးတဲ့အခါမှ ဆက်လက်ဆောင်ရွက်ရမယ့် ကိစ္စတွေကို တင်ပြတာပါ။ on going သွားနေတဲ့ ပရောဂျက်တွေမှာ ကနဦးသဘာဝပတ်ဝန်းကျင်ဆန်းစစ်ခြင်းလုပ်ငန်း၊ EIA လုပ်ဆောင်ရမယ့်အပိုင်းတွေရှိသလို ဒီထုတ်ပြန်ထားတဲ့ EIA လုပ်ထုံးလုပ်နည်းအတိုင်း EMP (Environmental Management Plan) တွေလည်း ရေးဆွဲရမှာဖြစ်ပါတယ်။

**ဦးသီဟဇော်လင်း**
**(မိုးထိမိုးမိ သတ္တုတူးဖော်သည့် လုပ်ငန်း ဆောင်ရွက်နေသည့် National Prosperity Gold Production Group Ltd. မှ မန်နေဂျင်းဒါရိုက်တာ)**

ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေအပါအဝင် ဒီလိုလုပ်ထုံးလုပ်နည်းတွေ ထွက်လာတာ ကြိုဆိုပါတယ်။ ကုမ္ပဏီကတော့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်တွေကို ဦးစိုးသူရထွန်းတို့လို ပညာရှင်တွေငှားပြီး ဆောင်ရွက်နေပါတယ်။ ပတ်ဝန်းကျင်ရေးရာတွေကို ဆောင်ရွက်နေတော့ လိုက်နာရမယ့်လုပ်ထုံးလုပ်နည်းတွေက ပြဿနာ မရှိဘူး။ ခွင့်ပြုမိန့်အပိုင်းမှာ ကြန့်ကြာသွားတော့မယ့်ဟာကိုပဲ စိတ်ပူတာပါ။ ဘာဖြစ်လို့လဲဆိုတော့ ခွင့်ပြုချက်ရမှ သတ္တုတူးဖော်ရေးလုပ်ငန်းတွေမှာ အသုံးပြုရမယ့် လုပ်ငန်းသုံးပစ္စည်းတွေ ဝယ်ရမယ့် အခြားကိစ္စတွေလည်း လုပ်ရဖို့ရှိတယ်။ နောက်ပိုင်းဆိုရင် MIC (မြန်မာရင်းနှီးမြှုပ်နှံမှုကော်မရှင်) မှာ လုပ်ငန်းစာချုပ်တင်ရင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက ခွင့်ပြုချက်လိုတာကို။ တိုင်းပြည်ဖွံ့ဖြိုးရေးလုပ်တဲ့အခါ သဘာဝပတ်ဝန်းကျင် အနည်းနဲ့အများ ထိခိုက်မယ်။ ဒါပေမဲ့တစ်ဖက်ကလည်း အလုပ်အကိုင်အခွင့်အလမ်း၊ အကျိုးအမြတ်ကို ချိန်ထိုးပြီး လုပ်ကြတော့ပေါ့လေ။

**ဦးအောင်မင်း**
**(အထွေထွေဒါရိုက်တာ Myanmar Marketing and Research company)**

EIA လုပ်တဲ့တတိယအဖွဲ့အစည်းတွေအဖြစ် ဝန်ကြီးဌာနဆီ မှတ်ပုံတင်တဲ့အခါ ပြည်တွင်း၊ ပြည်ပလို ဖော်ပြထားတာ မရှိပါဘူး။ အဲဒီမှာ တကယ်လုပ်နေတဲ့ စီမံကိန်းကြီးတွေမှာဆိုရင် နိုင်ငံခြားကုမ္ပဏီက လုပ်တာများတော့ မြန်မာပြည်က ကုမ္ပဏီတွေဟာ နိုင်ငံခြားကုမ္ပဏီတွေကို တစ်ဆင့်လုပ်ခိုင်းရပါတယ်။ ပြည်ပကုမ္ပဏီတွေ EIA ကုမ္ပဏီထောင်မယ်ဆိုရင် ဘယ်လိုသတ်မှတ်ချက်တွေပါလဲဆိုတာ သိချင်ပါတယ်။

**ဦးတင်သန်း**
**(သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးပညာရှင် Myanmar Conservation Liasion, WWF GMP Patron, Rakhine Thahaya Association)**

EIA လုပ်မယ့်အခါ စိုးရိမ်မှုရှိပါတယ်။ ဘာလို့လဲဆိုတော့ မြန်မာပြည်မှာ အခုဖြစ်ပျက်နေတဲ့ ကိစ္စရပ်တွေမှာ လုပ်ငန်းစီမံကိန်းတွေမှာ EIA ကို ဘယ်သူတွေ လုပ်နေမှန်းလည်း မသိဘူး။ ဘယ်အချိန်က စလုပ်နေလဲမသိဘူး။ အခု နမူနာပြောရရင် ထားဝယ်ပရောဂျက်မှာ ချူလာလောင်ကွန် တက္ကသိုလ်က လုပ်တယ်။ မသိလိုက်ဘူး။ အခုမြန်မာပြည်မှာလုပ်မယ့် EIA ဆန်းစစ်ကုမ္ပဏီတွေဟာ အမျိုးသားရေးစိတ်ဓာတ်အနေနဲ့ လုပ်သင့်တယ်။

**ဦးနေဝန်းပေါ်**
**(အင်းလေးပရောဂျက်တာဝန်ခံ အငြိမ်းစား သစ်တောပညာရှင် UNDP)**

ဒီ EIA ဟာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးပုဒ်မ ၄၂ အရလုပ်တယ်လို့ သိရပါတယ်။ အဲဒီမှာတော့ အစိုးရအဖွဲ့ရဲ့ အတည်ပြုချက်လိုပါတယ်လို့ ပြောပါတယ်။ အတွေ့အကြုံအရပြောရရင် အစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်း ညွှန်ကြားချက်ထွက်ပါတယ်။ ဒီညွှန်ကြားချက်ဟာ တော်တော်လေးကောင်းပါတယ်။ ဒါပေမဲ့ ဥပဒေအရယှဉ်ပြောတဲ့အခါ အားနည်းချက်တွေရှိပါတယ်။ ထို့အတူပဲ ဒီ EIA လုပ်ရမယ့်ကိစ္စဟာ ပရိုစီဂျာမဟုတ်ဘဲ Law and rule အနေနဲ့ လုပ်သင့်တယ်လို့ အကြံပြုပါတယ်။ အဲ့ဒီလို မလုပ်ဘူးဆိုရင် CF ဖိုင်တို့လိုမျိုး ထိရောက်မှုအားနည်းမယ်၊ အသက်ဝင်မှုအားနည်းနိုင်တယ်လို့ မြင်ပါတယ်။



သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနှင့်ပတ်သက်ပြီး အပြောများနေသော လက်ပံတောင်းတောင်အနီးမှ တစ်နိုင်တစ်ပိုင် ဒုတ္တာချက်လုပ်ငန်းအနီးမှ ကလေးငယ်တစ်ဦး ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)



Tourism
7Day News Journal
Vol.12, No.21 • JULY 31 , 2013

# လာမည့် ခရီးသွားရာသီတွင် ငှက်ကြည့်ခရီးသွား ပိုများလာဖွယ်ရှိ

**နိုင်နိုင်စိုး**

**ရန်ကုန်၊ ဇူလိုင်-၂၇**

လာမည့် ခရီးသွားရာသီတွင် ငှက်ကြည့် ခရီးသွားဧည့်သည်များ ပိုများလာဖွယ်ရှိကြောင်း ခရီးစဉ်စီစဉ်ပေးသည့် ခရီးသွားလုပ်ငန်းများမှ သတင်းရရှိသည်။

ယခုနှစ်တွင် ခရီးသွားဧည့်သည်များ ပိုဝင်ရောက်လာမည်ဖြစ်ရာ မြန်မာနိုင်ငံတွင်သာ တွေ့နိုင်သည့် ငှက်မျိုးရင်းကို သာကြည့်လိုသည့်ငှက်ကြည့်ခရီးသွားဧည့်သည်များလည်း ပိုများလာမည်ဟု S.S.T ခရီးသွားကုမ္ပဏီ အထွေထွေမန်နေဂျာဦးစိုးမင်းအေးက ပြောသည်။

“အခုနိုင်ငံခြား ဧည့်သည်တွေက ယဉ်ကျေးမှုအခြေပြု ခရီးတွေအပြင် တခြားခရီးစဉ်တွေလည်း စိတ်ဝင်စားလာကြတယ်။ ငှက်ကြည့် Tour ကို အရင်နှစ်ထက် နှစ်ဆမှန်းထားတယ်။ အခုကတည်းက မေးမြန်းတာတွေ များနေတယ်” ဟု ဦးစိုးမင်းအေးက ပြောသည်။

ငှက်ကြည့် ခရီးသွားများသည် မြန်မာပြည်တွင်သာ တွေ့နိုင်သည့် ငှက်များကို စိတ်ဝင်စားမှုရှိပြီး ပုဂံ၊ ကလော၊ အင်းလေး၊ နတ်မတောင်ဒေသများသို့အဓိကသွားရောက်ကြကာ ၎င်းတို့ကိုရက်ရှည်ခရီးစီစဉ်ပေးရမှုများကြောင်း ၎င်းက ဆက်လက်ပြောသည်။

ထို့အပြင် ငှက်ကြည့်ခရီးသွားများကို လမ်းညွှန်ပြသည့် ငှက်ကြည့် လမ်းညွှန် အရေအတွက် နည်းပါးသည့်အတွက် ငှက်ကြည့် လမ်းညွှန်သင်တန်းကိုလည်း အပတ်စဉ်ပြုလုပ်လျက်ရှိကြောင်း မြန်မာနိုင်ငံ ငှက်နှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအသင်းမှ သတင်းရရှိသည်။



**မြန်မာငှက်နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်းမှ အသင်းဝင်များ ငှက်ကြည့်နေကြစဉ်** ဓာတ်ပုံ-MBNS

မြန်မာနိုင်ငံတွင်ငှက်မျိုးစိတ် ၁၀၉၆ မျိုး တွေ့နိုင်ပြီး စွေ့၊ နဖားကြူး၊ ငှက်မင်းသားရင်ဖြူ၊ မြန်မာဘီလုံး၊ မျက်ခုံးဖြူငှက်ပြာခြောက်၊ မြန်မာတစ်ငှက်တို့ကို မြန်မာပြည်တွင်သာ တွေ့နိုင်သည့်ဒေသရင်းငှက်များဖြစ်ကြောင်း မြန်မာနိုင်ငံ ငှက်နှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအသင်းမှ သိရသည်။

## Business Air လေကြောင်းလိုင်း ရန်ကုန် – ဘန်ကောက် ပြေးဆွဲမည်

**အောင်သူရ**

**ရန်ကုန်၊ဇူလိုင်-၂၇**

ထိုင်းနိုင်ငံအခြေစိုက်လေကြောင်းလိုင်းတစ်ခုဖြစ်သော Business Air လေကြောင်းလိုင်း ရန်ကုန်-ဘန်ကောက်ခရီးစဉ်ပြေးဆွဲရန် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ခွင့်ပြုချက်ရရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။

“နေ့စဉ်တစ်နေ့ကို နှစ်ကြိမ်ပျံသန်းပါမယ်။ ခရီးစဉ်အသေးစိတ်ကိုတော့ နောက်နှစ်ပတ်ဆိုရင်ထုတ်ပြန်ပေးပါမယ်။ ထိုင်း DCAမှ လုပ်စရာတစ်ခုကျန်နေသေးလို့ပါ” ဟု အဆိုပါ လေကြောင်းလိုင်းမှ မြန်မာနိုင်ငံဆိုင်ရာ မန်နေဂျာ ဦးမောင်မောင်က ပြောသည်။

မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများထဲတွင် စီးပွားရေးဖွံ့ဖြိုးလာမည့် နိုင်ငံဖြစ်သည့် အပြင် အာဆီယံဥက္ကဋ္ဌတာဝန်ယူမည့် နိုင်ငံဖြစ်သောကြောင့် ရန်ကုန်ဘန်ကောက်ခရီးစဉ် ပျံသန်းပြေးဆွဲရခြင်းဖြစ်ကြောင်း ဦးမောင်မောင်ကြီးက ပြောကြားသည်။




**Business Air လေကြောင်း၏ သတင်းစာရှင်းလင်းပွဲ** ဓာတ်ပုံ - ကျော်ဇင်သန်း

Business Air လေကြောင်းလိုင်းသည် ထိုင်းနိုင်ငံမှ ဆော်ဒီအာရေဗီယား နိုင်ငံသို့ ပျံသန်းလျက်ရှိပြီး မြန်မာနိုင်ငံမှ ဟဇ္ဇ်ခရီးသွားမည့်သူများမှာ ထိုင်းနိုင်ငံမှ တစ်ဆင့် လေယာဉ်ပြောင်းစီးနိုင်သည်။ Business Air လေကြောင်းလိုင်းသည် လက်ရှိတွင် လေယာဉ်ခြောက်စီးဖြင့် ထိုင်းနိုင်ငံမှ တရုတ်၊ ဂျပန်နိုင်ငံသို့ ပျံသန်းလျက်ရှိပြီး ရန်ကုန် - ဘန်ကောက် ခရီးစဉ်ကို ခရီးသည် ၂၅၀ လိုက်ပါနိုင်သော ဘိုးရင်း 767-300-ER လေယာဉ်အမျိုးအစားဖြင့် ပျံသန်းမည်ဖြစ်ကြောင်း သတင်းရရှိသည်။

## MAI လေကြောင်းလိုင်း ဗုဒ္ဓဂယာခရီးစဉ် တစ်လစော၍ ပျံသန်းမည်

**အောင်သူရ**

**ရန်ကုန်၊ဇူလိုင်-၂၇**

အပြည်ပြည်ဆိုင်ရာမြန်မာ့ လေကြောင်းလိုင်း (MAI)သည် ဗုဒ္ဓဂယာဘုရားဖူးများအတွက် ယခင်နှစ်များထက်တစ်လခန့်စောကာ ဩဂုတ်လ ဒုတိယပတ်မှ စတင်ပျံသန်းပေးမည်ဖြစ်ကြောင်း အဆိုပါ လေကြောင်းလိုင်းမှ ဈေးကွက်မန်နေဂျာ ဒေါ်အေးမရသာကပြောသည်။

ပုံမှန်အားဖြင့် အိန္ဒိယနိုင်ငံ ဂယာမြို့သို့ စက်တင်ဘာလမှစတင် ပျံသန်းလေ့ရှိသော်လည်း ယခုနှစ်တွင်ခရီးသည်များကြိုတင်ရရှိသည့်အတွက်ယခုကဲ့သို့ ကြိုတင်ပျံသန်းရခြင်းဖြစ်ကြောင်း ဒေါ်အေးမရသာကဆိုသည်။

“အရမ်းကြီးတက်လာတယ်တော့မဟုတ်ပါဘူး။ မိုးဆက်တိုက်ရွာနေတာရယ်၊ ဗုဒ္ဓဂယာမှာ ဗုံးပေါက်ထားတာကြောင့်ရယ်ထင်တယ်”ဟု Tour De Myanmar ခရီးသွားကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ မဒါလီကပြောသည်။

သို့သော် ယခုနှစ်တွင် ခရီးသွားကုမ္ပဏီအချို့က မန္တလေးမှ ဗုဒ္ဓဂယာသို့ နေ့ချင်းပြန်ခရီးစဉ်များရောင်းချမှုများရှိလာကြောင်း မဒါလီကပြောသည်။ အမ်အေအိုင်သည်ပြီးခဲ့သည့်နှစ်က ရန်ကုန်မှဗုဒ္ဓဂယာသို့တစ်ပတ်လေးကြိမ်နှင့် မန္တလေးမှ သုံးကြိမ်ပျံသန်းပေးခဲ့သည်။




JOKER


2013


GSM
JOKER


CRONY


2013


7/13













7 DAY NEWS JOURNAL
Vol.12, No.21 • JULY 31 , 2013

# “မော်စီကို ထောက်ခံသူက လမ်းတွေပေါ်မှာ တစ်သိန်းမကျော်ပါဘူး။ အတိုက်အခံတွေက လူပေါင်းသန်းနဲ့ချီ ရှိနေတာပါ”

## အီဂျစ်ဆိုရှယ်လစ် ခေါင်းဆောင်မန်ဒိုဟာဘာရှီနှင့် သမ္မတ မော်စီအလွန် အီဂျစ်နိုင်ငံရေးအခြေအနေ မေးမြန်းခြင်း



ကျော်မျိုး

အီဂျစ်နိုင်ငံဟာ ရာထူးက ဆင်းပေးဖို့ ငြင်းဆန်နေတဲ့ သမ္မတမော်စီကိုစစ်တပ်က အာဏာသိမ်းပြီး ရာထူးက ဖြုတ်ချခဲ့တဲ့နောက်ပိုင်း သမ္မတမော်စီထောက်ခံသူတွေနဲ့ ဆန့်ကျင်သူတွေကြားမှာ ဆန္ဒပြပွဲတွေ၊ ထိပ်တိုက်ရင်ဆိုင်အကြမ်းဖက်မှုတွေ ပိုများလာနေပြီး တည်ငြိမ်မှုတွေ ပိုနည်းပါးလာနေပါတယ်။ ဒီလို ယမန်နှစ်က ဒီမိုကရေစီရွေးကောက်ပွဲနဲ့ တက်လာခဲ့တဲ့ သမ္မတကို စစ်တပ်ကဝင်ရောက်စွက်ဖက်ပြီး အာဏာသိမ်းလိုက်ခြင်းအပေါ် တုံ့ပြန်မှုအမျိုးမျိုးထွက်ခဲ့ပြီး ဂျာမန်နိုင်ငံခြားရေးဝန်ကြီး ဂိုင်ဒိုဗတ်စတာဗဲလ်ကတော့ ဒါဟာ “အီဂျစ်ဒီမိုကရေစီနောက်ကြောင်းပြန်ခြင်း”ရယ်လို့ မှတ်ချက်ပြုခဲ့ပါတယ်။ ဒါကြောင့် အီဂျစ်ရဲ့နိုင်ငံရေးကို အကြောင်းစုံသိရအောင် ဂျာမန်စပိုင်းဂဲလ်မီဒီယာက ဗိသုကာတစ်ဦးဖြစ်ပြီး အီဂျစ်ဆိုရှယ်လစ်ပါတီ ပူးတွဲတည်ထောင်သူတစ်ဦးဖြစ်တဲ့ မန်ဒိုဟာဘာရှီ(၆၀)နှစ်ကို တွေ့ဆုံကာ မေးမြန်းထားပါတယ်။

**မစ္စတာ ဟာဘာရှီခင်ဗျာ။ ဂျာမန်နိုင်ငံခြားရေးဝန်ကြီး ဗတ်စတာဗဲလ်ကတော့ မိုဟာမက်မော်စီကို ဖြုတ်ချခဲ့ခြင်းအပေါ် စိုးရိမ်ဖွယ်ရာ ဒီမိုကရေစီနောက်ကြောင်းပြန်မှုတစ်ခုလို့ ခေါ်ဆိုခဲ့ပါတယ်။ လူကြီးမင်းရော ဒီကိစ္စကို ဘယ်လိုဖော်ပြချင်ပါသလဲ။**

မစ္စတာ ဗတ်စတာဗဲလ်က ကျွန်တော့်ထက်ပိုပြီး ဒီမိုကရေစီကို ကွဲပြားခြားနားတဲ့အမြင်နဲ့ သဘောပေါက်ထားတာပဲ။ ကျွန်တော့်အတွက်တော့ ဒီမိုကရေစီဆိုတာ ပြည်သူ့ဆန္ဒပဲ။ ဒါဟာ အလွန်ကြီးမားတဲ့ လူထုလှုပ်ရှားမှုထဲမှာပဲ သူ့ဟာသူ ပွင့်အန်ဖော်ပြလာတာပါပဲ။ ဒီလှုပ်ရှားမှု (မော်စီနုတ်ထွက်ရေးလှုပ်ရှားမှု)ဟာ အီဂျစ်မှာ မြင်ဖူးသမျှထဲမှာ အကြီးမားဆုံးပါပဲ။ တစ်ဖက်မှာကတော့ မစ္စတာဗတ်စတာဗဲလ်အတွက်က ဒီမိုကရေစီဆိုတာ သန့်သန့်ရှင်းရှင်း ပုံစံတကျ အရာတစ်ခုပေါ့လေ။ သူ့အတွက်တော့ ဒါဟာ ၂၀၁၂ ရွေးကောက်ပွဲမဲပေးတာတွေနဲ့ လုံးဝဆိုင်တယ်။ အဲဒီတုန်းက သမ္မတရွေးကောက်ပွဲဟာ သန့်သန့်ရှင်းရှင်းဖြစ်တာထက် ဘာမှမပိုတာကလွဲလို့ပေါ့လေ။

**ရွေးကောက်ပွဲတွေဟာ အကွက်ချလှည့်စားခံခဲ့ရတာမျိုးရှိလို့လား။**

သေချာတာပေါ့။ ပထမအချက်အနေနဲ့ ခြုံကြည့်ရင် တကယ့်စစ်မှန်တဲ့ ရွေးကောက်ပွဲတွေမရှိခဲ့ပါဘူး။ အဖွဲ့အစည်းတိုင်းကို စစ်တပ်က ထိန်းချုပ်ထားခဲ့တယ်။ ပြီးတော့ စစ်တပ်ကလည်း တော်လှန်ရေးထဲက ကိုယ်စားလှယ်တစ်ယောက်လောက် ရွေးကောက်ပွဲနိုင်မှာကို တားမြစ်ချင်ခဲ့တယ်။ ဟိုစနီမူဘာရက်ရဲ့ နောက်ဆုံးဝန်ကြီးချုပ်လုပ်ခဲ့တဲ့ အာမက်ရှာဖစ်နဲ့ မော်စီလိုလူမျိုးတွေနဲ့ဆို ကိစ္စတွေကို သူတို့အကြိုက် အနိုင်ရအောင်လုပ်နိုင်မယ်လို့ ထင်ခဲ့ကြတယ်။ ဒါ့အပြင်မှာလည်း အစ္စလာမ်မစ်ဝါဒီတွေကလည်း မဲဆွယ်ပွဲကာလမှာ ငွေတွေအများကြီးရင်းနှီးမြှုပ်နှံပြီး မဲတွေကို ဝယ်ခဲ့ကြတယ်။ အခြားဘယ်နိုင်ငံရေးအဖွဲ့ကမှ နိုင်အောင် မလုပ်နိုင်ခဲ့ကြပါဘူး။

**ဒါပေမဲ့ နိုင်ငံတကာစံနှုန်းအမြင်တွေအရတော့ မနှစ်က ရွေးကောက်ပွဲဟာ နမူနာတစ်ရပ်အဖြစ် ရှုမြင်ခံခဲ့ရတယ်မဟုတ်လား။**

အီဂျစ်လူမျိုးတော်တော်များများက သူတို့ရဲ့(ဒီမိုကရေစီ)တော်လှန်ရေးဟာ သစ္စာဖောက်ခံခဲ့ရတယ်လို့ ခံစားခဲ့ကြရတယ်။ တော်လှန်ရေးကလည်း ရှင်းလင်းတဲ့အောင်ပွဲမဟုတ်ခဲ့ဘူး။ မော်စီရဲ့ သမ္မတရာထူးဟာ မယုံနိုင်လောက်အောင် ကြမ်းတမ်းယုတ်မာပါတယ်။ မော်စီနဲ့မွတ်ဆလင်ညီအစ်ကိုတော်များအဖွဲ့ပါတီဟာ မူဘာရက်ခေတ်ကထက် ပြည်သူတွေရဲ့ ကျပ်တည်းမှုကို အာရုံစိုက်မှုနည်းခဲ့တယ်။

**ဒါကြောင့် ဇူလိုင် ၃ ရက်မှာ စစ်တပ်က ဝင်ရောက်စွက်ဖက် (အာဏာသိမ်း)လိုက်တာပေါ့။**

အီဂျစ်စစ်တပ်ဟာ သူလုပ်ရမှာကို လုပ်လိုက်တာပါပဲ။ အခြားရွေးချယ်စရာလည်းမရှိခဲ့ပါဘူး။ ဘာကြောင့်လဲဆိုတော့ လူသန်းပေါင်းများစွာက မွတ်ဆလင်ညီအစ်ကိုတော်များအဖွဲ့ကို အာဏာလက်လွှတ်စေချင်တာပါ။ အပြောင်းအလဲက ဘာများဖြစ်ခဲ့မလဲ။ ဒီမိုကရေစီကို အမြစ်လှန်ဖို့နဲ့ ဖျက်ဆီးသလိုအဖြစ်မျိုး မြင်ကြည့်ဖို့လား။ ဒီမှာ လူတွေဘာပြောကြတာကို ခင်ဗျားသိရဲ့လား။ သူတို့က ဒါကို လေးနှစ်လောက်အထားခံမယ့် တာရှည်ခံအစားအစာတစ်မျိုးကို ဝယ်လိုက်ရတာနဲ့ နှိုင်းယှဉ်ကြတယ်။ စိတ်ကူးကြည့်စမ်းပါ။ (အစားအစာကို သိုလှောင်ထားတဲ့)သံဘူးကို တစ်နှစ်ခွဲလောက်အကြာမှာ ဖွင့်လိုက်တော့ ပိုဆိုးသွားပြီ။ ခင်ဗျားဘာလုပ်မလဲ။ စားပစ်မလား ဒါမှမဟုတ် ဘူးကိုလွှင့်ပစ်မလားဗျ။

**အဲဒီတစ်ချိန်တည်းမှာပဲ သမ္မတမော်စီကို ဖြုတ်ချလိုက်တော့ ဆန္ဒပြမှုအသစ်တွေနဲ့ တိုက်ခိုက်မှုတွေ ပြန်ဖြစ်လာတယ်မို့လား။ အီဂျစ်ဟာ အန္တရာယ်ကြီးလာတယ်လေ။**

မှန်ပါတယ်။ အစ္စလာမ်မစ်ဝါဒီတွေ တော်တော်များများက အယူအဆပြတ်သားလာကြပြီး အကြမ်းဖက်မှုဆီ ဦးတည်လာကြပါတယ်။ ဒါပေမဲ့ ဒီအချက်ကတိုင်းပြည်ဟာ ထိန်းမနိုင်သိမ်းမရအခြေအနေတွေထဲ ရောက်သွားတယ်လို့ မဆိုလိုနိုင်ပါဘူး။ မွတ်ဆလင် ညီအစ်ကိုတော်များအဖွဲ့ရဲ့ လူကြိုက်များမှုဟာလည်း လျင်လျင်မြန်မြန်ပဲ ကျဆင်းသွားခဲ့ရတယ်။ မော်စီကို ထောက်ခံသူက လမ်းတွေပေါ်မှာ တစ်သိန်းမကျော်ပါဘူး။ အဲဒီအချိန်မှာ အတိုက်အခံတွေက လူပေါင်းသန်းနဲ့ချီရှိနေတာပါ။

**ဥရောပနဲ့ အမေရိကတို့က အီဂျစ်မှာ မွတ်ဆလင်ညီအစ်ကိုတော်များအဖွဲ့နဲ့ အတိုက်အခံနှစ်ဖက်စလုံးကိုပြန်လည်ရင်ကြားစေ့ကြဖို့ တောင်းဆိုထားပါတယ်။ ဒီကိစ္စဖြစ်လာနိုင်မယ့် အခွင့်အလမ်းရော လူကြီးမင်းမြင်မိပါသလား။**

ဘယ်လိုရင်ကြားစေ့ရေးမျိုးကို ကျွန်တော်တို့ ဆွေးနွေးနေရတာလဲ။ အစ္စလာမ်မစ်တွေဟာ ဘယ်လိုရေရှည်ခံမယ့် ပြန်လည်ရင်ကြားစေ့ရေးကိုမှ စိတ်မဝင်စားလှပါဘူး။ သူတို့က သူတို့ရဲ့ အာဏာရှင်အတွေးအခေါ်ကို မစွန့်လွှတ်ချင်ကြဘူး။ ဒီအတွေးအခေါ်က အခြားသောဘာသာရေးယုံကြည်မှုတွေကို ဆန့်ကျင်ဖိနှိပ်ပြီး ဘယ်တော့မှ ဒီမိုကရက်တစ်ဖြစ်လာမှာမဟုတ်ပါဘူး။ ဒီကိစ္စမှာ ပင်မရေစီးထဲရှိနေတဲ့ မီဒီယာတွေက တစ်ခါတလေမှာ တောင်အာဖရိကမှာ အသားရောင်ခွဲခြားမှု တိုက်ဖျက်ရေးကာလအလွန်တိုက်ပွဲတွေကို ရည်ညွှန်းလေ့ရှိကြတယ်။ ဒါပေမဲ့ ဒီဥပမာက လုံးဝမှားနေပါတယ်။ တောင်အာဖရိကမှာက လူဖြူလူနည်းစုဟာ သူတို့ရဲ့ အသားအရောင်ခွဲခြားမှု မူဝါဒတွေကိုတကယ်ရှင်းရှင်းလင်းလင်း စွန့်လွှတ်ခဲ့ပါတယ်။ ဒါဟာ ပြန်လည်ရင်ကြားစေ့ရေးအတွက် လုံးဝလိုအပ်တဲ့ မရှိမဖြစ်အချက်ပါ။ မွတ်ဆလင်ညီအစ်ကိုတော်များအဖွဲ့က ဒီလိုအမြင်မျိုးမရှိပါဘူး။

**လူကြီးမင်းက ပြောပေမယ့် အနည်းဆုံးတော့ ကနဦးတုန်းက အဲဒီအဖွဲ့နဲ့ စစ်တပ်တို့ဟာ အောင်အောင်မြင်မြင်ပူးတွဲဆောင်ရွက်နိုင်ခဲ့တယ်မဟုတ်လား။ ဘာများမှားခဲ့ပါသလဲ။**

စစ်တပ်ခေါင်းဆောင်ပိုင်းနဲ့ မွတ်ဆလင်ညီအစ်ကိုတော်များအဖွဲ့တို့ဟာ ဗိုလ်ချုပ်ကြီးတွေက အခွင့်ထူးခံအရာအားလုံးကိုဆက်ပြီး ထိန်းသိမ်းရယူသွားမယ်။ အပြန်အလှန်အားဖြင့် အစ္စလာမ်မစ်တွေကို သူတို့သင့်တော်သလိုမြင်တဲ့အတိုင်း တိုင်းပြည်ကို အုပ်ချုပ်တာကို ခွင့်ပြုရမယ်ပေါ့။ အဲဒီလိုသဘောတူညီမှုယူခဲ့ကြတယ်။ ပထမတော့ နှစ်ဖက်စလုံးသဘောတူညီချက်ကို ထိန်းနိုင်ခဲ့ကြတယ်။ ဒါပေမဲ့ မော်စီကို လူထုထဲမှာ မကျေနပ်မှု တွေများလာတော့ စစ်တပ်ကလည်း ဆက်ပြီးရှောင်မနေနိုင်တော့ဘူး။

**မူဘာရက်ပြုတ်ကျသွားတော့ တော်လှန်ရေးသမားတွေဟာ စစ်ကောင်စီနဲ့ ဆက်ဆံရေးမှာ ထူးထူးခြားခြားခက်ခဲခဲ့တာတွေ ရှိပါတယ်။ ဒီအချိန်မှာတော့ ကိစ္စတွေအကုန် ပိုကောင်းလာမယ်လို့ ဘာကြောင့် လူကြီးမင်းထင်ရတာလဲ။**

စစ်ခေါင်းဆောင်ပိုင်းက တိုင်းပြည်ကို အုပ်ချုပ်ဖို့ တကယ်စိတ်မဝင်စားပါဘူး။ သူတို့က ဒီကိစ္စကို တခြားသူတွေလက်ထဲပဲ လွှဲပေးချင်ကြတယ်။ ၂၀၁၁ မှာ တုန်းက သူတို့မှာ ရွေးစရာမရှိခဲ့



AP

ဘူး။ ဘာကြောင့်လဲဆိုတော့ မူဘာရက်အတွက် သူတို့အနစ်နာခံပေးပြီးတဲ့နောက်မှာ အာဏာကွက်လပ်ကြီးက လစ်ဟာကျန်နေခဲ့တယ်။ ဒါပေမဲ့ လက်ရှိတော်လှန်မှုကတော့ တော်လှန်ရေးသမားတွေချည်းပါဝင်တာမဟုတ်ပါဘူး။ အရင်အစိုးရအဖွဲ့ဝင်ဟောင်းတွေလည်း ပါဝင်ပါတယ်။ မော်စီကိုဆန့်ကျင်တဲ့ ညွန့်ပေါင်းအဖွဲ့က လက်ဝဲတွေကနေ လစ်ဘရယ်တွေ၊ အမျိုးသားဝါဒီတွေနဲ့ အရေးပါတဲ့ စစ်တပ်က ပုဂ္ဂိုလ်တွေလည်း ပါဝင်ထားတာပါ။

**တစ်နည်းပြောရရင်တော့ လက်ရှိကြားဖြတ်အစိုးရဟာ ၂၀၁၁ ဆန္ဒပြပွဲတွေတုန်းက လူတွေနဲ့တစ်စိတ်တစ်ပိုင်း ဖွဲ့စည်းထားတာပေါ့။**

ဟုတ်ပါတယ်။ လက်ရှိကြားဖြတ်အစိုးရဟာ တော်လှန်ရေးရဲ့ရလဒ်တစ်ခုတင်မကပါဘူး။ ဒီအစိုးရဟာ ရှေ့ကိုခုန်ပျံတက်တဲ့အနေအထားကိုကိုယ်စားပြုတယ်ဆိုပေမယ့်လည်း ဒီအစိုးရက ဥပဒေစိုးမိုးရေးကို ကိုင်တွယ်နိုင်မယ်လို့ ကျွန်တော်တို့ မျှော်လင့်နိုင်ပါတယ်။ အစိုးရထဲမှာ တကယ်ကို စီးပွားရေး၊ တရားစီရင်ရေးနဲ့ စိုက်ပျိုးရေးပိုင်းတွေကို နားလည်တဲ့သူတွေပါဝင်နေပါတယ်။ မျှော်လင့်ချက်လည်း နောက်တစ်ကြိမ်ရှိပါတယ်။ မော်စီရဲ့ နောက်ဆုံးနေ့တွေတုန်းကဆို ဘာမျှော်လင့်ချက်မှ မရှိခဲ့ပါဘူး။

**မော်စီကို အမည်မဖော်ပြတဲ့နေရာတစ်ခုမှာ ထိန်းသိမ်းထားတယ်ဆိုတာ မှန်တယ်လို့ လူကြီးမင်းယူဆပါသလား။ ဥရောပသမဂ္ဂကတော့ သူ့ကို လွှတ်ပေးဖို့တောင်းဆိုနေတယ်မဟုတ်လား။**

အစိုးရရှေ့နေတွေက သူ့ကို စုံစမ်းစစ်ဆေးနေဆဲပဲရှိပါတယ်။ အ မှုကတော့ မွတ်ဆလင်ညီအစ်ကိုတော်များအဖွဲ့လည်းပါဝင်ပတ်သက်နေတဲ့ ထောင်ဖောက်မှုကိစ္စတစ်ခုပါ။ မျက်မြင်သက်သေတွေရဲ့ အစီရင်ခံစာတွေလည်း ရှိပါတယ်။ ဒါက စွဲချက်တွေအများကြီးထဲက တစ်ခုပေါ့။ မော်စီရဲ့ သူ့လက်ကိုင်တုတ်တွေ အခမဲ့နီးပါး (သို့မဟုတ်) အနိမ့်ဆုံးဈေးနဲ့ အိမ်ခြံမြေတွေပေးခဲ့တဲ့ စာရင်းတွေလည်း ရှိပါသေးတယ်။ ဒါပေမဲ့ တရားရုံးရဲ့ ကိုင်တွယ်ဆောင်ရွက်မှုအစီအစဉ်တွေဟာ တရားမျှတပြီး ပွင့်လင်းမြင်သာမှုရှိရမှာပါ။ တရားစီရင်ရေးစနစ်ကို လက်စားချေဖို့အတွက် အသုံးမပြုနိုင်ပါဘူး။

—*Ref: Egyptian Politician 'The Brotherhood Knows the End Is Coming', Spiegel; 25th July.*

# Leader's Profile

## ပနားမားသမ္မတ ရီကာဒို မာတီနယ်လီ



ရဲမင်း

ရီကာဒိုအယ်လ်ဘာတိုမာတီနယ်လီသည် စီးပွားရေးသမားတစ်ဦးဖြစ်ပြီး ၂၀၀၉ ခုနှစ်မှစ၍ ပနားမားနိုင်ငံ၏ ၄၉ ဦးမြောက် သမ္မတအဖြစ် တာဝန်ယူနေသူဖြစ်သည်။

ရီကာဒိုကို ၁၉၅၂ ခုနှစ် မတ်လ ၁၁ ရက်က ပနားမားစီးတီး၌ မွေးဖွားခဲ့သည်။ ရီကာဒိုသည် အထက်တန်းပညာရေးကို အမေရိကန်နိုင်ငံ ဗာဂျီးနီးယားပြည်နယ် စကောက်တန်စစ်ဘက်အကယ်ဒမီတွင် တက်ရောက်ခဲ့ပြီး အာကင်ဆက်တက္ကသိုလ်မှ စီးပွားရေးစီမံခန့်ခွဲမှုဘာသာရပ်အထူးပြုဘွဲ့ ရရှိခဲ့သည်။ နီကာရာဂွါးနိုင်ငံ INCAE စီးပွားရေးကျောင်းမှ စီးပွားစီမံမဟာဘွဲ့ (MBA)ရရှိခဲ့သည်။

မစ္စတာမာတီနယ်လီသည် ပနားမားနိုင်ငံရှိ Super 99 စူပါမားကက်များကို ပိုင်ဆိုင်သောကုမ္ပဏီဥက္ကဋ္ဌနှင့် ဘုတ်အဖွဲ့ ဒါရိုက်တာဖြစ်သည်။ အခြားကုမ္ပဏီအနည်းဆုံးရှစ်ခု၏ ဘုတ်အဖွဲ့တွင်လည်း ပါဝင်သူဖြစ်သည်။

မစ္စတာမာတီနယ်လီသည် သမ္မတအာနက်စ်တိုပီရက်စ်လက်ထက် ၁၉၉၄ မှ ၁၉၉၆ ခုနှစ်အထိ လူမှုဖူလုံရေးဌာန ညွှန်ကြားရေးမှူးအဖြစ် လုပ်ကိုင်ခဲ့သည်။ သမ္မတမော့စ်ကိုဆိုလက်ထက် ၁၉၉၉ မှ ၂၀၀၃ ခုနှစ်အထိ ပနားမားတူးမြောင်း ဒါရိုက်တာဘုတ်အဖွဲ့ အကြီးအကဲနှင့် ပနားမားတူးမြောင်းရေးရာ ဝန်ကြီးအဖြစ် တာဝန်ယူခဲ့သည်။

ရီကာဒိုမာတီနယ်လီသည် ၁၉၉၈ ခုနှစ်တွင် တည်ထောင်ခဲ့သော Democratic Change ပါတီ၏ဥက္ကဋ္ဌဖြစ်ပြီး ၂၀၀၄ ခုနှစ် ပနားမားသမ္မတရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ သို့သော် ပါတီမှာ ရွေးကောက်ပွဲ၌ နောက်ဆုံးနေရာသာရရှိခဲ့ပြီး မာတီနယ်လီကိုယ်တိုင်မှာလည်း ထောက်ခံမှု ၅ ဒသမ ၃ ရာခိုင်နှုန်းနှင့် စတုတ္ထနေရာရှိခဲ့သည်။

မစ္စတာ မာတီနယ်လီသည် Democratic Change ပါတီဥက္ကဋ္ဌအဖြစ် ၂၀၀၉ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ နိုင်ငံရေးခြစားမှုလျှော့ချရေး၊ ကြီးလေးသောပြစ်မှုများ လျော့ပါးရေး လုပ်ဆောင်မည်ဟု ကတိပြုကာ မဲဆွယ်ပွဲအတွက် ကန်ဒေါ်လာ ၃၅ သန်းနီးပါး သုံးစွဲခဲ့သည်။ ရွေးကောက်ပွဲနီးလာသောအချိန်တွင် မစ္စတာမာတီနယ်လီမှာ ရေပန်းအစားဆုံး ယှဉ်ပြိုင်သူဖြစ်လာခဲ့သည်။

လက်ရှိအာဏာရညွန့်ပေါင်းကို ဆန့်ကျင်သည့် အခြားသောပါတီများနှင့် စီးပွားရေးအသိုင်းအဝိုင်း၏ အားကောင်းသောထောက်ခံမှုကိုရရှိခဲ့ပြီး ၂၀၀၉ ခုနှစ် မေလ ၃ ရက် ရွေးကောက်ပွဲ၌ ရီကာဒိုမာတီနယ်လီက ပြိုင်ဘက် မစ္စစ်ဘယ်ဘီနာဟာရီရာအပေါ် အပြတ်အသတ် အနိုင်ရရှိခဲ့သည်။ လက်ဝဲယိမ်းသူများသာ အနိုင်ရလေ့ရှိသော လက်တင်အမေရိက အစဉ်အလာကို ချိုးဖျက်နိုင်ခဲ့သည်။ ၂၀၀၉ ဇူလိုင် ၁ ရက်တွင် ရီကာဒိုသည် ပနားမားသမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုသည်။

ပနားမားနိုင်ငံ၏ သမ္မတဖြစ်လာချိန်တွင် မစ္စတာရီကာဒိုမာတီနယ်လီသည် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အစီအစဉ်များ၊ သက်ကြီးရွယ်အို ပင်စင်တိုးမြှင့်ခြင်း၊ အနိမ့်ဆုံးလုပ်အားခနှုန်းကို တိုးမြှင့်ခြင်း၊ ကျောင်းသား/သူများအတွက် အထောက်အပံ့ပေးအပ်ခြင်းများနှင့် အခွန်ကောက်ခံမှုပြုပြင်ပြောင်းလဲရေးကို လုပ်ဆောင်ခဲ့သည်။ အစိုးရဘဏ္ဍာရေးအခြေအနေ ရေရှည်တောင့်တင်းခိုင်မာရေး အစီအမံများ ချမှတ်သည်။ နိုင်ငံ၏ အခြေခံအဆောက်အအုံနှင့် ဆိပ်ကမ်းများ တိုးတက်ရေးရှေ့အတွက်လာမည့် လေးနှစ်အတွင်း ကန်ဒေါ်လာ ၂၀ ဘီလီယံ အသုံးပြုမည်ဟု ၂၀၁၀ ပြည့်နှစ်တွင် ကြေညာခဲ့သည်။

မစ္စတာရီကာဒိုမာတီနယ်လီသည် ၁၉၇၈ ခုနှစ်က ဇနီးသည် မာတာလီနာရက်စ်နှင့် လက်ထပ်ခဲ့ပြီး သားသမီးသုံးဦး ထွန်းကားသည်။

—*Ref: Wikipedia*

# လျှို့ဝှက်သတင်း ပေါက်ကြားစေသည့် ကန်တပ်သား ဘရက်ဒလေမန်းနင်းမှာ သစ္စာဖောက်မဟုတ်ဟု ရှေ့နေပြောကြား

**မေရီလန်း၊ဇူလိုင်-၂၇**

ထိပ်တန်းလျှို့ဝှက်သတင်းများကို ပေါက်ကြားစေခဲ့သည့် အမေရိကန်စစ်သား ဘရက်ဒလေမန်းနင်းမှာ အစိုးရပြောသကဲ့သို့ သစ္စာဖောက်မဟုတ်ဘဲ လျှို့ဝှက်သတင်း ဖွင့်ချပြသူသာဖြစ်ကြောင်း ၎င်း၏ရှေ့နေက ဇူလိုင် ၂၆ ရက်က စစ်ခုံရုံးတွင် ပြောကြားလိုက်သည်။

အမေရိကန်စစ်တပ်မှ ပထမတန်းတပ်သား မန်းနင်းသည် အမေရိကန်စစ်တပ်နှင့် သံတမန်ရေးရာမူဝါဒအပေါ် အမေရိကန်နိုင်ငံသားများကို ဒေါသထွက်စေလို၍ ထိပ်တန်းလျှို့ဝှက်သတင်းများကို ဝီကီလိခ်ဝက်ဘ်ဆိုက်သို့ ပေါက်ကြားစေခဲ့ကြောင်း အမေရိကန်စစ်ဘက်က ဖော်ပြခဲ့သည်။

အိုကလာဟိုးမားပြည်နယ် ကရက်ဆင့်မြို့ခံတစ်ဦးဖြစ်သော မစ္စတာမန်းနင်းသည် ရာဇဝတ်မှု ၂၁ ခုနှင့် စွဲချက်တင်ခံထားရကာ အပြင်းထန်ဆုံးစွဲချက်မှာ ရန်သူကို ကူညီမှုဖြစ်ပြီး သေဒဏ်ကျခံရနိုင်သည်။

ဇူလိုင် ၂၆ ရက် အစောပိုင်းတွင် မစ္စတာမန်းနင်း၏ရှေ့နေ ဒေးဗစ်ကုမ်းက ၂၀၀၇ ခုနှစ် ဘဂ္ဂဒက်မြို့၌ ဖြစ်ပွားခဲ့သည့် အမေရိကန်စစ်ရဟတ်ယာဉ်တစ်စီးက ရိုက်တာသတင်းဌာန ဝန်ထမ်းနှစ်ဦး အပါအဝင် လူတစ်ဒါဇင်ကို ပစ်ခတ်သတ်ဖြတ်ခဲ့သည့် ဗီဒီယိုဖိုင်တစ်ခုကို ဖွင့်ပြသွားခဲ့ပြီး ယင်းဗီဒီယိုခွေကို မန်းနင်းက ဝီကီလိခ်အဖွဲ့သို့ ပေးပို့ခဲ့ခြင်းမှာ လူသားများအတွက် စိုးရိမ်မိသောကြောင့်ဖြစ်ကြောင်း ၎င်းက တရားသူကြီးများကို ပြောကြားခဲ့သည်။

ယင်းဗီဒီယိုခွေတွင် လမ်းဘေးတွင် တွားသွားနေသည့် ဒဏ်ရာရရှိထားသူတစ်ဦးသည် ကလေးများတင်ဆောင်လာသော ကားတစ်စီး၏ ခေါ်ဆောင်သွားခြင်းကို မခံရမီ သေနတ်ဖြင့် ဆက်ပစ်ခြင်းခံခဲ့ရသည်။ မစ္စတာမန်းနင်းသည် ၂၀၁၀ မေလအတွင်း အီရတ်နိုင်ငံတွင် တာဝန်ထမ်းဆောင်နေစဉ် ဖမ်းဆီးခံခဲ့ရပြီး စစ်ဘက်ဆိုင်ရာ တရားသူကြီး၏ အမှုစီရင်ခြင်းကိုခံယူရန် ၎င်းကရွေးချယ်ခဲ့သည်။

—*Ref: Reuters*




MANDEL NGAN/AFP

*ဇူလိုင် ၂၅ ရက်က ပထမတန်းတပ်သား ဘရက်ဒလေမန်းနင်းအား မေရီလန်းပြည်နယ် ဖို့ဒ်မိတ်ဒေသ စစ်ခုံရုံးမှ အစောင့်အကြပ်များဖြင့် ခေါ်ထုတ်လာသည်ကို တွေ့ရစဉ်*

7 DAY NEWS JOURNAL
Vol.12, No.21 • JULY 31 , 2013

## အင်ဒိုနီးရှားနိုင်ငံ ဂိုရွန်တာလိုပြည်နယ် ရေကြီးမြေပြို၍ လူလေးဦးသေ သုံးဦးပျောက်ဆုံးနေ

**ဂျကာတာ၊ဇူလိုင်-၂၇**

အင်ဒိုနီးရှားနိုင်ငံ၊ ဂိုရွန်တာလိုပြည်နယ်တွင် ရေကြီးပြီး မြေပြိုမှုများကြောင့် လူလေးဦးသေဆုံးကာ သုံးဦးပျောက်ဆုံးနေ ကြောင်း နိုင်ငံ၏ အမျိုးသားသဘာဝဘေး အန္တရာယ်ကာကွယ်ရေးအေဂျင်စီက ပြောကြားလိုက်သည်။

မြေပြိုမှုဖြစ်စဉ်မှာ သောကြာနေ့ညပိုင်းက ဂိုရွန်တာလိုပြည်နယ်ရှိ ရွာသုံးရွာတွင် ဖြစ်ခဲ့ခြင်းဖြစ်သည်။ ထိုရွာများရှိရာ ဘုန်ပန်တိုင်နှင့် ဘူလာဝါခရိုင်များတွင် မိုးအဆက်မပြတ် ရွာသွန်းနေခဲ့သည်။ မိုးများသောကြောင့် ရွာများအနီး တွန်ဂိုမြစ်ရေလျှံခဲ့ပြီး ရွာများကို ဖုံးလွှမ်းကာ မြေပြိုမှုများဖြစ်စေခဲ့ခြင်းဖြစ်သည်။ အင်ဒိုနီးရှားအမျိုးသားသဘာဝဘေးရန်ကာကွယ်ရေးအဖွဲ့ ပြောခွင့်ရပုဂ္ဂိုလ်က ရေကြီးမြေပြိုမှုကြောင့် သေဆုံးသူများမှာ မိသားစုတစ်စုထဲမှဖြစ်ကြောင်း၊ သဘာဝဘေးရန်ကြောင့် လူ ၂၀၀ ကျော် နေထိုင်ရေးဒုက္ခရောက်ခဲ့ရကြောင်း ပြောသည်။

တာဝန်ရှိသူများသည် ယခုအခါ ပျောက်ဆုံးနေသူများကို ရှာဖွေရေး၊ ကျေးရွာများမှ ဒုက္ခသည်များအားကယ်တင်ရေးအပါအဝင် ကယ်ဆယ်ရေးနှင့် နေရာချထားရေးလုပ်ငန်းများကို လုပ်ဆောင်နေသည်။ အဆိုပါရေကြီးခဲ့သည့် ရွာများတွင် ရေအမြင့်မှာ တစ်မီတာအထိ မြင့်တက်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

*—Ref: AP*



TED ALJIBE/AFP

*ဇူလိုင် ၂၇ ရက်က ဖိလစ်ပိုင်နိုင်ငံသို့ နှစ်ရက်ကြာအလည်အပတ်ခရီးလာရောက်သော ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးကို ကြိုဆိုဂုဏ်ပြုသောအခမ်းအနား၌ ဖိလစ်ပိုင်သမ္မတနန်းတော်ရှေ့ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးနေသော ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် သမ္မတ ဘီနစ်နို အက်ကွီနိုကိုတွေ့ရစဉ်*

## ဒုတိယကမ္ဘာစစ်အတွင်း ဇိမ်မယ်အဖြစ်ကြုံခဲ့သူ ဖိလစ်ပိုင်အမျိုးသမီးကြီးများ ဂျပန်ဝန်ကြီးချုပ်ကို တောင်းပန်ခိုင်း

**မနီလာ၊ဇူလိုင်-၂၇**

ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်စစ်သားများအတွက် ဇိမ်မယ်များအဖြစ် အသုံးပြုခံခဲ့ရသည့် ဖိလစ်ပိုင်အမျိုးသမီးတစ်စုသည် ဖိလစ်ပိုင်သမ္မတ အကွီနိုနှင့်ဂျပန်သမ္မတ ရှင်ဇိုအာဘေးတို့ မလာကာနန်းနန်းတော်တွင် ဆွေးနွေးပွဲပြုလုပ်စဉ် ဆန္ဒပြချီတက်ခဲ့ကြပြီး ဂျပန်ဝန်ကြီးချုပ်အား တောင်းပန်ခိုင်းခဲ့သည်။

အဆိုပါအမျိုးသမီးများအဖွဲ့တွင် စစ်အတွင်း လိင်ကျေးကျွန်ပြုခံခဲ့ရသူ ဖိလစ်ပိုင်အမျိုးသမီး ၂၀၀ ဖြင့် ဖွဲ့စည်းထားသည့် လီလာဖိလစ်ပီနာအဖွဲ့မှ အသက်ရှစ်ဆယ်ကျော် အမျိုးသမီးကြီးတစ်ရာကျော် ပါဝင်ခဲ့သည်။ အဖွဲ့မှ ၇၃ ဦး ခန့်မှာမူ ဇရာကြောင့် ယခုအခါ ကွယ်လွန်သွားခဲ့ပြီဖြစ်သည်။ ဖိလစ်ပိုင်သမ္မတနန်းတော်ရှေ့သို့ ချီတက်ဆန္ဒပြခဲ့ကြသော အမျိုးသမီးကြီးများသည် "တရားမျှတမှုကို လိုချင်သည်။ သဘော်တွေမလိုချင်"၊ "ဇိမ်မယ်ဖြစ်ခဲ့ရသူများအတွက် တရားမျှတမှု ပြန်ပေး"၊ "နောက်ထပ်ဇိမ်မယ်မျိုးဆက်တစ်ဆက် ထပ်မရှိစေရ"စသော ဆိုင်းဘုတ်စာတန်းများကိုင်ဆောင်ကာ ဆန္ဒပြခဲ့ကြပြီး သမ္မတအကွီနိုကိုလည်း ဂျပန်ဝန်ကြီးချုပ်ကို တောင်းပန်ခိုင်းရန် တိုက်တွန်းခဲ့သည်။

ယင်းအဖွဲ့၏ အမှုဆောင်ဒါရိုက်တာ ရီချီလ်ဒါအိတ်ဇ်ထရီမဒူရာက "ဂျပန်ဟာ ဖိလစ်ပိုင်အမျိုးသမီးတွေကို ဒုတိယကမ္ဘာစစ်အတွင်း ဇိမ်မယ်တွေအဖြစ် အသုံးပြုခဲ့တာနဲ့ပတ်သက်လို့ ဘယ်တော့မှ မတောင်းပန်ခဲ့ပါဘူး"ဟု ပြောသည်။ အခြားအဖွဲ့ဝင်တစ်ဦးဖြစ်သည့် ဗီလာမာဆိုသူကလည်း "အခုဆိုရင် ဂျပန်က စစ်ရေးအခြေချခွင့် အခွင့်အရေးတွေအတွက် ဖိလစ်ပိုင်အစိုးရနဲ့ စကားပြောနေပါပြီ။ ဒါကြောင့် နောက်ထပ်ဘာဖြစ်မလဲမေးရင် ဇိမ်မယ်အမျိုးသမီးတွေ နောက်မျိုးဆက်တစ်ဆက်များဖြစ်လာမလား။ ကျွန်မတို့ဟာ ဇိမ်မယ်အမျိုးသမီးတွေအတွက် တရားမျှတမှုကို တောင်းဆိုနေတာပါ"ဟု ပြောသည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ဖိလစ်ပိုင်သို့ နှစ်နိုင်ငံရေကြောင်းကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေးအတွက် ဆွေးနွေးရန် ရောက်ရှိလာခြင်းဖြစ်သည်။ ဂျပန်နှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် တရုတ်နှင့် ရေပိုင်နက်အငြင်းပွားမှုများ ရင်ဆိုင်နေရသော နိုင်ငံများလည်းဖြစ်သည်။

*—Ref: Xinhua*

## တရုတ်၊ အိန္ဒိယနှင့် အင်ဒိုနီးရှားတွင် လူသန်းပေါင်းများစွာ အိမ်သာမရှိဘဲ နေထိုင်ကြရ

**စင်ကာပူ၊ဇူလိုင်-၂၇**

အာရှတိုက်၏ အကြီးဆုံးနိုင်ငံကြီးများဖြစ်သော တရုတ်၊ အိန္ဒိယနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် လူသန်းပေါင်းများစွာမှာ ညစ်ညမ်းသော သောက်သုံးရေနှင့် အညစ်အကြေးစွန့်ရန် အိမ်သာများမရှိဘဲ နေထိုင်နေရကြောင်း စထရိတ်တိုင်းမ်သတင်းက ဖော်ပြသည်။

ယင်းနိုင်ငံကြီးများ၏ မြို့ကြီးများတွင် ဆင်းရဲသားကျူးကျော်ရပ်ကွက်များ အများအပြားရှိနေပြီး လူသန်းပေါင်းများစွာမှာ ထိုသို့ဆင်းရဲချို့တဲ့သော အခြေအနေတွင် နေထိုင်နေရ၍ ငှက်ဖျားရောဂါနှင့် ဝမ်းရောဂါကဲ့သို့ ကူးစက်ရောဂါများ ပြန့်ပွားမည်ကို စိုးရိမ်ရကြောင်းဆိုသည်။ အင်ဒိုနီးရှားနိုင်ငံတွင် နိုင်ငံသားငါးဦးအနက် နှစ်ဦးမှာ အိမ်သာမရှိဘဲ ကြုံသည့် နေရာများတွင် အညစ်အကြေးစွန့်နေရကြောင်း အင်ဒိုနီးရှားမှ သန့်ရှင်းသောအိမ်သာ အသုံးပြုရေးလှုံ့ဆော်သည့်အဖွဲ့ Indonesian Toilet Association ဥက္ကဋ္ဌ မစ္စစ်နန်နင်းအဒီဝိုဆိုကပြောသည်။ "အင်ဒိုနီးရှားနိုင်ငံသား လူဦးရေ ၆၃ သန်းလောက်ဟာ ဟင်းလင်းပြင်ထဲမှာ နောက်ဖေးသွားနေရဆဲဖြစ်ပါတယ်"ဟုရှင်းကရှင်းပြသည်။

ယင်းအရေအတွက်ထဲတွင် ဂျကာတာမြို့တော်မှ လူဦးရေ ၁၀ သန်းတွင် ဆင်းရဲသားကျူးကျော်ရပ်ကွက်များ၌ နေထိုင်ကာ ကြုံသလို အလေး၊ အပေါ့ စွန့်နေရသော သူများလည်းပါဝင်ကြောင်းဎင်းကပြောသည်။ စာရင်းအရ ၂၀၀၉ နှစ်ကုန်တွင် တရုတ်မြို့ကြီးများ၌ အိမ်သာ ၁၁၈,၀၀၀ သာရှိခဲ့သည်။

အိန္ဒိယနိုင်ငံတွင်လည်း အိမ်သာအရေအတွက်နှင့်လူဦးရေမမျှတသည့် အခြေအနေကို ရင်ဆိုင်နေရပြီး နိုင်ငံအလယ်ပိုင်း မဒယာပရာဒေ့ရှ်ပြည်နယ်တွင် ဒေသခံအစိုးရသည် အိမ်သာအရေအတွက် တိုးပွားရေးအတွက် ဆင်းရဲသော ကျေးလက်ဒေသများ၌ မင်္ဂလာဆောင်လိုသည့် စုံတွဲများကို အိမ်သာတစ်လုံး နေအိမ်တွင် တည်ဆောက်ထားသည့် အထောက်အထားဓာတ်ပုံကို ပြသစေပြီးမှ ထိမ်းမြားခွင့်ပေးသည့် ဓလေ့ကို ကျင့်သုံးနေသည်။

အိန္ဒိယအစိုးရ၏ ကိန်းဂဏန်းများအရလည်း နိုင်ငံရှိကျေးရွာခြောက်သောင်းအနက် နှစ်သောင်းခွဲသာ သန့်ရှင်းသည်ဟု သတ်မှတ်ရသည့် အိမ်သာများရှိသည်။

*—Ref: Straits Time*

## တရုတ်မြို့ပြကလေး ထက်ဝက်ကျော် အင်တာနက်အသုံးပြုနည်းကိုသိ

**ဘေဂျင်း၊ဇူလိုင်-၂၇**

တရုတ်နိုင်ငံ မြို့ပြဒေသများတွင် နေထိုင်သည့် အသက်လေးနှစ်မှ ခြောက်နှစ်အတွင်းကလေးများ၏ ၅၂ ဒသမ ၆ ရာခိုင်နှုန်းသည် အင်တာနက် မည်သို့အသုံးပြုရမည်ကို သိနားလည်ကြောင်း တရုတ်ကလေးများ၏ ဘဝနေမှုဟန်ပန်လေ့လာခဲ့သည့် စစ်တမ်းတစ်ရပ်က ဖော်ပြလိုက်သည်။

တရုတ်အင်တာနက်ကွန်ရက် သတင်းအချက်အလက်စင်တာမှ ပြုစုခဲ့သော ယင်းစစ်တမ်းတွင် ဘေဂျင်း၊ ဝူဟန်နှင့် ကျင်းတောက်မြို့ကြီးများ အပါအဝင် ပြည်နယ် ၁၀ ခုမှ မြို့ကြီးများရှိ အသက် ၄ နှစ်မှ ၁၆ နှစ်အတွင်း ကလေးဦးရေ ၉,၁၁၄ ကို မေးမြန်းထားခြင်းဖြစ်သည်။ ယင်းမှ အသက် ၁၃ နှစ်မှ ၁၆ နှစ်ကြား လူငယ်များမှာ အင်တာနက်အသုံးပြုဖူးကြကြောင်း ဘေဂျင်းတိုင်းမ်သတင်းက စစ်တမ်းကိုကိုးကား၍ ဖော်ပြသည်။ ထို့အပြင် စစ်တမ်းတွင် မေးမြန်းခံရသည့် လူငယ် ၅၇ ဒသမ ၅ ရာခိုင်နှုန်းက မိုဘိုင်းဖုန်း အသုံးပြုနေကြောင်း ဝန်ခံကြပြီး ၂၆ ရာခိုင်နှုန်းက တွစ်တာကဲ့သို့



CFP.CN

လူမှုကွန်ရက်ဝက်ဘ်ဆိုက်များ အသုံးပြုနေကာ ၁၇ ဒသမ ၉ ရာခိုင်နှုန်းကမူ သင်ပုန်းကွန်ပျူတာများ သုံး၍ အင်တာနက်အသုံးပြုနေကြောင်း ဆိုသည်။

တရုတ်နိုင်ငံသည်ကမ္ဘာတွင် အင်တာနက်အသုံးပြုသူဦးရေအများဆုံးဖြစ်ပြီး ယခုနှစ်ဇွန်လကုန်တွင်အသုံးပြုသူဦးရေမှာ ၅၉၁ သန်းအထိ ရောက်ရှိခဲ့ကြောင်း အစိုးရထုတ်ပြန်သော ကိန်းဂဏန်းများအရ သိရသည်။—*Ref: China.org*

7 DAY NEWS JOURNAL

# Entertainment

Vol.12, No.21 • JULY 31 , 2013

## Air Supply အဖွဲ့ ဩဂုတ်လတွင် လာရောက်ဖျော်ဖြေမည်

ဖွဲ့ညက်

**ရန်ကုန်၊ ဇူလိုင်-၂၇**

မြန်မာနိုင်ငံ၌ တတိယမြောက် နိုင်ငံတကာတေးဂီတဖျော်ဖြေမှုအဖြစ် ဩဂုတ်လတွင် Air Supply အဖွဲ့လာရောက် ဖျော်ဖြေမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ယင်းအစီအစဉ်ကို ပုဂံအင်တာတိန်းမန့်နှင့် ထူးဖောင်ဒေးရှင်းတို့က ပူးပေါင်းစီစဉ်ခြင်းဖြစ်ပြီး ဩဂုတ်လ ၁၅ ရက်တွင် MCC ၌ ဖျော်ဖြေပွဲ ကျင်းပမည်ဖြစ်သည်။

အဆိုပါနေ့တွင် Air Supply အဖွဲ့ မဖျော်ဖြေမီ အိုင်းရင်းခရော့စ် အဖွဲ့က စတင်အဖွင့်ဖျော်ဖြေမည်ဖြစ်ပြီး လေးဖြူ၊ အငဲ၊ မျိုးကြီး၊ ဝိုင်ဝိုင်းတို့ပါဝင်ကာ တစ်နာရီခန့် ဖျော်ဖြေမည်ဟု ချစ်စမ်းမောင်က ပြောသည်။

"ကျွန်တော်တို့ကတော့ တော်တော်စိတ်လှုပ်ရှားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ Air Supply က ကျွန်တော်ဂစ်တာစတီးချိန်ကတည်းက သူတို့သီချင်းတွေကို ယဉ်ပါးခဲ့တာဖြစ်ပါတယ်။ ကြိုက်လည်းကြိုက်ပါတယ်။ တော်တော်များများလည်း တီးခဲ့ပါတယ်" ဟု Air Supply ဖျော်ဖြေပွဲနှင့်ပတ်သက်၍ ၎င်း၏ ခံစားချက်ကို ပြောသည်။



Air Supply အဖွဲ့ ဖျော်ဖြေရန် လိုအပ်သည့်စက်များကို ဝယ်ယူခြင်း၊ ငှားရမ်းခြင်းစသည်ဖြင့် လိုအပ်ချက်များကိုစိတ်ကျေနပ်မှုရရှိစေရန် စီစဉ်ပေးထားကြောင်း ပုဂံအင်တာတိန်းမန့်မှ အသံအင်ဂျင်နီယာ ဦးချာလီက ပြောသည်။

မလေးရှားနိုင်ငံမှ Air Supply ကိုယ်စားလှယ်နှင့် တွေ့ဆုံခဲ့ရာမှ ယခုပွဲစီစဉ်ခဲ့ခြင်းဖြစ်ပြီး ယခင်က အများပြည်သူ အခမဲ့ကြည့်ရှုနိုင်ရန် စီစဉ်ခဲ့သော်လည်း မိုးတွင်းကာလဖြစ်၍ MCC ခန်းမ၌သာ ကျင်းပနိုင်ခဲ့သောကြောင့် ဝင်ကြေးသတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း ထူးဖောင်ဒေးရှင်းမှ ကိုကျော်သူဦးက ပြောသည်။

ယခုပွဲမှရရှိသော ငွေအားလုံးကို မြန်မာနိုင်ငံ၏ ဝေးလံခေါင်သီသော ဒေသများရှိ ကလေးငယ်များ၏ ပညာရေးအတွက် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် လှူဒါန်းရန် ရည်ရွယ်ထားကြောင်း ၎င်းက ပြောသည်။

Air Supply ဖျော်ဖြေပွဲ လက်မှတ်များကို ဩဂုတ် ၁ ရက်မှစတင်၍ ဖုန်းနံပါတ် 1876 မှတစ်ဆင့် မှာယူနိုင်သောကြောင့် ဩဂုတ် ၅ ရက်မှစတင်ကာလက်မှတ်များထုတ်ပေးမည်ဖြစ်သည်။ လက်မှတ်ခဈေးနှုန်းများမှာ ကျပ်၅၅,၀၀၀၊ ၅၀,၀၀၀၊ ၃၀,၀၀၀ နှင့် ၂၅,၀၀၀ ဖြစ်သည်။



## ရှေးဟောင်းမင်းသမီး ရွှေပိုးအိမ်

ကြူကြူဟာန်

**ရန်ကုန်၊ ဇူလိုင်-၂၇**

မာန်ထက်ချီဗီဒီယိုထုတ် လုပ်ရေး၏ စင်တင်မင်းသမီးဖြစ်သော သရုပ်ဆောင် ရွှေပိုးအိမ်က " IT ခေတ်ကရာဇဝင်" ဇာတ်ကားတွင် ဖခင်ရိုက်ကူးခိုင်းသော ရှေးဟောင်းဇာတ်ကားများသာ ရိုက်ရသည့် မင်းသမီးအဖြစ် သရုပ်ဆောင်နေကြောင်း ပြောသည်။

"အဲ့ဒီကားမှာအဖေက အရမ်းကပ်စီးနည်းတယ်။ ဟိုလူနဲ့ရိုက်လည်း ပိုက်ဆံချွေတာ၊ ဒီလူနဲ့ဆိုလည်း ချွေတာမယ်ပေ့ါ။ အဖေရိုက်လိုက်လို့ရှိရင် ရှေးဟောင်းနန်းတွင်းကားတွေပဲ ရိုက်ရတော့ မရိုက်ချင်ဘူး။ ဟော့ရှော့တို့၊ ရိုမန့်တို့ ရိုက်ချင်တဲ့ ကာရိုက်တာပေ့ါ" ဟု ရွှေပိုးအိမ်က ပြောသည်။ ထိုဇာတ်ကားကို ဒါရိုက်တာ ဒေါနရိုက်ကူးပြီး ဟိန်းဝေယံ၊ စံရတီမိုးမြင့်၊ မိုးဒီ၊ ဗေလုဝတို့နှင့် ရိုက်ကူးနေသည်။

၂၀၁၁ ခုနှစ်တွင် မာန်ထက်ချီထုတ်လုပ်ရေးက လျှောက်လွှာခေါ်ယူကာ ရွေးချယ်ထားသော မင်းသမီးရွှေပိုးအိမ်နှင့် ခုနစ်နှစ်စာချုပ် ချုပ်ဆိုထားသည်။ မာန်ထက်ချီက အပြင်ထုတ်လုပ်ရေးများနှင့် ဇာတ်ကားတွင် သရုပ်ဆောင်ကွက်ကောင်းရလျှင် ရိုက်ကူးစေပြီးအပြင်တိုက်နှင့် ၁၀ ကားခန့် ရိုက်ကူးထားကာ စုစုပေါင်းကား ၂၀ ကျော် ရိုက်ကူးပြီး ဖြစ်သည်။

ရွှေပိုးအိမ်သည် အနုပညာမျိုးရိုး မရှိဘဲ မာန်ထက်ချီထုတ်လုပ်ရေး၏ မင်းသမီးအဖြစ် အနုပညာ လောကသို့ ဝင်ရောက် လာခြင်းဖြစ်ကြောင်း သိရသည်။

ရွှေပိုးအိမ်ပါဝင်သရုပ်ဆောင်ထားပြီး ထွက်ရှိထားသော "လန်ဘားမနှင့်တခေါ်မ"၊ "မနက်ဖြန်တိုင်းအတွက်နေရာ" ဇာတ်ကားများက ပရိသတ်သဘောကျသော ဇာတ်ကားများဖြစ်ကြောင်း ရွှေပိုးအိမ်က ပြောသည်။ အနုပညာလောကတွင် အောင်မြင်ကျော်ကြားခြင်းထက် သရုပ်ဆောင်ပိုင်းမှာ ပြီးပြည့်စုံသည့် သရုပ်ဆောင်ကောင်း တစ်ယောက်ဖြစ်လိုပြီး ထိုကဲ့သို့ ဖြစ်နိုင်ရန် ပညာများ သင်ယူကာ ကြိုးစားသွားမည်ဟု ၎င်းက ဆိုသည်။

## မွေးနေ့မှာ ပရိသတ်တွေကို ဂစ်တာတီးပြီး သီချင်းဆိုပြမယ့် စန္ဒီမြင့်လွင်

ဖွဲ့ညက်

၂၀၁၃ ခုနှစ်အတွင်းမှာ အအောင်မြင်ဆုံးလူငယ်အမျိုးသမီး အဆိုရှင်အဖြစ် သတ်မှတ်ခံခဲ့ရသူက စန္ဒီမြင့်လွင်ပါ။ သူ့ရဲ့ ဒုတိယ တစ်ကိုယ်တော်ခွေ ရှော့ခ် (Shock)အခွေမှာ ပရိသတ်တွေ မျှော်လင့်မထားတဲ့ အချို့ သီချင်းအေး အေးလေးတွေက သူ့ရဲ့ အောင်မြင်မှု အမြင့်ဆုံးကို ရောက်စေခဲ့ပါတယ်။ ဒီအခွေက ရက်ပ်တွေပဲ ဆိုနေကျ စန္ဒီမြင့်လွင်ကို မယ်လိုဒီပိုင်နိုင်တဲ့ အဆိုတော်တစ်ဦးဖြစ်လာစေခဲ့ပါတယ်။ ရုပ်ရှင်မျိုးရိုးကနေ ဆင်းသက်လာခဲ့ပေမယ့် ဂီတဘက်မှာ အောင်မြင်မှုသရဖူဆောင်းနိုင်အောင် လမ်းသစ်ထွင်လျှောက်နိုင်ခဲ့တဲ့ အဆိုတော်သရုပ်ဆောင် စန္ဒီမြင့်လွင်ရဲ့ လတ်တလော အနုပညာလှုပ်ရှားမှုများကို တွေ့ဆုံမေးမြန်းခဲ့ပါတယ်။

**တတိယစီးရီးစလုပ်နေပြီဆိုတော့ ဗီစီရီထဲမှာရော ဘယ်လိုသီချင်း ပုံစံတွေ လုပ်ဖို့ စီစဉ်ထားလဲ။**


ဒီဒီဆိုနေကျပုံစံတွေပါပဲ။ ကိုယ့်ပုံစံထဲကနေ ခွဲမထွက်တဲ့ ပုံစံမျိုးပါပဲ။ ခြောက်လ၊ တစ်နှစ်ဆိုရင် သီချင်းပုံစံပြောင်းသွားတတ်တာဆိုတော့ ဘယ်လိုမျိုးတွေပါမလဲတော့ မသိသေးဘူး။

**စာ(၄၁)သို့**



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)





7 DAY NEWS JOURNAL
Vol.12, No.21 • JULY 31 , 2013

# မိုင်လေဆိုင်းရပ်စ်မှတ်တမ်း ဇာတ်လမ်း MTV ရုပ်သံလိုင်းမှ ထုတ်လွှင့်မည်

**လော့စ်အန်ဂျလိစ်၊ ဇူလိုင်-၂၇**

အမေရိကန်နယူးယောက်မြို့အခြေစိုက် MTV တေးဂီတရုပ်သံလိုင်းသည် ယခုနှစ်ကုန်ပိုင်းတွင် လူငယ်အဆိုတော် မိုင်လေဆိုင်းရပ်စ်အကြောင်း တင်ဆက်ပြသမည်ဖြစ်သည်။



အသက် ၂၀ အရွယ် သရုပ်ဆောင်အဆိုတော် မိုင်လေဆိုင်းရပ်စ်သည် MTV တေးဂီတရုပ်သံလိုင်းနှင့် တစ်နာရီကြာ မှတ်တမ်းတင်ဇာတ်လမ်းရိုက်ကူးမည်ဖြစ်ကြောင်း ရုပ်သံလိုင်း၏ အစီအစဉ်ရေးဆွဲသူ အကြီးအကဲ ဆူဇန်ဒယ်နီရယ်က ကယ်လီဖိုးနီးယားပြည်နယ် ဘီဗာလီဟေးစ်မြို့၌ ကျင်းပသော သတင်းစာရှင်း လင်းပွဲတွင် ကြေညာခဲ့သည်။ MTV ရုပ်သံလိုင်းမှ ရုပ်ရှင်ရိုက်ကူးသူများသည် အယ်လ်ဘမ်သစ်အတွက် ပြင်ဆင်နေသော မိုင်လေ ဆိုင်းရပ်စ်၏ နောက်သို့လိုက်၍ မှတ်တမ်းတင်ရိုက်ကူးမည်ဖြစ်သည်။ မိုင်လေဆိုင်းရပ်စ်မှတ်တမ်းတင်ဇာတ်လမ်းကို ယခုနှစ်ကုန်ပိုင်းတွင် MTV ရုပ်သံလိုင်းမှ ထုတ်လွှင့်တင်ဆက်မည်ဖြစ်သည်။

မိုင်လေဆိုင်းရပ်စ်သည်ယခုလက်ရှိ သီချင်းအယ်လ်ဘမ်သစ်ထွက်ရှိရေးနှင့် အလုပ်များနေပြီး မကြာသေးမီက ထွက်ရှိခဲ့သော We can's stop သီချင်းသည် ဘေလ်ဘုတ်စာရင်း၌ နံပါတ်နှစ်နေရာမှ ရပ်တည်နေသည်။

—Ref: AP

# ကန်တေးဂီတအဖွဲ့ တောင်ကိုရီးယားရှင်ဟွာအဖွဲ့ကို အတုယူသင့်ဟုဆို

**ဆိုးလ်၊ ဇူလိုင်-၂၆**

တောင်ကိုရီးယား ရှင်ဟွာအဖွဲ့သည် ပရိသတ်အသည်းစွဲ ဝါရင့်အဆိုတော်အဖွဲ့များအနက် စံပြုထိုက်သော အဆိုတော်အဖွဲ့တစ်ဖွဲ့ဖြစ်သည်ဟု အမေရိကန် The Atlantic မဂ္ဂဇင်းက ချီးကျူးဖော်ပြသည်။



ဇူလိုင် ၂၃ ရက်က ထွက်ရှိသော ယင်းမဂ္ဂဇင်း၏ 'What the Backstreet Boys Could Learn from K-pop' အမည်ရ ဆောင်းပါးသည် အွန်လိုင်းပေါ်တွင် လူအများ၏ အာရုံစိုက်မှုခံခဲ့ရသည်။

၁၉၉၃ ခုနှစ်က စတင်ဖွဲ့စည်းခဲ့သော အမေရိကန် Backstreet Boys အဖွဲ့သည် ယခုနှစ်တွင် အဖွဲ့သက်တမ်း နှစ်(၂၀)ပြည့်မည်ဖြစ်သည်။ Backstreet Boys အဖွဲ့၏ သီချင်းများသည် ဘေလ်ဘုတ်စာရင်းများတွင် ထိပ်ဆုံးမှရပ်တည်နိုင်ခဲ့သော သီချင်းများဖြစ်သည်။ သို့ရာတွင် ဝါရင့်အဆိုတော်များပါ အဖွဲ့တစ်ဖွဲ့ဖြစ်သော Back-street Boys အဖွဲ့သည် ခေတ်ရေစီးကြောင်းကို အမီမလိုက်နိုင်ဘဲ နောက်ကျကျန်နေသည်ဟု ထင်ရကြောင်း The Atlantic မဂ္ဂဇင်းတွင် ဖော်ပြသည်။


ပြီးခဲ့သည့်လက အဖွဲ့သက်တမ်း (၁၅) နှစ်ပြည့်သွားသော ရှင်ဟွာကေပေါ့ပ်အဖွဲ့သားများသည်လည်း Backstreet Boys အဖွဲ့သားများကဲ့သို့ပင် အသက် ၃၀ ဝန်းကျင်ရှိကြသည်။ သို့သော် ရှင်ဟွာအဖွဲ့သည် လူကြီးပရိသတ်များသာမက လူငယ်ပရိသတ်များကိုလည်း ဆွဲဆောင်နိုင်ပြီး ကေပေါ့ပ်လောကဂျူနီယာများ၏ လေးစားအတုယူလောက်သည့် အနုပညာစွမ်းရည်များကိုလည်း ဖော်ထုတ်တင်ဆက်နိုင်သော အဖွဲ့တစ်ဖွဲ့ဖြစ်သည်ဟု The Atlantic မဂ္ဂဇင်းတွင် ဖော်ပြသည်။

တောင်ကိုရီးယားအနုပညာလောကသည် အပြိုင်အဆိုင်အလွန်ပြင်းထန်သော်လည်း ယင်းလောက၌ နောက်ကျမကျန်ခဲ့အောင် အစဉ်ကြိုးစားနေသည့် ရှင်ဟွာအဖွဲ့ကို Backstreet Boys အဖွဲ့သားများ အတုယူသင့်သည်ဟု ယင်းဆောင်းပါးရှင်က တိုက်တွန်းထားသည်။

ရှင်ဟွာအဖွဲ့သည် လာမည့် ဩဂုတ်လတွင် ဆိုးလ်မြို့၌ ၂၀၁၃ ရှင်ဟွာအဖွဲ့၏ Grand Finale The Classic တေးဂီတ ဖျော်ဖြေပွဲ ကျင်းပမည်ဖြစ်သည်။

—Ref: KpopStarz



စာ(၃၉)သို့

## စန္ဒီမြင့်လွင်နှင့် တွေ့ဆုံခြင်း

**ကိုယ်တိုင်ရေးထားတဲ့သီချင်းတွေရော ထည့်ဖို့ အစီအစဉ်ရှိလား။ ဘယ်နှပုဒ်လောက်ထည့်မယ်လို့ မှန်းထားလဲ။**

လောလောဆယ်တော့နည်းနည်းပါးပါးရေးထားတာလေးတွေ တော့ရှိတယ်။ ထည့်ဖြစ်၊ မထည့်ဖြစ်ကတော့ မကျိန်းသေသေးဘူး။

**လတ်တလောအနေနဲ့ရော ဘယ်လိုခံစားချက်တွေကိုသီချင်းအဖြစ် ဆိုဖို့အားသန်နေလဲ။**

ဒီးဒီးကသီချင်းဆိုရင် ပုံစံမျိုးစုံ အကုန်လုံးဆိုချင်တာပဲ။ ကိုယ့်ခံစားချက်ဖြစ်နေလို့ဆိုချင်တာမျိုး မဟုတ်ဘူး။

**မွေးနေ့ဖြစ်တဲ့ ဩဂုတ် ၁၂ ရက်မှာ ပရိသတ်နဲ့တွေ့မယ့် အစီအစဉ်ကိုရော ပြောပြပေးပါဦး။**

မွေးနေ့အနေနဲ့တော့မဟုတ်ပါဘူး။ အဓိကက ပရိသတ်နဲ့ တွေ့ဖို့ပါ။ တစ်ခါမှလည်း ပရိသတ်နဲ့ ရင်းရင်းနှီးနှီးမတွေ့ရသေးဘူး။ ရှော့ခ်အခွေထွက်ပြီးတော့ ကိုယ့်သီချင်းတွေကြိုက်တယ်ဆိုတာ သိရတော့ ဝမ်းသာတယ်။ အဲဒီတော့ သူတို့ကိုလည်း ဘာပြန်လုပ်ပေးနိုင်မလဲ။ ဖြစ်နိုင်မယ်ဆိုရင်တော့ အများကြီးလုပ်ပေးချင်တယ်။ အခုကတော့ ကိုယ်လက်လှမ်းမီသလောက်ပါပဲ။

**ပရိသတ်အယောက် နှစ်ဆယ်နဲ့ တွေ့မှာဆိုတော့ ဘယ်နေရာမှာ တွေ့ဖို့စီစဉ်ထားလဲ။ ပရိသတ်တွေဆီက လျှောက်လွှာတွေရော ဘယ်လောက်တောင်ရောက်လာလဲ။**

အများကြီးတော့ရောက်လာတယ်။ တချို့ဟာတွေကတော့ စာရင်းမပြည့်စုံတာတွေရှိတယ်။ တောင်ကြီး၊ သံတွဲတို့က လျှောက်လွှာတွေတောင်ပါတယ်။ ရွေးရင်လည်း မိန်းကလေးတွေ ပိုများမယ်ထင်တယ်။ မိန်းကလေးတွေကျတော့ လာဖို့ကို ပိုပြီးတိကျတယ်။ သေချာတယ်။ ယောကျ်ားလေးတွေကျတော့ လာချင်တယ်၊ ပိုက်ဆံမရှိဘူး။ အဲဒီလိုဖြစ်နေတယ်။ တွေ့ဖို့ကတော့ ဆိုင်တစ်ဆိုင်ပဲဖြစ်လိမ့်မယ်ထင်တယ်။ စုံစမ်းနေတုန်းပဲ။ ပရိသတ်တွေကို ဂစ်တာတီးပြီးတော့ သီချင်းဆိုပြမယ်။

**မွေးနေ့တွေကိုရော အရင်နှစ်တွေက ဘယ်လိုဖြတ်သန်းဖြစ်လဲ။ မွေးနေ့ပွဲဆိုပြီးလုပ်ဖြစ်တာရော ရှိလား။**

အရင်နှစ်တွေကတော့ သူငယ်ချင်းတွေနဲ့ မုန့်သွားစားတာမျိုးလောက်ပဲလုပ်ဖြစ်တယ်။ (၂၅) နှစ်ပြည့်တုန်းကတော့ သံဃာအပါးတစ်ထောင်ကျော်ကိုလှူဖြစ်တယ်။ မွေးနေ့ပွဲအနေနဲ့ကတော့ (၂၃) နှစ်ပြည့်က လုပ်ဖူးတယ်။ အရမ်းကြီးကြီးကျယ်ကျယ်တော့ မဟုတ်ပါဘူး။ ဆိုင်တစ်ဆိုင်မှာပဲ လုပ်ဖြစ်ခဲ့တာ။

**ရုပ်ရှင်အနေနဲ့ရော ဘာတွေရိုက်ကူးထားတာရှိလဲ။ ဘယ်လိုဇာတ်ရုပ်မျိုးတွေရိုက်ဖြစ်လဲ။**

ရိုက်ကူးရေးကတော့ ဒီးဒီးနဲ့ အဆင်ပြေတဲ့ ကိုယ်နဲ့လိုက်တယ်ဆိုတဲ့ ဇာတ်မျိုးလာငှားရင်တော့ ရိုက်ဖြစ်ပါတယ်။ ရုပ်ရှင်ကားကြီးအနေနဲ့က လွန်ခဲ့တဲ့ ၂နှစ်လောက်ကရိုက်ထားတဲ့'ရာဇဝင်ထဲမှာလန်းမယ်'ဇာတ်ကားမှာတော့တစ်ကားလုံးတောရိုင်းဝတ်စုံပုံစံနဲ့ သရုပ်ဆောင်ထားတယ်။ အဲဒီကားလေးကိုတော့ ကြိုက်တယ်။ သရုပ်ဆောင်တွေလည်း အများကြီးပါတယ်။ ဗီဒီယိုအနေနဲ့လည်း ရိုက်တော့ ရိုက်ဖြစ်ပါတယ်။

**ကိုယ်ကိုယ်တိုင်ရော ရိုက်ချင်တဲ့ ဇာတ်ရုပ်အနေနဲ့ သရုပ်ဆောင်ပြချင်တာမျိုးရောရှိလား။**

လုပ်ချင်တဲ့ဇာတ်ရုပ်တွေကတော့ အများကြီးပါပဲ။ ဒါပေမဲ့ ကိုယ်သရုပ်ဆောင်ချင်တဲ့ဇာတ်ရုပ်က ကိုယ့်ဆီကိုလည်း ရောက်လာဦးမှလေ။ မရိုက်ဖူးသေးတဲ့ ဇာတ်ကောင်စရိုက်တွေလည်း အများကြီးကျန်ပါသေးတယ်။

**တစ်ကိုယ်တော်ခွေ နှစ်ခွေလည်း ထွက်ထားတာဆိုတော့ ဖျော်ဖြေပွဲတွေမှာ ပရိသတ်တွေက ဘယ်သီချင်းကို တောင်းဆိုကြလဲ။**

သီချင်းတွေကတော့ မျှပါတယ်။ ရှော့ခ်ထဲက သီချင်းတွေကတော့ အခုလည်း ကြိုက်နေကြတာဆိုတော့ အဲဒီခွေထဲက သီချင်းတွေတောင်းတာများတယ်။

**"ချစ်နေတုန်းပဲ"က ရှော့ခ်မှာလည်း ပရိသတ်ကြိုက်ခဲ့တယ်။ 4 Hip Hop Show ပွဲတုန်းကလည်း သီချင်းရေးပေးတဲ့ ဘန်နီဖြိုးနဲ့ တွဲဆိုတာကို ပရိသတ်လည်း ကြိုက်ခဲ့တာဆိုတော့ အဲဒီသီချင်းအကြောင်းပြောပြပေးပါဦး။**

အခုက New Version နဲ့ ဆိုထားတာဆိုတော့ ဘန်နီဖြိုးကလည်း သူ့အခွေအသစ်ထဲကိုထည့်ချင်တယ်။ ဒီးဒီးကလည်း အခွေသစ်ထဲကိုထည့်ချင်တော့ နှစ်ယောက် လုနေရတယ်။

**ဆီးဂိမ်းပြိုင်ပွဲအတွက်ရော ဘယ်လိုဖျော်ဖြေမှုမျိုးတွေ စီစဉ်ထားတာရှိလဲ။**

နေပြည်တော်မှာ ဆီးဂိမ်းလုံ့ဆော်ရေးအတွက် MTVရိုက်ဖြစ်တယ်။ ဆီးဂိမ်းကြော်ငြာပုံစံ အဆိုတော်တွေလည်း အများကြီးပါတယ်။ ဆီးဂိမ်းအတွက် သီချင်းကတော့ အရင်က ဆိုတေးနဲ့တွဲပြီးဆိုဖို့ တိုင်ပင်ထားတာ၊ အခုတော့ မဆိုဖြစ်လောက်တော့ဘူး။

**ဒီးဒီးဖက်ရှင်တွေက အခုနောက်ပိုင်းမှာ လွတ်လပ်ပေါ့ပါးတဲ့စတိုင်တွေဘက်ကိုရောက်တယ်။ ဖက်ရှင်နဲ့ ဂီတဆိုတာ ဆက်သွယ်မှုလည်းရှိနေတော့ ဒီးဒီးကရော ဘယ်လိုသတ်မှတ်ထားလဲ။**

ဖက်ရှင်ကလည်း အရေးပါတယ်လို့ပြောရမှာပေါ့။ စင်ပေါ်မှာ ရိုးရိုးအင်္ကျီလေးပဲဝတ်ပြီး ဖျော်ဖြေရင်းလည်း ပရိသတ်ကို ဆွဲဆောင်မှုတစ်ခုခု မပေးနိုင်ရင် အဆင်မပြေဘူး။ ကိုယ့်ပထမဆုံးစထွက်လာတည်းက ပရိသတ်ကို ဆွဲဆောင်မှုတစ်ခုခုတော့ရှိရမှာပေါ့။ အဲဒီလို မရှိရင်လဲ နောက်ဆက်ဆိုမယ့် သီချင်းတွေအတွက်က အဆင်ပြေမှာမဟုတ်ဘူး။ အဲဒီတော့ ဖက်ရှင်လည်း အရေးပါတယ်။ သီချင်းတွေလည်း အရေးပါတယ်။ ပါဖောမန့်လည်း အရေးပါတယ်။ ဒီးဒီးအနေနဲ့ကတော့ သီချင်းနဲ့လိုက်အောင် တမင်သက်သက်ကြီးဝတ်တာတော့ မရှိဘူး။ လိုက်ကိုလိုက်ရမယ်။ အတင်းကြီးလုပ်ကိုလုပ်ရမယ်မျိုးတော့မဟုတ်ဘူးပေါ့။ သီချင်းနဲ့ မလိုက်ဘဲ အဆင်မပြေဖြစ်သွားတဲ့ ပွဲတွေလည်း အများကြီးပါပဲ။

**အခုနောက်ပိုင်းပွဲတက်ရင်မြန်မာဆန်ဆန်ဝတ်စုံတွေကိုလည်းဝတ်တာတွေ့ရတော့ မြန်မာဝတ်စုံ အပေါ်မှာ ဘယ်လောက် ခရေဇီဖြစ်လဲ။**

အမှန်အတိုင်းပြောရရင် ဒီးဒီးက မြန်မာဝတ်စုံဝတ်ရတာ သိပ်ပြီးအချိုးမကျဘူး။ အမေတို့ကတော့ မြန်မာဝတ်စုံဝတ်ရင် လှတယ်ပေါ့။ အခုနောက်ပိုင်းတော့ ဝတ်ဖြစ်ပါတယ်။ မြန်မာဝတ်စုံလေးတွေ ဝတ်ရတာ သဘောကျပါတယ်။ ကြိုက်လည်းကြိုက်ပါတယ်။

**ကျေးဇူးတင်ပါတယ်။**

## သရုပ်ဆောင်လောကမှ အနားယူဖို့ သိပ်မဝေးတော့ဘူးဆိုတဲ့ ဂျွန်နီဒက်ပ်



**လော့စ်အိန်ဂျလိစ်၊ဇူလိုင်-၂၉**

နှစ်ပေါင်း ၃၀ နီးပါးဟောလိဝုဒ်သရုပ်ဆောင်လောကတွင် အခြေချသရုပ်ဆောင်လျက်ရှိသော မင်းသားကြီး ဂျွန်နီဒက်ပ်သည် သရုပ်ဆောင်လောကမှ အနားယူရန် သိပ်မဝေးတော့ဟု ဘီဘီစီသတင်းဌာနအားပြောကြားသည်။

၂၀၁၅ ခုနှစ်အထိ ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးရန် သဘောတူစာချုပ်များချုပ်ဆိုထားသော်လည်း ဂျွန်နီဒက်ပ်က သရုပ်ဆောင်အလုပ်၏ နိဂုံးကို မြင်နေသည်ဟု ယခုသီတင်းပတ် ဘီဘီစီအင်တာဗျူး၌ ဖြေကြားခဲ့သည်။

ပြီးခဲ့သောနှစ်က ဂရင်းနစ်ကမ္ဘာ့စံချိန်မှတ်တမ်းစာအုပ်တွင် ကန်ဒေါ်လာ ၇၅ သန်းဖြင့် ဝင်ငွေအမြင့်ဆုံးရှိသည့် သရုပ်ဆောင်အဖြစ်မှတ်တမ်းတင်ခြင်းခံရသော ဂျွန်နီဒက်ပ်သည် ယခု နှစ် The Lone Ranger ဇာတ်ကား၌ မျှော်လင့်ထားသလောက် အောင်မြင်မှုမရှိခဲ့ဟု သိရသည်။ ယင်းဇာတ်ကားထုတ်လုပ်ရေး အတွက် ကန်ဒေါ်လာ ၂၁၅သန်းကုန်ကျခဲ့သော်လည်း သီတင်းပတ်လေးပတ်အတွင်း ကမ္ဘာတစ်ဝန်းရုံတင်ပြသရာမှ ရရှိသောဝင်ငွေမှာ ကန် ဒေါ်လာ ၁၆၃ ဒသမ ၈ သန်းသာ ရှိသည်ဟုသိရသည်။

ဟောလိဝုဒ်စူပါစတား ဂျွန်နီဒက်ပ်ကLone Rangerဇာတ်ကားသည် ၎င်း၏ သရုပ်ဆောင်ဘဝ နောက်ဆုံးဇာတ်ကားလည်း ဖြစ်နိုင်သည်ဟု ဘီဘီစီတင်းဌာနအား ပြောကြားခဲ့သည်။ မကြာသေးမီက အသက် ၅၀ပြည့်ခဲ့သော ဂျွန်နီဒက်ပ်၌ သားသမီးနှစ်ယောက်ရှိသည်ဟု သိရသည်။

—Ref: BBC

| | | | | |
|---|---|---|---|---|
| **TOP 10 MOVIES IN AMERICA** | | **ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ** | | |
| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
| ၁။ | The Conjuring | Warner Bros.Pictures Distribution | ၄၁,၈၅၅,၃၀၀ | ၁ |
| ၂။ | Despicable Me 2 | Universal Pictures | ၂၇၆,၀၀၆,၀၀၀ | ၃ |
| ၃။ | Turbo | 20th Century Fox & Paramount Pictures | ၃၁,၀၁၅,၄၀၀ | ၁ |
| ၄။ | Grown Ups 2 | Sony Pictures & Columbia Picture | ၇၉,၃၈၈,၀၀၀ | ၂ |
| ၅။ | RED 2 | Summit Entertainment, LLC | ၁၈,၀၄၈,၄၀၀ | ၁ |
| ၆။ | Pacific Rim | Warner Bros.Pictures | ၆၈,၂၈၂,၅၀၀ | ၂ |
| ၇။ | R.I.P.D | Universal Pictures | ၁၂,၆၉၁,၄၀၀ | ၁ |
| ၈။ | The Heat | 20th Century Fox | ၁၂၉,၂၇၁,၀၀၀ | ၄ |
| ၉။ | World War Z | Paramount Pictures | ၁၈၆,၉၃၃,၀၀၀ | ၅ |
| ၁၀။ | Monsters University | Walt Disney Pictures | ၂၄၉,၁၁၄,၀၀၀ | ၅ |

## Movie Review

### The Smurfs 2




Smurf တို့၏ မှော်စွမ်းအားကိုလိုချင်နေသော မှော်ဆရာကြီးဂါဂမ်မယ်သည် Smurf တို့၏ စွမ်အားများကို ယူပေးမည့်Smurfနှင့်တူသော Naughties လူဆိုးစုံတွဲကိုဖန်တီးလိုက်သည်။ Naughties တို့မှော်စွမ်းအားများကို ခိုးယူမပေးနိုင်မှန်းသိပြီးနောက် ဂါဂမ်မယ်သည် မှော်ဂါထာများသိသော Smurfetteကိုပါရီမြို့သို့ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ Smurfette ကိုပြန်ကယ်ဖို့ရန် ၎င်းတို့မိသားစုဝင်များနှင့် သူငယ်ချင်းများ ကြိုးစားရာ ယခင်ကွဲကွာခဲ့သော လူသားမိတ်ဆွေများနှင့် Smurf တို့ ပြန်လည်ဆုံတွေ့ကြတော့သည်။

The Smurfs 2 ဇာတ်ကားကို ဒါရိုက်တာ Raja Gosnell ရိုက်ကူးပြီး Sony Pictures မှဖြန့်ချိ၍ ဇူလိုင် ၃၁ ရက်တွင် ရုံတင်ပြသမည်ဖြစ်သည်။ ယင်းဇာတ်ကားတွင် Hank Azaria, Neil Patrick Harris, Christina Ricci, Jayma Mays, Brendan Gleeson တို့ သရုပ်ဆောင်ထားပြီး Smurfette အဖြစ် Katy Perryက အသံသရုပ်ဆောင်ထားသည်။

# Sports

7DAY NEWS JOURNAL

Vol.12, No.21 • JULY 31 , 2013


# မြန်မာလီဗာပူးဖန်ကလပ်အား အသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲ ဘန်ကောက်တွင် ကျင်းပ




*မြန်မာနိုင်ငံမှ လီဗာပူးဖန်ကလပ်အဖွဲ့ဝင်များအား အသိအမှတ်ပြုလက်မှတ်ပေးအပ်နေစဉ်*

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ဇူလိုင်-၂၉**

အင်္ဂလန်ပရီးမီးယားလိဂ်လီဗာပူးအသင်းသည်မြန်မာနိုင်ငံမှဖန်ကလပ်ဝင်များအား တရားဝင်အသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲကို ဘန်ကောက်မြို့၌ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

လီဗာပူးအသင်းသည်ဇူလိုင် ၂၈ ရက်က ဘန်ကောက်မြို့တွင် ထိုင်းလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲကစားခဲ့ပြီး အဆိုပါပွဲစဉ်သို့ လာရောက်ကြည့်ရှုခဲ့သည့်အသင်း၏တရားဝင်အသိအမှတ်ပြုခံထားရသော မြန်မာနိုင်ငံ လီဗာပူးပရိသတ်ဖန်ကလပ်ဝင်များအားတရားဝင်အသိအမှတ်ပြုလက်မှတ်ကို အသင်းတည်းခိုသည့်ဟိုတယ်၌ ပေးအပ်ပွဲ ပြုလုပ်ပေးခဲ့ခြင်း ဖြစ်ကြောင်း သိရှိရသည်။

Maynmar Reds ဟု အမည်ပေးထားသည့် လီဗာပူးအသင်း၏ ဖန်ကလပ်ဝင်များသည် ယခုနှစ် ဖေဖော်ဝါရီလအတွင်းက အဆိုပါပရီးမီးယားလိဂ်အသင်း၏ တရားဝင်အသိအမှတ်ပြုခံခဲ့ရခြင်းဖြစ်သည်။ ဘန်ကောက်မြို့တွင်ယှဉ်ပြိုင်ကစားခဲ့သည့် အဆိုပါခြေစမ်း ပွဲသို မြန်မာနိုင်ငံမှ လီဗာပူးဖန်ကလပ်ဝင် ၁၅ ဦးသွားရောက်ကြည့်ရှုခဲ့သည်။

"ကျွန်တော်တို့အတွက် တရားဝင် အသိအမှတ်ပြုလက်မှတ်ကို စာတိုက်ကတစ်ဆင့် ပို့ပေးမယ်လို့ ပြောထားပေမယ့် လက်မခံခဲ့ဘဲ အသင်းနဲ့ ကြုံမယ့်အချိန်ရောက်မှ လက်ခံမယ်လို့ စီစဉ်ခဲ့တာပါ။ လီဗာပူးအသင်းအနေနဲ့ ထိုင်းနိုင်ငံကို ခြေစမ်းပွဲ လာရောက်ကစားဖြစ်လို့ ကြုံကြိုက်သွားတော့ အသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲကို ဘန်ကောက်မြို့မှာ ပြုလုပ်ပေးခဲ့ခြင်းဖြစ်ပါတယ်" ဟု လီဗာပူးအသင်း၏ ဖန်ကလပ်ဝင်တစ်ဦးကပြောသည်။

လီဗာပူးအသင်းနှင့် ထိုင်းလက်ရွေးစင်အသင်းတို့၏ ခြေစမ်းပွဲစဉ်သို့ စင်ကာပူ၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ထိုင်းနိုင်ငံတို့မှ လီဗာပူးဖန်ကလပ်ဝင်များလည်း လာရောက်အားပေးကြည့်ရှုခဲ့ကြပြီး မြန်မာနိုင်ငံ ဖန်ကလပ်ဝင်များနှင့် ဆွေးနွေးမှုများလည်း ပြုလုပ်ခဲ့ကြောင်း ၎င်းကပြောသည်။

"မြန်မာပရိသတ်တွေအနေနဲ့ အသင်းရဲ့ တရားဝင်အသိအမှတ်ပြုခံရပြီး ပထမဆုံးတွေ့ဆုံရတာမို့လို့လားတော့ မသိပါဘူး။ပိုဦးစားပေးတာခံရပါတယ်။ လီဗာပူးအသင်း ကစားသမားတွေနဲ့လည်းတွေ့ဆုံခွင့်၊ အသင်းရဲ့ လေ့ကျင့်ခန်းတွေကြည့်ရှုခွင့် စတာတွေပြုလုပ်ခွင့်ရရှိခဲ့ပါတယ်" ဟု လီဗာပူးအသင်း၏ တရားဝင်အသိအမှတ်ပြုဖန်ကလပ်အဖွဲ့ဥက္ကဋ္ဌကိုမြတ်လွင်ကပြောသည်။

ထို့အတူမြန်မာနိုင်ငံမှချယ်လ်ဆီးပရိသတ်များအဖွဲ့ဝင် ၁၂ ဦးသည်လည်း ဇူလိုင် ၁၇ ရက်က ဘန်ကောက်မြို့တွင်ယှဉ်ပြိုင်ကစားခဲ့သည့် ချယ်လ်ဆီးနှင့် ထိုင်း ဆင်းဂါးအော်စတားအသင်းတို့၏ ခြေစမ်းပွဲသို့လည်း သွားရောက်ကြည့်ရှုခဲ့ကြသည်။

"ဘန်ကောက်မြို့မှာ ကစားခဲ့တဲ့ ချယ်လ်ဆီးအသင်းပွဲစဉ်ကိုဗီယက်နမ်၊ လာအို၊ ဟောင်ကောင်၊ အင်ဒိုနီးရှား၊ အိန္ဒိယစတဲ့ နိုင်ငံတွေက ဖန်ကလပ်ဝင်တွေလည်း လာရောက်ကြည့်ရှုခဲ့ကြပါတယ်။ အချိန်အခက်အခဲအရ သူတို့နဲ့ ဆွေးနွေးတာမျိုးတွေတော့ မလုပ်နိုင်ခဲ့ပါဘူး"ဟု ချယ်လ်ဆီးအသင်း၏ တရားဝင်အသိအမှတ်ပြုဖန်ကလပ်အဖွဲ့အတွင်းရေးမှူး ကိုမျိုးဇော်ဦးကပြောသည်။

မြန်မာနိုင်ငံတွင် လက်ရှိအချိန်၌ အင်္ဂလန်ပရီးမီးယားလိဂ်ကလပ်ချယ်လ်ဆီးအသင်းနှင့် လီဗာပူးအသင်းတို့မှ တရားဝင်အသိအမှတ်ပြုထားသည့် (Official Supporters Fans Club) များ ရှိနေပြီး ချယ်လ်ဆီးအသင်း ပရိသတ်များက ၂၀၁၂ ခုနှစ် နိုဝင်ဘာလတွင် အသိအမှတ်ပြုစတင်ရရှိခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးအသင်း၏ တရားဝင်ဖန်ကလပ်အသိအမှတ်ပြုလက်မှတ်ကိုမူ စာတိုက်မှ တစ်ဆင့်ပေးပို့ခဲ့ပြီး ရန်ကုန်မြို့တွင် အခမ်းအနားပြုလုပ်ကာ လက်ခံရယူခဲ့ကြောင်း သိရှိရသည်။ လာမည့်ဘောလုံးရာသီအကြိုအဖြစ် အင်္ဂလိပ်ပရီးမီးယားလိဂ်မှ လီဗာပူးအသင်းသည်ဩစတြေးလျ၊ အင်ဒိုနီးရှား၊ ထိုင်းနိုင်ငံများတွင်လည်းကောင်း၊ ချယ်လ်ဆီးသည် မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်းနိုင်ငံများတွင်လည်းကောင်း ခြေစမ်းပွဲများ လာရောက်ကစားခဲ့ကြသည်။

# ဂျာမနီ အမျိုးသမီးဘောလုံးအသင်း ဥရောပဖလား ဘောလုံးပြိုင်ပွဲတွင် စံချိန်တင် ခြောက်ကြိမ်ဆက် ဗိုလ်စွဲ




**စတော့ဟုမ်း**-ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့၌ ကျင်းပခဲ့သော ဥရောပဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ဂျာမနီအသင်းက နော်ဝေးအသင်းကို တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရကာ ဥရောပဖလားပြိုင်ပွဲ ချန်ပီယံဆုကိုခြောက်ကြိမ်ဆက်တိုက် ဆွတ်ခူးနိုင်သည့် စံချိန် ရရှိသွားခဲ့သည်။

ဂျာမနီအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို အန်ဂျာမစ်တက်က ဒုတိယပိုင်းပြန်အစ ပွဲချိန် ၄၉ မိနစ်တွင် သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ဂျာမနီသည်ပြိုင်ပွဲတစ်လျှောက်လုံးတွင် ခြောက်ပွဲကစားကာ ခြောက်ဂိုးသွင်းခဲ့သော်လည်း ဗိုလ်လုပွဲတွင် နော်ဝေးကို ဖိကစားနိုင်ခြင်းမရှိဘဲ အပြန်အလှန်ကစားခဲ့ရသည်။ သို့သော် ဂျာမန်ခံစစ်မှာ အကောင်းဆုံးအနေအထားရှိ၍ ဗိုလ်လုပွဲအနိုင်ရခဲ့ခြင်း ဖြစ်သည်။

နော်ဝေးသည် အုပ်စုအဆင့်တွင် ဂျာမနီကို အနိုင်ရပြီး ပွဲအစပထမပိုင်းတွင် ဂျာမနီကို ဖိကစားနိုင်ခဲ့သည်။ ပထမပိုင်းပြီးခါနီးတွင် နော်ဝေးပင်နယ်တီရခဲ့သော်လည်း ဂျာမန်ဂိုးသမားနာဒင်းအန်ဂါရာက ပုတ်ထုတ်နိုင်ခဲ့ပြီး ဒုတိယပိုင်းတွင်နော်ဝေးမှဂါဘရန်ဆန်၏ပင်နယ်တီကိုလည်း ကာကွယ်နိုင်၍ အသင်းအတွက် သူရဲကောင်းဖြစ်ခဲ့သည်။ ဂျာမနီအသင်းကပ္ပတိန်လည်းဖြစ်သူ နာဒင်းအန်ဂါရာ (၃၄)နှစ်သည်ပြီးခဲ့သည့်ဥရောပဖလား ပြိုင်ပွဲငါးကြိမ်စလုံးကို ပါဝင်ကစားခဲ့ပြီး ယခုတစ်ကြိမ်တွင်လည်း အနိုင်ရခဲ့၍ အသင်း၏ ဥရောပဖလားခြောက်ကြိမ်ရစံချိန်တင်ကစားသမားဖြစ်လာခဲ့သည်။ ဂျာမနီသည် ပြီးခဲ့သည့် ဥရောပဖလားပြိုင်ပွဲများဖြစ်သော ၁၉၉၅၊ ၁၉၉၇၊ ၂၀၀၁၊ ၂၀၀၅၊ ၂၀၀၉ ပွဲငါးပွဲနှင့် ယခုနှစ်၏ ၂၀၁၃ ပြိုင်ပွဲအပါအဝင် ခြောက်ကြိမ်ဆက်တိုက်ဖလားရသည့် စံချိန်သစ်ကိုလည်း တင်နိုင်ခဲ့သည်။

-Ref;BBC

# အာရှလူငယ် ဝူရှူးတံခွန်စိုက်ပြိုင်ပွဲ မြန်မာဝင်ပြိုင်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇူလိုင်-၂၉**

(၇)ကြိမ်မြောက် အာရှလူငယ်ဝူရှူးတံခွန်စိုက်ပြိုင်ပွဲသို့ မြန်မာလူငယ်ဝူရှူးအားကစားသမားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ ပြိုင်ပွဲကို လာမည့်ဩဂုတ်လ ၆ ရက်မှ ၁၂ ရက်အထိ ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာလူငယ်ဝူရှူးအားကစားသမား (အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး ခြောက်ဦး)စုစုပေါင်း၁၃ဦးဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်မှ သိရှိရသည်။

အသက်(၁၈)နှစ်အောက် လူငယ်ကစားသမားများသာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိသည့် အဆိုပါ ပြိုင်ပွဲသို့ မြန်မာလူငယ်ဝူရှူးအားကစားအဖွဲ့မှ ထောက်လုပြိုင်ပွဲတွင် ၁၁ ဦးနှင့် ဆန်းဆိုပြိုင်ပွဲတွင် နှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်သည်။

"အာရှလူငယ်ပြိုင်ပွဲကို အဖွဲ့ချုပ်က စခန်းသွင်းလေ့ကျင့်ပေးနေတဲ့ မျိုးဆက်သစ်လူငယ်ဝူရှူးကစားသမားတွေကို စေလွှတ်ယှဉ်ပြိုင်ခြင်း ဖြစ်ပါတယ်။ လာမယ့် ဆီးဂိမ်းအတွက် လေ့ကျင့်နေတဲ့ ပဏာမ လက်ရွေးစင်လူငယ်လေးဦးလည်း မြန်မာလူငယ်ဝူရှူးအဖွဲ့မှာ ပါဝင်ပါတယ်"ဟု အဖွဲ့ချုပ်တာဝန်ရှိသူက ပြောသည်။

အာရှလူငယ်ဝူရှူးတံခွန်စိုက်ပြိုင်ပွဲသည် ၂ နှစ်တစ်ကြိမ် ကျင်းပခြင်းဖြစ်ပြီး အာရှနိုင်ငံပေါင်း ၃၀ ဝန်းကျင်မှ အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်သည်။ ပြီးခဲ့သည့် ၂၀၁၁ (၆)ကြိမ်မြောက် အာရှလူငယ်ဝူရှူးတံခွန်စိုက်ပြိုင်ပွဲတွင် မြန်မာလူငယ်ဝူရှူးအားကစားအဖွဲ့သည် ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် ခုနစ်ခု၊ ကြေးတံဆိပ် ခြောက်ခု ရရှိထားသည်။

"အာရှဝူရှူးအင်အားကြီး တရုတ်၊ ကိုရီးယား၊ ဂျပန်လူငယ်ကစားသမားတွေအပြင် အာဆီယံက ပြိုင်ဘက်နိုင်ငံတွေဖြစ်တဲ့ ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှား နိုင်ငံတွေက ကစားသမားတွေလည်း ပါဝင်ယှဉ်ပြိုင်ကြမှာပါ။ လူငယ်ပြိုင်ပွဲဆိုပေမယ့် လက်ရွေးစင်ကစားသမားတွေလည်း ပါဝင်လာမှာ ဖြစ်ပါတယ်" ဟု အဖွဲ့ချုပ်တာဝန်ရှိသူက ပြောသည်။

၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲအတွက် မြန်မာဝူရှူးအားကစားအဖွဲ့ကို ပဏာမလက်ရွေးစင် အမျိုးသား ၁၉ ဦး၊ အမျိုးသမီး ခုနစ်ဦးဖြင့် တရုတ်နည်းပြ ဆရာငါးဦးနှင့် ပြည်တွင်းနည်းပြဆရာလေးဦးတို့က နေပြည်တော်တွင် လေ့ကျင့်ပေးလျက်ရှိပြီး ၎င်းတို့ထဲမှ ကစားသမား ၁၅ ဦးသည် တရုတ်နိုင်ငံ၊ ဝူဟန့်မြို့သို့ ပူးတွဲလေ့ကျင့်မှုများ သွားရောက်ပြုလုပ်လျက်ရှိသည်။


Samsung
GALAXY MEGA
Stay Smart, Live Large
SAMSUNG
SAMSUNG
with Large 5.8" / 6.3" Screen
Qualcomm snapdragon
Powerful processors
Samsung
GALAXY MEGA
5.8"qHD /6.3" HD Super Clear LCD
Optimized wide UX
Smart Services & Features
Samsung Customer Service Plaza : အမှတ်(၁၉၅)၊ မဟာဗန္ဓုလပန်းခြံလမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – (၀၁) ၃၇၈ ၂၀၆၊ ၃၇၈ ၂၁၇
SAMSUNG Mobile Brand Shops :

7 DAY NEWS JOURNAL
Vol.12, No.21 • JULY 31 , 2013

# ဆီးဂိမ်းပြိုင်ပွဲဝင်မည့် မြန်မာယူ - ၂၃ အသင်း ဩဂုတ် ၁၂ ရက်တွင် စတင်စခန်းသွင်းလေ့ကျင့်မည်



*ပြီးခဲ့သည့်မေလအတွင်းက မြန်မာယူ - ၂၃ အသင်း တောင်ကြီးမြို့တွင် လေ့ကျင့်ခန်းဆင်းနေစဉ်*　　ဓာတ်ပုံ - ဗိုလ်ဗိုလ်ဝင်း

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇူလိုင်-၂၈**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ(ဆီးဂိမ်း) ဝင်မည့် ပဏာမလက်ရွေးစင် မြန်မာယူ-၂၃အသင်းအားဩဂုတ်လ ၁၂ရက်တွင် စတင်စခန်းသွင်းလေ့ကျင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

၂၀၁၃ မြန်မာနေရှင်နယ်လိဂ် ပွဲစဉ်များသည် ဩဂုတ်လ ၄ ရက်တွင် ပြီးဆုံးမည်ဖြစ်ပြီး တစ်ပတ်ခန့်အကြာတွင်မြန်မာယူ-၂၃ အသင်းကို ပဏာမလက်ရွေးစင် ၃၀ဦးခန့်ဖြင့် ဖွဲ့စည်းသွားရန် စီစဉ်ထားကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် တာဝန်ရှိသူက ပြောသည်။

" ဆီးဂိမ်းအတွက် မြန်မာယူ-၂၃ အသင်းကို ပဏာမလက်ရွေးစင် ၂၅ ဦးနဲ့ ၃၀ ဦးကြား ဖွဲ့စည်းသွားဖို့ စီစဉ်ထားပါတယ်။ ဆီးဂိမ်းလက်ရွေးစင်အသင်းကို အထောက်အကူပြုနိုင်ဖို့အတွက် ယူ-၂၃(ခ)အသင်းကို ဖွဲ့စည်းသွားဖို့လည်း စီစဉ်ထားပါတယ်" ဟု ဘောလုံးအဖွဲ့ချုပ်နည်း စနစ်ဌာနမှ တာဝန်ရှိသူကဇူလိုင်လ ၂၈ ရက်တွင် ပြောသည်။

ဘောလုံးအဖွဲ့ချုပ်သည် လာမည့် စက်တင်ဘာလအတွင်း မြန်မာလိဂ်မှ ၁၂ သင်းနှင့် မြန်မာလိဂ်-၂မှ လေးသင်း၊ စုစုပေါင်း အသင်း ၁၆ သင်းပါဝင်မည့် ဘောလုံးအဖွဲ့ချုပ်ဖလားပြိုင်ပွဲကိုလည်း ကျင်းပရန် စီစဉ်ထားပြီး ယူ-၂၃ ပဏာမလက်ရွေးစင်ကစားသမားများအား အဆိုပါပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည် မဟုတ်ပေ။


မြန်မာယူ-၂၃အသင်းအနေဖြင့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ နိုင်ငံတကာ ခြေစမ်းပွဲများအဖြစ် လာမည့်စက်တင်ဘာ ၆ ရက်တွင် ဟောင်ကောင်လက်ရွေးစင်အသင်း၊ အောက်တိုဘာ ၁၅ ရက်တွင် ဗီယက်နမ်ယူ-၂၃ အသင်းတို့နှင့် ရန်ကုန်မြို့၌ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

ထို့အပြင် အောက်တိုဘာ ၁၇ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ တောင်ကိုရီးယားနိုင်ငံတွင် လေ့ကျင့်မှုများ သွားရောက်ပြုလုပ်မည်ဖြစ်ပြီး ဂျပန်ကလပ်အသင်းများနှင့်လည်း ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန် အဖွဲ့ချုပ်မှ စီစဉ်ထားကြောင်း သတင်းရရှိသည်။


"မြန်မာယူ-၂၃ အသင်းအနေနဲ့ ပြည်တွင်းခြေစမ်းပွဲတွေလည်း ယှဉ်ပြိုင်ကစားသွားဖို့လည်း စီစဉ်ထားပါတယ်။ ပြည်ပအသင်းတွေအနေနဲ့ ကမ်းလှမ်းထားတာမျိုးတွေ ထပ်ရှိထားပြီး အတည်ပြုနိုင်တာနဲ့ သတင်းထုတ်ပြန်သွားမှာ ဖြစ်ပါတယ်"ဟု အဖွဲ့ချုပ်တာဝန်ရှိသူက ဆိုသည်။

မြန်မာယူ-၂၃ ဘောလုံးအသင်းသည် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲအတွက် ရည်ရွယ်၍ ပြီးခဲ့သည့် မေလအတွင်းက ပဏာမလက်ရွေးစင်ကစားသမား ၃၀ ဖြင့် လေ့ကျင့်မှုများ ပြုလုပ်ခဲ့ပြီး ခြေစမ်းပွဲ လေးပွဲယှဉ်ပြိုင်ကစားခဲ့ရာတွင် လေးပွဲစလုံး ရှုံးနိမ့်ထားသည်။ မြန်မာယူ-၂၃ အသင်းကို တောင်ကိုရီးယားလူမျိုး ပတ်ဆောင်ဟွာက နည်းပြချုပ်အဖြစ် ကိုင်တွယ်သွားမည် ဖြစ်သည်။


## SHORT NEWS




စနေနေ့က ကျင်းပခဲ့သော အတ္တလန်တာ အိုးပင်းတင်းနစ်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်များတွင် အမေရိကန်ကစားသမား ဂျွန်အစ်စနာနှင့် တောင်အာဖရိက ကစားသမား ကီဗင်အန်ဒါဆင်တို့သည် ပြိုင်ဘက်များကို အသီးသီးအနိုင်ရကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားခဲ့ကြသည်။ ၎င်းတို့သည် ဇူလိုင် ၂၉ ရက်တွင် ဗိုလ်လုပွဲယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။



ပရီးမီးယားလိဂ်မှ မန်စီးတီးအသင်းသည် ဟောင်ကောင်တွင် ကျင်းပခဲ့သော ဘာကလေအာရှဖလား ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲ၌ ဆန်းဒါးလန်းကို အနိုင်ရကာ ချန်ပီယံဆုဖလား ရရှိသွားခဲ့သည်။ မန်စီးတီးသည် နည်းပြသစ်ပယ်လီဂရီနီလက်အောက်တွင် အသင်းအတွက် ပထမဆုံးသော ဆုဖလားကို ရရှိခဲ့ခြင်းလည်းဖြစ်သည်။



ဖိလစ်ပိုင်လက်ဝှေ့ကျော် မန်နီပါကွီအိုသည် လာမည့်နိုဝင်ဘာ ၂၄ ရက်တွင် အမေရိကန်လက်ဝှေ့သမား ဘရန်ဒန်ရီယိုစ်နှင့် ဖယ်သာဝိတ်တန်းပွဲကို ထိုးသတ်မည်ဖြစ်ရာ ထိုပွဲမှာပွဲကောင်းတစ်ပွဲဖြစ်လာမည်ဟု ခန့်မှန်းပြောကြားသည်။ ပါကွီအိုသည် ပြီးခဲ့သည့် ဒီဇင်ဘာက မန်ချူရယ်မားကွက်စ်နှင့် လာ့စ်ဗေးဂတ်စ်၌ထိုးသတ်ခဲ့ရာ ရှုံးနိမ့်ခဲ့ပြီးနောက် လက်ဝှေ့လောကမှ အနားယူတော့မည်ဟု သတင်းထွက်ပေါ်ခဲ့သေးသည်။



အမေရိကန်ဂေါက်သီးသမား ဟန်းတားမာဟန်သည် ကနေဒီယန်အိုးပင်း ဂေါက်ရိုက်ပြိုင်ပွဲတွင် ရိုက်ချက်နှစ်ချက်လျှော့ဖြင့် ပြိုင်ပွဲကို ဦးဆောင်နေရာမှ ဇနီးဖြစ်သူက ပထမဆုံးကလေးမီးဖွားမည့် သတင်းကြောင့် ပြိုင်ပွဲမှ နုတ်ထွက်ကာ ပြန်သွားခဲ့သည်။ ၎င်းသည် ယူအက်စ်တိုးရ်ပြိုင်ပွဲများ၏ ချန်ပီယံဆုကို ငါးကြိမ်ရရှိထားသူဖြစ်သည်။

# မြန်မာဘော်လီဘောအသင်းများ အာရှစီနီယာ ချန်ပီယံရှစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇူလိုင်လ-၂၈**

၂၀၁၃ ဆီးဂိမ်းအတွက် ပြင်ဆင်နေသည့် မြန်မာလက်ရွေးစင် (အမျိုးသား၊ အမျိုးသမီး) ဘော်လီဘော အသင်းများသည် အာရှစီနီယာ ချန်ပီယံရှစ် ပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၇)ကြိမ်မြောက် အာရှစီနီယာအမျိုးသား ဘော်လီဘောပြိုင်ပွဲကို ယူအေအီးနိုင်ငံ၊ ဒူဘိုင်းမြို့တွင် လာမည့်စက်တင်ဘာလ ၂၈ ရက်မှ အောက်တိုဘာလ ၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာ အမျိုးသားဘော်လီဘောအသင်း အပါအဝင် ပြိုင်ပွဲဝင်အသင်းစုစုပေါင်း ၂၄ သင်းပါဝင်ယှဉ်ပြိုင်မည် ဖြစ်သည်။

တစ်အုပ်စုလျှင် သုံးသင်းပါဝင်သည့် အုပ်စုရှစ်ခု ခွဲခြားထားပြီး မြန်မာအမျိုးသား ဘော်လီဘောအသင်းသည် အုပ်စု(ခ)တွင် ဩစတြေးလျ၊ ဘာရိန်းအသင်းတို့နှင့် ကျရောက်လျက်ရှိသည်။ အဆိုပါပြိုင်ပွဲသို့ အာရှဘော်လီဘောအင်အားကြီး နိုင်ငံများဖြစ်သည့် ဩစတြေးလျ၊ အီရန်၊ တရုတ်၊ ဂျပန်၊ ကိုရီးယားအသင်းများ အပါအဝင် အာဆီယံဇုန်မှ မြန်မာ၊ ထိုင်း၊ အင်ဒိုနီးရှားအသင်းများ ပါဝင်ယှဉ်ပြိုင်မည် ဖြစ်သည်။

(၁၇)ကြိမ်မြောက် အာရှစီနီယာ အမျိုးသမီးဘော်လီဘောပြိုင်ပွဲကိုလည်း လာမည့်စက်တင်ဘာလ ၁၃ ရက်မှ ၂၁ ရက်အထိ ထိုင်းနိုင်ငံ၊ Ratchaburi နှင့် Nakhonpathom မြို့များတွင် ကျင်းပသွားမည်ဖြစ်ပြီး မြန်မာအမျိုးသမီး ဘော်လီဘောအသင်း အပါအဝင် ပြိုင်ပွဲဝင်အသင်းစုစုပေါင်း ၁၆ သင်းဝင်ရောက် ယှဉ်ပြိုင်မည် ဖြစ်သည်။

အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင်မူ တစ်အုပ်စုလျှင် လေးသင်းပါဝင်သည့် အုပ်စုလေးခု ခွဲခြားထားပြီး မြန်မာအမျိုးသမီး ဘော်လီဘောအသင်းသည် အုပ်စု(ဃ)တွင် တောင်ကိုရီးယား၊ တရုတ်(တိုင်ပေ)၊ သီရိလင်္ကာအသင်းများနှင့် ကျရောက်လျက်ရှိသည်။

အာရှအမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင်လည်း တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ ထိုင်း အစရှိသည့် အာရှအမျိုးသမီး ဘော်လီဘောအင်အားကြီးအသင်းများ အပါအဝင် အာဆီယံဒေသမှ ဗီယက်နမ်၊ မြန်မာ၊ ဖိလစ်ပိုင်အသင်းများ ပါဝင်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။

အာရှစီနီယာ ဘော်လီဘောပြိုင်ပွဲကျင်းပသည့် ပုံစံအရ အုပ်စုအဆင့်မှ တက်နိုင်မည် မဟုတ်ပါကလည်း အဆင့်သတ်မှတ်ချက်များ သတ်မှတ်နိုင်ရန် အခြားအုပ်စုမှ အုပ်စုအဆင့်မတက်သည့် ကျန်အသင်းများနှင့် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရှိရသည်။

ဆီးဂိမ်းအတွက်ပြင်ဆင်နေသည့် မြန်မာအမျိုးသား ဘော်လီဘောအသင်းကို ပဏာမလက်ရွေးစင် ၁၈ ဦးရွေးချယ်ကာ ဘရာဇီးနည်းပြဆရာဖြင့်လည်းကောင်း၊ အမျိုးသမီး ဘော်လီဘောအသင်းကို ပဏာမလက်ရွေးစင် ၁၈ ဦးဖြင့် ထိုင်းနည်းပြဆရာနှင့်လည်းကောင်း ရန်ကုန်မြို့တွင်စခန်းသွင်းလေ့ကျင့်ပြင်ဆင်လျက်ရှိသည်။

မြန်မာအမျိုးသမီး ဘော်လီဘောအသင်းသည် လာမည့် စက်တင်ဘာလ ၃၀ ရက်နှင့် အောက်တိုဘာလ ၁ ရက်တို့တွင်ဩစတြေးလျ အမျိုးသမီး ဘော်လီဘောအသင်းနှင့်ရန်ကုန်မြို့တွင်လက်ရည်စမ်းပွဲနှစ် ပွဲယှဉ်ပြိုင်ကစားရန် စီစဉ်ထားသည်။



7 DAY NEWS JOURNAL
Vol.12, No.21 • JULY 31 , 2013

# အာဏာတဖြည်းဖြည်းလွှဲပြောင်းပေးနေဟု ကျူးဘားသမ္မတ ပြောကြား



STR/AFP

*ဇူလိုင် ၂၆ ရက်က ဆန်တီယာဂိုဒီ ကျူးဘား ဒေသတွင် မွန်ကာဒါစစ်တန်းလျားများကို စတင်တိုက်ခိုက်ခြင်း ကျူးဘားတော်လှန်ရေးစတင်သော နှစ်(၆၀)မြောက် အခမ်းအနားတွင် ကျူးဘားသမ္မတ ရာဟူးလ်ကက်စထရို မိန့်ခွန်းပြောကြားနေစဉ်*

**ဟာဗားနား**–ကျူးဘားတော်လှန်ရေး နှစ်ခြောက်ဆယ်ပြည့် အခမ်းအနားမိန့်ခွန်း ပြောကြားရာ၌ ကျူးဘားသမ္မတရာဟူးလ်ကက်စထရိုက ကျူးဘားနိုင်ငံတွင် အာဏာတဖြည်းဖြည်း လွှဲပြောင်းပေးနေကြောင်း ပြောကြားလိုက်သည်။

တော်လှန်ရေးသမားများက ဆိုရှယ်လစ်စည်းမျဉ်းများရှင်သန်စေရန် ထိန်းသိမ်းမည့် မျိုးဆက်သစ်များကို လမ်းဖွင့်ပေးနေကြကြောင်း ကတ်စထရိုက ပြောသည်။ ကျူးဘားတော်လှန်ရေး စတင်ခဲ့သော မွန်ကာဒါစစ်တန်းလျားများတိုက်ပွဲ အထိမ်းအမှတ်ပွဲကို ဆန်တီယာဂိုမြို့၌ ကျင်းပရာသို့ လက်တင်အမေရိကနိုင်ငံများမှ ခေါင်းဆောင်အများအပြားတက်ရောက်ခဲ့ကြသော်လည်း ယင်းတိုက်ပွဲတွင် ပါဝင်ခဲ့သည့် ကတ်စထရို၏အစ်ကို ဖီဒယ်လ်ကတ်စထရို တက်ရောက်ခဲ့ခြင်းမရှိပေ။

ဖီဒယ်လ်ကတ်စထရိုသည် ကျန်းမာရေးကြောင့် ၂၀၀၈ ခုနှစ်၌ ရာထူးမှ ဆင်းပေးခဲ့သည်။ ကျူးဘားနိုင်ငံတွင် နိုင်ငံရေး၊ စီးပွားရေး ပြောင်းလဲမှုလုပ်ရန် တွန်းအားပေးနေသူ သမ္မတကတ်စထရိုက ၎င်း၏အစ်ကိုဖြစ်သူနှင့် တော်လှန်ရေးကို ချီးမွမ်းပြောကြားခဲ့သည်။

ဇူလိုင် ၂၆ ရက်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် အခမ်းအနားသည် မစ္စတာဖီဒယ်လ်နှင့် မစ္စတာရာဟူးလ်ဦးဆောင်ကာ မွန်ကာဒါစစ်တန်းလျားများကို တိုက်ခိုက်ပြီး စတင်ခဲ့သည့် ကျူးဘားတော်လှန်ရေးကို ဂုဏ်ပြုကျင်းပခြင်းဖြစ်သည်။ ယင်းတိုက်ပွဲကိုစစ်အာဏာရှင် ဖူလ်ဂျန်စီယို ဘာတစ္စတာက အောင်မြင်စွာ တွန်းလှန်နိုင်ခဲ့ပြီး ကတ်စထရိုတို့ညီအစ်ကိုနှစ်ဦး ဖမ်းဆီးခြင်းခံခဲ့ရပြီး နောင်တွင် လွတ်မြောက်ခဲ့သည်။ ဆိုရှယ်လစ်ဝါဒနှင့် တော်လှန်ရေးအလံများကို ဆက်လက်လွှင့်ထူရန် စွမ်းရည်နှင့် ကြိုတင်ပြင်ဆင်မှုအပေါ် အခြေခံ၍ တည်ငြိမ်ပြီး စိုးရိမ်မှုမရှိသောယုံကြည်မှုများဖြင့်သမိုင်းဝင်မျိုးဆက်သည် မျိုးဆက်သစ်ကို လမ်းပြပေးနေကြောင်း မစ္စတာကတ်စထရိုက လူထုသို့ပြောကြားသည်။ *—Ref: BBC*

## ဆီးရီးယားအစိုးရအပေါ် ဖိအားပိုပေးရန် ကုလသမဂ္ဂထံ အတိုက်အခံအဖွဲ့တောင်းဆို

**ကုလသမဂ္ဂ၊ ဇူလိုင်–၂၇**

ညှိနှိုင်းဆွေးနွေးမှုများတွင် သမ္မတဘာရှာအယ်လ်အာဆတ်ပါဝင်လာစေရေး နိုင်ငံတကာမှ ဖိအားပိုပေးကြရန် ဆီးရီးယားအဓိကအတိုက်အခံအဖွဲ့က ကုလသမဂ္ဂလုံခြုံရေးကောင်စီထံ ဇူလိုင် ၂၆ ရက်တွင် တောင်းဆိုလိုက်သည်။

အာဆတ်၏ အစိုးရကို ရုရှားနိုင်ငံက လက်နက်ပေးပို့နေခြင်း ရပ်တန့်သင့်ကြောင်းလည်း ညွန့်ပေါင်းအဖွဲ့က ပြောသည်။ နိုင်ငံရေးအသွင်ပြောင်းမှုကို အာဆတ်အစိုးရလက်ခံစေရန် နိုင်ငံတကာကဖိအားပိုပေးရန်လိုအပ်ကြောင်း ညွန့်ပေါင်းအဖွဲ့ဥက္ကဋ္ဌသစ် အာမက်ဂျာဘာက ကုလလုံခြုံရေးကောင်စီကိုပြောကြားထားကြောင်း အဖွဲ့က ပြောသည်။ မစ္စတာဂျာဘာက လက်နက်ပေးပို့ရန် တိုက်ရိုက်တောင်းဆိုခြင်းမရှိသော်လည်း အာဆတ်အစိုးရက ဆီးရီးယားပြည်သူများအပေါ် စစ်ခင်းနေသရွေ့ အတိုက်အခံအဖွဲ့တွင်ကိုယ့်ကိုယ်ကိုယ်ကာကွယ်ရန် အခွင့်အရေးရှိရမည်ဟု၎င်းကပြောသည်။

မစ္စတာဂျာဘာနှင့် အခြားသော ဆီးရီးယားညွန့်ပေါင်းအဖွဲ့ထိပ်တန်းခေါင်းဆောင်များသည် ပါရီမြို့၌ ဇူလိုင် ၂၄ ရက်က ပြင်သစ်သမ္မတ ဟော်လန်ဒီနှင့် တွေ့ဆုံခဲ့ပြီး ဇူလိုင် ၂၅ ရက်တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့် နယူးယောက်မြို့၌ တွေ့ဆုံခဲ့သည်။ ယင်းတွေ့ဆုံမှုများတွင် ဆီးရီးယားအတိုက်အခံများက လက်နက်အလျင်အမြန်ပေးပို့ရန် တောင်းဆိုခဲ့ကြသည်။

အတိုက်အခံအုပ်စုနှင့် တရားဝင်တွေ့ဆုံခြင်းမှာ ယင်းအုပ်စုကို အသိအမှတ်ပြုရာရောက်ကြောင်း အာဆတ်အစိုးရ၏ အဓိကနိုင်ငံတကာအကူအညီ ပေးသူ ရုရှားအစိုးရက ပြောကြားထားသောကြောင့် ကုလလုံခြုံရေးကောင်စီက အတိုက်အခံညွန့်ပေါင်းအဖွဲ့နှင့် တရားမဝင်တွေ့ဆုံပွဲကျင်းပခဲ့ကြောင်း သံတမန်များက ပြောသည်။ အတိုက်အခံညွန့်ပေါင်းအဖွဲ့က အသွင်ကူးပြောင်းရေး အစိုးရအဖွဲ့တွင် အာဆတ်ပါဝင်ခြင်းကို ဆန့်ကျင်ပြီး ကြားဖြတ်အစိုးရအနေဖြင့်စစ်တပ်နှင့်ရဲတပ်ဖွဲ့များကို အပြည့်အဝထိန်းချုပ်ခွင့်ရှိရမည်ဟု ပြောကြားသည်။ *—Ref: AFP*







တောင်ပေါ်သား
အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး
တောင်ကြီး–ရန်ကုန်–မန္တလေး–နေပြည်တော်–ဘားအံ–ကော့ကရိတ်–မြဝတီ
တောင်ပေါ်သားယာဉ်လိုင်းမှ

တောင်ကြီး ⟷ ရန်ကုန်
ညနေ(၆)နာရီ

ရန်ကုန် မှ နေပြည်တော်
နံနက်(၈)နာရီ
နေ့လည်(၁)နာရီ
ညနေ(၅)နာရီ
ည(၇း၃၀)

နေပြည်တော် မှ ရန်ကုန်
နံနက်(၁၀း၃၀)
နံနက်(၁၁း၃၀)
ည(၉း၃၀)
ည(၁၀း၃၀)

ရန်ကုန် မှ မန္တလေး
ည(၇း၃၀)

မန္တလေး မှ ရန်ကုန်
ည(၉)နာရီ

ရန်ကုန်မှ ဘားအံ ၊ ကော့ကရိတ် ၊ မြဝတီ
ည(၇)နာရီ

ကော့ကရိတ် မှ ရန်ကုန်
ညနေ(၅)နာရီ

တောင်ကြီး ⟷ မန္တလေး
ည(၇)နာရီ

တောင်ကြီး ⟷ နေပြည်တော်
ည(၇)နာရီ

နေပြည်တော် မှ မန္တလေး
ညနေ(၃)နာရီ

မန္တလေး မှ နေပြည်တော်
နေ့လည်(၂)နာရီ

အထက်ပါ ခရီးစဉ်တွေကို အထက်ပါယာဉ်ထွက်ချိန်အတိုင်း ပုံမှန်ပြေးဆွဲနေပြီဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။
တောင်ပေါ်သားယာဉ်လိုင်းမိသားစု
အထူးဧကျူးရှူးတင်ရှိပါသည်။

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.12, No.21 • JULY 31 , 2013

# တရုတ်နိုင်ငံရှိ Apple ပစ္စည်းထုတ် စက်ရုံများတွင် အချိန်ပိုကြာမြင့်စွာဆင်းခိုင်းခြင်းနှင့် အသက်မပြည့်သေးသူများအား ခန့်အပ်ခြင်းများရှိဟုဆို

**ဘေဂျင်း၊ဇူလိုင်-၂၉**

တရုတ်နိုင်ငံရှိ Apple ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်သည့် စက်ရုံသုံးခုတွင် လွန်ကဲသောအချိန်ပိုများ ဆင်းခိုင်းခြင်းနှင့် အသက်မပြည့်သေးသူများ ခန့်အပ်ခြင်းများရှိကြောင်း အမေရိကန်အခြေစိုက် ရှေ့နေများအဖွဲ့က ဇူလိုင် ၂၉ ရက်တွင် ပြောကြားလိုက်သည်။

iPhone နှင့် iPad များ ထုတ်လုပ်သည့် Apple ကုမ္ပဏီသည် တရုတ်နိုင်ငံတွင် ၂၀၁၀ ပြည့်နှစ်အတွင်းက အလုပ်သမား ၁၃ ဦး သတ်သေမှုဖြစ်ပွားချိန်မှစ၍ ပင်လယ်ရပ်ခြားရှိ ထုတ်လုပ်မှုအခြေအနေများပိုကောင်းလာစေရန် ဖိအားများနှင့် ရင်ဆိုင်ခဲ့ရသည်။ ပီဂါထရွန်အဖွဲ့က ဖွင့်လှစ်ထားသော စက်ရုံသုံးခုသည် Apple ကုမ္ပဏီ၏ စံသတ်မှတ်ချက်များကို ချိုးဖောက်နေကြောင်း အမေရိကန်အခြေစိုက် တရုတ်အလုပ်သမားစောင့်ကြည့်ရေးအဖွဲ့ကပြောသည်။

အသက်မပြည့်သေးသူများ မခန့်အပ်ရန်နှင့် အချိန်ပိုများကို အလုပ်သမား၏ ဆန္ဒအလျောက်သာ လုပ်ကိုင်ရမည်ဖြစ်ပြီး သီတင်းပတ်တစ်ပတ်လျှင် အများဆုံးအလုပ်ချိန် နာရီ ၆၀ သတ်မှတ်ထားကြောင်း Apple ကုမ္ပဏီ၏ ဝက်ဘ်ဆိုက်တွင် ရေးသားထားသည်။ တရုတ်နိုင်ငံရှိ ပီဂါထရွန်ပိုင် စက်ရုံသုံးခုတွင် အလုပ်သမား ၇၀,၀၀၀ သည်တစ်ပတ်လျှင်အလုပ်ချိန်၆၆၊ ၆၇ နှင့် ၆၉ နာရီအထိ လုပ်ကြရ



ကြောင်း၊ အလုပ်သမား အများစုမှာ အသက်(၁၈)နှစ် အောက်များဖြစ်ပြီး အချို့မှာ ကျောင်းအားလပ်ရက်တွင် အလုပ်သင်များအဖြစ် လုပ်ကိုင်နေသူများဖြစ်ကြောင်း တရုတ်နိုင်ငံ အလုပ်သမားစောင့်ကြည့်ရေးအဖွဲ့က ပြောသည်။

အလုပ်များသည့်ကာလများအတွင်း အချိန်ပိုများ ဆင်းခိုင်းပြီး အချိန်ပိုလုပ်ရန် တစ်ကြိမ်ငြင်းဆန်သည့် အလုပ်သမားမှာ တစ်လလုံး အချိန်ပိုလုပ်ခွင့်မရှိတော့ကြောင်း ယင်းအဖွဲ့ကပြောသည်။ အလုပ်သမားများ၏ အိပ်ဆောင်များအတွင်းတွင်လည်း အလုပ်သမား ၁၂ ဦးအထိ ထားရှိပြီး မီးဘေးထွက်ပေါက်မထားရှိကြောင်းနှင့် စားသောက်ပြီး ထိုင်ခုံနေရာတကျပြန်ထားရန် ပျက်ကွက်သူများနှင့် လစာမပေးသော အစည်းအဝေးပွဲများ တက်ရောက်ရန် ပျက်ကွက်ပါက ဒဏ်ငွေပေးဆောင်ကြရကြောင်း တရုတ်အလုပ်သမားစောင့်ကြည့်ရေးအဖွဲ့၏ သတင်းပို့ချက်တွင် ဖော်ပြထားသည်။ မန်နေဂျာများက အလုပ်လျှောက်ထားသူများတွင် ကိုယ်ဝန်ဆောင်ခဲ့ဖူးသူများ (သို့မဟုတ်) အသက်(၃၅) နှစ် အထက်ရှိသူများ ချန်လှပ်ကာ စိစစ်ရွေးချယ်ကြကြောင်း ယင်းသတင်းပေးပို့ချက်တွင် ဖော်ပြသည်။ ပီဂါထရွန်လုပ်ငန်းစက်ရုံများကို Apple ကုမ္ပဏီက ၂၀၀၇ ခုနှစ်မှစတင်၍ (၁၅)ကြိမ် စစ်ဆေးခဲ့ပြီး နောက်ဆုံးလအတွင်း အလုပ်သမားများ၏ အလုပ်ချိန်မှာ သီတင်းတစ်ပတ်လျှင် ပျမ်းမျှ ၄၆ နာရီရှိကြောင်း ကုမ္ပဏီ၏ ကြေညာချက်တွင် ဖော်ပြသည်။

ယင်းစက်ရုံသုံးခုတွင် တရုတ်နိုင်ငံ အလုပ်သမားစောင့်ကြည့်ရေးအဖွဲ့က လျှို့ဝှက်စုံစမ်းစစ်ဆေးသူများ စေလွှတ်ထားပြီး အလုပ်သမား ၂၀၀ နီးပါးကို ယခုနှစ် မတ်နှင့် ဇူလိုင်လအတွင်း လူတွေ့မေးမြန်းမှုများ ပြုလုပ်ခဲ့ကြောင်း အလုပ်သမားစောင့်ကြည့်ရေးအဖွဲ့ကပြောသည်။ —*Ref: AFP*

နောက်ကျောဖုံး မှ

## အစ္စရေးသူလျှို၄က် တူရကီအာဏာပိုင်များ ပြန်လွှတ်ပေး

ကြေညာချက်တစ်ရပ်တွင် အတည်ပြုပြောကြားသည်။ ယင်းသိမ်းငှက်တွင် ခြေထောက်၌ ချိတ်ဆွဲထားသည့် စာသားမှလွဲ၍ အခြားသော ကိရိယာမတွေ့ရှိရပေ။

ယင်းသိမ်းငှက်ကို ရိုက်ကူးရှာဖွေခဲ့သည့် X-rays ၏ မိတ္တူတစ်စောင်ကိုဒိုဂန်သတင်းဌာနက ဖော်ပြခဲ့ပြီး ယင်းမှတ်တမ်းတွင် "အစ္စရေးသူလျှို"ဟု ဆေးကုသရေးဝန်ထမ်းများက စာတန်းကပ်ခဲ့ကြသည်။ ယင်းကဲ့သို့ စာတန်းကပ်လိုက်ခြင်းမှာ နောက်ပြောင်ခြင်းလား၊ အတည်ကပ်ခြင်းလား ဆိုသည်ကိုမူ ရှင်းလင်းစွာမသိရကြောင်း သတင်းတွင်ဖော်ပြသည်။

—*Ref: AP*

နောက်ကျောဖုံး မှ

## မက္ကဆီကိုဒုတိယရေတပ်မှူး ချုံခိုတိုက် အသတ်ခံရ

မီချိုအာကန်ပြည်နယ်တွင် ယင်းသို့ ကန့်ကွက်မှုများမြင့်တက်လာနေပြီး လက်နက်များကိုင်ဆောင်ကာ မိမိတို့မြို့ရွာရပ်ကွက်များကို စောင့်ရှောက်သော အဖွဲ့များလည်း တိုးလာသည်။ အာဏာပိုင်များက ၎င်းတို့နယ်မြေတွင် ဖြစ်ပေါ်နေသောအကြမ်းဖက်မှု၊ဆက်ကြေးတောင်းမှုများကို ဖြေရှင်းရန် ပျက်ကွက်ကြကြောင်း ဒေသခံများက စွပ်စွဲပြောကြားသည်။

မက္ကဆီကိုသမ္မတ ပင်ညာနီပက်တိုသည် ယခင်သီတင်းပတ်က ပင်မီချိုအာကန်ပြည်နယ်၌ တပ်ဖွဲ့ဝင်များ ထပ်မံဖြည့်တင်းထားပြီး စစ်ဘက်နှင့်ရဲဘက်လုံခြုံရေးလုပ်ငန်းများကိုင်တွယ်ရန် ဗိုလ်ချုပ်ကြီးတစ်ဦးအား ခန့်အပ်ထားသည်။

—*Ref: Reuters*

နောက်ကျောဖုံး မှ

## တူနီးရှားကန့်ကွက်ဆန္ဒပြမှုများတွင် အတိုက်အခံအမတ်များ ပါဝင်ပူးပေါင်း

အတိုက်အခံဥပဒေပြုအမတ်များ အနေဖြင့် ၎င်းတို့၏ နုတ်ထွက်မှုကို ပြန်လည်စဉ်းစားရန် ပန်ကြားခဲ့ပြီး ၎င်းတို့အနေဖြင့် ပေးအပ်ထားသောတာဝန်ကို ကျေပွန်အောင် မထမ်းဆောင်ရသေးကြောင်း ပြောသည်။ အင်နက်ဒါပါတီခေါင်းဆောင်တစ်ဦးဖြစ်သူ မစ္စစ်လာဘီဒီမိုင်ဇာကလည်း အလားတူမေတ္တာရပ်ခံချက်တစ်ရပ် ထုတ်ပြန်ထားသည်။

အတိုက်အခံပါတီများ အနေဖြင့် ပါတီပေါင်းစုံမှ ကိုယ်စားလှယ်များပါဝင်သော အမျိုးသားညီညွတ်ရေး အစိုးရတစ်ရပ်ကို အလိုရှိခြင်းဖြစ်ပြီး ယင်းတွင် အင်နက်ဒါပါတီလည်း ပါဝင်စေလိုကြောင်း ပြောသည်။

—*Ref: NYTimes*

နောက်ကျောဖုံး မှ

## အမျိုးသမီးများအရေး လှုပ်ရှားဆန္ဒပြသူများ ယူကရိန်းတရားရုံး ဒဏ်ငွေရိုက်

မစ္စတာကော့စ်ယုကော့ဗ်က ရုရှားရုပ်သံလိုင်းဒေါ့စ်တွင် ဇူလိုင် ၂၈ ရက်က ပြောသည်။

အမျိုးသမီးသုံးဦးကိုတရားရုံးက ဒဏ်ငွေတစ်ဦးလျှင် ကန်ဒေါ်လာ ၁၀ ဒသမ ၅၀ စီ ပေးဆောင်ရန်နှင့် ကော့စ်ယုကော့ဗ်ကို ကန်ဒေါ်လာ၁၆ဒသမ၇၀ပေးဆောင်ရန်အမိန့်ချမှတ်ခဲ့ကြောင်းအင်တာဖက်စ် ယူကရိန်းသတင်းဌာနက ဖော်ပြသည်။ —*Ref: NyTimes*



7DAY NEWS JOURNAL
Vol.12, No.21 • JULY 31 , 2013




AFP

## ကိုရီးယားစစ်ပွဲပြီးဆုံးသည့် နှစ် (၆၀) ပြည့် အခမ်းအနားသို့ အိုဘားမားတက်ရောက်

**ဝါရှင်တန်၊ ဇူလိုင်-၂၈**

ကိုရီးယားစစ်ပွဲပြီးဆုံးသည့် နှစ် (၆၀)ပြည့်အခမ်းအနားသို့အမေရိကန်သမ္မတ ဘားရက်အိုဘားမား တက်ရောက်ခဲ့သည်။

အမေရိကန်နိုင်ငံတော် ခန်းမ (National Mall)တွင် ဇူလိုင် ၂၇ ရက်က ကျင်းပသည့် ကိုရီးယားစစ်ပြန်များ အမှတ်တရနေ့ အခမ်းအနား၌ အိုဘားမားက မိန့်ခွန်းပြောကြားခဲ့သည်။

၁၉၅၀မှ၁၉၅၃ခုနှစ်အတွင်း ဖြစ်ပွားခဲ့သောကိုရီးယားစစ်ပွဲတွင် မြောက်ကိုရီးယားနှင့် တရုတ်စစ်သားများက အမေရိကန်ဦးဆောင်သော ကုလသမဂ္ဂနှင့် တောင်ကိုရီးယားတပ်ဖွဲ့များကို တိုက်ခိုက်ခဲ့သည်။ ယင်းစစ်ပွဲသည် ၁၉၅၃ ခုနှစ် ဇူလိုင် ၂၇ ရက်တွင် စစ်ရပ်ဆိုင်းရေးသဘောတူညီမှုလက်မှတ်ရေးထိုးပြီး အဆုံးသတ်ခဲ့သည်။ သို့သော်တရားဝင်ငြိမ်းချမ်းရေးသဘောတူညီမှု စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ခြင်းမရှိဘဲ ကိုရီးယားကျွန်းဆွယ်ကို တောင်နှင့်မြောက်ဟူ၍ကွဲသွားစေခဲ့သည်။

ကိုရီးယားစစ်ပွဲအတွင်း အနည်းဆုံးလူပေါင်း ၂ ဒသမ ၅ သန်း သေဆုံးခဲ့ရသည်။ ဇူလိုင် ၂၇ ရက်က ကျင်းပခဲ့သော ကိုရီးယားစစ်ပြန်များ အမှတ်တရနေ့ တွင် စစ်ပွဲပြီးဆုံးသည့် နှစ် (၆၀) ပြည့်နေ့အခါသမယမှာ ယင်းနေ့ကို အမှတ်ရစေပြီး ရှည်လျားပြီးအကျိုးဖြစ်ထွန်းသော ငြိမ်းချမ်းရေးစတင်သည့်နေ့ဖြစ်ကြောင်း မစ္စတာအိုဘားမားက ပြောသည်။

ကိုရီးယားစစ်ပွဲများပြီးဆုံးခဲ့ချိန်မှစ၍ အမေရိကန်နိုင်ငံသည် တောင်ကိုရီးယားနှင့် ရင်းနှီးသော မဟာမိတ်ဖြစ်လာပြီး တောင်ကိုရီးယားနိုင်ငံသည် ကမ္ဘာ့အကြီးကျယ်ဆုံးစီးပွားရေးနိုင်ငံဖြစ်လာကြောင်း မစ္စတာ အိုဘားမားက ပြောသည်။

တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့သည် မဟာမိတ်များဖြစ်သောကြောင့် ပစိဖိတ်ဒေသတစ်လျှောက်တည်ငြိမ်အေးချမ်းမှုရှိပြီး ကိုရီးယားစစ်ပွဲများတွင် တိုက်ခိုက်ခဲ့ကြသည့် အမေရိကန်နိုင်ငံသားများနှင့် တောင်ကိုရီးယားတွင် လက်ရှိရောက်ရှိသူများကိုလည်း အိုဘားမားက ချီးကျူးစကားပြောကြားသည်။—*Ref: AP*

## အီဂျစ်အုံကြွမှုနှင့်မငြိမ်မသက်မှု အဓိကဖြစ်စဉ်များ

**၂၀၁၁ ဇန်နဝါရီ ၂၅ မှ ဖေဖော်ဝါရီ ၁၁**

သမ္မတဟိုစနီမူဘာရက်အုပ်ချုပ်မှုကို ဆန့်ကျင်သော ဆန္ဒပြပွဲများ နိုင်ငံတစ်ဝန်းဖြစ်ပွားပြီး ပစ်ခတ်နှိမ်နင်းမှုများကြောင့် ဆန္ဒပြသူ ရာနှင့်ချီ၍သေဆုံး။

**၂၀၁၁ ဖော်ဖော်ဝါရီ ၁၁**

မူဘာရက်ဆင်းပေးပြီး စစ်တပ်ထံ အာဏာလွှဲပြောင်း၍ ဆန္ဒပြသူများ၏ တောင်းဆိုမှုကိုလိုက်လျောကာပါလီမန်ဖျက်သိမ်း၍ အခြေခံဥပဒေကို ဆိုင်းငံ့။

**၂၀၁၁ နိုဝင်ဘာ ၂၈ မှ ၂၀၁၂ ဖေဖော်ဝါရီ ၁၅**

အဆင့်ဆင့်ကျင်းပသော ပါလီမန်ရွေးကောက်ပွဲများတွင် အောက်လွှတ်တော်အမတ်နေရာထက်ဝက်နီးပါးကို အစ္စလာမ်မစ်များအနိုင်ရရှိပြီး အထက်လွှတ်တော်ကို အစ္စလာမ်မစ်များ ၉၀ ရာခိုင်နှုန်း ထိန်းချုပ်နိုင်ခဲ့။ သမ္မတရွေးကောက်ပွဲ၌ မွတ်ဆလင်ဘရားသားဟုဒ်မှ မိုဟာမက်မော်စီအနိုင်ရ။

**၂၀၁၂ခုနှစ်၊ ဇွန် ၃၀**

မိုဟာမက်မော်စီ သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆို။

**၂၀၁၂ခုနှစ်၊ နိုဝင်ဘာ ၁၉**

အခြေခံဥပဒေရေးဆွဲရေးအဖွဲ့မှ လစ်ဘရယ်ပါတီများနှင့် ခရစ်ယာန်အဖွဲ့ကိုယ်စားလှယ်များ နုတ်ထွက်။ အစ္စလာမ်မစ်များက ၎င်းတို့စိတ်ကြိုက်လုပ်နေဟု နုတ်ထွက်သူများက စွပ်စွဲ။

**၂၀၁၂ခုနှစ်၊ နိုဝင်ဘာ ၂၂**

မိုဟာမက်မော်စီက ၎င်းအတွက် အာဏာသိမ်းကြုံးရယူသော အမိန့်များထုတ်ပြန်ခဲ့ပြီး ကန့်ကွက်မှု များဖြစ်ပေါ်။

**၂၀၁၂ခုနှစ်၊ ဒီဇင်ဘာ ၁၅ – ၂၂**

အစ္စလာမ်မစ်များက အလျင်စလို ရေးဆွဲထားသောဖွဲ့စည်းပုံအခြေခံဥပဒေကို လူထုဆန္ဒခံယူမဲခွဲအတည်ပြု။

**၂၀၁၃ခုနှစ်၊ ဇန်နဝါရီ ၂၅**

အီဂျစ်တော်လှန်ရေး ဒုတိယမြောက်နှစ်ပတ်လည်ကာလအတွင်း သမ္မတမော်စီကို ကန့်ကွက်ဆန္ဒပြမှုများဖြစ်ပြီး ငြိစွန်းတိုက်ခိုက်မှုများဖြစ်ပေါ်။

**၂၀၁၃ခုနှစ်၊ ဇွန် ၃၀**

အီဂျစ်နိုင်ငံသားသန်းပေါင်းများစွာ ဆန္ဒပြကြပြီး သမ္မတမော်စီ ဆင်းပေးရေးတောင်းဆို။ မွတ်ဆလင်ဘရားသားဟုဒ်ကိုင်ရိုမြို့ဌာနချုပ် တိုက်ခိုက်မှုများတွင် လူရှစ်ဦးသေဆုံး။

**၂၀၁၃ခုနှစ် ဇူလိုင် ၁**

ကြီးမားသောဆန္ဒပြပွဲများဆက် လက်ဖြစ်ပေါ်။ အီဂျစ်စစ်ဘက်က သမ္မတနှင့် အတိုက်အခံများ ၄၈ နာရီအတွင်း ပြဿနာများဖြေရှင်းရေးပြောကြားပြီး မဖြေရှင်းနိုင်ပါက စစ်တပ်က ကိုယ်ပိုင်အဖြေထုတ်မည်ဟု သတိပေး။

**၂၀၁၃ခုနှစ် ဇူလိုင် ၃**

မော်စီကိုဖယ်ရှားပြီး ကြားဖြတ်အစိုးရခန့်အပ်ရေးနှင့် အစ္စလာမ်မစ်အခြေခံဥပဒေကို ဖျက်သိမ်း၍ ရွေးကောက်ပွဲတစ်နှစ်အတွင်း ကျင်းပမည်ဟု စစ်ဘက်ကပြောကြား။ မိုဟာမက်မော်စီကလည်း မိန့်ခွန်းပြော၍ သမ္မတရာထူးကာကွယ်မည်ဟုကြွေးကြော်။

**၂၀၁၃ခုနှစ်၊ ဇူလိုင် ၃**

အီဂျစ်စစ်ဘက်ကသမ္မတမော်စီကိုဖြုတ်ချ။ ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံးချုပ်အကြီးအကဲအား သမ္မတအဖြစ် အစားထိုးခန့်အပ်ပြီး မွတ်ဆလင်ဘရားသားဟုဒ်ခေါင်းဆောင်များကို ဖမ်းဆီး။

**၂၀၁၃ခုနှစ်၊ ဇူလိုင် ၄**

ကြားဖြတ်အစိုးရခေါင်းဆောင် အက်ဒလီမန်ဆော ကျမ်းသစ္စာကျိန်ဆို။

**၂၀၁၃ခုနှစ်၊ ဇူလိုင် ၅**

မစ္စတာမန်ဆောကအထက်လွှတ်တော်ကိုဖျက်သိမ်းကြောင်းကြေညာခဲ့ပြီး မော်စီထောက်ခံသူနှင့် ဆန့်ကျင်သူများကြား ငြိစွန်းမှုများဖြစ်ပေါ်ပြီး လူ ၃၆ဦးသေဆုံး။

**၂၀၁၃ခုနှစ်၊ ဇူလိုင် ၈**

ကိုင်ရိုင် စစ်ဘက်ရုံးချုပ်ရှေ့ မွတ်ဆလင်ဘရားသားဟုဒ်ထောက်ခံသူများအပေါ် ပစ်ခတ်၍ လူပေါင်းငါးဆယ်သေဆုံးခဲ့ပြီး နှစ်ဖက်စလုံးက အပြန်အလှန်စွပ်စွဲ။

**၂၀၁၃ခုနှစ်၊ ဇူလိုင် ၉**

စီးပွားရေးပညာရှင် ဟာဇမ်အယ်လ်ဘီဘလာဝီ ဝန်ကြီးချုပ်အဖြစ်ခန့်အပ်ခံရပြီး အတိုက်အခံခေါင်း ဆောင်မိုဟာမက်အယ်ဘာရာဒီ ဒုသမ္မတအဖြစ် ခန့်အပ်ခံရ။ စစ်ဘက်က ၎င်းတို့ကိုထောက်ခံကြောင်းကြေညာ။

**၂၀၁၃ခုနှစ်၊ ဇူလိုင် ၂၆**

အကြမ်းဖက်ဝါဒနှင့် သွေးထွက်သံယို အကြမ်းဖက်မှုများကို ဆန့်ကျင်ရေး အီဂျစ်စစ်ဘက်အကြီးအကဲက ပြောကြားခဲ့ပြီးနောက် လူသန်းပေါင်းများစွာ လမ်းများပေါ် ထွက်ဆန္ဒပြ။ သမ္မတမော်စီကို လူသတ်မှု၊ ပါလက်စတိုင်းစစ်သွေးကြွ ဟားမားစ်အဖွဲ့နှင့် ပူးပေါင်းကြံစည်မှုများဖြင့် စုံစမ်းစစ်ဆေးမည်ဟု အစိုးရရှေ့နေများက ကြေညာ။

**၂၀၁၃ခုနှစ်၊ ဇူလိုင် ၂၇**

ရာထူးမှ ဖြုတ်ချခံရသော သမ္မတမော်စီကို ထောက်ခံသူများနှင့် လုံခြုံရေးတပ်ဖွဲ့များ၊ လက်နက်ကိုင်လူစုများကြားတိုက်ခိုက်မှုများဖြစ်ပေါ်ပြီးအနည်းဆုံး လူ ၆၅ ဦး သေဆုံး။

—*Ref: AP*

## အီတလီ လူမည်းအမျိုးသမီးဝန်ကြီး လူမျိုးရေးခွဲခြားမှုအဖြစ် ငှက်ပျောသီးဖြင့် ပစ်ပေါက်ခံရ

**မီလန်၊ဇူလိုင်-၂၈**

အီတလီနိုင်ငံ၏ ဘက်စုံပေါင်းစည်းရေးဝန်ကြီး မစ္စစ်ဆီစီလီကေယန်ဂျီသည် နိုင်ငံရေးလူထုစည်းဝေးပွဲတစ်ခုတွင် ငှက်ပျောသီးဖြင့် ပစ်ပေါက်ခံရပြီးနောက် အီတလီနိုင်ငံရေးသမားများက ဒေါသတကြီးပြန်လည်တုံ့ပြန်လိုက်ကြသည်။

အီတလီနိုင်ငံ၏ပထမဆုံးလူမည်းဝန်ကြီး ကေယန်ဂျီသည် ယခင်ကလည်း လူမျိုးရေးခွဲခြားဆက်ဆံခြင်းခံခဲ့ရသည်။ ယခုလအစောပိုင်းတွင် အီတလီလွှတ်တော်အမတ်တစ်ဦးက မစ္စစ်ကေယန်ဂျီကို လူဝံဟုခေါ်ဝေါ်ခဲ့ပြီးနောက် ပြန်လည်တောင်းပန်ခဲ့သည်။

ကွန်ဂိုနိုင်ငံဖွား မစ္စစ်ကေယန်ဂျီသည် ဇူလိုင် ၂၆ ရက်က ဆာဗီယာမြို့တွင် ဒီမိုကရက်တစ်ပါတီ လူထုစည်းဝေးပွဲတစ်ခု၌ မိန့်ခွန်းပြောနေစဉ် အမည်မသိ ပရိသတ်တစ်ဦး၏ ငှက်ပျောသီးဖြင့် ပစ်ပေါက်ခြင်း ခံခဲ့ရသည်။ အီတလီရဲတပ်ဖွဲ့က ငှက်ပျောသီးဖြင့် ပေါက်သူကို ရှာဖွေရန်ကြိုးစားနေကြောင်း ပြောသည်။ ယင်းသို့ငှက်ပျောသီးဖြင့် ပစ်ပေါက်ခံရခြင်းကို တုံ့ပြန်သည့်အနေဖြင့် မစ္စစ်ကေယန်ဂျီက ဝမ်းနည်းစရာကောင်းပြီး အစားအစာကို ဖြုန်းတီးမှုသာဖြစ်ကြောင်း တွစ်တာဝက်ဘ်ဆိုက်စာမျက်နှာတွင် ရေးသားခဲ့သည်။

ယင်းဖြစ်ရပ်အတွက် အဆုံးစွန်ထိ ဒေါသထွက်မိကြောင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး အန်ဒရီယာအော်လန်ဒိုးက တွစ်တာဝက်ဘ်ဆိုက်တွင် ရေးထားသည်။ မစ္စစ်ကေယန်ဂျီ ငှက်ပျောသီးဖြင့် ပစ်ပေါက်ခံရခြင်းအပေါ် အခြားအီတလီနိုင်ငံရေးသမားအများအပြားကလည်း ရှုတ်ချခဲ့ကြသည်။

ပညာရေးဝန်ကြီး မာရီယာချီယာရာကာရိုဇာကလည်း မစ္စစ်ကေယန်ဂျီ၏ သတ္တိနှင့် ဆုံးဖြတ်ချက်ကို ချီးကျူးလိုက်သည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ဗီနီတိုဒေသဆိုင်ရာ အုပ်ချုပ်ရေးမှူး လူကာဇာအီယာကလည်း ဆန့်ကျင်ပြောကြားခဲ့သည်။ —*Ref: BBC*

## အကြမ်းဖက်ဆန့်ကျင်ရေး ပူးတွဲစစ်ရေးလေ့ကျင့်ရန် တရုတ်စစ်သားများ ရုရှားသို့သွားရောက်

**ဘေဂျင်း၊ ဇူလိုင်-၂၈**

ရုရှား-တရုတ် နှစ်နိုင်ငံအကြမ်းဖက်ဆန့်ကျင်ရေး ပူးတွဲစစ်ရေးလေ့ကျင့်ရန်အတွက် တရုတ်စစ်သား ၁,၃၀၀ ကျော်တို့သည် ဇူလိုင် ၂၇ ရက်တွင် ရုရှားနိုင်ငံသို့ထွက်ခွာသွားကြသည်ဟု တရုတ်စစ်ဌာနချုပ်က ပြောကြားသည်။

'၂၀၁၃ ခုနှစ်၊ ငြိမ်းချမ်းရေးအထူးတာဝန်'ဟု အမည်ပေးထားသော ယင်းစစ်ဆင်ရေးကို ရုရှားနိုင်ငံ အူရယ်တောင်တန်းဒေသရှိ ချယ်ယာဘင့်စ်မြို့၌ ရက် ၂၀ ကြာ ပူးတွဲလေ့ကျင့်မည်ဖြစ်သည်။ ယင်းပူးတွဲစစ်ဆင်ရေးသည် အခြားနိုင်ငံများကို ပစ်မှတ်ထားခြင်းမဟုတ်ကြောင်း၊ တရုတ်-ရုရှား နှစ်နိုင်ငံချစ်ကြည်ရေး တိုးမြှင့်ရန်နှင့် အကြမ်းဖက်တိုက်ဖျက်ချေမှုန်းမှုစွမ်းရည်ကို မြှင့်တင်နိုင်ရန်ကိုသာ ရည်ရွယ်ကြောင်း တရုတ်စစ်ဌာနချုပ်ကပြောကြားသည်။

ယခုနှစ် ဇူလိုင်လဆန်းကလည်း ရုရှားနှင့် တရုတ်နှစ်နိုင်ငံရေတပ်တပ်ဖွဲ့များ ပူးတွဲစစ်ရေးလေ့ကျင့်ခဲ့ကြသည်။ ဒုတိယအကြိမ်ဖြစ်သော ဇူလိုင် ၂၇ ရက်မှ ဩဂုတ် ၁၅ ရက် အထိ နှစ်နိုင်ငံအကြမ်းဖက်ဆန့်ကျင်ရေး ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် တရုတ်စစ်သားနှင့် အရာရှိ ၁,၃၀၀ ကျော်ပါဝင်ပြီး ရုရှားစစ်သား ၆၀၀ ကျော်ပါဝင်လေ့ကျင့်မည်ဖြစ်သည်။

တရုတ်စစ်ဘက်အရာရှိများနှင့် စစ်သားများကို စစ်ရေးလေ့ကျင့်ရာ ရုရှားနိုင်ငံသို့ အဖွဲ့ခုနစ်ဖွဲ့ခွဲကာ လေးဖွဲ့ကို လေကြောင်းလိုင်းမှတစ်ဆင့် ပို့ဆောင်ပြီး ကျန်သုံးဖွဲ့အား ရထားဖြင့် ပို့ဆောင်မည်ဖြစ်သည်။ တရုတ်စစ်သားများသည် ကီလိုမီတာပေါင်း ၅,၀၀၀ ကျော်ခရီးကို ယာဉ်များစီးနင်းရမည်ဖြစ်ပြီး ငါးရက်အတွင်း စစ်ရေးလေ့ကျင့်ရာနေရာသို့ ရောက်ရှိရန် မျှော်မှန်းထားသည်ဟု နိုင်ငံပိုင်ဆင်ဟွာသတင်းဌာနက ပြောကြားသည်။

—*Ref: Xinhua*

7DAY NEWS JOURNAL

# International

Vol.12, No.21 • JULY 31 , 2013

## မက္ကဆီကို ဒုတိယရေတပ်မှူး ချုံခိုတိုက် အသတ်ခံရ

**မက္ကဆီကိုစီးတီး၊ ဇူလိုင်-၂၉**

မက္ကဆီကိုနိုင်ငံ မီချိုအာကန်ပြည်နယ် ကျေးလက်လမ်းမတစ်ခုတွင် ဒုတိယရေတပ်မှူးတစ်ဦး ချုံခိုတိုက်ခိုက် အသတ်ခံခဲ့ရသည်။ ယင်းပြည်နယ်မှာ မူးယစ်ဂိုဏ်းများအကြား တိုက်ခိုက်မှုများရှိနေ၍ သမ္မတက စစ်တပ်များပို့လွှတ်ထားသောနေရာဖြစ်သည်။

ပွာတိုဗယ်လာတာပစိဖိတ်အပန်းဖြေကမ်းခြေရေတပ်စခန်းကိုတာဝန်ယူထားသောဒုတိယရေတပ်မှူး ကလိုစ်ဘလာဇာသည် အခြားအရာရှိတစ်စုနှင့်အတူ ချုံခိုတိုက်ခိုက်ခံခဲ့ရကြောင်း ရေတပ်ကပြောကြားသည်။

မီချိုအာလန်ပြည်နယ်နှင့် ဂွါဒါလာဂျာရာ ပြည်နယ်နှစ်ခုကို ဆက်သွယ်ဖောက်လုပ်ထားသော အဝေးပြေးလမ်းမကြီးပေါ်မှ ကျေးလက်လမ်းသို့ ချိုးကွေ့ဝင်ရောက်ပြီးချိန်တွင် ရေတပ်မှူး၏ကားမှာ တိုက်ခိုက်ခံရခြင်းဖြစ်သည်။

ယင်း သတ်ဖြတ်မှုဖြစ်ပြီးနောက် ကန့်ကွက်ဆန္ဒပြသူအုပ်စုအချို့က အဝေးပြေးလမ်းမကြီးကို ပိတ်ဆို့ထားကြောင်း ဒေသခံမီဒီယာများတွင် ဖော်ပြသည်။

စာမျက်နှာ ၄၆ ››



SALAH HABIBI/AFP

*လုပ်ကြံခံရသော တူနီးရှားအတိုက်အခံနိုင်ငံရေးသမား မိုဟာမက်ဘရာမီ၏ ရှာပနအခမ်းအနားတွင် စစ်ဘက်မော်တော်ယာဉ်ပေါ် စီးနင်းလိုက်ပါလာသော ဘရာမီ၏ဇနီးသည် အမ်ဘာကာဘရာမီကို ဇူလိုင် ၂၇ ရက်က တွေ့ရစဉ်*

## တူနီးရှားကန့်ကွက် ဆန္ဒပြမှုများတွင် အတိုက်အခံ အမတ်များ ပါဝင်ပူးပေါင်း

**တူးနစ်၊ ဇူလိုင်-၂၉**

တူနီးရှားနိုင်ငံတွင် အတိုက်အခံဥပဒေပြုအမတ်တစ်ဦး လုပ်ကြံသတ်ဖြတ်ခံရပြီး စတုတ္ထမြောက်နေ့တွင် ကန့်ကွက်ဆန္ဒပြမှုများဆက်လက်ဖြစ်ပေါ်နေကာ အမျိုးသားညီလာခံ အဆောက်အအုံရှေ့မှ ကန့်ကွက် ဆန္ဒပြသူများကို ရဲတပ်ဖွဲ့က ယမန်နေ့ညက ဖြိုခွဲခဲ့သော်လည်း ပြန်လည်ရောက်ရှိစုရုံးလာကြသည်။

ကန့်ကွက်ဆန္ဒပြသူများနှင့် အတိုက်အခံ ပါတီများက အစိုးရအဖွဲ့ နုတ်ထွက်ရန်နှင့် အမျိုးသားအခြေခံဥပဒေဆိုင်ရာညီလာခံကို နုတ်ထွက်ကြရန်လည်း တောင်းဆိုကြသည်။

ဥပဒေပြုအမတ်၆၅ဦးသည် ညီလာခံမှ နုတ်ထွက်သွားခဲ့ပြီး ညီလာခံအဆောက်အအုံ ပြင်ပပန်းခြံထဲတွင် ၎င်းတို့ကို ထောက်ခံသူများနှင့်အတူ ပူးပေါင်းဆန္ဒပြမည်ဟုပြောကြားသည်။ အစိုးရကို ထောက်ခံသူ အာဏာရ အင်နက်ဒါအစ္စလာမ်မစ်ပါတီ ထောက်ခံသူများကလည်း တန်ပြန်ဆန္ဒပြပွဲများ လုပ်ဆောင်ခဲ့သည်။

လမ်းပေါ်တွင်တင်းမာမှုများရှိနေသော်လည်း နိုင်ငံရေးသမားများအနေဖြင့် အကျပ်အတည်းမှ ဆွေးနွေးညှိနှိုင်းမှုများဖြင့် ရုန်းထွက်နိုင်မည့်အရိပ်လက္ခဏာများလည်း မြင်တွေ့ရကြောင်း နယူးယောက်တိုင်းမ်သတင်းတွင် ဖော်ပြသည်။

အခြေခံဥပဒေရေးဆွဲရေးညီလာခံဥက္ကဋ္ဌ မူစကာဖာဘင်ဂျာဖာကဇူလိုင် ၂၈ရက်ညနေကနိုင်ငံတော်ရုပ်သံမှမိန့်ခွန်းတစ်ရပ်ပြောကြားပြီး

စာမျက်နှာ ၄၆ ››



GULBIN YILDIZ/AP

## အစ္စရေးသူလျှိုငှက် တူရကီအာဏာပိုင်များ ပြန်လွှတ်ပေး

**အစ္စတန်ဘူလ်၊ ဇူလိုင်-၂၇**

တူရကီနိုင်ငံတွင်းရှိ ကျေးရွာတစ်ရွာတွင် အမှတ်အသားစာတန်းပါသိမ်းငှက်တစ်ကောင် တွေ့ရှိခဲ့ပြီးနောက် အစ္စရေးသူလျှိုများအတွက် အကူအညီပေးသည့် ငှက်ဟု ဒေသခံများ၏ သံသယရှိမှုကို အာဏာပိုင်များက ရှင်းလင်းပြောကြားသည်။

တူရကီနိုင်ငံ အလယ်ပိုင်းကျေးရွာတစ်ရွာမှ ရွာသားများသည် ခြေထောက်တွင် "24311 Tel Avivunia Israel" ဟု ရေးမှတ်ထားသော စာသားပါသည့် သိမ်းငှက်တစ်ကောင်ကို တွေ့ရှိပြီး ဒေသဆိုင်ရာအာဏာပိုင်များထံ အပ်နှံခဲ့ကြောင်း ပုဂ္ဂလိကသတင်းဌာန ဒိုဂန်က ဖော်ပြသည်။ ယင်းကဲ့သို့ အမှတ်အသားများသည် ဒေသပြောင်းရွှေ့နေထိုင်သည့်ငှက်များကို ခြေရာခံရန် အသုံးပြုလေ့ရှိသည်။

တိရစ္ဆာန်ကုဆေးရုံတစ်ခုတွင် အဆိုပါသိမ်းငှက်ကို X-rays ဖြင့် ရှာဖွေပြီးနောက် လွှတ်ပေးလိုက်ကြောင်း အာဏာပိုင်များက

စာမျက်နှာ ၄၆ ››

## အမျိုးသမီးများအရေး လှုပ်ရှားဆန္ဒပြသူများ ယူကရိန်းတရားရုံး ဒဏ်ငွေရိုက်

**ကိယက်၊ ဇူလိုင်-၂၉**

အပေါ်ပိုင်းဗလာဖြင့် ဆန္ဒပြသည်ဟုလူသိများသော ယူကရိန်းအမျိုးသမီးများအရေး လှုပ်ရှားသူများအဖွဲ့မှ တက်ကြွလှုပ်ရှားသူ သုံးဦးနှင့် ရုရှားနိုင်ငံသား ဓာတ်ပုံဆရာတစ်ဦးကို ယူကရိန်းရဲတပ်ဖွဲ့က ဇူလိုင် ၂၇ ရက်တွင် ဖမ်းဆီးခဲ့ပြီးနောက် ကိယက်မြို့ရှိတရားရုံးတစ်ခုက ဇူလိုင် ၂၈ ရက်တွင် ဒဏ်ငွေပေးဆောင်ရန် အမိန့်ချမှတ်လိုက်သည်။

ဖမ်းဆီးခံခဲ့ရသည့် အမျိုးသမီးများသည် ရဲတပ်ဖွဲ့က ဖမ်းဆီးခေါ်ဆောင်စဉ်အတွင်း ရိုက်နှက်ကာ အတင်းအဓမ္မခေါ်ဆောင်ခံခဲ့ရကြောင်း၊ ရုရှားနိုင်ငံ၏ ရှေးဟောင်းအော်သိုဒေါ့စ် ဘုရားကျောင်းမှ ပက်ထရစ်အော့ချ်ကီရီလ်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့၏ ကိယက်မြို့ခရီးစဉ်အတွင်း ဆန္ဒပြခြင်းမှ ကာကွယ်ရန် ယူကရိန်းလုံခြုံရေးဌာနက ၎င်းကိုပစ်မှတ်ထားခဲ့ခြင်းဖြစ်ကြောင်း ဖီးမင်းအဖွဲ့ကပြောသည်။

တက်ကြွလှုပ်ရှားသူ အမျိုးသမီးများဖြစ်သည့် အိုကာဆာနာရှက်ကို၊ အလက်စန္ဒြီးယားချက်ချင်ကိုနှင့်ယာနာဇဒန်နိုဗာတို့သည်အပေါ်ပိုင်းဗလာဖြင့် ဆန္ဒပြနေသောကြောင့် ရဲတပ်ဖွဲ့ကင်းလှည့်ယာဉ်တစ်စီးက ဖမ်းဆီးခဲ့ပြီး ရုရှားနိုင်ငံသား ဓာတ်ပုံသတင်းထောက် ဒီမီထရီကော့စ်ယုကော့ဗ်မှာ ရဲတပ်ဖွဲ့၏အမိန့်ကို မနာခံသောကြောင့် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း ယူကရိန်းရဲတပ်ဖွဲ့က ပြောသည်။

ဖမ်းဆီးခံရစဉ်တွင် အမျိုးသမီးများအားလုံး အဝတ်အစားများ ဝတ်ထားကြောင်း၊ ၎င်းတို့ကို ဓာတ်ပုံရိုက်နေစဉ် အရပ်ဝတ်ဖြင့် လူ ၁၅ ဦး၊ ၂၀ ဦးခန့်၏ ရိုက်နှက်ခြင်းခံခဲ့ရကြောင်း၊ ထို့နောက်တွင်မှ ရဲတပ်ဖွဲ့က ရောက်လာကာ ဖမ်းဆီးခဲ့ကြောင်း

စာမျက်နှာ ၄၆ ››

